431

# မဟာ
# ဝိပဿနာ

၄

သျှင် ဥက္ကဋ္ဌ အာပန်းလွှာရေး၍

သွင်မြတ်ဆိုင် ဖွင့်သည်

# ဗုဒ္ဓဝိပဿနာ

(၁)

သခင်မြတ်ဆိုင်

ပြည်သူ့အလင်းစာပေတိုက်

PHONE: 19979

မှတ်ပုံတင် ( ၀၀၄၈ )
ရန်ကုန်မြို့ ၁၀၇ ဗိုလ်ချုပ်အောင်ဆန်းဈေး၊
ပြည်သူ့အလင်း စာပေတိုက်မှ
ထုတ်ဝေသည်။

၂၄၈၉၄

ပုံနှိပ်ထုတ်ဝေသူ - ဦးစိန်ကြည်
( ပထမအကြိမ် ပုံနှိပ်ခြင်း )
**1 9 6 4**

မှတ်ပုံတင် ( ၀၀၄၇)
ရန်ကုန်မြို့ အမှတ် - ၅၅ ၊ အလုံ၊ ကျောင်းလမ်း၊
ပြည်သူ့အလင်း စာပုံနှိပ်တိုက်မှ
ရိုက်နှိပ်သည်။

# သျှင်ဉက္ကဋ္ဌ၏ အမေပန်းလွှာ

ဗုဒ္ဓဘာသာဝင် လူသားသည် သိရမည့်တရားကို သိရ၏၊ ကျင့်ရမည့်တရားကို ကျင့်ရ၏၊ အားထုတ် ဆောင်ယူရမည့် တရားကို အားထုတ် ဆောင်ယူရသည်။ အကုန် အားမထုတ်နိုင်လျှင် ထားဦး၊ အမှန်ကိုသိထားလျှင် တော်သေး၏၊ သိရုံ သိထားလျှင်ပင် မနည်းတော့ပေဟု ဆိုလိုသည်။

သိရမည့် တရားကိုလည်း မသိ၊ သိရန်လည်း လေ့လာမှုမပြု။ ကျင့်ရမည့်တရားကိုလည်း မကျင့်၊ မကျင့်ရမည့် တရားကိုသာ အဟုတ်မှတ် ရေလိုက်လွှဲ လမ်းမှားလိုက်နေခြင်း။ အားထုတ်ဆောင်ယူရမည့် တရားကိုလည်း မဆောင်ယူ။ မည်သည့်တရားကို ဆောင်ယူရမည်ဟုလည်း သဘောမပေါက်—စသည်ဖြင့် ဖြစ်ချင်ရာဖြစ်၊ လုပ်ချင်ရာ လုပ်နေကြရုံနှင့် ဗုဒ္ဓဘာသာဟု ခေါ်ကြရချေသော်၊ သူကန်းက ရုပ်ရှင်ဝင်ကြည့်သလိုသာ ဖြစ်နေကြပေတော့မည်။

ဒါန,သီလ,သမထ, ဘာဝနာကလေး မတောက်တခေါက် ဆိုလျှင်ကား၊ ဥပစာ ဗုဒ္ဓဝါဒီဟုသာ ခေါ်နိုင်၏။ ဗုဒ္ဓဝါဒီ အစစ်ဖြစ်ပြီဟု မဆိုနိုင်ချေ။

ထို ဥပစာ ဗုဒ္ဓဝါဒီမှာ ဗုဒ္ဓဘာသာဟူ၍ ခေါ်ဆိုနိုင်ရုံမှတပါး၊ ဗုဒ္ဓ လက်ညှိုးညွှန်ခဲ့သော မဂ်ဖိုလ်စခန်းနှင့် တခြားစီသာ ဖြစ်ပေဦးမည်။ ယင်း ဒါန သီလ သမထ ဘာဝနာမှာ ဗုဒ္ဓဘုရား မပွင့်မီကလည်း ဗြဟ္မဏဂိုဏ်း ဆရာတို့၏ ဝေဒကျမ်းများ၌ ညွှန်းဆိုပြီး

တရားများသာဖြစ်၍ ဘာမျှ မဆန်းပေ။ ရှေးရှေး အယူ အကျင့် ဟောင်းများ၌ ပါရှိခဲ့ပြီး တရားများဖြစ်သည်။

၅-ပါးသီလ၊ ၈-ပါးသီလ၊ ၁၀—ပါး သီလမျှမက၊ ၂၂၇-ပါး ပင်စောင့်စောင့်၊ ဝိပဿနာ အလုပ်မပါက မဂ်ဖိုလ်နှင့် ဘာမျှမဆိုင် သေးချေ။

ဝိပဿနာကား ဗုဒ္ဓဘုရားရှင် ပွင့်တော်မူမှ သိရသော တရား ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာသည် ဗုဒ္ဓ၏ တိုက်ရိုက် ဖွင့်ထုတ် ဟောတော်မူချက်အမှန် ဖြစ်သည်။ ဗုဒ္ဓ၏ ရည်ညွှန်းချက် အစစ် လည်းဖြစ်သည်။ သတ္တဋ္ဌာနသုတ်တွင် ဝိပဿနာအလုပ် မပါသ၍ ရဟန်းပင် ဖြစ်စေကာမူ၊ ဗုဒ္ဓနှင့် ဘာမျှမဆိုင်ဟူ၍ အတိအလင်း ဟောချက် ပါရှိလေသည်။

သိရမည့် တရားဟူရာ၌၊ ရုပ်နာမ်, ခန္ဓာ, အာယတန, ဓါတ်, သစ္စာ တရားကို ဆိုလိုသည်။

ကျင့်ရမည့် တရားကား၊ ထိုရုပ်နာမ် ခန္ဓာ အာယတန ဓါတ် သစ္စာများ တိုးတက်၍ သဘောပေါက်အောင် လေ့လာ ကျင့်ကြံ ရခြင်းဖြစ်သည်။

အားထုတ် ဆောင်ယူရမည့် တရားသည်လည်း အခြားမဟုတ်၊ ထိုရုပ်နာမ် ခန္ဓာ အာယတန ဓါတ် သစ္စာတို့ကို ဓမ္မအဖြစ် အမြင် အသိမှန်ပေါက်အောင် အားထုတ်ဆောင်ယူရန်ပင်ဖြစ်သည်။

ဤကား ဝိပဿနာ သမာဒိဋ္ဌိ မဂ္ဂင် လမ်းစဉ်ပင် ဖြစ်သတည်း။

ဤသို့ အသိမှန် အကျင့်မှန် အားထုတ် ဆောင်ယူရန် အမှန် တရားများကို ရရှိနိုင်ရန်မှာ ၄-မျိုးသော အင်္ဂါနှင့် ပြည့်စုံရန် လို ပေသည်။

(၁) သပ္ပုရိသ သံသေဝ= ဗုဒ္ဓဝါဒီ သူတော်စင် အစစ်များနှင့် တွေ့ဆုံရခြင်း။ ( ဗုဒ္ဓဝါဒီယောင်ဆောင်နေသော ဗြဟ္မဏဝါဒီမျိုး မဟုတ်စေရ။)

(၂) သဒ္ဓမ္မ သဝနံ= မဂ်ဖိုလ်သို့ ရှေ့ရှုရေး တရားမှန် တရားစစ်ကိုသာ ကြားနာရခြင်း။ (သံသရာလယ်ရေး၊ ၃၁-ဘုံ ဘုံစဉ်စံတရားနှင့် ဘာမျှမဆိုင်စေရ။ )

(၃) ယောနိသော မနသိကာရ=တရားမှန် တရားစစ်၌ နှလုံးသွင်းနိုင်ခြင်း။ (ဗုဒ္ဓရှင်အစစ်၏ တရားတော်သည် သစ္စာ ၄-ပါးမှ လွတ်သော တရားမရှိ။)

(၄) ဓမ္မာနု ဓမ္မပဋိပတ္တိ= မဂ်ဖိုလ်သို့ ရှေ့ရှုသော လောကုတ္တရာ တရား ၉-ပါး၌သာ အာရုံပြု ကျင့်ကြံ အားထုတ်ရခြင်း။ (မဂ်ဖိုလ်သို့ တိုက်ရိုက် အာရုံပြုခြင်းဖြစ်သည်။ တမလွန် မြော်လင့်၍လုပ်ခြင်း၊ ငရဲကြောက်၍ အားထုတ်ခြင်းမျိုးမဟုတ်၊အသိမှန်ဖြင့်သိသော ဒုက္ခကို ဒုက္ခဟု သိနားလည်စွာဖြင့်သာ ဤသံသရာမှ လွတ်မြောက်ရေးသာ ဖြစ်စေရ၏။ )

လောကုတ္တရာ တရား ၉-ပါးဟူသည်ကား မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန် ၁-ပါး၊ ပေါင်း ၉-ပါးကို ဆိုလိုသည်။

ဒုစရိုက် ၁၀-ပါးကို ရှောင်ခြင်း၊ အဓမ္မိက တရားကို နှလုံးမသွင်းခြင်း၊ ပုည ကရိယာတရား ၁၀-ပါးတို့၌ အားထုတ် လုလ္လပြုခြင်း စသည်တို့သည်၊ ကိုယ်ကျင့်တရား လောကီရေး တရားများသာဖြစ်သည်။ ၎င်းတို့သည် ဗုဒ္ဓမပွင့်မီကပင် ရှိနေနှင့်ပြီးသော လောကီ ကုသိုလ်တရားများသာဖြစ်သည်။ သံသရာလယ်ရေး တ

ရားများသာဖြစ်၍၊ နှလုံးသွင်းမမှန်လျှင် အတ္တ ဝါဒဘက်ကို ဦး လှည့် သွားနိုင်သဖြင့်၊ဗုဒ္ဓနှင့်ပင် ဆန့်ကျင် သွားနိုင်သော တရား များဖြစ်သည်။ လောကီ ကိုယ်ကျင့်တရားအတွက်ကား ကောင်း ၏။ သို့သော် ဗုဒ္ဓ၏ မဂ်ဖိုလ် အကျိုးတရားနှင့် ဘာမျှမဆိုင်ချေ။

ဗုဒ္ဓရှင်၏ ဝိပဿနာကိုသာ အမှန်နှလုံးသွင်း အားထုတ်နိုင်ပါ က၊ထိုထို ပုညကရိယာစသော တရားများ၏အကျိုး အလိုလို ပါ ဝင် ပြီးစီးနိုင်၏။ ထို့ကြောင့် ဝိပဿနာတရား၌ အားထုတ်လေ့ ကျင့်သူများအဖို့ ထိုပုညကရိယာစသော တရား ၁၀-ပါးတို့ကို အ ထူး လုပ်နေရန်ပင်မလိုဟု ဆိုလိုသည်။

ဗုဒ္ဓ ပွင့်ပေါ်လာသောအချိန်ကား ရှေးဟောင်း ဗြဟ္မဏ ဝေဒ တို့၏ ဥပနိသျှ ကျမ်းများဆိုင်ရာ အယူအစွဲများက အလွန် ပြင်း ထန်နေချိန်တွင်းပင်ဖြစ်သည်။ ၎င်းကား အခြားမဟုတ် ၃၁-ဘုံ နှင့် တိုင်းထားသော ကုသိုလ် အကုသိုလ် တရားများဖြစ်၏။

ဗုဒ္ဓနှင့် ခေတ်ပြိုင်ပေါ်နေသော တရားများမှာ-ပုရာဏ ကဿပ ၏ အကရိယဝါဒ၊ မက္ခလိဂေါသာလ၏ အဟေတုကဝါဒ၊ အဇိတ ကေသ ကမ္ဗလ၏ ဥစ္ဆေဒဝါဒ၊ ပကုဓကစ္စယန၏ အကတဝါဒ၊ နိဂဏ္ဌနာဋ ပုတ္တ၏ စတုယာမ သံဝရ၊ သဉ္စယ ဗေလဋ္ဌိပုတ္တ၏ အနိစ္ဆိတဝါဒ စသည်ဖြင့်၊ ဝါဒအသီးသီး ဖြန့်ချိနေသော ဘုရား ကြီး ၆-ဆူ တို့၏ တရားများဖြစ်သည်။

ဤအထဲတွင် နိဂဏ္ဌနာဋပုတ္တ ခေါ် မဟာဝီရ ဘုရား၏ အယူ အဆ တရားများကား၊ ဗုဒ္ဓဘုရားရှင်၏ တရားများနှင့် မတိမ်း မ ယိမ်းဖြစ်လျက် ရှိပြန်သည်။ အကျင့် ဝိနယဓမ္မမှာ ဗုဒ္ဓဘုရားရှင်၏ ဂိုဏ်းဝင် သံဃာများထက်ပင် ပြင်းထန် ခြိုးခြံလိုက်သေး၏။ ၎င်း

ဘုရား၏ စတုယာမ သံဝရ ဝါဒမှာ ယတက္ကခေါ် သတိထင်ထင် နှင့် ဣန္ဒြေ အလုံးစုံ လုံခြုံစေခြင်း၊ ဌိတတ္တ ခေါ် မယိမ်းမယိုင် ကြံ့ခိုင်သော သမာဓိကို ဖြစ်စေခြင်း စသည်တို့ကား၊ ဗုဒ္ဓ၏လမ်း စဉ်နှင့် အများကြီး နီးစပ်လျက်ရှိ၏။ သို့ရာတွင် စတုယာမသံဝရ ဝါဒ လမ်းစဉ်သည် သမာဓိစခန်းတွင်သာ လမ်းဆုံးလျက် ရှိလေ သည်။ ဗုဒ္ဓ၏ ဝိပဿနာကား၊ ၎င်းသမာဓိကို သမ္မာသမာဓိအဖြစ် နှလုံးသွင်းခါ အနတ္တ ဒေသနာနှင့် သုံးသပ်၍ ပကတိခိုင်မြဲသော သန္တိ သုခ နိဗ္ဗာနဓါတ်သို့ ပြောင်းလဲသွားခြင်းဖြင့် အန္တိမကိစ္စတွင် ကွာခြားပေသည်။

နိဂဏ္ဌ နာဋ ပုတ္တ၏ စတုယာမ သံဝရ ဝါဒ၏ အချုပ်အန္တိမ သည် သမာဓိစခန်း၌ နိဂုံးချုပ်လေရာ၊ ထိုသမာဓိကိုတည်ဆောက် စောင့်ဆည်းသူသည် ကတ္တားအဖြစ် ကျန်နေသဖြင့်၊ အတ္တ မပျော် ဖြစ်နေ၏။

ဗုဒ္ဓ၏ လမ်းစဉ်ကား၊ သမ္မာ သမာဓိကို ရောက်သည်နှင့်တပြိုင် နက်၊ အနတ္တ လက္ခဏာ ထင်ရှားအောင် ထင်မြင်သုံးသပ်သည်ဖြစ် လေရာ၊ အတ္တ အတ္တနိယ ဟူ၍ မြူမျှမကျန် ဖြစ်သွားပြီး၊ ကတ္တား မ ကျန်၊ ပကတိစင်ကြယ်သော အတွယ် လွတ်လွတ်ကြီး ငြိမ်းအေး သွားသည့် နိဗ္ဗာနဓါတ် ဖြစ်လေသည်။

ပို၍ ရှင်းလင်းရန် လိုလားသူများအဖို့ 'သီလခန္ဓဝဂ်-သာမည ဖလသုတ်'တွင် ကြည့်ကြလေကုန်။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က မဂဓတိုင်းနှင့် ကော သလတိုင်းကြီး ၂-တိုင်း အတွင်း၌သာ၊ ၄၅-ဝါပတ်လုံး လှည့်လည် ၍ ဗုဒ္ဓဝါဒကို ဟောဖေါ် ညွှန်ပြတော်မူခဲ့၏။

(ထို မဇ္ဈိမနယ်ရှိ မဂဓနှင့် ကောသလတိုင်းကြီး ၂-တိုင်းကား ယခုအခေါ် အားဖြင့် ဗီဟာနှင့် အိုရစ္ဆ နယ်များသာဖြစ်သည်။)

ထို မဂဓနှင့် ကောသလ ၂-တိုင်း အတွင်းမှာပင်၊ ဗုဒ္ဓအား ယခု ဗုဒ္ဓဝင်များ၌ ရေးသား ခြီးကျူးထားကြသကဲ့သို့၊ အုတ်အုတ်သဲသဲကြီး အလွန့်အလွန် လူကြိုက်များလှလေသည်ဟူ၍ မယူဆနိုင်ပေ။

အကြောင်းမူကား သို့မျှလောက် လှည့်လည်ဟောကြားလျက် ရှိနေသော ဗုဒ္ဓရှင်ထံသို့ ပုဏ္ဏား ပြဟ္မဏ မျိုးစုံလာပြီး မယုံသင်္ကာဖြင့် မေးကြမြန်းကြ ပညာစမ်းကြသူတွေ အများကြီး ရှိနေသည်ကို တွေ့ရပြန်သည်။

မဟာ သစ္စက သုတ်ထဲ၌ သစ္စက ခေါ် အဂ္ဂိဝေသန ပုဏ္ဏားကြီးသည် ဗုဒ္ဓထံလာ၍ ပညာစမ်း မေးမြန်းပြီး 'ဒီလိုတော့လဲ ရှင်ကြီး ဂေါတမက အတော်သားဘဲ' ဟု လောက်သာ ခြီးမွမ်းရုံမျှ ခြီးမွမ်းပြီး၊ ကိုးကွယ်မှု ယုံကြည်လက်ခံမှုကား မပြုခဲ့ချေ။

ပုဏ္ဏား ပြဟ္မဏ တို့သည် ဝေဒဂိုဏ်းဝင်များ ဖြစ်လေရာ၊ ၎င်းတို့၏ ဝါဒအရ နတ်သိကြား ပြဟ္မာ စသည်တို့ကို အလိုက်သည်းလိုက် ယုံကြည်ကိုးကွယ်သူများဖြစ်၏။

ယခု ဓမ္မပဒ အဋ္ဌကထာ၌ ရေးသလိုသာ ဗုဒ္ဓသည် ၆-ဝါ အလွန် ၇-ဝါတွင် နတ်ပြည်၌ မယ်တော်မိနတ်သားကို အဘိဓမ္မာတရားများဟော၍ ဝါကျွတ်ကာလ သီတင်းကျွတ်လတွင် တာဝတိံသာ နတ်ပြည်မှ လူ့ပြည် သင်္ကဿနဂိုရ်သို့ အဆင်း၌၊ ရွှေစောင်းတန်း, ငွေစောင်းတန်း, ပတ္တမြား စောင်းတန်းတွေနှင့် သိကြားပြဟ္မာတွေ အုတ်အော်သောင်းသောင်း နတ်ဒေဝါအပေါင်း ခြံရံလျက်၊ နတ်စောင်း တူရိယာ အမြိုင်သား စသော လောကဝိဒူက

ဖွင့်ဆိုသကဲ့သို့ ကောသာ မှန်ပါက၊ နတ်ဗြဟ္မာကိုမှ အလိုက်သဲလိုက် ယုံကြည် ကိုးကွယ်သူ ပုဏ္ဏား ဗြဟ္မဏ မှန်သရွေ့ ဇမ္ဗူဒီပါကပါ ဗုဒ္ဓထံသို့ စုအုံပြိုဆင်း ဦးခိုက်ကြလိမ့်မည်ကေန် ဖြစ်ပေသည်။

ယခုကား အဂ္ဂိဝေဿန ပုဏ္ဏားတို့လို ဗြဟ္မဏ များကလည်း အင်တင်တင်ဖြစ်နေသည်။ သား ၂-ယောက်စလုံး ဗုဒ္ဓ၏ သာဝက များဖြစ်နေသည့်တိုင် ဗုဒ္ဓအကြောင်း ဘာမျှမသိသော သျှင်သာရိ ပုတ္တရာ မထေရ်မြတ်ကြီး၏ မယ်တော် သာရီ ပုဏ္ဏေးမကြီးတို့ တ တွေမှာ၊ ဗုဒ္ဓဘုရား အိုမင်းရင့်ရော်တော်မူသော သက်တော် ၇၀- ကျော် ၈၀-နီးပါးကာလအထိ ဗုဒ္ဓကို ဘုရားဟူ၍မျှ မကြားဘူး သေးဟူသော သာဓကများက ထင်ရှားနေလိုက်ပြန်ချေသေး၏။

ဤ အထောက်အထားများအရ ဗုဒ္ဓရှင် သက်တော် ထင်ရှား ခေတ်တွင် ဇမ္ဗူဒီပါကိုမဆိုထားဘိ၊ မဂဓနှင့် ကောသလတိုင်းထဲ မှာပင်၊ သာရီ ပုဏ္ဏေးမကြီးလို ပုဂ္ဂိုလ်များ မည်မျှကျန်နေဦးမည် မပြောနိုင်ချေ။

ရှင်းရှင်းဆိုရသော်၊ ဗုဒ္ဓရှင် သက်တော်ထင်ရှား ရှိတော်မူစဉ် ကာလက ဗုဒ္ဓ၏တရားတော်များသည် မူလ,လက်ဟောင်း ဗြဟ္မဏ ဝေဒတို့၏ ရှေးဟောင်း အယူကိုသော်မျှ ကောင်းစွာပေါက်ရောက် အောင် မဖြိုမခွဲနိုင်သေးကြောင်း ထင်ရှား၏။

သို့ရာတွင် ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးနောက်ဖြစ်သော ဘီစီ ၄၀၀—မှ ဘီစီ ၂၅၀—အာသောကခေတ်အထိ အချိန်ကာလသို့ရောက်သော အခါတွင်မူ၊ တစိမ့်စိမ့်နှင့် ပြန့်ပွားလာသော ဗုဒ္ဓ၏ တရားများ သည် အိန္ဒိယတပြည်လုံး၌ အထွတ်အထိပ်သို့ ရောက်ရှိလာပေတော့ သည်။ ထိုသို့ခေတ်စား လူကြိုက်များလာသည့်အတိုင်း ဗုဒ္ဓ၏တရား

တော်များကိုလည်း အတိုင်းတိုင်း အနယ်နယ်မှ မိမိတို့ဘာသာသို့ အများအပြား ပြန်ဆို ကိုးကွယ်ကြသည်။

ဤသို့ ပြန်ဆိုကိုးကွယ်ရာ၌ ဗုဒ္ဓ တရားများသည် စစ်မှန်စွာပြန်ဆိုကြခြင်း ဟုတ်ပါ၏လောဟု စောကြောစိစစ်ရန် ရှိပြန်သည်။

V.A. Smith ရေး Early History of India ခေါ် စာအုပ်အရ ဗုဒ္ဓ တရားတော်များသည် ဘီစီ ၃၂၆-ခုတွင် ဂရိစ်ဘုရင် အယ်လဇန္ဒားက အိန္ဒိယ မောရိယပြည်ကြီးအား ဝင်ရောက်တိုက်ခိုက်သည်ကို အကြောင်းပြု၍ ထိုအချိန်က မောရိယဘုရင်ဖြစ်နေသော စန္ဒကုပ္ပတား (စန္ဒကုပ်) မင်းက စစ်သည်ရဲမက်များ စုဆောင်းရာတွင် စိတ်ဝမ်းကွဲပြား တွက်ကပ်နေသော ဟိန္ဒူပြဟ္မဏာတို့နှင့် ဗုဒ္ဓဝါဒဂိုဏ်းဝင်များကို အညီအညွတ်ဖြစ်စိမ့်သောငှာ စန္ဒကုပ်မင်း၏ ဆရာ ပြဟ္မဏာ ပုဏ္ဏား စာနကျ ( Chanakya ) ၏အကြံပေးချက်အရ ဘာသာ ၂-မျိုး အရောအယှက် ခံရသည်ဟုပါရှိ၏။

ထို့နောက် ထိုစန္ဒကုပ်မင်း၏သား ဗိန္ဒုသာရမင်းလက်ထက်၌လည်း၊ ဗုဒ္ဓ၏ ရဟန်းသံဃာများထဲသို့ ပြဟ္မဏာဥာဉ် အစွဲသန်သော ရဟန်းယောင်များ ဝင်ရောက်ရောနှောပြီး၊ ဟိန္ဒူ ပြဟ္မဏာတို့၏ ဥပနိသျှတ်ကျမ်းပါ ဒေသနာများ အများအပြားကို ထိုးညှပ် သွင်းချပေးကြသည်ဆို၏။

ထို ဗိန္ဒုသာရမင်း ကွယ်လွန်၍ သားတော် အာသောကမင်းလက်ထက် အစောပိုင်းတွင်၊ ဗုဒ္ဓဂိုဏ်း ရဟန်းတော်များကို ဗုဒ္ဓဝါဒီဖြစ်လာသော အာသောကမင်းက ထောက်ပင့် အားပေးသည်ကို အားကျ မက်မောသဖြင့်၊ ပြဟ္မဏာဂိုဏ်းဝင် အတော်များစွာသည် ဗုဒ္ဓသာသနာဝင် ရဟန်းများအသွင်သို့ ကူးပြောင်းဝင်ရောက်လာ

ကြသည်။ ဤသို့ဝင်လာသော ဗြဟ္မဏ ဂိုဏ်းသား ရဟန်းယောင်များမှာ စေတနာအမှန်နှင့် ဗုဒ္ဓ တရားတော်များကို လက်ခံ ယုံကြည်လို၍မဟုတ်၊မင်းက မြှောက်စားသဖြင့် လာဘ်သပ္ပကာ ပေါများသည်ကို မက်မောပြီး စီးပွားရေး အချောင် အမြတ်ထုတ်ရန်မျှသာ ဗုဒ္ဓဝါဒဘက်သို့ ဝင်ရောက် ဟန်ဆောင်ကြခြင်း ဖြစ်သည်။ ၎င်း ရှင်ယောင် ဗြဟ္မဏ တို့၏အထဲ၌ Vaitulya ဝေတုလျအမည်ရှိသော ဗြဟ္မဏ ပုဏ္ဏားကဦးဆောင်၍ မူလ ဗုဒ္ဓ တရားတော်များအတွင်းသို့ ဗြဟ္မဏဝေဒ တရားအများအပြား ရောနှောပစ်ပြီး သာသနာကို ညစ်နွမ်းစေခဲ့သည်ဟု Walpola Rahulaဘွဲ့ခံ ဂျာမန်ရဟန်းတော်ရေးသော History of Buddhism in Ceylon ခေါ် စာအုပ်တွင် ပါရှိပြန်သည်။ ၎င်းနောက် အာသောက မင်းသည် ဘီစီ ၂၃၉ တွင် တတိယ သံဂါယနာ တင်သောအခါ ထိုသို့ နှစ်ပေါင်း များစွာက ရောထွေး စပ်ယှက်ခံခဲ့ရသော ဗြဟ္မဏ ဝေဒ ကျမ်းလာ ဒေသနာများကို အကုန်အစင် ထုတ်နိုင် မထုတ်နိုင်မှာ စဉ်းစားစရာရှိသည်ဟု သီဟိုဠ် ပညာရှင်ကြီးတဦး ဖြစ်သူ G.P. Malalasekera, Ph D.,M.A. (London)ရေး Pali Literature of Ceylon ခေါ် စာအုပ်ကဆိုပြန်သည်။ ထိုဆရာကြီးရေးသော စာအုပ်ကမူ သီဟိုဠ် စာရေးဆရာများ ရေးသော စာများကို ဝေဖန်လျှင် သီဟိုဠ် ရှေး စာရေးဆရာတို့၏ အပြစ်မဟုတ်၊ သီဟိုဠ်သို့ ဗုဒ္ဓ စာပေများ မရောက်လာခင် အာသောကခေတ် မတိုင်မီက အရောရော အနှောနှော ဖြစ်ခဲ့ရသော သမိုင်းကြောင့်သာ ဖြစ်ရပေလိမ့်မည်ဟု အာသောက ခေတ်ဦးကာလ အခြေအနေကိုလှစ်ချထား၏။ အမှန်ကား တတိယ သံဂါယနာအပြီး သာသနာပြုများ ၉-တိုင်း ၉-ဌာနသို့ ကြွကြချိန်တွင် ဘီစီ ၂၅၀-ခန့်၌ သီဟိုဠ်သို့

2

အသျှင် မဟိန္ဒ ကြွရောက်သည်။ ထို့နောက်မကြာမီ နှစ် ၅၀-ခန့် ဘီစီ ၂၀၀-တွင် သီဟိုဠ်သို့ Kola and Pandiya ခေါ် တမေးလ် ကုလားဗြဟ္မဏဂိုဏ်းဝင်များ ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်သည်။ နှစ်ပေါင်း ၂၅-နှစ်ကြာ၏။ ထို့နောက်တဖန် နှစ်ပေါင်း ၅၀-ခန့် မျှပင်တကြိမ်၊ ဘီစီ ၁၅၀-တွင် တမေးလ်ဖြစ်သော လောရကျေး ကုလားများ ဝင်ရောက် စိုးမိုးပြန်သည်။ ဤအကြိမ်တွင်လည်း နှစ်ပေါင်း ၄၄-နှစ်ကြာသည်။

နောက် ဘီစီ ၂၀-တွင် တဖန် တမေးလ် ဗြဟ္မဏတို့ သီဟိုဠ်ကို တိုက်ပြန်ရာ၊ ၁၄-နှစ်ကြာ စိုးမိုးချယ်လှယ်သွားပြန်သည်။

ဤမျှအထိ သီဟိုဠ်သို့ ဗုဒ္ဓသာသနာ ရောက်ပါပြီ ဆိုကတည်းက ဗလနွေရရ ပြန့်ပွားရသည်ပင်မရှိ။ ဗြဟ္မဏ ဂိုဏ်းသား တမေးလ် ကုလားတို့ နှစ်ပေါင်းများစွာ အကြိမ်ကြိမ်ဝင်ရောက် အုပ်စိုးခံရသည်ကို သီဟိုဠ်သမိုင်း၌ တွေ့ရပြန်သည်။

ထို့ကြောင့် မာလာလာစက္ကရ၏ အကြောင်းပြချက်ဖြစ်သော အာသောကခေတ် မတိုင်မီက ဗုဒ္ဓ တရားများသို့ ဗြဟ္မဏ ဟိန္ဒူတို့၏ ဥပနိသျှတ်များ ရောနှောခံရသောကြောင့်သာ ဖြစ်ပါသည်ဆိုသော ဆင်ခြေတခုတည်းဖြင့် မလုံလောက်တော့ချေ။

ဤမျှလောက်ဆိုက ဗုဒ္ဓ တရားတော်များသည် မည်မျှရှုပ်ထွေးထူပိန်းသော သမိုင်းတလျှောက် ဖြတ်သန်းလာရသည်ကို ခန့်မှန်းနိုင်လောက်လေပြီ။

ဤသို့ ရှည်လျားသော လူ့အယူဝါဒ အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရသည့်အတိုင်း၊ အုတ်အရောရော ကျောက် အရောရော မရှိ၊

ကင်းစင်စွာ ပကတိ သန့်ရှင်းပါသည်ဟု ပြောနိုင်ရန် မလွယ်တော့ပေ။

တဖန် ဗုဒ္ဓရှင်၏ မူလ တရားများဖြစ်သော မာဂဓီ စကားများမှ ပရာကရစ်ဘာသာနှင့် သက္ကဋဘာသာများသို့ ပြန်ဆိုကြသော အခါ၊ ပြန်ဆိုချက်များ အတိအကျရှိသည်ဟု ပြောရန်လည်း မလွယ်ဖြစ်သည်။

ဘီစီ ၂၅၀ ခေတ်‌ နောက်ပိုင်း၌ အတိုင်းတိုင်းမှ ပြန်ဆိုချက်များကို အဆင့်ဆင့် ပြန်ဆိုကြပြန်သော အခါလည်း၊ အဘယ်မျှ ချွတ်ချော် တိမ်းပါးမှုများ ပါကုန်မည် ဟုလည်း မပြောနိုင်ပြန်ချေ။

သက္ကဋ ဘာသာပြန် ကျမ်းများနှင့် သီဟိုဠ် ဘာသာ ပြန်ဆိုသော ကျမ်းများ၏ အနက်အဓိပ္ပါယ်ခြင်းမတူ၊ ကွဲပြား ခြားနား ချက်တွေလည်း အများပင်ဖြစ်သည်။

ယခု ပါဠိတော်များကား ဗုဒ္ဓ ပွင့်ပြီးနောက် နှစ်ပေါင်း ၉၅၆ နှစ်ကြာ ဘီစီ ၄၇၃ နောက်ပိုင်းတွင်မှ သီဟိုဠ်ဘာသာမှ အရှင်မဟာ ဗုဒ္ဓဃောသသည် ပါဠိဘာသာသို့ ပြန်ဆိုခြင်း ဖြစ်သည်။

သို့သော် ပါဠိနှင့် သက္ကဋ ဘာသာမှာ အနည်းငယ်သာ ကွဲပြားကြ၍၊ မူလ မာဂဓီဘာသာနှင့် အလွန်နီးစပ်သည်ဟုကား V.A. Smith က အဆိုရှိ၏။မည်သို့ဆိုစေ၊ယခု ပါဠိဘာသာသည် မာဂဓီမှတိုက်ရိုက် ပြန်ဆိုချက်မဟုတ်၊ သီဟိုဠ် ဘာသာမှတဆင့် ပြန်ဆိုရခြင်းသာ ဖြစ်လေရာ၊ သီဟိုဠ် တိမ်းလျှင် တိမ်းနိုင်သော သဘော လက္ခဏာ ထင်ရှားနေသည်။

ထို့ကြောင့် ပါဠိ ပိဋကတ်တော်သည် ဗုဒ္ဓဟော, သာဝကဟော, ဗြဟ္မဏဟော, စသည်ဖြင့် သောင်းပျောင်း ထွေလာ စုပေါင်းနေသည်ကိုကား မငြင်းသာတော့ပေ။ နောက်ဆုံး၌ကား အားလုံးဗုဒ္ဓ ဘုရားဟောချည်း ဖြစ်နေရတော့၏။

ရှေး ပညာရှင် ယောဂါဝစရ သူတော်စင်ကြီးများသည် ဤမျှသော သောတရာ့ခြောက်ဆယ် ရှုပ်ထွေးနေသော အဟောမျိုးစုံကို၊ ကိုယ့်အမြင်အတိုင်း ကိုယ့်အယူအဆနှင့်ကိုယ်သာ ယင်းသည့်ပိဋကတ်တော်နှင့် မဆန့်ကျင်စေဘဲ မှန်နိုင်သမျှဆုံး များကိုသာ ကောက်နုတ်၍ ကျင့်မှုကြံမှုဆိုင်ရာ ဝိပဿနာ အဖြာဖြာကို သင့်ရာသင့်ရာ ပေါင်းစပ် ဖေါ်ပြတော် မူခဲ့ကြရလေသည်။

ဤသို့ဖြင့် ရှေး သူတော်စင်တို့သည် စေတနာအရင်းခံ အမှန်နှင့် ဝိပဿနာ လမ်းစဉ်ကို ဗုဒ္ဓဟောနှင့် အနီးစပ်နိုင်ဆုံး ဖွင့်ဆိုတော်မူခဲ့ကြရာတွင်၊ အောက်ပါအတိုင်း နည်းအထွေထွေ ပေါ်ပေါက် လာခဲ့လေသည်။

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိလမ်းစဉ်= အတိတ်နှင့် ပစ္စုပ္ပန်နှစ်တန်ပေါင်းစပ် ကောက်ယူသောနည်း။

(၂) နာမ ရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိလမ်းစဉ်= နာမ်နှင့် ရုပ်ကိုပိုင်းခြားသိအောင် ရှုမှတ်သောနည်း။

(၃) ဟေတုပစ္စယ ပရိဂ္ဂဟ သမ္မာ ဒိဋ္ဌိလမ်းစဉ် = ရုပ်နာမ်ဖြစ်ကြောင်း အရင်းခံကို ရှုမှတ်ဆင်ခြင်နည်း။

(၄) ဝိပဿနာ ဉာဏ ဒဿန သမ္မာဒိဋ္ဌိ လမ်းစဉ် = အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသော လက္ခဏာရေးသုံးပါးနှင့် တင်၍ ရှုမှတ်နည်း။

(၅) လောကုတ္တရာ မဂ္ဂဖလ သမ္မာဒိဋ္ဌိ လမ်းစဉ် = သောတာပန် အဆင့်ကို အလျှင်အရယူပြီးမှ ရှုမှတ်သော ဝိပဿနာနည်း။

စသည်ဖြင့် သမ္မာ ဒိဋ္ဌိ မဂ္ဂင် စခန်းကို ဖွင့်ဆို ဟောညွှန်တော်မူခဲ့ကြပေသည်။ ဤသို့အမျိုးမျိုးအဖုံဖုံ ဖွင့်ဆိုကြရာ၌လည်း သာမန်လူတွေကို မဆိုထားဘိ၊ ပိဋကတ် ရေလယ်သော ပညာရှင်များပင် မလွယ်လှသော အင်္ဂကာက်အယူ အကိုးအကားပေါင်း များစွာနှင့် လွန်စွာ ကျယ်ဝန်း ရှုပ်ထွေးသော အဘိဓမ္မာ စကားတွေ ပါလျက် ရှိလေရာ၊ ကြီးမား မြင့်မောက်လှသော စကား အသုံးအနှုန်း အဆက်အစပ်များနှင့် မျက်စေ့လယ်မတတ် ဖြစ်ကြရလေသည်။ အဘိဓမ္မာ အသိခံ အရည်အချင်းမှမရှိလျှင် တလုံးမျှနားမလည်နိုင်လောက်အောင် ခဲယဉ်းလှ၏။

ထို့နောက် သိပယ်ဆိုက်ပွား နည်းလည်း ထင်ရှားကျော်ကြားသောနည်းဖြစ်၏။ ဝိတက်ဝိစာရကိုပယ်၍၊ ပီတိ၊သုခ၊ကေဂ္ဂတာဆိုက်လျှင် တည်ငြိမ်မည်။ ထိုတည်ငြိမ်မှုကို လက္ခဏာရေး ၃-ပါးနှင့်တင်၍ ရှုမှတ်နည်းလည်း လူသိများသောနည်းပင် ဖြစ်သည်။

ရုပ်နာမ်ဓမ္မ သင်္ခါရကို လက္ခဏာရေး ၃-ပါးနှင့်တင်၍ ဝိပဿနာရှုနည်းလည်း မဂ်ဖိုလ်သို့ တိုက်ရိုက် ဆိုက်သောနည်းဟု ဆိုကြ၏။

နောက် ဈာန်လမ်းမပါ၊ ရဟန္တာလမ်းအစစ်ဟု အယူရှိကြသော သုက္ခဝိပဿက လမ်းစဉ်လည်း တမျိုးရှိသေး၏။ ၎င်းကား ခန္ဓာ ၅-ပါး၌သာ ဝိပဿနာရှု၏။ ခန္ဓာ ၅-ပါးနှင့် လွတ်သော

အားဖြင့် ဝိပဿနာမရှိဟူ၍ ဖြစ်သည်။ ထို့ကြောင့် ခန္ဓာ ၅-ပါး ဥ်သာ အဓိကထား၍ ရှုမှတ်သောလမ်းစဉ်ဖြစ်၏။

ထို့နောက် သမထနှင့် ဝိပဿနာရောစပ်၍၊ ရှုမှတ်သော ယုဂ ါ နန္ဒနည်းခေါ် ဝိပဿနာ လမ်း စဉ် လည်း တမျိုးရှိလာ ပြန်ချေ သေးသည်။

ဤတွင် ဗုဒ္ဓရှင် ဘာကိုအဓိကထား၍ ဝိပဿနာကို ရည်ညွှန်း တော် မူခဲ့သနည်းဆိုသော အချက်ကို ပေါ်လွင် ထင်ရှားအောင် ပဌမသဘောပေါက်ရန် ဖိုပေလိမ့်မည်။

ဤအချက်ကို မတွေ့ဘဲ ကောင်းနိုး ရာရာ ဝိပဿနာ တွေကို ရှောက်လိုက်နေသမျှမှာ ကြာလေ မျက်စေ့လယ်လေဖြစ်ဖို့ သေ ချာ၏။

အယူအဆတို့မှာ ယခုမှသာ ကွဲပြားကြသည်မဟုတ်၊ ဘုရား လက်ထက် ရှေးရှေးခေတ် ကာလကလည်း အကွဲကွဲ အပြားပြား အထွေထွေပင် ဖြစ်ခဲ့ပေသည်။သျှင်ကောဏ္ဍညကြီး ပွင့်ပေါက်အ သိရောက်သွားသောနည်းနှင့် သျှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး များ ပေါက်ရောက်တော်မူပုံ လမ်းစဉ်များ မတူဖြစ်နေသည်ကို လည်း သတိပြုကြရာ ကုန်သည်။

ဥာဏ်ကျယ် လွန်းလျှင်လည်း ဝိပဿနာစခန်းမှာ ချာလယ် လိုက်နေတတ်၏။ ဥာဏ်တိုးလွန်း ထူလွန်းလျှင်လည်း ဝိပဿနာ သည် ဘယ်ကစ,ရမည်ပင် အခက်သားဖြစ်ပေလိမ့်မည်။

အဓိကကား ဥာဏ်စခန်းချည်းဖြစ်၏။ကုသိုလ် အကုသိုလ်ကို စွဲလမ်းလွန်းလျှင်လည်း အကြောင်းနှင့်အကျိုး ဆက်မပြတ်နိုင်ဘဲ သံသရာရှေနေတတ်သည်။ ကုသလံ-ကုသလံ- ဇဟံ—ဆိုသည်ကား

ဝိပဿနာကျင့်စဉ်၌ အရေးအကြီးဆုံးဖြစ်သည်။ ကုသိုလ် အကုသိုလ်ကို ပယ်ချနိုင်မှ ကမ္မဝါဒကို လွန်မြောက်နိုင်မည်ဖြစ်သည်။ သို့သော် စောစောပိုင်း၌ ပယ်ရမည်ဟု မဆိုလိုပါ။ ဝိပဿနာကို လိုက်တော့မည်ဟု ကြံရွယ်လျှင်ကား အကြောင်းအကျိုးဆက် မပြတ်မည့် သံသရာလယ်ရေးတရားစုကို နှလုံးသွင်းရန်ပင် မဖြစ်ချေတော့ပေ။

ယနေ့ရှိနေသော ဝိပဿနာချောင်တွေကား အလွန်များ၏။ ထိုချောင်အသီးသီးမှ တဦးစီခေါ်၍ ဆွေးနွေးစေရလျှင်၊ အယူအဆတူရန်ကို မဆိုထားဘိ၊ ထ၍ နဘန်းလုံး မကုန်ကြလျှင်ပင် တော်လှပေလိမ့်မည်။

အယူအဆ မတူသမျှတွေကို ငြင်းခုံနေကြခြင်းထက်၊ ဗုဒ္ဓ၏မူလကျင့်စဉ်ကိုသာ တဖန်ပြန်ခါ နေရဉ္စရာမြစ်ကမ်းမှ ဗောဓိပင်အရောက် ခရီးတထောက်ကို လိုက်ရပေမည်။ သို့မှသာ ဗုဒ္ဓ၏မူလပဋ္ဌမဝိပဿနာကို တွေ့နိုင်ပေလိမ့်မည်။

ယခုတပည့်ကြီး သခင်မြတ်ဆိုင် ရေးသွားသည့် နည်းကားဗုဒ္ဓ၏ လောကုတ္တရာ မဂ္ဂဖလ သမ္မာဒိဋ္ဌိ လမ်းစဉ်ဖြစ်သည်။ သို့ရာတွင် ရှေးရေးစံနစ်မျိုး မဟုတ်ဘဲ၊ လူတိုင်းနားလည်နိုင်ရန်မခက်သော စကားများနှင့် ပေါ်လွင်ပြတ်သား နိုင်ဆုံးဖေါ်ပြသွားသည်ဖြစ်လေရာ၊အထပ်ထပ်ဂရုပြုလေ့လာကြရန် လိုပေလိမ့်မည်။

ထို့ကြောင့် သောတာပန်အဆင့်ကို ပဌမရယူကြနိုင်ရန်၊ပဌမပိုင်းကစ၍၊ ရုပ်နာမ်၏မူလ ဘူတကို ဖွင့်သွားသည်ကို တွေ့ရသည်။

ဤနည်းသည်ပင် ဗုဒ္ဓရှင်၏ ဗောဓိပင်အောက်၌ စတင်အလင်းပေါက်သော လမ်းစဉ်ဖြစ်သည်ဟု ယုံကြည်နိုင်စရာရှိသည်။

ဤသည်မှာ ပဋိစ္စသမုပ္ပါဒ်မှ ရုပ်နာမ်ဓမ္မ သခ်ါရကို ရှုမှတ်သွားခြင်း ဖြစ်ပေသည်။ ဗုဒ္ဓကိုယုံကြည်သူသည် ဗုဒ္ဓကိုယ်တော်တိုင် ရောက်သွားတော်မူခဲ့သော လမ်းစဉ်ကို သွေဖီရန် လှိုးလွဲရန်မဖြစ်ကောင်းပေ။

ဤလမ်းအတိုင်း ရောက်သူမှန်က မည်သူ့ကိုမဆို ဗုဒ္ဓသည်ရဲရင့်ပြတ်သားစွာ အလင်းတရား ရစေမည်ဟု တာဝန် လည်းခံ တော်မူခဲ့သည်။

"ကောက်ကျစ် စဉ်းလဲခြင်းမရှိ၊ ပကတိ တိကျပြတ်သားသူ၊ ဖြောင့်မတ်သူ၊ အကြောင်းနှင့်အကျိုး သိနားလည်တတ်သူမှန်က ငါ့ထံသို့ လာခဲ့လော့...."

"ငါ၏ ညွှန်ပြချက်အတိုင်း တသဝေမတိမ်း တိကျစွာလိုက်နာကျင့်သုံးနိုင်သူသည်၊အထွတ်အထိပ် မဂ်ဖိုလ်စခန်းသို့ ယခုပစ္စက္ခမျက်မှောက် ဘဝ၏ ၇-ရက် အတွင်းမှာပင် ကိုယ်တိုင် ထင်ရှားသိနားလည်လိမ့်မည် ဖြစ်အံ့သတည်း...."

( ဒီဃနိကာယ် ဥဒုမ္ဗရိကသုတ်မှ ပြန်ဆိုချက် )

ထိုအရ ဗုဒ္ဓသည် ပါရမီ ဆင်ခြေမပေး။ ဘဝအကျိုးပေး ပရံပရ ကမ်မလို၊ တိကျစွာ အားထုတ်နိုင်သူ မှန်သမျှကို ရဲရင့်ပြတ်သားစွာ တာဝန်ခံလိုက်ခြင်း ထင်ရှားပေသတည်း။

အသျှင် ဥက္ကဋ္ဌ
တောင်တွင်းကြီး
၁၄-၄-၆၄။

# ပဌမပိုင်း

## ဥပါဒါန်

သဘောပေါက်ရန် အလွန်ခက်၏။ သဘောပေါက်၍ အချက်သိလျှင် မခက်။

သို့သော်-အလွန် မျက်စေ့ လယ်တတ်သည်၊ လယ်အောင်လည်း ဖြစ်နေသည်၊ ဖြစ်နေတာက "စိတ်" ဆိုသော စကား၏ ပြဿနာကြောင့်ဖြစ်သည်။

အားလုံးက ထင်မှတ်နေကြသည်၊ "စိတ်" ဟာ အရေး အကြီးဆုံးတဲ့။

မှန်သည်၊ စိတ်အရေးကြီးသည်။ ဘယ်လို အရေးကြီးပုံလဲ ဟူ၍ကား မပြတ်သားကြချေ။

ဝိ-အထူးထူး၌၊ ပဿနာ - ရှုမှတ်ဟု အဓိပ္ပါယ် အပြည့်ရှိ၏။ ရှုမှတ်ရုံထက် ဘာလုပ်ပါဟု မဆိုချေ၊ ဝိပဿနာဉာဏ် ၁၀-မျိုးရှိရှိ၊ ၁၆-မျိုးရှိရှိ၊အဓိက မဟုတ်။

မဟာ သတိပဋ္ဌာန်ကဆိုသည်၊ "ကိုယ်"ဟု ရှုမှတ်သိထားပါ။ "ခံစားခြင်း" ကိုလဲ ရှုမှတ်သိထားပါ။ "စိတ်" ကိုလဲ စိတ်ဟု ရှုမှတ် သိထားပါ။ ဒါတွေ ဒီလိုဖြစ်တတ်သော "တရား" အဖြစ် ရှုမှတ် သိထားပါတဲ့။

ဒါဘဲဆိုသည်၊သည့်ထက်ဘာမျှမပိုသေးချေ။သို့ရာတွင်လူတွေ၏စိတ်ကူးတွေက ပိုလာသည်-လွန်လာသည်။ ရှုမှတ်ထားသမျှ သိထားလျှင် တော်ပြီ-ဟူသော အဆင့်တွင်မနေ၊ချဲ့လာသည်၊ ကားလာသည်၊အတွေးကျယ်လာသည်။

နောက်ဆုံး ဘာဖြစ်သနည်း၊ "စိတ်"က ခြုံ၍ လွှမ်းသွားပြီး စိတ်ကူး အတွေး ကျယ်သလောက် ဘေးကော နံကော သဝေထိုးကုန်သည်။

ဒီတော့ 'စိတ်'နှင့် 'ငါ' မကွဲတော့ဘဲ ပေါင်းစပ် သွားသည်။ 'ငါစိတ်'ကြီး တခွဲသားနှင့် 'ငါ'ဘာလဲ၊ 'ငါ' ဘယ်သို့ဖြစ်နေတာလဲ ဆိုတာကို ရောက်လာသည်။

အမှန်က 'ငါ' ဆိုသောအရာသည် ရှိကိုမရှိသော အရာသာ ဖြစ်သည်။ အဖြစ်သဘော အထင်သဘော အပေါ်၌ စွဲမှတ်နေသော အတ္တ-ကိုယ်စွဲ ဥပါဒါန် သက်သက်သာဖြစ်သည်။သို့ရာတွင် 'ငါ'နှင့်'စိတ်' တွဲမိနေပြီ ဖြစ်ရာ၊အားလုံး 'ငါမြင်-ငါကြား-ငါနံ ငါလျက်-ငါတွေ့-ငါသိ" ဟူ၍ နေရာတကာ ငါကြီး တန်းလန်းနှင့် ဖြစ်လာသည်။

ကြာသော် ထို'ငါ'ကြီးမှာ တကယ့်အရှိကြီးဟု ' သက္ကာယ' ကြီး အစိုင်အခဲ စွဲကပ်လာသည်။ ယင်းသို့ 'ငါစိတ်'ကြီး ဒုတက်လာသောအခါ'မြင်ကြား တွေ့သိ'သမျှ အကုန်လုံးအထိ 'ငါ နယ်ချဲ့' လာသည်၊အမုန်းတွေ အချစ်တွေ-အကြောက်တွေ-အမျှော်တွေပါ အပင်ပေါက်လာသည်။ အစိုးရိမ် အကြောင့်ကြတွေ-မနာလို မရှုစိမ့်တွေကလည်း အကိုင်းအခက်တွေ ပွားလာသည်။

ထိုဟာတွေ အတိတ်၊ပစ္စုပ္ပန်၊ အနာဂတ် ကာလ ၃-ပါး ဆက်မိသွားသောအခါ သံသရာကြီး စည်ကားဖွံ့ဖြိုးလာသည်။

နောက် မျက်စေ့ကြီးက ရွှေစကြာဖြန့်ခါ ချောတာ လှတာ ဖွံ့တာ နိပ်ထာလေးမှ ကြိုက်တော်မူသည်။ စွဲမက်တော်မူသည်။

နားကြီးက စွင့်ခါ 'ဒီအသံကလေးမျိုးမှ နိပ်ထာ'ဟု လုပ်လာသည်။နှာခေါင်းကြီးကလည်း 'ဟာ—ဒီဟာလေးကမှ မွှေးသကိုးဟ'ဟု ဖြစ်လာသည်။ ခံတွင်းက လျှာကြီးက 'ဆိမ့်တာ အိမ့်တာ ချိုတာ' ကလေးမှ ရွေးစားချင် လာသည်။ ဆားကလေး မျက်မျက်မှ ကောင်းသဟေ့'ဟု မြွက်ဟတော်မူလာသည်။

'ဟော ဒါလေးမျိုး ပွေ့လိုက် တွေ့လိုက်ရမှ အိကနဲ-အဟီး' ဟု အတွေ့ထူးနှင့် ပလူး၍ သက်ပြင်းချလာသည်။

သို့ကလို မျက်စေ့ နားနှင့် လျှာ-ကိုယ် တို့က 'ငါ'ကြိုက်ကြီး နှင့် မူတည် ဆုံဖြတ် တွယ်တာ စွဲမက်လာသောအခါ **'ကာမုပါဒါန်'** ကာမစွဲ ဖြစ်လာသည်။

ဒီဟာနှင့် မပြီးသေးပါ။ ကိုယ့် 'ငါ'နှင့်ကိုယ် ဗဟိုပြု၍သိမ်းပိုက် စွဲလမ်းလာတာတွေ တဆင့်ပြီးတဆင့် ထပ်တိုးလာပြန်သည်။

'ငါဒီလိုမြင်သည်၊ ဒီလိုကြားသည်၊ဒီလိုတွေ့သည်၊ဒါကြောင့် ဒီလိုဘဲသိသည်။ ဘာပြုလို့လဲဆိုတော့ ငါဒီလိုဘဲ အမှန်ယူမှ ငါ အကျိုးကျေးဇူးနဲ့ အဆင်ပြေမည်၊ အံကိုက်မည်၊ ဒါကြောင့် ဒီလိုဘဲ အတည်ပြုမည်။ ထိုအတိုင်းကလွဲလျှင်၊ ငါမယုံ၊ ငါလက်မခံနိုင်။ ဒီပြင်ဟာတော့ ငါနားလဲ မလယ်ဘူး၊ သိလဲမသိဘူး—

ဒီတော့ ဒါဘဲသဘောကျတယ်’ဟု–ကိုယ်သိတာ မြင်တာလောက်ကိုသာ ကိုယ့်အကျိုး ကျေးဇူးအတွက်ကို စွဲယူသိမ်းပိုက်သော **‘ဒိဋ္ဌုပ္ပါဒါန်’** အယူစွဲဖြစ်လာသည်။

နောက်တခု ဖြစ်လာပြန်သည်။ ၎င်းကား ‘ငါတို့ တမျိုးလုံး ဘိုးစဉ်ဘောင်ဆက် ဒီလိုဘဲ လုပ်လာတာဘဲဥစ္စာ၊ပြီးတော့ ငါသင်ခဲ့တဲ့ စာတွေကလဲ ဒီလိုဘဲ ဘတ်ခဲ့ မှတ်ခဲ့ ရတာဘဲ–ဟိုလူ ဒီလူ အရပ်ထဲက အပေါင်း အသင်းတွေလဲ ဒီလိုဘဲ ယုံကြည်နေကြတော့·ငါ့ကျမှလိုက်မလုပ်လို့ ဘယ်ကောင်းတော့မလဲ၊အလကားသူများပြောစရာ ဖြစ်နေမှာပေါ့၊ ဗေဒင် ကိန်းခမ်း ယတြာဆိုတာ ရှေးက ပညာရှိကြီးတွေကလား၊စုန်း,နတ်,ကဝေ,တစ္ဆေ, မြေဘုတ်ဆိုတာ သူ့တန်ခိုးနဲ့သူတော့ ဟုတ်မှာဘဲ။ နတ်နဲ့ နဂါး မလှည့်စားနဲ့တဲ့! ရှေးလူကြီးတွေ ဆုံးမကြတာ၊ဘယ်နှယ် အလကားမှတ်လို့-စသည်ဖြင့် စွဲမှတ် နှလုံးသွင်းနေသော **‘သီလပတုပါဒါန်’** ခလေ့ထုံးစံ အစဉ်အလာ စာဆို–သူပြောလူပြောတွေကိုစွဲသော အစွဲဖြစ်လာပြန်သည်။

နောက်ဆုံး ‘ဒီခန္ဓာကိုယ်ဆိုတာ တနေ့စွန့်ပစ်ရမှာ–ငါ့ဝိညာဉ် ငါ့လိပ်ပြာဟာ နောက်တဘဝ တမျိုးကူးရမှာဘဲ၊ ဒီတော့ ‘ငါ’ ဟာ ခန္ဓာပြောင်းယူရုံကလွဲရင် ပျက်ထာမျိုးမဟုတ်၊ အမြဲရှိနေတာဘဲ။ ဒီဘဝထက် ဟိုဘဝကောင်းအောင် ကုသိုလ်တရား လိုတယ်၊ အကုသိုလ်ဆိုတာ ငါ့အဖို့ အပါယ် အကျိုးပေးသွားမှာကြောက်ရတာမျိုး–ဟူ၍ ငါအမြဲ,ငါအရှိကို စွဲယူသော **‘အတ္တဝါတုပါဒါန်’** ဖြစ်လာသည်။

အားလုံးကို ခြုံလိုက်သောအခါ **ဥပါဒါရုပ်** အစုံ အယူကြီး၄-မျိုး ဖြစ်လာသည်။ထိုဥပါဒါရုပ် အစုံအယူကြီး ၄-မျိုးလုံးပေါက်ပွားလာရာ ပင်မ မျိုးစေ့ကား အခြားမဟုတ်'ငါ'ဖြစ်နေသည်။

ထို 'ငါကြီး' ထင်ရှား ပေါ်လွင်လာလေလေ၊ဥပါဒါရုပ် ကြီးထွားလာလေလေ ဖြစ်သည်။ 'ငါသည်' အရှိ သဘာဝမဟုတ်၊ စွဲမှတ်သိမ်းပိုက်ထားသော အဖြစ် တရားသက်သက်ပါဟု အနတ္တလက္ခဏာကို ဖွင့်ထုတ် ဟောတော်မူခဲ့၏။

မရပါ၊'ငါ' တည်းဟူသော အတ္တကြီးမှာ ဘုရားက ဘယ်လိုပင် အနတ္တ ဟု ဟောဟော၊ဇွတ်တွယ်ခါ 'ငါ'မှ တပြားမှမလျှော့သော 'ငါ' သာလျှင် တန်းတန်းစွဲ ဖြစ်နေရသည်။

ထို ငါကို အမှီပြု၍ 'စိတ်' ဆိုသောအရာ ပေါ်ပေါက်နေပြန်သည်။ ထို 'စိတ်' နှင့်တွေ့ခါမှ 'ငါ' အားက ပိုတောင့်သွားတော့၏။ 'မြင်,ကြား,နံ,လျက်, တွေ့'ဟူသော ပဉ္စာရုံ အားလုံးကို 'ငါ' တပ်လိုက်သော အခါ 'ငါစိတ်' က 'ငါ' ၏ ရှုထောင့်မှ နေပြီး 'ငါ' ဥာဏ်မှီသမျှနှင့် 'ငါ' တွေး တွေးသည်၊ 'ငါ'ကြံ ကြံသည်၊ 'ငါ' ထင် ထင်သည်။ နောက်ဆုံး'ငါစိတ်'နှင့်ပင် ရှုမှတ်,ဆင်ခြင်, ကြံစည်, တွေးတော, စဉ်းစား, ဆုံးဖြတ် စသော စိတ်၏လုပ်ငန်းများကို ဇာတ်အိမ်ဇာတ်ကွက်အဖြစ် ဖေါ်ထုတ်လိုက်သည်။

## စိတ်စွဲလျှင် ငါမြဲ

ဤမှစ၍ ဗုဒ္ဓ၏ အရေးအကြီးဆုံး ဝိပဿနာကိုပါ 'ငါစိတ်' နှင့် ဝင်ရောက် ရှုမှတ် တွေးတော စဉ်းစား ဆင်ခြင်သူ အဖြစ်သို့ ဝင်လာကြတော့၏။

၂၄၈၉၄

'ငါ' သည် တောင့်တမှု-ကြောင့်ကြမှု- ကြောက်မှု- မျှော်မှု အားလုံးတို့၏ လက်သည် ဖြစ်သည်။ ထို 'ငါ' ကြီး တန်းလန်းရှိရှိ ကြီးနှင့် ဆင်ခြင် စဉ်းစားသော စိတ်လုပ်ငန်း အားလုံးသည် 'ငါ'ကိုသာ ဗဟိုပြု၍ ငါရေး ငါတာဖြစ်သော လောဘ, ဒေါသ, မောဟ ကိလေသာ ၃-ပါးကို မြေတောင် မြှောက်ပေးဘို့သာချာ ချောတော့ပြီ။

လူတိုင်း နားလည်မည့် နေ့စဉ်သုံး စကားလုံး များနှင့်သာ ရေးရန်-ရည်ရွယ်သည့်အကြားမှ တခါတခါ မလွဲမရှောင်သာဘဲ စကားလုံးကြီးတွေ ဝင်ဝင်လာပါသည်။

ထို့ကြောင့် မိုးလားကဲလား ရောမ စကားလုံးတွေကို ကြိုး စား၍ ရှောင်ပါမည်။ စာ၏အနက် အဓိပ္ပါယ်ကိုထင်ရန် အရေး ကြီးပါသည်။ တဆက်ထည်း ကြည့်သွားမည့်အစား အနည်းငယ် နား၍နား၍ စဉ်းစားစေလိုသည်။ နောက်က အဓိပ္ပါယ် ရှင်းလာ မှ ရှေ့ဆက်ကြည့်ပါ၊ ကြည့်ပြီးတိုင်း မရှင်းဟု ထင်သည်နှင့် တ ပြိုင်နက်၊ ရပ်ပြီး ပြန်သုံးသပ်ပါ။

ဤစာသည် ဘတ်ရတာ လွယ်ပါလိမ့်မည်။ အနက် ထင်ထင် သဘောပေါက်ရန်ကား အလွန်ခက်ပါလိမ့်မည်။ အတတ်နိုင်ဆုံး ကြိုးစား၍ သဘောပေါက်အောင် တင်ပြသွားပါမည်။

နှလုံးသွင်း စခန်းနှင့် အလုပ်စခန်း တခါတခါ ရောထွေးနေ ကောင်း နေပေလိမ့်မည်။ ထိုအခါမျိုးတွင် ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန် ဝေခွဲကြစေလိုပါသည်။ သို့သော် အလုပ်စခန်းကို အရှင်း ဆုံး တင်ပြထားပါသည်။

ဗုဒ္ဓဘာသာ၏ လုပ်ငန်းမှာ အခြားဘာသာများနှင့် မတူပါ၊ အလွန်မတူပါ၊ မူကစ၍ အများကြီး ကွဲပါသည်။ သို့စင်လျက် လူပေါင်း အတော်များများက ဗုဒ္ဓဘာသာကို အခြားဘာသာနှင့် ဆင်တူရိုးမှား ယောင်ယောင်လို ပြောကြဆိုပါသည်။

ထိုဆင်တူရိုးမှားကြောင့် အရေးအကြီးဆုံးသော ဗုဒ္ဓဘာသာ၏ အလုပ်စခန်းများတွင် အောင်မြင်မှု နည်းပါးခံနေရသည်။

ဤနေရာတွင် အကောက်အယူမလွဲအောင် စောစောက ရှင်းလင်းထားတာ ကောင်းပါလိမ့်မည်။မရှင်းမလင်းကြီးရှေ့ဆက်ပါက အကျိုးမရှိ အလကားဖြစ်မည်ကို အထူးစိုးရိမ်၍ဖြစ်ပါသည်။

အထူးသဖြင့် စိတ်ပိုင်းတွင် ဖြစ်ပါသည်။အခြား ဘာသာတွေက စိတ်ကို အတည်ပြု"အရှိသဘော"ယူမှ ဖြစ်ပါသည်။ဤလိုမှ "စိတ်အရှိ"မယူလျှင် ထိုထိုဘာသာဆိုင်ရာတို့၏ ဝိဉာဉ်ကူးဆက်ရေးတွင် အရေးအကြီးဆုံး အထောက်အကူကြီး လွတ်ထွက်သွားဘို့သာ ရှိပါသည်။ထို့ကြောင့် ၎င်းတို့က "စိတ်အရှိ မူလ" အတည်ကောက်ကြရပါသည်။

စိတ်အရှိယူလျှင် ဝိဉာဉ် ဖြစ်နိုင်သည်။ ဝိဉာဉ်ဖြစ်လာမှသာ ၎င်းတို့အဖို့ ထာဝရ-ပရမတ္တမ - အတ္တ - အတ္တနိယ အထက်ဘုရား ဝိဉာဉ်တော်နှင့် ပေါင်းစပ်ဆက်သွယ်နိုင်မည် ဖြစ်သည်။

ပေါ့ပေါ့တွေးလျှင်"စိတ်သည် ငါလော-ငါသည်စိတ်လော" ဟူ၍ပင် ခွဲခြားရန် ခက်ပါသည်။ ဤသို့ ခက်သောကြောင့်လည်း ထိုထိုဘာသာများ သက်ဇိုးရှည်နေကြခြင်း ဖြစ်၏။ နောက်ဆုံး အတ္တသည် သူတို့အဖို့ အတည်ယူရမည်သာ ဖြစ်နေသည်။ အတ္တ

မရှိလျှင် , ထာဝရ ဝိဉာဉ်တော်ဖြစ်သော ထိုထို ဘာသာဆိုင်ရာ ဘုရားများ တည်ရှိရေး မလွယ်တော့ချေ။

ထို့ကြောင့် ထိုဘာသာတွေအဖို့ အတ္တမြဲအောင် ဝိဉာဉ်မြဲရ ပေလိမ့်မည်။ ဝိဉာဉ်မြဲမှ ပြန်လည်ရှင်ပြန် ထမြောက်ရေး ဒေသ နာနှင့် ကိုက်ညီမည်။ဝိဉာဉ်မြဲရန် စိတ်ကို ဦးစားပေး အတည်ပြုရ ပေမည်။ ဘာမဆို စိတ်က အလျှင်လှမ်းခြုံ ဦးစီးတားမှုသာလျှင် ငါသည် စိတ်၏ဒြပ်အထည်အဖြစ် ဤကိုယ်ခန္ဓာကို ယူရခြင်းပါက လားဟု စွဲယူတော့မည် ဖြစ်သည်။ အတ္တနှင့် အတ္တချင်း ဆက်မိမှ ထိုဘုရား၏ဝိဉာဉ်တော်ကို ခွဲဝေ၍ ဖန်ဆင်းထားသော ဤလူ အစု အဝေးကို သူ့ဘာသာ တရားအနေနှင့် ထင်မြင်နိုင်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာကား ထိုထိုဘာသာတွေနှင့် ဖြောင့်ဖြောင့် ဆန့် ကျင်သော အနတ္တဝါဒ အခြေခံမူဖြစ်သည်။ ထို့ကြောင့် စိတ်ကို အရှိသဘောယူ၍ မရချေ။ အဖြစ်တရား အနေသာ ကောက်နိုင် လေသည်။ ဖြစ်ဖြစ်ပြီး ပျောက်ပျောက် သွားတတ်သော သဘော အဖြစ်သာ'စိတ်'ကို ယူနိုင်၏။ ကေန်လည်း ဟုတ်နေသည်။ဘုရား ဟောလို့ ဤသို့ဇွတ်ယူသည်ဟု မဆိုလိုပါ။မှန်နေ ဟုတ်နေခြင်း ကြောင့် အတွေးအခေါ်အားလုံး၏ အမှန်တရားဟူသမျှ အား လုံး၏ ရှေ့မှုရင်း၊ မည်မျှကြို၍ မှန်မှန်ကြီး ရောက်နေသည်ကို ဤဗုဒ္ဓဝိပဿနာတွင် တွေ့ကြရပါလိမ့်မည်။

အကယ်၍'စိတ်'ကို ယခု အတော်များများက ယူဆနေကြ သကဲ့သို့ 'အရှိမူလ'အဖြစ် ယူကြည့်ကြပါစို့၊ ဗုဒ္ဓရှင် ရှုံ့ချပြီး စွန့်ပစ်ရန် တိုက်တွန်းတော်မူခဲ့သော လောဘ, ဒေါသ, မောဟ

ကိလေသာများ မပျောက်သည့်အပြင်၊ ထိုစိတ်၏ လှုံ့ဆော်အား ပေးမှုကြောင့်၊အတိုင်းမသိ ကြီးမားဖုံးလွှမ်းလာမည်ကိုသာ ကြုံရမည် ဖြစ်၏။

ယခုပင် စိတ်ပိုင်းအဘိဓမ္မာကြီးနှင့် ဝင်ကလန့်သွင်းထားသော ဒဏ်ကြောင့်၊တဏှာ,မာန,ဒိဋ္ဌိများ ခေါင်းပေါ်ရမည့်အစား၊မည်မျှထိ ၄-၅-ဆ တိုးနေသည်ကို တွေ့နိုင်ကြ၏။ သာဓကတွေ အများကြီးရှိနေသည်။ အထူးမပြောလိုတော့ပါ။

ဘာကြောင့်နည်း—'စိတ်'သည် 'ငါ'ကို လေပင့်၍နေလေရာ၊ 'ငါ့'ထိလျှင် စစ်စစ်ထိမခံသော မာန အိုးကြီး'တွေက တဝုံးဝုံး ပေါက်ကွဲနေသည်ကို ထင်ရှားတွေ့နေ ရသောကြောင့်ဖြစ်၏။

'စိတ်'မရှိလျှင် 'ငါ'၏ အားပေးတန် ချုပ်ယွင်းသွားပြီဖြစ်၍၊ ထို'ငါ'၏ကျက်စားရာ နယ်မြေဖြစ်သော 'လောဘ, ဒေါသ, မောဟ' တရားများ တဖြေးဖြေး ကြုံ့ဝင် ဆိတ်သုဉ်းသွားမည် ကေန်ဖြစ်လေသည်။

အခြားဘာသာများ အရကား၊လောဘ ဒေါသ မောဟ တရားစုတို့ကို လူ့ယဉ်ကျေးနှင့် ကိုက်ညီအောင် နခမ်းကွပ် ဘောင်ခပ်ပေးရုံမှတပါး ပျောက်ကွယ်အောင် လုပ်ရန်မလိုချေ။ ၎င်းတို့ အလိုအားဖြင့် ဤကိလေသာ ၃-ပါးသည် ဤ လောကဘုံကြီး အား တည်ဆောက် ထူထောင်ရေး၏ မဏ္ဍိုင်ကြီးများသာဖြစ်၍၊ ချိုးနှိမ်ဖျက်ဆီးလျှင် ဘုရားဖန်ဆင်းထားသော ဤလောကကို ဖျက်ဆီးခြင်းသာ မည်ပေလိမ့်မည်။ ထို့ကြောင့် ယင်းကိလေသာကို ဖျက်ဆီးရန်မလို၊ သို့သော် တဖက်စီးနင်း မယိမ်းမယိုင် အောင် တည့်မတ်ထားရန်သာ လိုသည်ဟူ၏။

ထိုဘာသာတွေ့ အနေဖြင့် ဤသို့ယူမှသာ မှန်ပေမည်။ အကြောင်းမူကား ထိုထိုဘာသာ ရေးတို့သည် လောကီရေးနယ်အတွက် သက်သက်သာ ဖြစ်သောကြောင့်တည်း။

အမှန်ကား သဘာဝဓမ္မကို ပေါက်အောင်ကြည့်ဘို့ မြင်အောင်နှလုံးသွင်းဘို့ဖြစ်၏။ ဤသည်ပင် ဝိပဿနာဖြစ်သည်။ ဤအဆင့်ဖြင့် မပြီးသေးချေ။ နောက်တဆင့် ရှိသေး၏။ ထိုနောက်တဆင့်ကား-အရေးအကြီးဆုံး မဂ်လမ်းဖိုလ်လမ်းကြီးဖြစ်ရာ၊ သဘာဝဓမ္မ၏ နယ်အစစ်ထဲသို့ ကူးပြောင်းသွားခြင်းပင် ဖြစ်သည်။

အချို့က သဘာဝဓမ္မကို လွန်သွားသည်ဟုဆိုကြ၏။ ဆိုသူများမှာ သမုတိသစ္စာနယ်အတွင်း၌သာ အတွေးအခေါ်ဆုံးနေသောကြောင့်ဖြစ်သည်။ မိမိကိုယ်တွေ့ ဖြစ်လာသောအခါ၊ ကြိုက်သလိုဆုံးဖြတ် နိုင်ကြပေသည်။ ဤကိစ္စ ငြင်းခုံပွဲဖြင့် အဆုံးသတ်ရန်မဟုတ်၊ ကိုယ်တွေ့၊ ကိုယ်မြင်၊ ကိုယ်တိုင်ကြုံ၊ ကိုယ်တိုင်ယုံရသည့် စခန်းအထိ ပို့သွားရန်ရှိသေး၏။ သို့သော် ကျင့်သူများအပေါ်၌သာ လုံးဝတည်ပေသည်။

ဤအခါကျမှ ဗုဒ္ဓရှင်၏ 'အကာလိကော- ဟေိပဿိ' စသောဂုဏ်တော်ပါတရားသည်၊ ကေန်အမှန် ဗုဒ္ဓရှင် ရဲရဲတာဝန်ခံတော်မူကြောင်း ထင်ရှားသိကြ ပေလိမ့်မည်။

သို့ရာတွင် 'ငါစိတ်' ကြီး တန်းလန်းနှင့်ကား မရပေ။ ဘယ်လိုမှမရပေ။ ဤမျှလောက် ဗုဒ္ဓဘာသာ၏ အရေးကြီးဆုံးသော အထွတ်အထိပ် မဂ်စခန်းဖိုလ်စခန်းတွင် ကန့်လန့်ကြီးဖြစ်သော အတ္တာအတ္တမတို့၏ဘက်သား 'စိတ်' စကားကို ဗုဒ္ဓရှင်က လက်ခံသိမ်းပိုက်သလိုလို စွဲမှတ်ယုံကြည် နေကြသည်ကိုမူ အံ့ဩဘို့သာ ကောင်းတော့သည်။

ပြောစရာဖြစ်လာသည်။

အဆိုးဆုံးကား လက်ရှိရန်ကုန်တက္ကသိုလ် ကစ၍၊ စိတ်ကိုပင် ဗုဒ္ဓက အဓိက စွဲယူသကဲ့သို့ ပို့ချနေခြင်းဖြစ်၏။လူငယ်များမှာ ထို တက္ကသိုလ်မှ ပို့ချသည့်အတိုင်း လိုက်နာယုံကြည်ပြီး ရေးကြ ပြော ကြရသူများဖြစ်၍၊အပြစ်မဆိုသာပေ။

သို့ရာတွင် နယူးမက္ကဆီကိုပြည် တက္ကသိုလ်ကြီး၌ အဘိဓမ္မာ ပါမောက္ခအဖြစ်တာဝန်ယူထမ်းဆောင်လျက်ရှိသော **Poof:A.J. Bahm.** ကဲ့လို ပုဂ္ဂိုလ်မျိုးက ဗုဒ္ဓရှင်ကို ဝေဖန် လိုက်သော အခါ၊ ကျွန်ုပ်တို့ အတော် စိတ်မကောင်း ဖြစ်ရလေသည်။စဉ်းစားစရာ လည်း ဖြစ်လာသည်။

ပရိုဖက်ဆာဘမ်း၏ **Philosophy of the Buddha.** ခေါ် စာအုပ် စာမျက်နှာ ၁၅၀-မှ ၁၆၂-ထိရှိသော ဝေဖန်ချက်အခန်း နိဂုံးပိုင်းမှာ (၁) ဗုဒ္ဓသည် သဘာဝကျမှု၌ မပြည့်ဝသေး။(၂) လုံ လောက်သော ပြတ်သား ရှင်း လင်းမှု မရှိသေး။ (၃) ပြည့်ဝ သော အတွေးအခေါ်မရှိသေး။ (၄) ပြည့်စုံသော နည်းနိသျမ ပါရှိသေးဟူ၍ အချက် ၄-ချက် တင်ပြဝေဖန် ထားလေသည်။

ပရိုဖက်ဆာဘမ်းက "ဗုဒ္ဓ၏ တရားစာပေများကို ကြည့်သော အခါ၊ ဤ ၄-ချက်သည် တခုနှင့်တခု ရှုပ်ထွေး ပွေလိမ်လျက်ရှိ သည်ကို တွေ့ရသည်။ ဗုဒ္ဓ၏အဘိဓမ္မာကို လက်ခံနှစ်သက်သူတို့ ဘက်က အကြောင်းအကျိုး ပြနိုင်သကဲ့သို့ လက်မခံ ငြင်းဆန်လို သူတို့ဘက်မှလည်း ဆင်ခြေဆင်လက်များ အများပင် တင်ပြနိုင်

နေပြန်သည်။ထို့ကြောင့် လက်ရှိတွေ့ရသော ကျမ်းဂန်အထောက်အထားများ အရ သုံးသပ်လျှင် ဗုဒ္ဓ၏ အဘိဓမ္မာများသည် ကောင်းတော့ ကောင်း၏။သို့သော် မလုံလောက်သေး၊ မပြည့်ဝသေး”ဟု ဆိုထားလေသည်။

တဖန် ပရိဖက်ဆာဘမ်းက “ဗုဒ္ဓဂေါတမသည် ယခုလက်ရှိစာပေများက ပုံဖော်ထားသည့် အတိုင်း မှည်သည့် နည်းနှင့်မျှ မဟုတ်နိုင်ဟု တဆင့်ထောက် လိုက် ပြန်သည်။ သူ၏ဝေဖန်ချက်မှာ ယခုစာပေ ကျမ်းဂန်လာ စကား အသွားအလာ အထောက် အထားများ အရသာ သူရေးရခြင်းဖြစ်သည်”ဟု ဝန်ခံထားသည်။

ဗုဒ္ဓဂေါတမအစစ်၏ ပုံမှန်မူရင်းကို ရှာသောအခါ၊ မြောက်ပိုင်းမဟာယာန စာပေများ၌လည်း ပုံပျက်ပန်းပျက်ဖြစ်နေသည်။ တောင်ပိုင်း ထေရဝါဒစာပေများ၌လည်း အပြုအပြင်တွေများနေသည်။ အရမ်းယုံနှင့် အကန်းယုံတို့က ဂေါတမကို ပဂ္ဂုလ်စွဲသက်သက် ယုံကြည်ကြသည်။ဦးတိုက်ပူဇော် သူတို့ကလည်း ခေတ်ပြိုင် အခြားဘာသာတို့၏‘မာရ’စသော ဘုရားများထက်ပိုအောင် ဂေါတမဘက်မှ အနိုင်ပြိုင်ပြီး ဘုန်းတော်-ဉာဏ်တော် ကံတော်တွေကို မိုးမက ထိုးဖောက် ချီး မြှောက် ပစ်ကြ သည်။ နောက်နောက်က ဘဝပေါင်း သိန်းသန်း ကုဋေတွေပါ ချဲ့ထွင်ဖြည့်စွက်ထားကြပြန်သည်။ ရဟန်းတွေက ၎င်းတို့၏အဖွဲ့အစည်း အရှိန်အဝါအတွက် ဝိနယပါတိမောက္ခကို ထိန်းသိမ်းခြင်းထက် စည်းရုံးရေးကိုသာ ရှေ့ရှုသော လှုံ့ဆော်ချက်များအဖြစ် ဂေါတမ အထုပ္ပတ္တိများကို တီထွင်အသုံး ပြုကြသည်။ တဆင့်ပြီး တဆင့်

ဝေ့မေသုတံ လာကြသူ ပိဋကတ် ဆောင်တို့ကလည်း တဆင့်ထက် တဆင့် အပိုတွေအတွန့်တွေ ညှပ်လာခဲ့ကြသည်။ ထိုသို့ညှပ်သွင်း ကြရာတွင် အထပ်ထပ်အလီလီ အဓိပ္ပါယ်တူတွေကို ရှေ့ကခင်း ခင်းပြီးမှ လိုရာဆွဲ၍ညှပ်ထည့်ခဲ့ကြရာ၊ နောက်ဆုံး မူရင်းပါ လုံးဝ ပျောက်ကွယ် ခံရသည်။

ထိုမျှ အမျိုးမျိုးအဖုံဖုံဖြစ်လာသော ဝိနယဓမ္မတွေကို စာပေ အက္ခရာအဖြစ်သို့ စုပေါင်းရေးသွင်းသူတို့ လက်ထက်သို့ ရောက် သောအခါ၊ စိတ်ကူးအမျိုးမျိုး၊ အယူအဆ အမျိုးမျိုး ရှုပ်ထွေး စွာနှင့် တခုနှင့်တခု အဆင်မပြေ ရှေ့နောက်မညီအောင် ဂွတီးဂွကျ ကြီး ဖြစ်လာတော့သည်။

"ဤမျှ ရှုပ်ထွေး ပွေလိမ်နေသော စာပေတွေအရ ကောက် နုတ်ဝေဖန်ရသည်မှာ ဂေါတမ၏ပုံမှန်နှင့် အံချော်ချင်တိုင်းချော် ၍နေသော ဤသုံးသပ် ဝေဖန်မှုမျိုးအတွက် စိတ်မကောင်းပါ" ဟု ပရိဖက်ဆာဘမ်းက ဆိုထား၏။ ၎င်းသည် ဤစာအုပ်၌ မတင် မကျဖြစ်နေသော လက်ရှိဗုဒ္ဓဘာသာ စာပေများကို သုံးသပ်ခြင်း သာဖြစ်ပြီး၊ မူလဗုဒ္ဓရှင်ကို ရည်ရွယ်ခြင်း မရှိပါဟု ဆိုထားပြန်ရာ စဉ်းစားစရာတွေ ဖြစ်လာသည်။

ပရိဖက်ဆာဘမ်း၏ ဝေဖန်ချက်များကို ကြည့်သော အခါ၊ ၎င်း၏အယူအဆတွင် "ဂေါတမသည် အဟံ ငါဘုရား" ဟူသော ငါစွဲအတ္တ အသုံးအနှုန်းမျိုးကို မပြုတန်ရာ၊ "တထာဂတ" အား လုံးကို သိပြီးသူဟူသော ပုဒ်မျိုးသာလျှင် မူရင်း ဘုရားသုံး ပုဒ်နှင့် နီးစပ်ဟန်ရှိသည်ဟု၎င်း၊ "ဂေါတမသည် နိဗ္ဗာန်ကိုသာ

အဓိကထားခြင်းဖြစ်သည်။ ထိုနိဗ္ဗာန်လမ်းဖြစ်သော မဂ္ဂင် ၈-ပါး ကို အထပ်ထပ်အကြိမ်ကြိမ် ဖွင့်ဆိုခဲ့ခြင်းများပါသော သုတ်များ သည် ဂေါတမ၏ မူရင်းသုတ်များ ဖြစ်နိုင်သည်။ သို့ရာတွင် နတ် များ၊ ပြဟ္မာများအဖြစ်သို့ ရောက်စေနိုင်ရေး ဖြစ်သော ကုသိုလ် တရားများအကြောင်းနှင့်၊ ကောင်းကင်၌ တန်ခိုး ဣဒ္ဓိပါဒ်ရှင် များ အဖြစ်သို့ ရောက်စေနိုင်စွမ်း ရှိသည်ဆိုသော ဈာန်-ကျင့်စဉ် များကို ဟောဆို ထားကြောင်းများ တဖန် တွေ့ရပြန်သည်။ ဤသို့ ဖြစ်ပြန်ရာ ဂေါတမသည် ၎င်းကိုယ်တိုင် အဓိကထားသော နိဗ္ဗာန်လမ်းစဉ် ဖြစ်သည့် မဇ္ဈိမ ပဋိပဒါ ကျင့်စဉ်မှ ဘေးဖယ် ထွက်လာသကဲ့သို့ ရှိနေပြန်သည် ဟုရင်း၊ နောက် ဂေါတမသည် မူအားဖြင့်ပင် ကြောင့်ကြခြင်းနှင့် တောင့်တခြင်းကို လက်ခံခြင်း မရှိ၊ ထိုတောင့်တခြင်းနှင့် ကြောင့်ကြခြင်းကို စွန့်လွှတ်ကြရန်သာ တိုက်တွန်း ဟောကြားခဲ့၏။ သို့ရာတွင် ယင်း တောင့်တခြင်း၊ ကြောင့်ကြခြင်း၏ ကြောင်းရင်းအခံ မူလဖြစ်သော စိတ်ဆန္ဒ ကို ပယ်သတ်ရန် ဟောရမည့် အစား၊ ထို စိတ်ဆန္ဒကို လက်ခံရန် ဟောထားပြန် လေသည်။ ဤသို့ စိတ်ဆန္ဒ အလိုကို သိမ်းပိုက် ယုံကြည်ရလျှင် တောင့်တမှုနှင့် ကြောင့်ကြမှုတို့သည် လျော့ပါး သွားမည့်အစား၊ ပို၍ပို၍ တောင့်တခြင်း ကြောင့်ကြခြင်း များ သာလျှင် ကေန်မုချ တိုးပွားလာရန်သာ ရှိချေသည်။ ထို့ပြင် ဂေါတမက အလိုမရှိခြင်းဖြစ်ရန်ကို အလိုရှိစေခြင်း။ တောင့်တမှု ကြောင့်ကြမှုကို ပယ်စွန့်ရန်ကိုသာ တောင့်တစေပြန်ခြင်း၊ ကြောင့် ကြစေခြင်း စသော ဆန့်ကျင်ရေး ပဋိပက္ခများတွင် စိတ်ဆန္ဒကို မည်ကဲ့သို့ ဖြစ်စေရမည်ဟု မဖော်မပြခဲ့ပေ။”ဟုရင်း စသည်ဖြင့် ပရိုဖက်ဆာဘမ်းက ကောက်နုတ် ဝေဖန်ထားလေသည်။

ပရိဖက်ဆာဘမ်းသည် ထိုစာအုပ်၌ ဤသို့ ဘာကြောင့်ဝေဖန်ရသည်ကို ကြည့်လိုက်သောအခါ၊ ၎င်းသည် ၉–နှစ်မျှ ပါဠိနှင့် တက္ကဋ္ဌ စာပေများကို လေ့လာခဲ့ပြီးနောက်၊ ၁၉၅၅–၅၆–ခုနှစ်များအတွင်းက ဖူးလ်ဘရိုက် ပညာရေး အထောက် အပံ့နှင့် ဤဗမာပြည် ရန်ကုန်တက္ကသိုလ်သို့ ရောက်လာပြီး ဗုဒ္ဓစာပေများကို ဆက်လက်လေ့လာသည်။

ဤတက္ကသိုလ်သည် ဗုဒ္ဓဘာသာ ထိပ်သီးနိုင်ငံဖြစ်သော ဗမာပြည်၏ တက္ကသိုလ်ကြီး တခုဖြစ်လေရာ၊ ပရိဖက်ဆာဘမ်းသည် ဤရန်ကုန်တက္ကသိုလ်မှ ပို့ချပေးလိုက်သော ဗုဒ္ဓဘာသာဆိုင်ရာ စာပေဗဟုသုတများကို ပရိဖက်ဆာဘမ်း ရရှိသွားသည်။

ဘယ်မျှ တိကျပြတ်သားသော ဗုဒ္ဓစာပေများကို ပရိဖက်ဆာဘမ်း ရရှိသွားသည်ကိုကား မပြောတတ်၊ ဤရန်ကုန်တက္ကသိုလ်မှ ထွက်ခွါသွားပြီးသောအခါ အဆိုပါ စာအုပ်ကို ရေးသားရိုက်နှိပ်ထုတ်ဝေလိုက်လေသည်။ ထို့ကြောင့် ပရိဖက်ဆာဘမ်းသည် ဤတက္ကသိုလ်မှ ပို့ချပေးလိုက်သော အသိပညာဖြင့် ထိုစာအုပ်တွင် ဤသို့ ရေးသားနိုင်သော အရည်အချင်း ရရှိသွားဟန် ရှိနေချေသည်။

ပရိဖက်ဆာဘမ်းသည်'ကာမ'နှင့် 'သဘာဝ'ကို ဗုဒ္ဓရှင် မည်သို့ ခွဲခြားထားသည်ကို သဘောပေါက်သွားဟန် မတူပေ။ ကာမအလိုနှင့် သဘာဝအလို အစစ်များ ဗလုံးဗထွေး ဖြစ်သွား၍သာ ဤစာအုပ်တွင် ဤဝေဖန်ချက်များ ထွက်လာဟန်တူသည်။

စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်စသော လမ်းစဉ်သမားများသည် ဤသို့ပင် မျက်စေ့လယ်ရပေမည်။ယင်းသို့ မျက်စေ့ လယ်နေသူ

တို့၏ ညွှန်ပြခြင်းဖြင့် ထပ်၍မျက်စေ့ လယ်နေသူကဦး ပေါ်လာသည်ဆိုက ဘာမျှအံ့သြစရာ မရှိတော့ပေ။

## စိတ်သည် အဖြစ်သဘောသက်သက်

အကြမ်းအားဖြင့် အသိ ၂-မျိုးရှိ၏။ 'ငါသိ'နှင့် 'ဓမ္မသိ'ဖြစ်၏။ တနည်း ပညတ်သိနှင့် ပရမတ်သိ ဖြစ်သည်။

ပညတ်သိကား—'ငါသိ'၏ နယ်မှ သိသော အသိဖြစ်၏။ငါ့မျက်စေ့ဖြင့် ငါမြင်သည်၊ ငါ့နားနှင့်ကြားသည်။ ငါ့နှာခေါင်းနှင့်နံသည်။ ငါ့ပါးစပ် ငါ့လျှာဖြင့် လျက်သည်။ ငါ့ကိုယ်နှင့်ငါတွေ့သည်။ဤငါ၏ မျက်စေ့-နား-လျှာ-ကိုယ်တို့ဖြင့်သာ ငါမြင်, ငါကြား, ငါနံ,ငါလျက်, ငါတွေ့အားလုံးဖြစ်သော အာရုံတို့ကို 'ငါ'စွဲယူ သိမ်းပိုက်သည်။ ထိုသို့စွဲယူ သိမ်းပိုက်ထားသော အာရုံတို့ကို အခြေတည်၍ တဖန်စဉ်းစားတွေးတောသည်။ထိုစဉ်းစားတွေးတောသမျှ အာရုံအလုံးစုံသည် 'ငါ မြင်၊ကြား၊ တွေ့၊သိ' ခဲ့သမျှတို့နှင့် မကင်းချေ။ထို ငါ မြင် ကြား တွေ့ သိ ခဲ့သမျှတို့ကို သာလျှင် အမှီအခိုပြု၍ ထိုထို'ငါ'စဉ်းစားခြင်း၊ တွေးတောခြင်းတို့ကို တဖန် ဆင့်တိုး ပွားများလာခြင်းဖြစ်သည်။

ဤသို့ ဆင့်တိုးပွားများလာသော အသိသည်၊ ကာမ ၅-မျိုး၏ နယ်ကို ရှေ့ရှုသွားက ကြောင့်ကြမှု, တောင့်တမှုများ အမြဲယှဉ်ကပ်လာတော့၏။ ဤအတိုင်း သွားနေသော လမ်းကြောင်းမှ မပြောင်းသရွေ့ ပညတ်နယ် လောကီဘုံသား စစ်စစ်သာလျှင်ဖြစ်ရမည်မှာ မလွဲနိုင်တော့ချေ။

ကာမ ၅-မျိုးဟူသည်ကား၊ မျက်စေ့အကြိုက်, နားအကြိုက်, နှာအကြိုက်, လျှာအကြိုက်, ကိုယ်အကြိုက် စသော အကြိုက် ၅-မျိုး၌ တပ်စွဲသည့် ကာမဂုဏ် ၅-မျိုး ပင်ဖြစ်သည်။

ပရမတ်သိကား၊ အထက်ပါ ပညတ် 'ငါ' သိ ၅ မျိုးကိုပင် အမှီအခိုပြု၍ စဉ်းစားရင်း တွေးတောရင်းက ' ငါ ' ဟူသော 'အတ္တ ကတ္တား' မပါတော့ဘဲ နိယာမ တရား အနေအလျောက် သိသော အသိ။ 'ငါ' ဘာကြောင့် ဖြစ်နေပါလိမ့် ဆိုသော ငါကို ထိုးဖေါက် လွန်မြောက်၍ သွားသော ပရမတ်သိ နယ်သို့ ထိုးတွင်း ပေါက်ရောက် သွားခြင်းပင် ဖြစ်သည်။ ဤနယ်ကို ရောက်သည်နှင့် တပြိုင်နက်၊ ငါမြင်,ငါကြား, ငါနံ, ငါလျက်, ငါတွေ့ ဖြစ်သော ပဥ္စာရုံ (အသိ ၅-ခုသည်) ငါမြင်ဟု ထင်နေရာမှ တခုစီ ပြန်၍ အစကစပြီး ပြန်စဉ်းစားလာတော့၏။

"ငါမြင်သည်ဟု ဆိုခြင်း၌၊ ငါက မြင်တာလား၊မျက်စေ့က မြင်တာလား၊ ငါက ကြားတာလား၊ နားက ကြားတာလား" စသည်ဖြင့် နောက်ဆုံး မျက်စေ့ရှိ၍ မြင်သည်၊ နားရှိ၍ ကြားသည်၊ နှာခေါင်းရှိ၍ နံသည်၊ လျှာရှိ၍ အရသာခံသည်၊ ကိုယ်ရှိ၍ အထိအတွေ့ဖြစ်သည်။ စသည်ဖြင့် လက်သည်အစစ် အကြည် ပသာဒရုပ် ၅-ခုကို သွားတွေ့လေသည်။

ဤသို့ မျက်စေ့က မြင်တတ်ခြင်းသည် မြင်ရန် အင်္ဂါရုပ် အကြည် ပသာဒ အရှိအရ 'မြင်တာပါကလား' ဟု သိလျှင်' ငါ' မြင် မဟုတ်တော့ချေ။ မျက်စေ့မြင် ဖြစ်လာသည်။

နားရှိ၍ နားက ကြားသည်ကိုလည်း ငါကြား မဖြစ်နိုင်တော့ဘဲ၊နားကြားကို နားကြားဟူ၍ ထင်ထင်ရှားရှား ဖြစ်လာသည်။

ထို့အတူ နှာခေါင်းရှိ၍ အနံ့ဖြစ်ခြင်း၊ လျှာရှိ၍ အရသာပေါ်ခြင်း၊ ကိုယ်ရှိ၍ အတွေ့ဖြစ်ခြင်း စသည်ဖြင့် သူ့ဆိုင်ရာ အကြည် ပသာဒရုပ်၏ ပင်ကိုယ်သဘော လက္ခဏာကို ပြတ်သားနားလည်လာသည့် အချိန်တွင်၊ ငါမြင် ငါကြား ငါတွေ့ မဖြစ်တော့ဘဲ၊ ငါပြုတ်သွားလေသည်။

ငါပြုတ်သည်နှင့် တပြိုင်နက် ဤ ပသာဒ ငါးခုသည် သူ့သဘာဝအရ သူ့သတ္တိ သူဆောင်နေခြင်းမျှသာ ဖြစ်ပါကလားဟု တဆင့် သဘောပေါက်လာသည်။

ဤသို့သဘောပေါက်လာလျှင် ပရမတ်ဉာဏ်၊ဝိပဿနာဉာဏ် စခန်း စနိုင်တော့ပြီ။

သို့ရာတွင် ဤသို့ 'သိ' သည်ဆိုရာ၌ မည်သူက သိတာနည်း။ သိသူရှိရချေဦးတော့မည်။သိသူသည် 'ငါလည်း မဟုတ်တော့'ဟု ကေန် သဘော ပေါက်လာလျှင် ဤသိသူကို ရှာရ အခက်သားဖြစ်ချေဦးမည်။

အမှန်ကား ငါလည်းမဟုတ်၊ စိတ်လည်းမဟုတ်ချေ။

ငါမဟုတ်သည်ကိုမူ အနတ္တ လက္ခဏာပါ ခန္ဓာ ၅–ပါးနှင့် တိုက်ဆိုင်ကြည့်လျှင်၊လွယ်လွယ်ပင် 'ငါ' မဟုတ်ကြောင်း ဝန်ခံနိုင်ကြ၏။

စိတ်သည်လည်း ထိုခန္ဓာ ၅-ပါး၌ပင် အကျုံးဝင်သော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏတို့ဖြင့်ပင် စုပေါင်းရာမှ ပေါ်လာသော " ကြံစည် စဉ်းစား " တတ်သော သတ္တိမျှသာ ဖြစ်သည်။

ယင်း နာမ်ခန္ဓာ ၄-ခုသည်ပင် 'အတ္တမဟုတ်၊ ငါမဟုတ်' ဟု မြင်နိုင်ပါလျက်၊ ထို မပိုင်စိုးသော အမြဲမဟုတ်သော နာမ်ခန္ဓာ ၄-ခု၏ အစုအဝေးမှ ခေတ္တသာ ပေါ်လာသော 'စိတ်' ကျခါမှ အရှိတရား အမြဲတရားကြီးကဲ့သို့ စွဲမှတ်ရန် မည်သို့မျှအကြောင်း မရှိနိုင်တော့ချေ။

သို့စင်လျက် 'စိတ်သာရှင်စေ ဘုရားဟော' ဆိုသော စကားကြီးသည် ဤ ဗုဒ္ဓဘာသာတွင်းသို့ ဝင်ကလန့် နေခဲ့လေပြီ။ ထို ကြောင့် ဘာမဆို ' စိတ် ' ကြီးက လွှမ်းရှိနေသည်ဟု ယနေ့ ဗုဒ္ဓဘာသာဝင် ခတ်များများက ယုံကြည်နေကြသည်။

အကယ်ယူလိုပြွားအံ့၊ နာမ်ခန္ဓာတို့ ၂-ခုချင်းသော်ငင်း၊ ၃-ခု ချင်းသော်ငင်း၊ ၄-ခုစလုံးသော်ငင်း၊ အခါ အားလျော်စွာ 'စေတနာ'အရ ပေါင်းစပ်သည့်အခိုက် ပေါ်လာသော်ဖြစ်ပျက် အစဉ်မကင်းသည့် ဥပ္ပါဒါဝယ သဘောမျှသာ ဤ စိတ် ဆိုသော 'ကြံစည် စဉ်းစားခြင်း' သဘာဝ ဖြစ်ပါကလားဟု ယူသော်ကား မှန်ပေမည်။

## အလွဲအားပေးစိတ်

ယခုကား ဤသို့မဟုတ်၊ အမြဲအရှိကြီးကဲ့သို့ အခိုင်အမာ အဓိကကြီးအဖြစ် ယူထားကြသည်ကိုသာ များသောအားဖြင့်တွေ့နေရသည်။ ဤ လက္ခဏာသည် ဗုဒ္ဓဝါဒမှ သွေဖီတော့မည့် အတ္တဂိုဏ်းသုံး အမှတ်လက္ခဏာဖြစ်လာပြီ။

ငင်းမှမပြောင်းတော့ဘဲ တကယ်စွဲသော ဥပါဒါန် ဝင်သည့် တနေ့တွင် 'စိတ်သည် အရှိတရားဖြစ်သည်၊ စိတ်ရှိသောကြောင့်

'ငါ'လည်း ရှိသည်။ ငါရှိလျှင် ငါ၏ဝိဉာဉ်သည်လည်း မြဲသော ဝိဉာဉ်ဖြစ်ရမည်။ ထို့ကြောင့် ထာဝရဝိဉာဉ်တော်နှင့် ငါသည် ပြန်ပေါင်းထုပ်လိုသော် ဖြစ်စရာရှိသည်' စသော အယူဝါဒဘက်သို့ တဖြည်းဖြည်း ဦးလည်သွားရန် သေချာ၍နေချေပြီ။

အထက်နားတွင် နာမ်ခန္ဓာ ၂-ခု၊ ၃-ခု စသည်တို့နှင့်'စေတနာ' အရ ပေါင်းစပ်သည့်အခိုက် ပေါ်ပေါက်လာသော စိတ်၏ချင်းရာ သတ္တိ ဖြစ်ပေါ်လာမှု၌ 'စေတနာ' ဟူသော အပေါင်းအစပ် သဘာဝတခုကို ရှင်းရန်ရှိ၏။

ဤကိစ္စမရှင်းလျှင် နားထွေးစရာရှိနေသည်။ 'စေတနာ' ဟူသည်'စေ့ဆော်ခြင်း' ကိုဆိုလိုသည်။စေ့ဆော်ခြင်းသည် ဤခန္ဓာကိုယ်သို့ အခြားမှ ရောက်လာသော အရာမဟုတ်၊ဤခန္ဓာကိုယ်၌ ရှိနေပြီးဖြစ်သော မျက်စေ့ နား နှာ လျှာ ကိုယ်တို့၏ အကြည်ဓာတ်နှင့် အပြင်မှ အဆင်း အသံ အနံ့ အရသာ အတွေ့တို့တိုက်ဆိုပေါင်းစပ်မိရာမှ ပေါ်လာသော အာရုံတို့၏ စေ့ဆော်ချက်ကို 'စေတနာ'ဟု ဆိုလိုသည်။ အခံဓါတ် အတိုက်ဓာတ် အပေါ်ဓာတ် ၁၀- ပါးတွင် ရှင်းလတံ့။

မျက်စေ့နှင့် အဆင်း တိုက်ဆုံမိသဖြင့် ပေါ်လာသော အာရုံက လှုံ့ဆော်သည့် အတိုင်း ပင်မခန္ဓာ အစုအဝေးတို့ စုပေါင်းအလုပ်လုပ်သောအခါ 'စိတ်' ဟူသော ကြံစည်ခြင်း စဉ်းစားခြင်းကိစ္စများပေါ်လာသည်။

နား နှာ လျှာ ကိုယ် စသည်တို့လည်း သူ့ဆိုင်ရာ အပြင်ရုပ်တို့နှင့် တိုက်ဆုံသည့်အတိုင်း ပေါ်လာသော အာရုံများကပင်

စေ့ဆော်မှု လှုံ့ဆော်မှုများ ဖြစ်ပွားစေသည်။ ဤသည်ပင် 'စေတနာ'များ ဖြစ်လာခြင်းဖြစ်သည်။

ဤစေတနာက စေ့ဆော်သည့်အတိုင်း နာမ်ခန္ဓာ ၄-ခုတို့က သက်ဆိုင်ရာ သက်ဆိုင်ရာချင်း စုပေါင်း အလုပ်လုပ်ကြသော အခါ ကာလတွင်မှ ကြံစည်ခြင်း စဉ်းစားခြင်းစသော စိတ်၏ လုပ်ငန်းများ ပေါ်လာသည်။

ထို့ကြောင့် စိတ်သည် နဂိုရ် အရှိတရား၊ အခိုင်အမာတရား မဟုတ်။အပေါ်တရား၊အဖြစ် တရားဟု ပြတ်ပြတ်သားသားနှလုံးသွင်းထားရန်လိုသည်။

ဤသို့ 'စိတ်' ကို အဖြစ်သဘော အပျက်သဘောနှင့် မကင်းသော ဥပ္ပါဒါဝယ လက္ခဏာနှင့် မှတ်သားထားမှသာ ရှေ့အဖို့ အရေးကြီးသည့် ဝိပဿနာစခန်းကို ကူးဆက်ရန် ကောင်းပေလိမ့်မည်။

ပညတ်သိ ပရမတ်သိ တို့ကိုလည်း ပိုင်းခြားရန် လွယ်ကူလာပေလိမ့်မည်။ ပညတ်၌ အစွဲသန်နေသော 'စိတ်'နှင့် မလွတ်မကင်း အမှီအတွယ် ဝင်နေပါက ဝိပဿနာဟူသည် မည်မျှ အားထုတ်ထုတ် အပိုသာလျှင် ဖြစ်ပေလိမ့်မည်။

ပိုရှုံပိုလျှင် တော်ပေသေး၏။အလုပ်လည်းပျက်၊ အချိန်လည်းကုန်၊လူလည်းပင်ပန်း၊ နောက်ဆုံး ဘာအကျိုးမျှ မရှိရုံမက အခြားသော မကြားဝန့် မနာသာတွေပါ ကြုံတွေ့ရပါသော်၊ ဘာမျှမသိ၍ ဘာမျှမလုပ်သူထက် ထိခိုက်စရာတွေ ရှိတတ်သောကြောင့် ကြိုတင်သတိပေးရခြင်းဖြစ်၏။

အချို့က ဘာသာရေးလိုက်စားလျှင် ဂုဏ်သိက္ခာရှိသည်ထင်ကာမျှနှင့် ရမ်းပြီးစွတ်ဝင်လုပ်၏။ နည်းပြသူ ဆရာသမားများကလည်း ကိုယ်တိုင်အခံရှိသမျှနှင့် ကိုယ်လိုပင်မှတ်၍ ပြပေးကြကုန်၏။ သို့ရာတွင် နောက်ဆုံး ဘာမျှလည်းမသိချေ၊ ဘာမျှလည်းမဖြစ်ချေ၊ စကားလုံးတွေသာ ဟောင်ပွာဟောင်ပွာနှင့် ပြောလာတတ်တော့၏။ လောဘ ဒေါသ မောဟ စသော ကိလေသာတရားတို့ကား ကုန်ဘို့မဆိုထားဘိ၊ လျော့ပင်မလျော့၊ ၄–၅–၁၀ ဆထိပင် တိုးလာလိုက်ချေသေးတော့၏။

ဤနိုင်ငံတွင် စိတ်ဝါဒီတဦးတက်၍ ထီးနန်းအုပ်ချုပ် မင်းလုပ်စဉ်ကာလက ဤကိစ္စ အများအပြား ခေတ်စားခဲ့၏။ ထိုမင်းလက်ထက်က မည်သူမဆို သာသနာ့ရိပ်သာ ရောက်လိုက လစာမပျက်ခွင့်တလ အလကားရ၏။ ကိုယ့်လူကား အာသောကကို အားကျနေသူတည်း။

ထိုအချိန်က အရာရှိကြီးတဦးသည် သာသနာ့ရိပ်သာသို့ လာ၏၊ ဟန်ဆောင်ပန်ဆောင် ရောညာ၏၊ နေ့တိုင်း ကိုယ့်အခန်းကိုပြန်ရောက်သောအခါ ညတိုင်း ထမင်းစား အရက်သောက် မူးနေလိုက်သေးသည်။ တလပြည့်၍ အလုပ်ပြန်ဝင်ပြီးနောက် မကြာခင် ရာထူးပါ တက်သွားလိုက်သေး၏၊ ထိုအရာရှိကား တလသာနေသွားသည်။ ဝိပဿနာ ဆိုသည်မှာ ရာထူး တက်ပါကလား ဆိုသည်ထက် ပို၍ ယခုတိုင် ဘာမှန်းမျှ မသိချေ။

ထို့ထက်ဆိုးသော အဖြစ်အပျက်များသည် ဒုနှင့်ဒေးရှိသေး၏။ သိသူများလည်း သိကြပြီးတွေ့ဖြစ်သည်။ မလိုလားအပ်သောကိစ္စမျိုးတွေဖြစ်၍ မပြောလိုတော့ပြီ။

## စိတ်သတိပြု

မီးသည် မရှိမဖြစ်သော အရာဖြစ်၏။ ထမင်းချက် ဟင်းချက် ကိစ္စကအစ၊ စက်ယန္တရားတွေအထိ မီးကိုသုံးကြရသည်။

အသုံးတတ်လျှင် တတ်သလောက် အရာရောက်သည်။ အသုံး နယ်နိမိတ်၏ အပြင် သို့ လွန်၍ ထိုမီး ကူးစက် လာလျှင်ကား မကောင်းတော့ချေ။ နယ်လွန်၍ လာသမျှ နည်း နည်း လွန် သော် နည်းနည်းပျက်၏။ များများလွန် များများပျက်သည်။

ထိုပျက်တတ်သော သဘောကြောင့်'မီးသတိပြု'ဆိုသောစာ တန်းတွေပင် နေရာတကာမှာ ပေါ်လာရ၏။ ဒီကြားထဲကပင် နှစ်စဉ်နှစ်တိုင်း ကုဋေနှင့်ချီကာ အပျက်အစီးတွေ ခံနေရသေး၏။ အပျက်အစီးတွေ၏နောက်မှ လူတွေသည် သောက ဒုက္ခ တွေတပုံ ကြီးနှင့် ဆက်တိုက်ဆိုလာကြရသေး၏။

ရန်သူအပေါင်းတွင် ဘာတခုမျှမကျန်အောင် ဒုက္ခအပေးနိုင် ဆုံးကား မီးသာဖြစ်လေသည်။ သို့ရာတွင် ထိုရန်သူမီးကိုပင် လူ လောကသည်၊ မိတ်ဆွေအဖြစ် ချော့ မော့ပြီး ပေါင်းနေရ၏။ ပေါင်းတတ်သလောက်လည်း အကျိုးပြုနိုင်စွမ်း ရှိပေသည်။

'စိတ်'သည် ဤမီးနှင့်တထေရာတည်းတူသော အရာဖြစ်သည်။

မီးကို သူ့နေရာနှင့်သူ ကလနားသတ်၍သုံးသကဲ့သို့သာ'စိတ်' ကိုသုံးရ၏။ ထမင်းချက်ပြီးလျှင် မီးကိုဆက်ထား၍ မရပေ။ မ တော်လျှင် တရွာလုံးတမြို့လုံး ပြုတ်ပြုတ်ပြုန်းသွားနိုင်သော ကိစ္စ ဖြစ်၏။ထို့ကြောင့် ထမင်းဟင်းချက်ပြီးလျှင် နဲနဲမျှမကျန်အောင် ငြိမ်းပစ်ရ၏။ ချက်ပြုတ် ကြော်လှော်ရာ၌ရင်း၊ စက်အားအတွက်

သုံးကြရာ၌ငင်း၊မီးအားကောင်းလေ ခရီးရောက်လေထင်ပြီး၊နှင်း ကန်မီးတွေမတရားထဲ့ပစ်၍ မဖြစ်ပေ။သူ့နေရာနှင့်သူ သင့်လျော် အံကိုက်ရှိသော ချိန်ဆသုံးကြရသည်။

သုံးပြီးသည်နှင့် တပြိုင်နက်၊ မီးကြွင်းမီးကျန် ငွေ့ငွေ့မျှမ ကျန်ရအောင် ငြိမ်းသတ်ရန်သည် လူနေမှုစံနစ်၌ အရေးအကြီး ဆုံးဖြစ်သည်။

ထို့အတူ 'စိတ်' အလုပ်ကိုလည်း 'ကြံစည်မှု-စဉ်းစားမှု' လို လောက်ရုံလောက်သာ အသုံးပြုပြီး အကြွင်းအကျန် မရှိအောင် အားလုံးငြိမ်းပစ်တတ်ရန် အရေးကြီး၏။

သံသရာ မပြတ်ဆက်၍ လောင်နေမှုသည် 'စိတ်' က မီးဆက် ပေးနေမှုကြောင့်ဖြစ်၏။ ထို့ကြောင့် 'စိတ်သတိပြု'ဟု ဆိုရမလို ဖြစ်နေသည်။

သံသရာဟူသည် နောက်ဘဝ တမလွန်တွေ ဆက်နေသည် အထိပင် စဉ်းစားစရာမလို၊ ယခု ပစ္စက္ခမျက်မှောက်ဘဝ၌ပင် မည် သို့ ထိုသံသရာ ဆက်နေသည်ကို ပဋ္ဌမကြည့်ရန်လိုသည်။

သံသရာလည်နေမှု၏ ကြောင်းရင်းအစစ်သည် တဏှာသာဖြစ် ၏။တဏှာ၏ဇစ်မြစ်ကိုအမှန်မမြင်သ၍ သက္ကာယဒိဋ္ဌိဖြစ်နေသည်။ ဤတဏှာကို အုံကြွလှုပ်ရှားနေစေသည်မှာ 'စိတ်'ဖြစ်နေပြန်သည် ကို တဆင့်ပြန်၍ တွေ့ပြန်သည်။

တဏှာသည်ကား အလိုဆန္ဒဖြစ်သည်။ ဘာကိုမဆို လိုချင်နှစ် သက်နေသမျှ တဏှာဖြစ်နေသည်။ စိတ်ကတွေးလေ တဏှာက အားကောင်းလေ ဖြစ်လာသည်။

ဤနေရာတွင် နိဗ္ဗာန်ချမ်းသာကို လိုချင်နှစ်သက်လျှင် တဏှာအလို ဖြစ်မည်ကိုပင် အလွန် သတိထားရ၏။

ထို့ကြောင့် အလိုကို စည်းသတ်လိုက်ရန် လိုသည်။ ၊ စကားလုံး အဓိပ္ပါယ်ကိုပါ “ ဝေါဟာရ ” ခွဲခြားသတ်မှတ်မှ နားရှင်းစရာ ရှိပေသည်။

## အကြိုက်ပါလျှင် တဏှာဖြစ်

ဤနေရာ၌ ‘ကာမ’နှင့် ‘သဘာဝ’ကို ပြတ်ပြတ်သားသား ခွဲခြားထားနိုင်မှ ရှေ့စခန်းများအတွက် ရှင်းပေမည်။ ဤလိုမရှင်းမလင်းက အကုန်လုံး ဝက်ကျကုန်မည့် အခြေအနေမျိုးရှိနေသည်။

**ကာမ**–ကာမဂုဏ်ခံစားမှုအတွက် ကြိုက်လျှင် တဏှာဖြစ်၏။

**သဘာဝ**–မရှိ မဖြစ်သောကြောင့် လုပ်ရလျှင် တဏှာမဖြစ်၊ သဘာဝဓမ္မသာဖြစ်၏။

ဥပမာ–မျက်စေ့သည် မြင်တတ်သော အကြည်ရုပ်ရှိ၍ မြင်သည်။မြင်ရုံ မြင်သည်၊ ကြည့်ရုံ ကြည့်သည်၊ သိရုံ သိသည်မှာ သဘာဝနယ်၌ ဖြစ်ရိုးပျက်ရိုး နိယာမ အစဉ်အလာမျှဖြစ်၍ အရေးမကြီး။

သို့ရာတွင် ထိုမျက်စေ့က မြင်ရုံမြင်၊ ကြည့်ရုံကြည့်၊ သိရုံသိခါမျှတွင် မနေဘဲ၊ တဆင့်တက်ပြီး မြင်တာကို လိုချင်လာလျှင် မကောင်းတော့ချေ၊ တဏှာဖြစ်လာချေပြီ။

ထို့အတူ အခြားပဥ္စာရုံများကိုလည်း မြင်ရုံ၊ကြည့်ရုံ၊သိရုံတွင် မနေတော့သကဲ့သို့ ကြားရုံကြားရာမှ ကြိုက်လာလျှင်၊နံ့ရုံနံ့တာမှ

ကြိုက်လာလျှင်၊ လျှက်ရှိလျှက်တာမှ 'ဤအရသာ ဟိုအရသာ'စသည်ဖြင့် ကြိုက်လာလျှင်၊ အထိအတွေ့ တွင်လည်း ထိရုံထိခါမျှ သိရုံသိခါမျှနှင့် မနေတော့ဘဲ ဖောတ္ထဗ္ဗအာရုံ ခံစားလိုသော အကြိုက်အထိ ရောက်လာလျှင်၊အားလုံး ကာမ ဖြစ်လာသည်။ကာမနှင့် ယှဉ်လာသောအလို အကြိုက်ဝင်လာလျှင် အားလုံး တဏှာ ဖြစ်လာချေပြီ။

တဏှာဖြစ်လာလျှင် ထိုထိုကြိုက်ရာများအပေါ်၌ အလိုတပ်စွန်း ကပ်ညိပြီ။ အလိုတပ်စွန်းသော် တောင့်တမှု၊ ကြောင့်ကြမှုတို့ပါ တွဲဆက်ဝင်လာကုန်တော့၏။

ထိုတပ်စွန်းရာ ကြိုက်နှစ်သက်ရာတို့နှင့် ပတ်သက်၍၊ တောင့်တမှု ကြောင့်ကြမှု ဆက်ပါလာသည်နှင့် တပြိုင်နက်၊ သံသရာဖြစ်ပြီ။သံသရာဖြစ်လျှင် လည်ချေပြီ၊ လည်လျှင် မဆုံးပြီ။ မဆုံးလျှင် ဒုက္ခ၊ ဒုက္ခဖြစ်လေ လည်လေနှင့် အလည်ကြီး အားကောင်းလာသောအခါ၊ ဤသံသရာနှင့် ဤဒုက္ခ ချာလည်ချာလည်နှင့် အဆုံးမထင် ဖြစ်လာတော့ပြီ။

ဤကား ယခုပစ္စက္ခဘဝ၏ တခဏမှာပင် လက်ငင်းလည်နေသော သံသရာဖြစ်သည်။

ကောင်းပြီ၊ သဘာဝကား မည်သို့နည်း....။

သဘာဝကား မလုပ်လျှင် မဖြစ်သောကြောင့်၊သဘာဝအလို အရသာ လုပ်ကြရခြင်းဖြစ်သည်။ ထိုသဘာဝအလိုကား မလုပ်ဘဲနေ၍ မဖြစ်ပေ။

ဥပမာ–အသက်ရှုနေသည်ကို ကြည့်ကြစို့၊ထိုအသက်ရှုနေခြင်းသည်၊ ကြိုက်တတ်၍ ရှုချင်၍ ရှုနေခြင်းမဟုတ်၊ အသက်

မရှုသည်နှင့် တပြိုင်နက်၊ ဤရုပ်နာမ် အတွဲအဖက်အဖြစ် တည်ရှိနေသော သက်ရှိသဘာဝသည် ချက်ချင်းဇီဝိန်ချုပ် သေဆုံးသွားမည်ဖြစ်၏။

ထို့ကြောင့် သဘာဝအလိုအရ လေကို အသက် ဖြစ် ရန် ရှုနေခြင်းမျှသာ ဖြစ်သည်ကို တွေ့ရမည်။ ကြိုက်တတ်၍ ရှုနေခြင်း မဟုတ်ကြောင်း ထင်ရှားပြီ။

ထို့အတူ "ထမင်းစားသည်၊ ရေသောက်သည်" စသည်မှာလည်း ဤရုပ်ခန္ဓာသည်၊ ထိုအစာ ရေ·လေတို့နှင့်ကင်း၍ မတည်နိုင်သောကြောင့်သာ အစာ့စား ခြင်း၊ ရေသောက်ခြင်း၊ လေရှုခြင်းတို့ကို လုပ်နေရခြင်းဖြစ်သည်။ ကြိုက်၍လုပ်နေခြင်းမဟုတ်။

ထို့ပြင် အစာအိမ်၌ ပိုလျှံလာသော အစာဟောင်း၊ ရေဟောင်းတို့ကို စွန့်ပစ်ထုတ်ပယ်နေရခြင်းသည်လည်း ဝါသနာပါနေ၍ ကြိုက်၍ လုပ်နေခြင်းမဟုတ်၊ မထုတ်မစွန့် မပယ်လျှင် လက်ရှိခန္ဓာတွင် အန္တရာယ်ရောဂါ ဝင်လာသော်၊ အသက်အထိ ဘေးမကင်း နိုင်သောကြောင့် လုပ်နေကြရခြင်း ဖြစ်သည်။ အကြိုက်နှင့်လုပ်နေရခြင်း မဟုတ်၍၊ ကာမနှင့် ဘာမျှမဆိုင်ချေ။

သို့ရာတွင် အသက်ရှူ၍ လေ အဆုတ်သို့ ရောက်ရုံတွင် မနေတော့ဘဲ၊ အဘယ်အနံ့ ကလေးပါမှ ရှူကောင်းသည်ဟု အကြိုက်ကလေး ဝင်လာလျှင်၊ သဘာဝအသက်ရှင်ရေး ကိစ္စ၏ နယ်ကို ကျော်သွားပြီဖြစ်၍ 'ကာမ' အလိုသို့ ကူးသွားလေပြီ။

အစာဆိုလျှင်လည်း မစားမဖြစ် သောကြောင့် ဘာမဆို အဆိပ်အတောက် မဖြစ်ပြီးရော၊ အစာကြေညက်၍ အသွေးအသား

ဖြစ်ရန်သည်သာ မူလဟုသဘောထားပြီး အားပေါ့ပေါ့-ငံငံ၊ ဆီပါပါ, မပါပါ၊ ဟင်းကောင်းကောင်း၊ မကောင်းကောင်း၊ဘာမျှ ဂရုမစိုက်ပဲ ပြီးပြီးရော” ဟု သဘောထားပြီး စားဖြစ်လျှင် ရပြီး ရော”ဟု သဘောထားပြီး စားဖြစ်ထာ မှန်သမျှ စားလိုက်လျှင် အဆာပြေသည်။အသက်လည်းရှင်သည်။ သဘာဝအလိုသာ စားခြင်းဖြစ်၍၊ ကာမ အလိုမဖြစ်ပေ။

သို့သော် ဆန်ကလေးမွှေးမွှေးမှ၊ ထမင်းကလေး မပျော့မမာမှ ဘယ်ပန်းကန်နှင့် ထည့်ပြီး ဘယ်ဟင်းမျိုးနှင့်မှ၊ ဘယ်စားပွဲ ဘယ်အခင်းနှင့်မှ၊ဆားကလေး မျက်မျက်မှ စသည်များစွာသော-သောတရားခြောက်ဆယ် အဆာကျယ်၊ ဇီဇာကြောင်လာလျှင် သဘာဝအလို စားခြင်းမဟုတ်၊ ကာမအလို စားခြင်းဖြစ်၍ တဏှာဖြစ်လာပြီ။

ရေကိုလည်း ရေဆိုလျှင် သန့်ရှင်း၍ ဘေးဥပါဒ် မဖြစ်လျှင် ဘာရေဘဲဖြစ်ဖြစ်၊ သွေးဖြစ်ရန် လုံလောက်သည်ဟု သဘောထားပြီး သောက်လိုက်လျှင် သဘာဝအလိုသာဖြစ်၏။

သို့ရာတွင် လဘက်ရည်အဖန်မှ၊အချိုမှ၊ ရှလပတ်ရည်မှ၊ လင်မနစ်မှ၊ လိမ္မော်ရည်မှ၊ ရေခဲရည်အေးအေးမှ စသည်ဖြင့် ဂရုများလာလျှင် သဘာဝအလိုထက် နယ်လွန်လာသော် ကာမအလို ဖြစ်လာချေပြီ။

ဤအတိုင်းပင် အိပ်ရာ၊ နေရာ၊ ထိုင်ရာ၊သွားရာ၊ ထရာ-စသော အရိယာပထ ၄-ပါးတွင်လည်း ကျန်းမာရေးနှင့် ကိုက်ညီရုံမျှမက အကြိုက်ကိုလိုက်ခါ၊ ဘယ်သို့ဘယ်ညာ ဘယ်လိုမှစသည်ဖြင့် ဂျီး

များလာလျှင် ကာမအလိုသို့လိုက်ခါ၊ အကြိုက်ကိုဆောင်ခြင်းပင် ဖြစ်လာသည်။ အကြိုက်ကို လိုက်လာလျှင် တဏှာဖြစ်သည်။ တဏှာသည် ကာမ၏ ရေသောက်မြစ်ဖြစ်သည်။

## သဘာဝအလိုသာ ဖြစ်ပါစေ။

ထို့ကြောင့် သဘာဝအလိုနှင့် ကာမအလိုကို ခွဲခြားသိရန်လို၏။ ဤသို့သဘာဝနှင့် ကာမကို မခွဲခြားဘဲ နိဗ္ဗာန်၏ချမ်းသာကို တမင်တောင့်တ ခံစားလို၍ အားထုတ်ပါက၊ ဤနိဗ္ဗာန်အလိုသည် ကာမနှင့်ယှဉ်သော အလိုသာ ဖြစ်ရပေမည်။ ကာမ ပါလာလျှင် တဏှာဖြစ်နေ၍၊ ထိုတောင့်တမှု မျိုးနှင့်သာ လုပ်ပါက မည်မျှ အားထုတ်ထုတ် မည်သည့်နည်းနှင့်မျှ မဂ်ဖိုလ်နှင့် မနီးနိုင်ပေ။

အကြောင်းမူကား၊ နိဗ္ဗာန်သည် တဏှာနှင့်ဖြောင့်ဖြောင့်ဆန့်ကျင်သော သဘာဝဖြစ်သောကြောင့် ဖြစ်၏။ နိစ္စ-သုခ-သုဘကို ကြိုက်လျှင် တဏှာပင်ဖြစ်သည်။

ဤသံသရာကား ဒုက္ခမပြတ် ဆက်လှသည်။ ထိုဒုက္ခမှ လွတ်ကင်းရာ လွတ်ကင်းကြောင်း နိဗ္ဗာန်ကို သဘာဝ ငြိမ်းရာအဖြစ် သဘောထားလျှင်ကား ကာမမှလွတ်သော သဘာဝအလိုသာဖြစ်၍ ရနိုင်၏။

ပူလွန်း·လောင်လွန်းသောကြောင့် ရော-ငြိမ်းရာကို ပြေးသည်ဆိုလျှင် ဇိမ်ခံလိုသော ကာမချမ်းသာအတွက် မဟုတ်တော့ပေ။ သို့ရာတွင် လက်ရှိရုပ်နာမ် အတွဲအဖက်ခံ ဘဝ၏ ပူမှုလောင်မှုမည်မျှ ပြင်းထန်သည်၊ မည်မျှခံစားနေရသည်ကို တကယ်လည်း သဘောမပေါက်၊ထိုရုပ်နာမ် အတွဲအဖက်အဖြစ် ရရှိနေသော သက်

ရှိဘာဝအတွက် မည်မျှထိ စားသောက်မှုတာဝန်၊ သံယောဇဉ်တာဝန်၊ သမုဒယနယ်၏အပူရှိန်၊ အစဉ်မပြတ် ဒလစပ်သောကရောက်နေရသော တောင့်မှု၊ ကြောင့်ကြမှုတို့၏ လွှမ်းမိုး ချယ်လှယ်နေသော လောင်မြိုက်မှု ဒဏ်ရာဒဏ်ချက်တွေကို မျက်ဝါးထင်ထင်ဟူ၍ ဘာတခုမျှမသိနားမလည်ဘဲနှင့် သူပြော-လူပြော-စာပြောဆရာပြော သက်သက်မျှနှင့် နိဗ္ဗာန်ချမ်းသာကို စည်းစိမ်တခုအဖြစ် မက်မောတောင့်တလာလျှင် ထိုအစားမျိုးအတွက် နိဗ္ဗာန်သည် ရှာတွေ့စရာ မရှိထဲကဖြစ်သည်။

လက်ရှိဘဝ၌ ပျော်မွေ့သာယာစရာဟူ၍ ဘာမျှမမြင်၊ဤရုပ်ခန္ဓာကြီးကို နေ့စဉ် ကြည့်ရင်း-ကြည့်ရင်း အဖြစ်သဘော၊ အရင့်သဘော၊ အအို အနာ သဘော၊အပျက် သဘော၏ မမြဲခြင်း၊ဒုက္ခနှင့်မကင်းခြင်း၊ ဘာတခုမျှ ကိုယ်စိုးကိုယ်ပိုင် မရှိခြင်းတို့ကို ငြီးငွေ့လာသူများအတွက်ကား နိဗ္ဗာန်သည် ကောန် ထုတ်လျှောက်မျက်မှောက်ပြုနိုင်သော သဘာဝဖြစ်ပေသည်။

ခြစ်ခြစ်တောက် ပူပြင်းလောင်မြိုက် ခံနေရသူတဦးအဖို့ ရေကို အငမ်းမရ တောင်းသော် ဇိမ်ခံလိုခြင်းမဟုတ်၊ ကာမ အလိုမဟုတ်၊ ကာမအလိုမဟုတ်၍ တဏှာလည်းမဖြစ်၊ ချွေးဒီးဒီးကျပင်ပန်းပူလောင်နေသူအဖို့ ရေသည်၊တကယ်ပင် မရမနေနိုင်သောသဘာဝအလိုသာလျှင် ကောန်စင်စစ် ဖြစ်ပေတော့သည်။

ဤလိုလူမျိုးသည်သာ တကယ့်မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ထိုက်တန်ပေသည်။ ထိုလူမျိုး နိဗ္ဗာန်ကို ရည်မှန်းသော် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ထင်နိုင်မြင်နိုင် စွမ်းသည်လည်း ကောန်ထင်ရှား ရှိနိုင်ပေသည်။

ဤသို့မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ထိုက်တန်သော အဆင့် အတွက်မှာ ဘယ်ပါရမီ ဘယ်အထုံမျှမလို၊ ဘယ်မိုးကျရွှေကိုယ် ကံတရားမျိုးနှင့်မျှမဆိုင်၊ လက်ရှိရုပ်နာမ် အတွဲဖြစ်နေသော သက်ရှိဘာဝတခုဏာ လူ့အဖြစ်၏ ဒုက္ခကို လေးလေးနက်နက် အမှန်အတိုင်း သိရန် တခုသာလိုသည်။

ထို့ကြောင့် မဂ်ဖိုလ်၏ အထောက် အကူ ဖြစ်သော ဒုက္ခကို ဒုက္ခမှန်း တကယ်သိရန် အရေးအကြီးဆုံးဖြစ်၏။ ဒုက္ခကို ဒုက္ခမှန်း ဘာမျှ တကယ်မသိဘဲလျက် ဝိုးတိုးဝါးတား ပြောသံကြားယောသံကြား၊ သူပြော လူပြော ဆရာပြော စာတွေ့နှင့် စိတ်ပါလာသော့ကြောင့်ဆိုပါက၊ ဝိပဿနာသည် တကယ်ပင် တခြားစီဖြစ်ပေသည်။

ဒုက္ခကို'စိတ်'က ကြံစည်ခြင်း၊ စဉ်းစားခြင်း သက်သက်ဖြင့် သိနိုင်စွမ်းသော ကိစ္စ မဟုတ်ပေ၊ တကွဲ့အမြင့်အကြား အတွေ့အသိကို ကိုယ်တိုင်ကိုယ်ကျ မရဘဲ၊ ဒုက္ခ၏ သရုပ်မှန်ကို သဘောပေါက်ရန် ခဲယဉ်းလှ၏။

စိတ်ဦးစီးပြီး ကြံစည် စဉ်းစားသမျှသည် ကာမနယ်တွင်းဌ်သာ ဖြစ်လေသည်။ ကြပ်ကြပ်စိတ်က လွှမ်းမိုးလာလေလေ၊ ကာမနယ်သာ ကျယ်လာ လေလေသာ ဖြစ်သည်။

စိတ်သည် သဘာဝနယ်ကို သူ့အလိုလို ထိုးဖေါက်နိုင်စွမ်း ရှိသော အရာမဟုတ်၊မဂ်တရားစုသည် စိတ်က ချယ်လှယ် စိုးမိုးနေသော ကာမနယ်ဌ်ရှိသော တရားမျိုးမဟုတ်၊ စိတ်အနေနှင့် မထိုးဖေါက် မပေါက်ရောက် စကောင်းနိုင်သော သဘာဝနယ်ဌ်သာ တည်သောတရားမျိုး ဖြစ်လေသည်။

မဂ္ဂင်မှာ အစုံပါပြီး ဖြစ်သည်။

သို့ဖြစ်လျှင် ထိုမဂ်တရား ဖိုလ်တရားတို့ကို မြင်နိုင် သိနိုင်ရန် စိတ်ကို အားကိုး၍ မရဟုဆိုလျှင် အဘယ်အရာကို အားကိုး၍ ထို မဂ်တရား ဖိုလ်တရားတို့တည်ရှိရာ သဘာဝနယ်ကို ဖေါက်ထွင်း ရှာဖွေရမည်နည်းဟု ဆိုအံ့။

အားလုံး သိကြသည့်အတိုင်း "ပညာ" ဖြစ်လေသည်။ ပညာ မှ ဉာဏ်၊ ဉာဏ်မှ သတိဖြစ်သည်။ ပညာဟူသည်ကား အမျိုးကြီး ရှိသည်။ အဘယ်ပညာနည်းဟု တဖန်ဆိုဦးအံ့။ အခြား ဘာပညာ တွေမျှမဟုတ်၊ မဂ္ဂင်ဦးစီးသော ပညာသာဖြစ်သည်။ မဂ္ဂင် ဦးစီး သော ပညာကား အဘယ်နည်းဟု ဆိုအံ့။ အရှင်းကဲလေးဖြစ် သည်။ မဂ္ဂင်ရှစ်ပါး၌ ပဌမနှင့် ဒုတိယ ဖြစ်သော သမ္မာဒိဋ္ဌိ နှင့် သမ္မာသင်္ကပ္ပ မဂ္ဂင် ၂-ပါးသည် ပညာအရာချည်းဖြစ်၏။

အခြား ကျန်မဂ္ဂင် ၆-ပါးအနက် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ၃-ပါးသည် သီလဖြစ်၏။ တနည်း စောင့်ထိန်းရ မည့်တရား ၃-ပါးသည် ဉာဏ်အလုပ်လည်းဖြစ်သည်။

နောက်ဆုံးကျန်သော သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ ၃-ပါးသည် သမ္မာဓိတရား တည်ငြိမ်ထိန်းချုပ်၍ ထားရ မည့် သတိတရား ၃-ပါးဖြစ်သည်။

အမှန်ကား ဤမဂ္ဂင်ရှစ်ပါး၌ မဂ်တရား ဖိုလ်တရားစုကို သိ မြင်နိုင်ရန် သတ္တိ အားလုံး ပါပြီး ဖြစ်၏။ ဤ မဂ္ဂင်ရှစ်ပါး၌ပင် ဝိပဿနာဉာဏ် ၁၀-ပါးဆိုဆို၊ ၁၆-ပါးဆိုဆို၊ ဉာဏ်အားလုံး အ ကျုံးဝင်ပြီးဖြစ်၏။ သီလအနေနှင့်လည်း ၅-ပါး၊ ၈-ပါး ၁၀-ပါး

၂၂၇-ပါးသော သီလတွေလည်း ဤမဂ္ဂင်၌ပင် အားလုံးကိစ္စတုံး အကျုံးဝင်ပြီးရှိ၏။

ဗုဒ္ဓရှင် ဘာကို ဆိုလိုသည်ကို သဘောပေါက် နားလည်က ဤအထဲမှာပင် အလုံးစုံသော ဘုရားရှင်၏ အဆုံးအမ ညွှန်ပြချက် အကုန်ပါပြီးဖြစ်သည်။

ဤသို့ ဘုရားရှင်ဆိုလိုသော အဓိကအချက်ကို နားမလည်လျှင်ကား၊ သင်္ဂြိုဟ်ကလေးလောက်နှင့်ငြင်းနေ ခုံနေသူများကိုမဆိုထားနှင့်၊ ပိဋကတ် ၃-ပုံ အာဂုံဆောင် အော်ရွတ်နေရုံမက၊ အပုံ-၃၀၀ ပင် ရွတ်ဖတ် ပို့ချနေသည်ပင် ဖြစ်စေ၊ တခြားစီသာ ဖြစ်ပေလိမ့်မည်။

ဤသို့လျှင် ဗုဒ္ဓရှင်ဆိုလိုသော အဓိကပင်ရင်း မဂ်တရား ဖိုလ်တရားအလို့ငှာနှင့် ဘာမျှမဆိုင်သော၊ တနည်း- သစ္စာ ၄-ပါး၌ ဘယ်လိုမှ အံဝင်ဂွင်ကျအောင် ထည့်၍မရ သွင်း၍မဖြစ်သော တရားစုတွေကို လေ့လာ ပွားများနေသမျှ ကာလပတ်လုံး၊ ဗုဒ္ဓရှင် လက်ညှိုး ညွှန်တော်မူခဲ့သော ကိလေသာပြုတ်ရေး၊ သံသရာပြုတ်ရေး၊ ဘဝပြုတ်ရေး လမ်းစဉ်အမှန်နှင့် အမြဲတန်း တခြားစီသာ ဖြစ်နေကြမည်ဖြစ်သည်။

ဤ ရေစိုက်လွဲမှုတွေကြောင့် လွဲချင်တိုင်းလွဲ၊ မှားချင်တိုင်း မှားနေသူတွေ အများပင် ရှိနေရပေသည်။

အလွဲလမ်းကြောင်း၏ အချက်အချာကား 'စိတ်'ကို အရှိမူလ လက်ခံ နှလုံးသွင်းသည်မှ စခဲ့ကြ၏။ ထို့ကြောင့် မဂ်ဉာဏ်ဖိုလ် ဉာဏ်ကို ရှေ့ရှုလိုသူတိုင်း အရေးတကြီး သဘောပေါက်ရန်ကား

စိတ်သည် အရှိမူလ သဘောမဟုတ်၊ အဖြစ်သဘောမျှ တရားဖြစ်သည်ဟု ပြတ်ပြတ်သားသား သိထားရန်လိုခြင်း၊ ထိုစိတ်၏ ဖြစ်ဖြစ်လာပြီး ပျောက်ပျောက် သွားတတ်သော သဘောလက္ခဏာကို ထင်ရှား နားလည်ထားရန် လိုခြင်းဖြစ်သည်။

## အတိုက်အခံရှိမှ စိတ်ဖြစ်သည်။

ရုပ်နာမ်ဟူသည် မဟာဘူတ ရုပ်ကြီး ၄—ပါးကို အခြေခံ၍ ပေါ်သော အရာသာဖြစ်သည်။ အခြား ဘာမျှမရှိမပါ။ ထို့အတူ ခန္ဓာ ၅-ပါးသည်လည်း ထိုရုပ်နာမ်၏ အစိတ်အပိုင်း ၅-မျိုးမျှသာဖြစ်သည်ကို အလေးအနက် သိထားရန်လိုသည်။

ဘူတရုပ် ၄—မျိုးသာ အရှိမူလ ဖြစ်သော်လည်း၊ ထိုဘူတရုပ်ကြီး ၄—မျိုးကိုမှီ၍ နောက်တဆင့် သက်ရှိဘာဝအဖြစ်သို့ ဖွဲ့စည်းထားသော ခန္ဓာ ၅—ခုတို့မှာမူ အရှိမူလ မဟုတ်တော့ပေ၊အဖြစ်ဘာဝသာ မှန်လေတော့သည်။

ထိုအဖြစ်ဘာဝ ခန္ဓာ ၅—ခုအနက်မှ နာမ်ခန္ဓာ ၄—ခုကိုမှီ၍ ပေါ်ရသော စိတ်ကျခါမှ မည်သို့သောနည်းဖြင့် အရှိမူလကဲ့သို့ ကောက်ကြ ယူကြမည်နည်း။ အတော်မမှန်သော သဘောဖြစ်နေသည်။

ဤစိတ်ကို မဟာဘူတနှင့်ပြိုင်ပြီး အရှိမူလ ယူရလျှင်၊ ဘူတရုပ်ကြီး ၅—ခု ဖြစ်လာစရာကဲ့သို့ပင် ရှိနေ၏။ ဤသို့ ယူရန်ကျတော့လည်း မဖြစ်နိုင်ပြန်ချေ။

## အလှဲအားပေးစိတ်

အမှန်ကား စိတ်သည် သူ့အလိုလို ပေါ်လာသောအရာကား မဟုတ်၊ အတွင်းနှင့်အပြင် အာရုံတို့ တိုက်ဆုံမိမှသာ ပေါ်လာသော အရာသာဖြစ်သည်။

မျက်စေ့က ရုပ်ကိုမြင်သည်၊ မြင်သောကြောင့် မြင်စိတ်ဖြစ်သည်။ ထို့အတူ နား၊ နှာ၊ လျှာ၊ ကိုယ်တို့နှင့် အပြင်မှ အသံ၊ အနံ့၊ အရသာ၊ အတွေ့တို့တိုက်ဆုံမိသောအခါ သူ့ဆိုင်ရာဆိုင်ရာ တိုက်ဆုံမိသည့်အတိုင်း ပေါ်လာသော ကြားစိတ်၊ နံစိတ်၊ အရသာသိစိတ်၊ အတွေ့စိတ်များ စသည်ဖြင့် မနေ့ခေါ် နှလုံးအိမ် သွေးကြောဆုံရာမှ ဦးနှောက်နှင့်ဆက်၍ သိခြင်းကို အမြင်စိတ်, အကြားစိတ်, အနံ့စိတ် စသည်ဖြင့် ပေါ်လာနိုင်ခြင်းဖြစ်၏။

ထို မြင်၊ ကြား၊ နံ၊ လျက်၊ ထိ ဟူသော ပဥ္စာရုံ (အာရုံ ၅-ပါး) မပေါ်ဘဲနေက ထို အာရုံဆိုင်ရာ စိတ် ပျောက်ကွယ်နေမည်သာ ဖြစ်သည်။

မျက်စေ့ကန်းနေသူသည် မျက်စေ့က မမြင်ရသောကြောင့် အပြင်၌ မည်ကဲ့သို့သော ရုပ်မျိုး အရောင်အဆင်းမျိုး ပုံသဏ္ဌာန်မျိုးကို သူမသိနိုင်သောကြောင့်၊ ၎င်းမျက်မမြင်အဖို့ သက်ဆိုင်ရာ မျက်စေ့အသိ စိတ် လုံးဝပျောက်ကွယ်နေရန် သေချာသည်။

သို့ရာတွင် အခြား နား၊ နှာ၊ လျှာ၊ ကိုယ်တို့၏ အကြည်ဓာတ် မပျက်စီးသေးက ဝိုင်းဝိုင်းဘဲ, လုံးလုံးဘဲ, ပြားပြားဘဲ,ရှေရှေဘဲ၊ ဘယ်သို့ မွှေးသည်,နံသည်၊ဘယ်အရသာရှိသည်၊ ံသည်, ချိုသည်,

ချဉ်သည် စသော အကြည်ဓာတ် မပျက်သော အာရုံများ၌သာ သူ၏စိတ်အဖို့ ကျက်စား ကြံစည် စဉ်းစားနိုင်ပေတော့မည်။

အရောင်အသွေး အဆင်းသဏ္ဍာန်ဆိုင်ရာ၊ မျက်စေ့အသိ မျက်စေ့ဆိုင်ရာ စိတ်အသိကား၊ သူ့အဖို့ ဘာမျှ ပေါ်နိုင်တော့မည် မဟုတ်ပေ။

ဤအတိုင်းပင် အခြား အာရုံဆိုင်ရာ အကြည်ဓာတ်များ ပျက်စီးလျှင် ထိုပျက်စီးသော အာရုံမှ ဘယ်အသိစိတ်မျှ သူ့တွင် ခံယူသိမှတ်နိုင်တော့မည် မဟုတ် ဖြစ်သည်။

ဤကား အာရုံ အကြည်ဓာတ်တို့ရှိရာမှ ခံယူနိုင်သော အသိဓါတ်မျိုးဖြစ်၏၊အကြည်ဓာတ် ၅-မျိုးလုံးမပျက်မစီး၊ကောင်းနေသူများအဖို့ အသိစိတ် ၅-မျိုးစလုံးကိုပင် သူ့ဆိုင်ရာ ဆိုင်ရာ အင်္ဂါ အကြည်ရုပ်များမှတဆင့် နှလုံးအိမ် ဦးနှောက်များသို့ ရရှိနိုင်ပေမည်။

ထိုအခါ၌ သူသည် ထိုထိုအင်္ဂါအကြည်ရုပ် ပသာဒ ၅-မျိုးစုံမှ ရသည့်အတိုင်း အင်္ဂါစုံတန်းစေ့သော 'စိတ် အစဉ်'အဖြစ်နှင့် ကြံစည်ခြင်း စဉ်းစားခြင်းများကို လုပ်နိုင်ပေလိမ့်မည်။

ဤသို့ ပသာဒ ရုပ်ကြည် ၅ · မျိုးစလုံး အင်္ဂါစုံကောင်းပါသည် ဆိုစေဦး၊စဉ်းစားခြင်း ကြံစည်ခြင်းတို့ကို ဧကန် လုပ်နိုင်သလား ဟူ၍ စဉ်းစားစရာ ရှိလာသည်။

ဘယ်လိုပင်မြင်မြင်, ကြားကြား, တွေ့တွေ့, သိသိ, မြင်သခိုက်မြင်, ကြားသခိုက်ကြား စသည်တို့မှတပါး အခါခပ်သိမ်း ပြန်၍ မကြံစည် မစဉ်းစားနိုင်ကြပေ။

## မေ့တတ်ခြင်းသည် မမြဲခြင်းပင်။

လူတွေသည် မြင်သမျှ ကြားသမျှအားလုံးကို အမြဲအမှတ်ရနိုင်စွမ်းရှိသည်မဟုတ်၊ မေ့ပျောက်သွားတာတွေ့ အများကြီးရှိလေသည်။

မြင်တုန်းတခဏ မြင်စိတ်ပေါ်ခဲ့သည်။ ထိုပေါ်ခဲ့သောမြင်စိတ်ကို တဖန်ပြန်လည် တွေးတောခြင်းဖြင့် ကြံစည်ခြင်း စဉ်းစားခြင်းများကို ပြုလုပ်သည် ဟူ၍ အစဉ်အလာ ဓမ္မတာ အရသာလျှင် ပြောနေကြရ၏။

တကယ် လက်တွေ့တွင်ကား ငယ်ငယ်က မြင်ခဲ့ကြားခဲ့ရုံမျှမက ကျက်ခဲ့ ဘတ်ခဲ့ မှတ်ခဲ့သမျှတွေထဲက အများကြီး မေ့ကုန်လေပြီ။ မမေ့ရအောင် တမင်ကျက်ခဲ့ မှတ်ခဲ့တာတွေပင် မေ့နိုင်သေးရာ မြင်ရုံ ကြားရုံ နံရုံ စသော အမည်တတ်ခါမျှ မြင်ခဲ့ ကြားခဲ့ တွေ့ခဲ့ သိခဲ့သမျှတို့သည်ကား ဆိုဘွယ်ရာပင်မရှိ။ မေ့ချင်တိုင်း မေ့ကြမည်သာဖြစ်သည်။

လူတရာလျှင် ၉၀-ခန့်သည် လွန်ခဲ့သော တနင်္ဂနွေ နံနက်က အိမ်တွင် ဘာဟင်းနှင့် စားသည်ဟု ပြောနိုင်သူ မရှိသလောက်ဖြစ်၏။

'စိတ်ကမှတ်၊ စိတ်က အမြဲအာရုံစိုက်' ဟု စိတ်စကားကြီးနှင့် တတ်ခါ ပြောကြဆိုကြ၏။ ကောင်းပါပြီ၊ ထိုစိတ်သည် ယခုကောင်းကောင်း ပြန်မပြောတတ်အောင် မေ့နေပါပြီ။ ထိုစိတ်ကို အမြဲရှိသောစိတ်ဟု ဆိုလျှင် မှတ်မိဘို့ကောင်းလှသည်။ ယခု မေ့နေပြီဖြစ်ရာ၊ စိတ်သည် အမြဲရှိသော အရာမဟုတ်၊ ပေါ်တုန်း

ပေါ်ပြီး၊ပျောက်ချင်သည့်အခါ ပျောက်သွားကြောင်း ထင်ရှားနေချေပြီ။

ထိုသို့ မမြဲသောစိတ်သည် မမြဲသော သင်္ခါရသားပြီပြီ၊သင်္ခါရနယ်၌သာလျှင် အသုံးဝင်သော စဉ်းစား တွေးတော ကြံစည်ရန် ကရိယာအဖြစ် သုံးရန်သာ ကောင်းလေသည်။

## တန်ဆေး လွန်ဘေး စိတ်

ထိုစိတ်ကို အလွန်အကျွံ အတွေးလွန်အောင် ခွင့်ပြုထားလိုက်က၊စိတ်နယ်ကျွံပြီးဥပါဒါန်အဖြစ်သို့ ပျောင်းသွားလေ့ ရှိသည်။

တံတားကလေးကလူတွေနှင့် သာကေတတံတားပေါ်က ခုန်ချသူတွေသည် အတွေးကျွံရာမှ ဥပါဒါန် လောင်ကျွမ်း ခံသွားရသူများ ဖြစ်ကြလေသည်။

ထိုဒဏ်ကြောင့် အနယ်နယ် အရပ်ရပ်မှာပင် သေကြောင်းကြံသူတွေလည်း များလှပြီ။ မုဒိန်းမှု၊ ကာမမှုတွေလည်း များလှပြီ။ လုယက် တိုက်ခိုက်မှုတွေ၊ ရိုက်မှု နှက်မှု ရာဇဝတ်မှုတွေသည်လည်း ထိုစိတ်၏ ပယောဂတွေချည်း ဖြစ်ကြသည်။

စိတ်ကို ဥာဏ်ပေါ်ရုံ အကြံရရုံ, သူ့နေရာနှင့်သူ ချိန်ကိုက်ရုံမျှလောက်သာ စဉ်းစားခြင်း တွေးတောခြင်းကို ဖြစ်စေထိုက်၏။ ထိုထက် ပိုသွားလျှင်မူ ဥစ္စာရူး၊ တဏှာရူး၊ ရာထူးရူး၊ ဂုဏ်ထူးရူး၊ စသည်ဖြင့် နယ်ကျွံသွားနိုင်လေသည်။

ပြောမကောင်း၍သာ နေရသည်၊ ဘာသာရေးဘက်၌ ကျွံသွားသူ စိတ်သမားတို့သည်လည်း စာရူး၊ အစွဲရူး၊ တရားသေရူး၊

စသည်ဖြင့် ဘဝင်ခိုက်နေသော အဿိမာန နယ်ကျံ့အောင် စိတ်ကူးလွန် အရှုးတွေသည် မသိမသာရော သိသိသာသာရော အများကြီးရှိလေသည်။ နောက်ဆုံး ကိုယ်ရည်သွေးစကား ခတ်များများ ပြောလာလျှင်ပင် အထင်ကြီး ခံချင်သော စိတ်ရှူးကလေးရှိနေကြောင်း သိသာလှပေသည်။

စိတ်သည် သူ့ဟာသူ အလိုလို ပေါ်သည် မဟုတ်၊ နောက်နောက်က သိဘူးသော, မှတ်ခဲ့ဘူး, ကြားခဲ့ဘူးသော, သင်ခဲ့ဘူးသော, တွေ့ခဲ့ဘူးသော 'ဘူးသော' တွေထဲမှ 'ဘူးသော' မပါဘဲ အမှီအတွယ်ကင်း၍ ပေါ်ပေါက်နိုင်စွမ်း မရှိဖြစ်သည်။

ထိုအတိတ် 'ဘူးသော' တခုခုကို အမှီအတွယ် ပြုရမှသာလျှင် ယခုပစ္စုပ္ပန်၌ စဉ်းစားခြင်း၊ ကြံစည်ခြင်းတို့ကို လုပ်နိုင်၏။ ထိုစဉ်းစားခြင်း ကြံစည်ခြင်းတို့သည် ဤပစ္စုပ္ပန်တွင်မရပ်၊ အနာဂတ် အတွက်ပါ လှမ်း၍ တောင့်တခြင်း ကြောင့်ကြခြင်းတို့ကိုပါ ပေါင်းကူးတံတားထိုးခါ ဆက်သွယ် ပေးလိုက်ပြန်သည်။ သံသရာဖြစ်လာသည်။

ဤသို့ဖြင့် ထိုစိတ်သည် အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလ ၃-ပါးလုံးကို ဆက်စေသော သတ္တိရှိနေ၏။ ဤသတ္တိသည် လောကီဘုံ တည်ဆောက်ရေး အတွက်သာ ကောင်းသည်။

လောကုတ္တရာ အတွက်ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် စခန်းအဖို့ကား ထိုစိတ်ကို လိုသည်ထက် ပိုပြီး နယ်ကျံ့ မလာအောင် အထူးဂရုစိုက် ထိန်းသိမ်းနိုင်မှသာ ဖြစ်ပေသည်။ မထိန်းနိုင်ပါက သံသရာအစဉ် ဆက်နေမည်မှာ သေချာ၏။

လောကုတ္တရာ ကိစ္စကား အမှန်အားဖြင့် သံသရာ ဆက်ရန် မဟုတ်၊ ဖြတ်ရန်သာဖြစ်သည်။ စိတ်သည် အဖြစ်အမှန် သဘာဝ ထက်ပို၍မဖြစ်နိုင်သော သဘာဝဓမ္မနှင့် ဆန့်ကျင်ရာအထိ ရှောက်၍ တွေးတောခြင်း ကြံစည်ခြင်း စဉ်းစားခြင်းတို့ကို နယ်ကျံ့စွာ ကြူးလွန်တတ်လေသည်။

## စိတ်ကူး နယ်ကျံ့သောအခါ

ပွဲထဲ၌ အရောင် တလက်လက် အချွန်အတက်တွေ ပါသော ငါးရံ့ခြောက်လက်စီး၊ ငါးသိုင်းခြောက် ဘာလီကွေး၊ ငါးမန်း တောင် မာလိကာနှင့် ကပြသူများကို မြင်ဘူးသောအခါ မိုးပေါ်တွင် ထို ငါးသိုင်းခြောက် ဘာလီကွေး တို့စံရာ ဘုံအဆင့်ဆင့်အထိ ကြံစည် စဉ်းစားပြီး တောင့်တမှု ကြောင့်ကြမှုတို့ကို နယ်ကျံ့ ဖန် တည်းလေသည်။

သို့ရာတွင် ဗုဒ္ဓရှင်ကမူ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ တို့ဖြင့် ထိုဘုံမျိုးတွေကို စိတ်ကူးကျံ့ခါ မထူထောင်မိရန် သတိ ပေးတော်မူခဲ့၏။

လူတွေက မနေပေ၊ ဇာတ်ပင် စိတ်ကူးအမျိုးမျိုးနှင့် တောင့်တ ကြ၏။ ထိုထိုနေရာက စည်းစိမ်ချမ်းသာတွေကို မရဘဲနေမှာကိုပင် ကြောင့်ကြလေသည်။ ကြောင့်ကြတိုင်း ဗျာသံတွေ စည်သံတွေ တည်ညံ့ ဖြစ်လာကြသည်။

မဂ္ဂင်နှင့် တိုက်ကြည့်သောအခါ ဘယ်လိုမှအံ့မဝင်ပေ။ သစ္စာ နှင့် ချိန်ထိုးလိုက်သောအခါ၊ သွက်သွက်လည်အောင် တခြားစီ ဖြစ်နေလေသည်။

သို့ရာတွင် 'စိတ်သာရှင်စော ဘုရားဟော'ဟု ဇွတ်ကိုင်ကြပြီး၊ စိတ်နောက်က အ တွင် လိုက် ကြ လေသည်။ နဂိုရကမှ အရှိမူလ မဟုတ်၊ ဖြစ်ချည် ပျက်ချည်မျှသာရှိသော ဥပ္ပါဒ ဝယ နယ်သား စိတ်သည် အဘယ်လိုမှ အတည်တကျမရှိသောအခါ၊စိတ်နောက် က အဟုတ်မှတ် လိုက်ကြသူတွေသာ မျက်ကြောပြတ်ပြီး ဖတ်ဖတ် မော သွားကြလေသည်။

အမှန်ကား ထိုစိတ်သည် မြင်ခဲ့ဘူးသော၊ ကြားခဲ့ဘူးသော၊ နံခဲ့ဘူးသော၊ လျက်ခဲ့ဘူးသော၊ တွေ့ထိခဲ့ဘူးသော အတိတ်ပဉ္စာ ရုံတို့၏ အပေါ်၌သာမှီခို၍ ပေါ်ရသော အခိုးအငွေ့မျှသာ ဖြစ် လေသည်။

မီးတောက်မီးလျှံတို့သည် လောင်စာထင်း ဆီ စသည်တို့ကို သာလျှင် အမှီပြု၍၊ စွဲဟပ်တောက်လောင် နိုင်ကြ၏။

လောင်စာ တစုံတရာမျှ မရှိလျှင် မီးတောက်မီးလျှံ အခိုးအ ငွေ့သည်၊ မည်သည့်နည်းနှင့်မျှ အလိုလို မပေါ်ပေါက်နိုင်ပေ။

အတိတ်က'ဘူးသော'တွေသည်၊ လောင်စာ ထင်း ဆီ စသည် တွေဖြစ်၏။ စိတ်သည် ထိုလောင်စာတွေကိုစွဲသော မီးတောက်မီး လျှံ အခိုးအငွေ့၏ သဘောမျိုးသာဖြစ်သည်။

မီးသည်အလိုလို အလွတ်အကင်းဖြင့် အလကားသက်သက် သူ့ဟာသူ ပေါ်စွမ်းနိုင်ခြင်း မရှိသကဲ့သို့၊လောင်စာချည့် သက် သက် ရှိရုံမျှနှင့်လည်း အလကားနေရင်း အလိုအလို ဘယ်မီးမျှ ထ၍ စွဲဟပ်တောက်လောင် နိုင်မည်မဟုတ်ချေ။

မီးတောက် စွဲဟပ်စေသော အကြောင်းတခုခုသည် ရှိရပေဦး မည်။

**အရေးအကြီးဆုံး ဂွဆုံ**

အိမ်ယာ အဆောက်အဦမှအစ၊ ကောက်ရိုးပုံ အမှိုက်ပုံတွေသည်၊ အားလုံးလောင်စာတွေချည့် ဖြစ်၏။ နောက်ဆုံး ဓါတ်ဆီ၊ အရက်ပြန် စသည်တို့ သည်လည်း အလွန် အား ကောင်း သော လောင်စာမျိုးတွေ ဖြစ်ကြပါ၏။ သို့သော် ထိုပစ္စည်းများသည် အလကားနေရင်း မည်သည့်အခါမျှ မီးထ၍ တောက်ရှိုးထုံးစံ မရှိပေ။

မီးစတင် ပေါ်ပေါက်စေသော မီးခြစ်၊ မီးခတ်သော်၎င်း၊အပူဓါတ် လွန်ကဲလာ၍ မီးဖြစ်စေသော တခြားသဘာဝ တခုခုသော်၎င်း ရှိရန်လိုပေသေးသည်။ ယင်းသို့ရှိမှသာလျှင် ထိုလောင်စာများကို မီးတောက်မီးလျှံ အခိုးအငွေ့တို့ စွဲဟပ်တောက်လောင်နိုင်ပေလိမ့်မည်။

ဤအချက်ကို သတိမထားဘဲ 'စိတ်' ကို အဓိကကြီးဟု အရေးတကြီး ယူဆ နေလျှင် သဘာဝမကျပေ။ ကွက်ကျော် မှား နေသော အစွဲအယူမျှသာ ဖြစ်နေပေလိမ့်မည်။

လောင်စာသို့မီးစွဲရန် မီးခြစ် မီးခတ် သို့မဟုတ် အခြားလောင်စေတတ်သော အကြောင်းတခု လိုသကဲ့သို့၊ အတိတ်ပစ္စုပ္ပန်ရှိ 'ဘူးသော' ကို စိတ်၏အစဉ် ထင်ဟပ်မိရန် အကြောင်းသည် အလွန်ကြီးသော အဆက်တဆက် ဖြစ်ပေသည်။

ဤအဆက်သည် သံသရာသို့ ကူးဆက်လျှင်လည်း ဖြစ်သည်။ သံသရာမှ ဖယ်ခွါခွဲထွက်လိုလျှင်လည်း ဖြစ်သည်။

ထို့ကြောင့် ဤအဆက်သည်၊ သံသရာလည်ရေးနှင့် သံသရာဖြတ်ရေး နှစ်ခုကို ကြိုက်ရာရွေးနိုင်သော 'ဂွဆုံ' နေရာ ဖြစ်သည်။

သော့ချက်နေရာလည်း ဖြစ်သည်။ လောကီ၌၎င်း၊ လောကုတ္တရာ၌ ၎င်း အရေးအကြီးဆုံး 'အားဆက်- Main Shaft' လည်းဖြစ်သည်။

ဤကား အခြားမဟုတ် 'သတိ' ဖြစ်သည်။

'သတိ' မရှိလျှင် အာဘယ်စိတ်မျှ မပေါ်မထင်နိုင်ပေ။ စိတ်မပေါ်မထင် နိုင်ပါက၊ ယင်းစိတ်၏အစဉ်ဖြစ်သော ကြံစည်ခြင်း၊ တွေးတောခြင်း၊ စဉ်းစားခြင်း၊ နှိုင်းယှဉ်ခြင်း၊ ဆုံးဖြတ်ခြင်းစသော ချင်းရာများအားလုံးလည်း ကွယ်ပျောက်၍သာ နေမည်ဖြစ်သည်။

မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ် စသော ပဉ္စာရုံ အကြည်ပသာဒရုပ် အားလုံး အကောင်းပင် ဖြစ်သော်ငြားလည်း၊ 'သတိ' မရှိလျှင် သို့မဟုတ် 'သတိ' လွတ်နေလျှင်၊ ထိုသူ၌ မည်သည့် အာရုံမျှ ပေါ်နိုင်တော့မည်မဟုတ်၊ စိတ်နှင့်တကွသော စိတ်အစဉ်သည်လည်း တခါတည်း ကွယ်ပျောက်၍သာ နေပေတော့မည်။

ထို့ကြောင့် ဗုဒ္ဓရှင်သည် အရေး အကြီးဆုံး အခါဖြစ်သော ပရိနိဗ္ဗာန် ပြုခါနီး ဆဲဆဲ၌ နောက်ဆုံး မှာတမ်းအဖြစ် 'ဝယဓမ္မာ သင်္ခါရာ အပ္ပမာ ဒေန သမ္မာဒေထ' 'ရဟန်းတို့ သင်္ခါရတရား အားလုံး၌ မမေ့မလျော့ကြကုန်လင့်-သတိ' ဟု မှာတော်မူခဲ့သည်။ 'ရဟန်းတို့ 'စိတ်' သည်သာ ဤလောက၌ အရေးအကြီးဆုံးဖြစ်သည်' ဟူ၍ မိန့်မြွက်တော်မူမသွားခဲ့ချေ။

ထို့ကြောင့် ဗုဒ္ဓရှင်သည် 'သတိ' ကို အရေးတကြီး ပြဋ္ဌာန်းတော်မူသောအားဖြင့် မဟာသတိပဋ္ဌာနသုတ်ကို ဟောတော်မူခဲ့ခြင်းဖြစ်သည်။

စိတ် ဆိုသောစကားကို အခါအားလျော်စွာ ကြိုးကြား ကြိုးကြားဖြင့်သာ သက်ဆိုင်ရာ သက်ဆိုင်ကြောင်းမျှ ဂရုပြုရန် 'မနမနော' ဟူသော ပုဒ်ဖြင့်သာ သုံးစွဲတော်မူသွားခဲ့၏။ 'မန' မှာ နှလုံးအိမ်ဟဒယ ရုပ်ဝတ္ထု၌ လည်ပတ်သော သွေးအစဥ်ကိုကောက်မှ အဓိပ္ပါယ် ရှင်းစရာ ရှိပေသည်။ ဤ နှလုံးသွေး သည်သာ 'သညက္ခန္ဓာ' ဖြစ်သော ဦးနှောက်၏ လုပ်ငန်းကို အားပေးဆက်သွယ်နေသောကြောင့် 'မန' ကို ကောက်ခြင်းဖြစ်၏။

## ရုပ်အဓိက ဘုံဘဝ

အမှန်အားဖြင့် စိတ်၏ အရင်း အမြစ်များ ဖြစ်သော အင်္ဂါအစိတ်အပိုင်းများကား အများပင်ရှိသည်။ အဓိက ပင်ရင်းမှာ ဦးနှောက်ပင် ဖြစ်သော်လည်း၊ ဦးနှောက်သည် တမျိုးတစားတည်း ဖြစ်နေခြင်းမဟုတ်၊ အရေးကြီးသော အပိုင်းကြီး ၅-ပိုင်းပါရှိနေလေသည်။ (၁) Prosencephalon (၂) Diencephalon (၃) Mesencephalon (၄) Metencephalon (၅) Myclencephalon ဟူ၍ အရင်းမူလ အပိုင်း ၅-ပိုင်း ရှိလေသည်။ ဤ ၅-ပိုင်းသည်၊ ပဥ္စာရုံကို သူ့နေရာနှင့်သူ ခံယူ အလုပ်လုပ်သော ခန္ဓာဆိုင်ရာ အပိုင်းများဖြစ်၏။ ထို့ပြင်, ၎င်းပင်မ အရင်းပိုင်း ၅-ပိုင်း၌ သူ့ဆိုင်ရာ အလုပ်များ တခုနှင့်တခု ခွဲခြားသိမ်းထားရန်အပိုင်းငယ်များအဖြစ် Cerebrum, Cerebellum, Medulla Oblongata. စသည်ဖြင့် အပိုင်းငယ် ၁၃-ပိုင်းမျှထိ ထပ်မံ ပိုင်းခြားရှိနေပြန်သည်။

မူလ အပိုင်းကြီး ၅-ပိုင်းသည် ၎င်းတို့ဆိုင်ရာ လုပ်ငန်းများအတွက် သွေးအားများကို တမျိုးတစားတည်းမှ ရယူခြင်း မဟုတ်ကြပေ။ ခန္ဓာ ၅-မျိုးအတွက် သူ့ခန္ဓာနှင့်သူ ကိုက်ညီအောင်ပြုပြင်ပေးသော ကိရိယာများ အသီးသီးထံမှသာ သွေးကြောများဆက်၍ ရယူကြခြင်းဖြစ်၏။

အထွေထွေ သွေးအားအဖြစ်သာ နှလုံးအိမ်မှ သွေးကို ယူကြသော်လည်း၊ အထူးဖြစ်သော မှတ်ဉာဏ် လုပ်ငန်းအတွက် သည်းချေမှ သွေးအားတမျိုးကို ရယူခြင်း၊ ကြံစည် စဉ်းစားခြင်း လုပ်ငန်း ဇွဲသတ္တိအတွက် အသည်းမှ သွေးအားတမျိုးကို ရယူခြင်း၊ ကာမအတွက် သရက်ရွက်မှယူခြင်း၊ စသည်ဖြင့် သူ့နေရာနှင့်သူ အံကိုက်အောင် အသုံးပြုသော သွေးများကို သီးခြားယူကြသေးသည်။

ဤမျှဆိုက စိတ်သည် ကိုယ်တွင်းရှိ အင်္ဂါအစိတ်ပိုင်းများဖြစ်သော ရုပ်ပစ္စည်းတို့၏ အလုပ်သက်သက်သာ ဖြစ်နေကြသည်ကို သိလောက်ပေပြီ။

ဤသို့ အတွင်းရုပ်ပစ္စည်းများနှင့် ကင်းလွတ်လျှင် ထိုစိတ်သည်လည်း ဘယ်လိုမှ ဖြစ်ပေါ်လာစရာအကြောင်း မရှိတော့ပေ။

ထို့ကြောင့် ဗုဒ္ဓရှင်သည် ဤ ကိုယ်ကိုပင် လောကအဖြစ် သတ်မှတ်၍ ၃၂–မျိုးသော ကောဋ္ဌာသ ရုပ်သား အစိတ်အပိုင်းများကို ရှုမှတ်ဆင်ခြင်စေခြင်းဖြစ်သည်။

ဤ ကိုယ်သည်ပင် ပဥ္စာရုံ ကာမ ၅–မျိုးတို့ဖြစ်စေသော သဘော လက္ခဏာများ ရှိသည့်အတွက် ကာမဘုံ၊ ရုပ်ပစ္စည်းတို့အား

သူ့ဥာဏ်နှင့်သူ အမျိုးအစား ကိုက်ညီအောင် ဖွဲ့စည်းထားသည့် ကိုယ်အတွက် ရုပ်ဘုံ၊ အသက်ဇီဝ ဟူသော ထွက်သက်ဝင်သက်ရှိနေသည့်အတွက် အရူပဘုံဟု အရှင်းဆုံး ကောက်ယူရန် အလွယ်ဆုံးဖြစ်ပေသည်။

ထို့ထက်ပို၍ အခြားသော ကာမရူပ၊ အရူပဘုံများ ရှိသေးသည်ဆိုက သူ့ဟာသူ ရှိချင်ရှိ၊ မရှိချင်နေ၊ ကြိုက်သလိုယူနိုင်၏။ သို့ရာတွင် ဝိပဿနာ ဟူသည် မိမိဥာဏ်၌ သိမြင် ထင်ရှားနိုင်သော နယ်အတွင်း၌သာ ရှုမှတ်ဆင်ခြင်ရသော ကိစ္စဖြစ်သည်။

မသိမမြင်နိုင်သော အရာတွေကို ပြောသံကြား ဆိုသံကြားနှင့် လိုက်နာနေက အယူမှန် အမြင်မှန်ဖြစ်ရန် မလွယ်ပေ။ မလွယ်ရုံမက သို့လော-သို့လော မတင်မကျ မပြတ်မသား ဝိုးတိုးဝါးတား ဖြစ်လာက ဝိစိကိစ္ဆာပင် ဖြစ်နိုင်သည်။ နိဝရဏ ၅-ပါးတွင် ဝိစိကိစ္ဆာ နိဝရဏသည် အဆိုးဆုံးဖြစ်သည်။ မဂ်ဖိုလ်၏ အပိတ်အပင် တရား ၅–ပါးဖြစ်သည်။

ကိုယ် ကေန် တကယ်မသိ မမြင်နိုင်သော ကိစ္စကို ယုံသည်ဆိုဏ တည်းက အယူမှန်မဖြစ်နိုင်၊ ဒိဋ္ဌိ-သဘော ထင်ရှား သက်ရောက်နေသည်။ ထိုအထည်းတွင်းသို့လော-သို့လော မပြတ်မသားပါက ဝိစိကိစ္ဆာ တခါဖြစ်လာရလျှင် ဒိဋ္ဌိရော ဝိစိကိစ္ဆာပါ ၂-မျိုးစလုံး ထိုက်ချေတော့မည်။ ဤသို့ အထိုက်ခံရလျှင် မဂ်စခန်းဖိုလ်စခန်းတွင် အောက်ဆုံး မဂ်ကပင် လက်မခံတော့ပေ။

ထိုထို အခြားသော ကာမ၊ ရူပ၊ အရူပ ဘုံတွေကို ကေန် ကေ ကိုယ်တွေ့ ကိုယ်မြင် ကိုယ်ကြုံ ဖြစ်ထားသူများ အဖို့ကား ကိုယ်တိုင် ကြုံသည့်အတိုင်း ကိုယ်တိုင် ယုံသည်ဟု ဆိုလျှင်ကား

သူတို့အဖို့ အယူမှန် ဖြစ်ပေလိမ့်မည်။ ဝိစိကိစ္ဆာလည်း ဖြစ်စရာ မလိုတော့ပေ။

သို့ရာတွင် တကယ် ကေန့် ကိုယ်တိုင် မသိ မမြင်ဘူးသူမျိုးဖြစ်ပါမူကား၊ ဤကိစ္စ အများကြီး စဉ်းစားစရာရှိသည်။

ဗမာပြည်တွင်းမှာ ကေန့် ရှိနေသော ရွာကလေးတရွာက လူများအကြောင်းကိုပင် ပြောချင်ယုံချင်ပါက ကိုယ်မရောက်ဘူး မတွေ့ဘူးက မလွယ်ပေ။ အနည်းဆုံးမြေပုံ၌ ထိုရွာ မည့်သည့်ဒေသ မည်သည့်နေရာ လမ်းပန်း အဆက်အသွယ်၌ရှိသည်ဟု အခိုင်အမာ အထောက် အထားလိုသည်။ ထိုရွာက လူတွေအကြောင်း ပြောရစေဦး၊ဓါတ်ပုံ ရုပ်ပုံစသော အထောက်အထားလိုပြန်သည်။ ထိုရွာနှင့်ပတ်သက်သော သမိုင်းစဉ်နှင့် စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး စသော အကြောင်းအရာများလည်း အထောက်အထား ခိုင်ခိုင်လုံလုံ တင်ပြနိုင်မှ ပြောဆိုသောစကားကို အခိုင်အလုံ အတည်ပြုနိုင်ပေသည်။

ယင်းသို့ ယုံကြည်သည့်အတိုင်း တကယ်သွားကြည့်သော အခါ ထိုအတိုင်း တကယ်တွေ့မှသာ သံသယ ကင်းကင်း ဝိစိကိစ္ဆာ လွတ်လွတ်ကြီး တထစ်ကျ စိတ်ချလက်ချ လက်ခံ ယုံကြည်ချေတော့သည်။

ဤသို့ စိတ်ချလက်ချ လွတ်လွတ်ကျွတ်ကျွတ်ကြီး မယုံကြည်နိုင်သေးသော ကိစ္စမျိုးကို စာတွေ့ ထဆင့်ကြား စသည်တို့ဖြင့် အထောက်အထားမဲ့ အရမ်းယုံရပါမူကား၊ ယုံသူအဖို့ မပိုင်မနိုင် ဝိုးတိုးဝါးတား ဖြစ်နေသေးပါက အနည်းဆုံးအားဖြင့် ဝိစိကိစ္ဆာနှင့် အစွန်းညိပါနေမည်ကို စိုးရသေး၏။

ထို့ကြောင့် အခြား ကာမရူပ အရူပဘုံတွေ ရှိတာမရှိတာ စဉ်းစားနေရခြင်းထက် ကိုယ်ကိုယ်တိုင် အခိုင်အမာဆုံး သိထားသော ကေန်ရှိနေသော ဤ ကိုယ်ခန္ဓာကိုပင် ကာမရူပ အရူပဘုံ အားလုံး၏ အပေါင်းအစည်းအဖြစ် မှတ်သားပြီး ရှုမှတ်ဆင်ခြင် ခြင်းသည်သာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ နယ်မှ အလွတ်ဆုံး အရှင်းဆုံး အကင်းဆုံး စိတ်ချရပေလိမ့်ဦးမည်။

## တရားရှာ ကိုယ်မှာအရှင်းဆုံး

ထို့ကြောင့်လည်း အခြားမှာ ရှာခြင်းထက် 'တရားရှာ- ဤ ကိုယ်မှာ'ဟု အခိုင်အမာ ဆိုခြင်းဖြစ်သည်။

ဗုဒ္ဓရှင်က....

ဣမသ္မိံ ယေဝ ကဠေဝရေ ဗျာမမတ္တေ သမနကေ သဝိညာဏ မကေ လောကဉ္စ ပညာပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓ ဂါမိနိပဋိပဒဉ္စ။

ဤတလန်မျှလောက်သော အသက်ဝိဉာဉ်နှင့်တကွသော ခန္ဓာကိုယ်၌ လောကရှိသည်ကိုရင်း၊ လောကဖြစ်ကြောင်း ကိုရင်း၊ လောကချုပ်ငြိမ်းကြောင်းကိုရင်း၊ လောကချုပ်ငြိမ်းရေး လမ်းစဉ်အကျင့်ကိုရင်း၊ ငါဘုရားဟော၏။ (ဂါထာဝဂ္ဂသံယုတ်ပါဠိတော်)

ဤအတိုင်း ဆိုသောကြောင့် သစ္စာ ၄-ပါးသည်လည်း ဤကိုယ်၌ပင် ရှိနေချေပြီ။ သစ္စာ ၄-ပါး၏ အပြင်ရောက်နေသော တရားတို့ကို ခဲခဲယဉ်းယဉ်း ကြံကြံဖန်ဖန် အလုပ်ပိုအဖြစ်၊ အချိန်ကုန်ခံနေရန်ပင် မလိုတော့ပေ။

သစ္စာဥာဏ်မဝင်သော တရားသည်လည်း ဗုဒ္ဓရှင်၏တရားနှင့် ဘာမျှမဆိုင်ဖြစ်သည်။

ဤကိုယ်သည်ပင် လောကဖြစ်ကြောင်းတော့ ထင်ရှားပါပြီ။ ရှေ့ဆက်ပြီး ဤကိုယ်ကြီးကို မည်သို့ဆက်၍ သိရပါဦးမည်နည်း ဟု ဆိုအံ့—၊ ဗုဒ္ဓရှင်က ဤသို့ရှင်းပြတော်မူထားပြန်သည်။

အယံ မေ ကာယော ရူပီ
စါတုမဟာ ဘူတိကော
မာတာ ပေတ္တိက သမ္ဘဝေါ
ဩဒန ကုမ္မာ သူပစယော
အနိစ္စုစ္ဆာဒန ဘေဒန ဝိဓံသန ဓမ္မော။

ဤကိုယ်သည် ရုပ်ဖြင့်ပြီး၏။
ဓါတ်ကြီး ၄-ပါး၌ အခြေခံ၏။
အမိအဖ ၂-ပါးတို့၏ သုတ်သွေးကြောင့်ဖြစ်၏။
ထမင်းအဖျော်ယမကာတို့ကြောင့် ကြီးထွားရ၍လာရ၏။
မမြဲခြင်း၊ဖုံးလွှမ်းပေးနေရခြင်း၊ကွဲပြားခြင်း၊ပျက်စီးခြင်းတို့သဘောသာ ဖြစ်၏။ (သံယုတ်ကျမ်းရင်း ပါဠိတော်)

ထို့ပြင် ခန္ဓာဝဂ္ဂပါဠိတော်ကြီးကို ကြည့်လျှင် ဤကိုယ်ဤရုပ်ကိုသာ အဓိကထား၍ ဗုဒ္ဓရှင် ဖွင့်ဆိုဟောမြွက်တော်မူခဲ့သော လေးနက်သည့် ရုပ်ပိုင်းတရားတော်များကို တွေ့ရမည်ဖြစ်သည်။ သတ္တဋ္ဌာနသုတ်တွင် အကျယ်အားဖြင့် ဤရုပ်ကို ဖွင့်ဆိုဟောပြတော်မူထားသည်။ စတုရင်္ဂုတ္တရ ပါဠိတော် စတုတ္ထဝဂ်၌ ရောဟိတရသေ့အား ဟောသော တရားတော်များသည်လည်း ဤကိုယ်ကောင် ခန္ဓာကိုပင် မူတည်၍ ဟောတော်မူခဲ့သည်။

နိဗ္ဗာန်ကို ဤခန္ဓာမှ တဆင့်သာလျှင် ရောက် ရှိ နိုင် ကြောင်းလည်း အများပင်ရှိ၏။ သတိပဋ္ဌာန် တပုဒ်လုံးကိုကြည့်လျှင် ဤခန္ဓာကို အရေးတကြီးပဓါနထား၍ အကဲခတ် ရှုမှတ် သတိပြုရန် တရားတော်ချည့် တွေ့ရပေသည်။ ဤသုတ်တွင် အဘယ်နာမ်ပိုင်း စိတ်ပိုင်းကိုမျှ အဓိကထားသည်ကို မတွေ့ရ။ ရုပ်တို့၏ဖြစ်ပျက်လှုပ်ရှားသမျှကိုသာ အစဉ်ဂရုပြု ရှုမှတ်ရန်သာရှိသည်။

ရုပ်တရားစုသာ ထင်နေသဖြင့်၊ နာမ်တရား မထင် ဖြစ်နေစေကာမူ၊ ကြောင့်ကြမှုတစုံတရာ မဖြစ်ရန်ပင် သတိပေးတော်မူထားသေး၏။ ထင်ပြီးသော ရုပ်တရားတို့၏ သဘာဝကိုသာ စွဲစွဲမြဲမြဲနှလုံးသွင်းထားလျှင် တချိန်၌နာမ်တရားသည် အထူးကြောင့်ကြစရာမလို အလိုလို ပေါ်လာမည်ဖြစ်သည်။

သတိပဋ္ဌာန်၏ အချုပ်သဘော ဆိုလိုရင်းကား၊ ဤ လက်ရှိရုပ်ကိုသာ အလပ်ထပ်အလီလီ မရပ်မနားတမ်း ရှုမှတ်ဆင်ခြင်ပါ။ ဤသို့ ဆင်ခြင်ပါများသော် ဤရုပ်စုမှပင် အမှန်သဘာဝအစစ်သည် ပေါ်ပေါက်လာမည်သာ ဖြစ်သည်ဟု ဆိုလို၏။

ဥပမာ မှန်ကို မှုန်သည်ဟု မကြည့်ဘဲ လွှဲဖယ်သွားရန် မဟုတ်။ ထိုမှုန်သောမှန်ကိုပင် အထပ်ထပ်အလီလီ ပွတ်တိုက်နေပါက၊ချေးညှော်ဖုံ စသည်များသည် တခါထက်တခါ ကွာစင်ပြီး မှန်သားသည် ကြည်လင်လာလိမ့်မည်။ ထိုအခါ ကြည်လင်သော မှန်ပြင်အဖြစ်သို့ တဖြည်းဖြည်း ရောက် ရှိ လာ ပြီး မျက်နှာရိပ် သွင်ပြင်သည် တကြိမ်ထက်တကြိမ် ကြည်လင်လာရင်း၊နောက်ဆုံး အလွန်သန့်ရှင်း အကြည်လင်ဆုံး၊ အ ထင် ရှား ဆုံး ကို မြင် နိုင် သ ကဲ့သို့တည်း။

အမှန်အားဖြင့် ရုပ်တရားကို အထပ်ထပ်ရှုမှတ်ခြင်းသည်၊ တဖြည်းဖြည်း ထိုရုပ်၌ပင် အကြည်စိတ်ဝင်လာပြီး၊ နောက်ဆုံး ထိုရုပ်၏အကြည်စိတ်ပေါ်၌ပင် နိဗ္ဗာနစိတ် ထင်ဟပ်လာသည်ကို ကြည်လင်စွာ တွေ့မြင်နိုင်သည်ဟု ဆိုလိုရင်းဖြစ်၏။ ထင်ဟပ်သည်ကို သိရုံမြင်ရုံမျှနှင့် နိဗ္ဗာန်ဖြစ်ပြီဟု မဆိုလိုသေးပေ။ မဂ်တက်စဉ်တွင် ရှင်းလတံ့။

ခန္ဓာဝဂ္ဂသံယုတ် သတ္တဋ္ဌာနသုတ်၌ ရုပ်နှင့်ပတ်သက်၍ အောက်ပါ ၇-ဆင့်ကို ဗုဒ္ဓရှင် ပြတ်ပြတ်သားသား ဟောတော်မူခဲ့၏။

(၁) ရုပ်ကို သိရမည်။ (၂) ရုပ်ဖြစ်ကြောင်းကို သိရမည်။ (၃) ရုပ်ချုပ်ခြင်းကို သိရမည်။ (၄) ရုပ်ချုပ်ငြိမ်းရေး အကျင့်လမ်းစဉ်ကို သိရမည်။ (၅) ရုပ်၏အပြစ်ကို သိရမည်။ (၆) ရုပ်၏အနှစ်သာရကို သိရမည်။ (၇) ရုပ်၏လွတ်မြောက်မှုကို သိရမည်။

ထိုအထက်ပါ ၇– မျိုးသော ရုပ်တို့၏အစဉ်ကို (က) ပဋိစ္စသမုပ္ပါဒ် (ခ) အာယတန (ဂ) စိတ်ကြီး ၄-ပါးတို့ဖြင့် သိအောင် စစ်ဆေးရန်လိုသည်ဟု ပါရှိ၏။

ရုပ်ကား အခြားမဟုတ်၊ ဤကိုယ်ကောင် ခန္ဓာပဥ္စက ရုပ်အစုအဝေးပင် ဖြစ်သည်။ ဤကိုယ်ကောင် ခန္ဓာကိုပင် ဗုဒ္ဓရှင်က သစ္စာ ၄-ပါးကို အနက်ထင်ထင် ဖွင့်ဆိုတော်မူခဲ့သည်။ ရုပ်တရားကို အဓိကထားတော်မူခဲ့ကြောင်း ထင်ရှားသော အထောက်အထားကား အများပင်ရှိသေးသည်။ နောက်ပိုင်းများ၌ ရှင်းအံ့။

ထို့ကြောင့် ဗုဒ္ဓရှင်သည် ဤကိုယ်ကောင် ခန္ဓာအစုအဝေး၌သာလျှင် ဒုက္ခငြိမ်းရေး, လောက ကုန်ဆုံးရေးကိုရှာရန် ဟောတော်မူခြင်း ဖြစ်သည်။

စာပေကျမ်းဂန် စကားတို့ကား ကျယ်ဝန်း များပြားလှ၏။ နောက်ဆုံး ဘယ်က စ,ရမှန်း မသိအောင် 'ဟုန်'နေတော့သည်။

ရုပ်တွေ နာမ်တွေကလည်း ရှုပ်ရှက်ခတ်နေ၏။ ဟိုအဘိဓမ္မာ၊ ဒီအဘိဓမ္မာ တွေကလည်း ဘုရားဟော ယောင်ယောင်, ဘာယောင်ယောင် ဝင်ရှုပ်နေသောအခါ၊ သာမန်လူတယောက်အဖို့ လွတ်မြောက်ရေး လမ်းစ,မှာ ရှာမရအောင် မျက်စေ့လည်သွားနိုင်ပေသည်။

ဝိပဿနာဟူသည် လွယ်မယောင်နှင့် အလွန်ခက်နေသည်လည်းရှိ၏။ ခက်မယောင်နှင့် လွယ်ချင်လည်း လွယ်နေတတ်သည်။

စိတ်ဆိုသည်ကား စဉ်းစားတွေးတောကြံဆရသော သဘောမျှသာဖြစ်သဖြင့်၊ မသေမချာနှင့် မရေမရာတွေ အလွန်များလှ၍ အမှန်ကို သိရန်, ထင်ရန် မလွယ်ပေ။

ရုပ်သည်ကား—ထင်ရှားကေန် အမှန်တကယ် ရှိနေသော အခြေခံဖြစ်၍၊ ထိုထင်ရှားရှိနေသော ရုပ်ဘာဝအတိုင်းက စတင်ရှုမှတ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။

စိတ်သည် တွေးချင်ရာတွေး ကြံချင်ရာကြံဖြင့် ကျယ်ချင်တိုင်းကျယ်သွား တတ်၏။ ကျယ်သွား သလောက် ဉာဏ်က လိုက်မမှီသောအခါ၊ မနိုင်ဘဲနှင့် ကျွဲပြဲကြီး စီးရသလို ဂျွမ်းပြန်ကျမှာစိုးရ၏။ ကျလည်းကျကုန် ကြသည်။

ရုပ်မှာမူ တွေးချင်ရာရှောက်တွေးတိုင်း ရုပ်က လိုက်မဖြစ်၊သူ့မူလ ဘာဝတုံးတုံးကြီးအတိုင်း သဘာဝရုပ်ကို ဘယ်အတွေးကမှ ဝင်၍ မချယ်လှယ်နိုင်ပေ။ ရှိနေသောရုပ်ကို ရှိနေသောအတိုင်း

ပင် ရှုမှတ်ဆင်ခြင်လျှင် မူလရုပ်သည် တခါန်၌ အမှန်သစ္စာ ကေန် ပေါလာမည်သာဖြစ်၏။

ထို့ကြောင့် ဝိပဿနာစခန်းတွင် နာမ်စကား၊ စိတ်စကားကို အထူးစဉ်းစား နေစရာမလို။ ရှိနေသောရုပ်သည် အနတ္တလက္ခဏာ အရ၊ ကေန်ထင်ရှားသော ဇာတိ ဇရာ ဗျာဓိ မရဏတို့နှင့် ဆက်စပ်နေပြီးသားပင်ဖြစ်သည်။ ထိုမမြဲသော အနိစ္စဘာဝကို ထိုရုပ်၌ တွေ့နေရလျှင် မမြဲပါကလားဟု သိနေသောအသိသည် 'သတိ'ဟူ၍ ဖြစ်လာသောအခါ၊ နာမ်ဘာဝ 'သတိ' အဖြစ် အလိုလိုပါဝင် နေပြီး ဖြစ်သည်။ ထို့ကြောင့်ရုပ်ကို ရှုမှတ်ခြင်းတွင် နာမ်ဘဲ၊ စိတ်ဘဲဟု သီးခြားကြောင့်ကြ နေစရာမလို၊ ရှုမှတ်နေဆဲ တခဏ၌ 'သတိ'စွဲနေလျှင် နာမ်သည်အလုပ်၌ တပါးတည်း အလိုလို သက်ရောက်ပြီး ဖြစ်နေသည်ကို သတိပြုကြကုန်။

**ဤပဋ္ဌမ ပိုင်းကို ချုပ်လိုက်သော်....**

၁။ 'စိတ်'သည် 'ငါ'မဟုတ်၊ 'ငါ'သည်လည်း 'စိတ်'မဟုတ်။

၂။ 'ငါ'သည် အထင်အမှတ်သာ ဖြစ်သည်။

၃။ စိတ်သည် အဖြစ်တရားသာ ဖြစ်သည်။

၄။ မျက်စေ့-နား- နှာ-လျှာ-ကိုယ် ပဥ္စာရုံမပေါ်လျှင်၊ စိတ် မပေါ်။

၅။ ပဥ္စာရုံက ပေါ်စေဦး၊ 'သတိ'မရှိလျှင် စိတ်မဖြစ်။

၆။ ကာမသည် အကြိုက်ကို လိုက်သည်။

၇။ သဘာဝသည် အကြိုက်မဟုတ်။

၈။ စိတ်ကို စည်းသတ်ထား၊ နယ်မကျွံစေနှင့်။

၉။ စိတ်နယ်ကျွံလျှင် ဥပါဒါန်ဖြစ်သည်။

၁၀။ မဂ္ဂင် ၈-ပါး၌ ပညာ - သီလ - သမာဓိ အားလုံးအကုန်ပါပြီ။

၁၁။ သံသရာဆက်လျှင် လောကီက မလွတ်။

၁၂။ သံသရာကိုဖြတ်မှ လောကုတ္တရာ။

၁၃။ မသေချာတာကို ယုံလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ။

၁၄။ တရားရှာ ဤကိုယ်မှာ အရှင်းဆုံး။

၁၅။ ရုပ်ကို'သတိ'နှင့် ရှုလျှင် နာမ်တရား အလိုလိုပြီးသည်။

# ဒုတိယပိုင်း

## ရုပ်ဆိုတာ ဘာလဲ၊ နာမ်ဆိုတာ ဘာလဲ ?

ရုပ္ပနလက္ခဏာံရုပံ၊ နမနလက္ခဏာံနာမံ-စသည်ဖြင့် ဖေါက်ပြန်တတ်သော သဘောရှိ၍ ရုပ်၊ညွတ်တတ်သော သဘောရှိ၍ နာမ် ဟု စသည်ဖြင့်ရင်း၊ ရုပ်က ၂၈-ပါး၊ နာမ်ဆိုသည်မှာ ၅၃-ပါး စသည်ဖြင့် စာပေတွေက သရုပ်သဏ္ဌာန်တွေနှင့် လုပ်လာသည်။

ထိုဟာတွေကို ဖတ်ရင်းမှတ်ရင်းက ဥာဏ်ဖော့ တလွဲကျယ်လာသည်။ အသိ အတတ်တွေ များလျှင် ကောင်းနိုးနိုးနှင့် အကျက်အမှတ်တွေ လုပ်လာသည်။အချိန်တွေသာ ကုန်သည်။ရုပ်ကိုဘာမှန်းမှမသိချေ။ နာမ်ဆိုသည်လည်း၊ နမန လက္ခဏာံ-ညွတ်ခြင်းသဘောရှိ၍၊ နာမံ-နာမ်မည်၏ စသည်ဖြင့် စာထဲက အသံကိုသာ တဆင့်ပြန်မြည်လာတတ် ရုံရှိသည်။

ကိုယ်တိုင်သိ ရုပ်ဆိုတာ ဘာလဲ၊ ကိုယ်တိုင်တွေ့ နာမ်ဆိုတာ ဘာလဲ ဟုမေးလျှင် 'ဝူးအား - ဝူးအား' နှင့် ထ,အော်သည်။ကြည့်ရင်းကြည့်ရင်း အတ္တရုပ်,သက္ကာယ ဒိဋ္ဌိရုပ်ကြီး ပေါ်လာသည်။ထိုသို့ ရုပ်ပြောင်းလာပုံကို ကြည့်တတ်ရှုတတ်လျှင် 'ရုပ်ဆိုတာဒါမျိုးကို' ဟု အလွယ်ပင် သဘောပေါက် နိုင်၏။

နာမ်ကိုသိချင်လျှင် ဆဲကြည့်လိုက်က အရှင်းဆုံး ဖြစ်သည်။ ဒေါသခိုး မာနရိပ်တွေသည်၊ အငွေ့ တထောင်း ထောင်း ထွက်လာသည်ကို တွေ့နိုင်သည်။

ဤနေရာတွင် စဉ်းစားစရာတချက် ထောက်လိုသည်။

ထိုသို့ အမေးခံရသူသည် နားပင်းနေက မည်သို့မျှမဖြစ်ပေ။ နားမပင်းစေဦး၊ အလုံကာထားသော မှန်တံခါး ကာခြားနေပါကလည်း ဘယ်မျှ ဆဲဆဲဆိုဆို ဘာကိစ္စမျှ ရှိမည်မဟုတ်ပေ။

သို့ဖြစ်လျှင် ထိုဒေါသ၊ ထိုမာန တွေသည် အပြင်က မေးသူ ဆဲသူ၏ပါးစပ်မှထွက်သွားပြီး သူ့ကိုယ်ထဲသို့ ဝင်သွားတာလား။ သို့မဟုတ်- သူ့ကိုယ်ထဲကပင် အလိုလိုအုံကြွ ထွက်လာသော ဒေါသခိုး မာနခိုးတွေဖြစ်သလား စသည်ဖြင့် စဉ်းစားစရာကောင်းသည်။

ဤသို့ဖေါက်ပြန်လာတတ်သော သဘောကို သေသေချာချာ လေ့လာသော အခါမှ ရုပ်နှင့်နာမ်ကို အကဲခတ် သဘော ပေါက်နိုင် ပေသည်။

စာအုပ်ထဲကစာ, ဟိုလူဒီလူ ပြောသံကြား, ဟောသံကြား သက်သက်ဖြင့် တကယ်ပိုင်နိုင်စွာ သဘောပေါက်သောရုပ်နာမ်ကို မထင်မြင်နိုင်ချေ။

ရုပ်နာမ်သည် တခြားစီဖြစ်သည်ဟု ပြောသူတွေ ပြောကြ၏။ စာတွေလည်းရှိပြန်သည်။ ထို့ကြောင့် အချို့က ရုပ်တခြား,နာမ် တခြားစီ ကွဲပြားလာအောင် ရှုမှတ် သုံးသပ်ရန် လိုသည်ဟု ဆိုသူများရှိ၏။

ရုပ်နှင့်နာမ်ကို တခြားစီကွဲပြားလာအောင် မည်သို့မျှ ကြည့်၍ မရပေ။ ကြည့်၍မရသည်မှာ သဘောသက်သက်မျှဖြစ်သော ဉာဏ် သိကိစ္စသက်သက်သာ ဖြစ်သောကြောင့် ဖြစ်၏။

စာတွေ့သော်ရှင်း၊ သူငါပြောသော်ရှင်း၊ တဆင့်ခံအကြား အထင်၌သာလျှင် တခြားစီ ဖြစ်သလိုလို ထင်မှတ်ကြသော်လည်း တကယ်လက်တွေ့ သေသေချာချာ ကြည့်သော အခါ၊ ရုပ်နှင့် နာမ်မှာ ခွဲမရအောင် အစဉ်တွဲ နေသော အတွဲအဖက် သဘာဝ စင်စစ် ဖြစ်နေသည်ကိုသာ တွေ့ရ၏။

ဤကိစ္စ ရေလည်စွာ သဘော ပေါက်မှသာ ဝိပဿနာဉာဏ် ရောက်မည်ဖြစ်၍၊ အထူးအရေးကြီးနေသည်။

သက္ကာယ ဒိဋ္ဌိခေါ် 'ငါ'စွဲ အတ္တဒိဋ္ဌိကြီးသည်လည်း ဤရုပ်နာမ် အပေါ်၌ တည်နေလေသည်။ ရုပ်နာမ်၏ သဘောလက္ခဏာကို ထင်ရှား မသိမမြင်သေးသမျှ သက္ကာယကို ဘယ်လိုမှပယ်သတ်၍ မရစကောင်းသလောက် ဖြစ်နေသည်။ ရုပ်နာမ်၏မူလသဘာဝကို သိသောတနေ့၌ သက္ကာယသည်၊တမင်ခွါနေစရာပင်မလို၊ အလိုလို ကွာကျပြီး ဖြစ်သွား၏။ ထို့ကြောင့်....

ပဌမ ရုပ်နာမ်ကို တခြားစီဟု ယူကြည့်ကြဦးစို့၊ ယူပုံယူ နည်းလည်း ရှိသည်။ "သွားချင်တာ-စိတ်, စိတ်ဆိုတာ— နာမ်၊ နာမ်သွားချင်သောအခါ၊ ရုပ်ကသွားသည်။ဤသို့သွားတာ-ရုပ်၊ စားချင်တာ- နာမ်။ ဘာဘဲလုပ်လုပ် လုပ်ချင်တာ··နာမ်၊လုပ်ထာ ရုပ်—"ဟု အမှိုပွါယ် ကောက်ကြသည်။

ဤသို့ အဆိုအမိန့်အရ၊ နာမ်ကချည့် ဦးစီးနေသည်ဟု ယူလို က ယူနိုင်သလို ဖြစ်လာသည်။ ထားဦးလော့....

နောက် ရုပ်ရော နာမ်ပါ တတွဲတည်း ပြုလုပ်လာသောသဘော လက္ခဏာလည်း ရှိသေး၏။ ၎င်းမှာ 'ရယ်ခြင်း၊ ငိုခြင်း၊ အော်ဟစ်ခြင်း၊ စကားပြောခြင်း' စသော နှုတ်မှုဆိုင်ရာ ကိစ္စများတွင် ရုပ်ရော နာမ်ပါ အတူ အလုပ်လုပ် ပူးပေါင်းနေသည်ဟု ဆိုကြပြန်၏။ သို့ရာတွင် ဤကိစ္စမျိုးမှာလည်း နာမ်ကပင် ရှေ့ပြေး အစဉ်ကြံစည် စဉ်းစားလျက် ဦးဆောင်နေသည်ဟု ဆိုကြသည်။ ထားဦး....

နောက် 'အိပ်ချင်သည်၊ သမ်းဝေသည်၊ ချေသည်၊ချောင်းဆိုးသည်၊ ယောင်အော်သည်၊ လန့်သည်' ဆိုသော ကိစ္စများကိုမူ ရုပ်က ဦးစီးသွားသော ကိစ္စများ ဆိုကြသည်။ ဤသို့ ရုပ်နေရာ၌ ရုပ်ဦးစီးပုံ၊နာမ်နေရာ၌ နာမ်ဦးစီးပုံများက စတင်မှတ်သားမှသာ ရုပ်အလုပ်, နာမ်အလုပ်များ ကွဲပြားလာမည်။ ဤသို့ ကွဲပြားလာမှ ရုပ် နာမ်ကွဲလာမည်ဟု ဆိုသူများ ဆိုကြသည်။ဆိုသူတွေ ထင်ရှားရှိနေသည်။

ကောင်းပါပြီ၊ ဤ အထက်ပါ အကောက်အယူ သဘောမျိုးအတိုင်း ကောက်လျှင် ဘာဖြစ်လာမည်နည်း၊ကြည့်ကြဦးစို့။

ရုပ်သည် တခြားဖြစ်လာမည်၊နာမ်သည် တခြားဖြစ်လာမည်။ ရုပ်သည် မဟာဘူတ 'ပအာဝါတေ' အဖွဲ့အစည်းဟု ယူသော် ရုပ်ကြမ်းမှုအရ,ရသည်ပင် ဆိုပါဦး၊ ရုပ်နှင့်ကွဲလာသော နာမ်သည် သီးခြား ကင်းလွတ် တခြား သဘာဝ လက္ခဏာအဖြစ်သို့ ရောက်လာသည်။

ဤသို့သာ နာမ်တခြား ဖြစ်လာလျှင်၊ ထိုတခြားဖြစ်နေသော နာမ်အတွက် နာမ်သက်သက်ဆိုင်ရာ အပိုင်းကဏ္ဍများ ပေါ်ရပေ

တော့မည်။ပေါ်လျှင် ဝိဥာဉ်၊ လိပ်ပြာ၊ အရှုပ လက္ခဏာ အမျိုးမျိုးအဖြစ် ရောက်စေရတော့မည်။

ဤသို့ ရောက်လာလျှင် တိုတိုပြောကြစို့၊အတ္တ၊အတ္တမ၊ထာဝရ ဝိဥာဉ်သို့ အဆင့်ဆင့်ကူးပြီး၊ နောက်ဆုံး ထာဝရ ဘုရားများဆီသို့သာ ဦးလည်မသုံ နိဂုံးချုပ်ဘို့သာ ရှိချေတော့ပြီ။

သို့ဖြစ်လျှင် အစဉ်သာ ဗုဒ္ဓဝါဒနှင့် တွဲသလိုလို ဘာလိုလို ကစပြီး၊အဆုံးပိုင်း ရောက်သော အခါ ဗုဒ္ဓရှင်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သော ဝါဒဆီသို့သာ ဧကန် ရှေ့ရှုပြီးသား ဖြစ်လေတော့သည်။မဟာ တဏှာ သခ်ယသုတ်နှင့်လည်း ဆန့်ကျင်လာတော့ပြီ။

ဤသို့ ဖြစ်လာလျှင် ဗုဒ္ဓရှင်၏ အနတ္တ ဝါဒကို ဒက်ထိကြီးဝင်၍ ကန့်လန့်ပိတ်ပြီးသား ဖြစ်ရပေတော့မည်။ ဆန့်ကျင်နေချေပြီ။ ဓမ္မစကြာနှင့် အနတ္တသုတ်ကြီးတွေ လွှင့်ပစ်လိုက်ဖို့သာ ရှိတော့ပြီ။

နိဗ္ဗာန် ဘေးချိပ်ပြီး သဘာဝအမျိုးမျိုးကို ဇာတ်အိမ် ဇာတ်လမ်း အမျိုးမျိုးနှင့် ကျဉ်လည်နေစေသော ဥပါဒါန်လမ်းစဉ်ကြီးကို ပန္နက်ရိုက် အုတ်မြစ်ချသည်ကား၊ ဤအယူက အစ ဖြစ်ချေတော့ပြီ။

## နောက်ကြောင်းသမိုင်း။

ဤနေရာတွင် အကြောင်းဆိုက်သဖြင့် အနည်းငယ် ဇာတ်ရင်းလှန်စရာ လိုလာချေသည်။ဗုဒ္ဓပွင့်ပြီး သာသနာနှစ်ဘီစီ ၃၀၀ ခုနှစ်ခန့်တွင် မာဂဓ တိုင်းငယ်မှတဆင့် ကြီးကျယ်လာသော မောရိယ အင်ပါယာကြီး၏ အိန္ဒိယမြစ် အနောက်ဘက်ပိုင်း(ယခုပါကစ္စတန်

အာဖဂန်နစ္စတန် ) တို့ကို ဂရိပြည်ဘုရင် အယ်လဇ္ဇင်းဒါးက ဝင်ရောက် သိမ်းပိုက်သည်၊ အိန္ဒိယမြစ်၏ အရှေ့ဘက်သို့ကား မတိုးနိုင်ခဲ့ပေ။

မောရိယဘုရင် စန္ဒကုတ္တတားမင်း (စန္ဒကုပ်) သည် မိမိနိုင်ငံ မောရိယပြည်အား ဤသို့ တနိုင်ငံမှ လာရောက် သိမ်းယူသည်ကို မခံမရပ်နိုင်ပေ။ ပြန်လည် တိုက်ခိုက်လိုသည်။ သို့ရာတွင် မောရိယ ပြည်ကြီး၌ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူတို့၏ ဗြာဟ္မဏ ဘာသာဝင်များသည် ဘာသာကိုအစွဲပြု၍ စိတ်ဝမ်း ကွဲပြားနေကြသောကြောင့် စန္ဒကုတ္တတားမင်းအဖို့ စစ်သည်ရဲမက် စစ်စရိတ် စားနပ်ရိက္ခာများ အလွယ်တကူ စုဆောင်း၍မရ ဖြစ်နေရချေသည်။

ဟိန္ဒူ ဗြာဟ္မဏ တို့နှင့် ဗုဒ္ဓဂိုဏ်းဝင်များ စိတ်ဝမ်း ကွဲပြားရသည့် ကြောင်းရင်းမှာလည်း အခြားမဟုတ်၊ ဗမာလောကကပါ သိကြပြီးဖြစ်သော ဝိတဒူပ အရေးက စခဲ့သော စိတ်ဝမ်းကွဲပြားမှုကြီးဖြစ်၍ စေ့စပ်ရန် အတော်ခက်နေလေသည်။ ဝိတဒူပ လက်ထက်တွင် သာကီဝင်မျိုး အာရိယံ ဗြာဟ္မဏ တို့အား ကြူပင်ခုတ် ကြူငုတ်မှမကျန်အောင် ပါတလိပုတ်တပြည်လုံးကို ဝင်ရမ်းထားသော ရန်စကြီးကြောင့်ဖြစ်၏။

ထိုမှစ၍ ဟိန္ဒူ ဗြာဟ္မဏ တို့နှင့် ဗုဒ္ဓဂိုဏ်းဝင်များ တဖောင်း စေးနှင့် မျက်ချေးဖြစ်နေစဉ်၊ မောရိယ ပြည်ကြီး အနောက်ဘက်ခြမ်း ရန်သူဝင်လာသောအခါ မောရိယ တိုင်းကြီးရှင် ဗြာဟ္မဏနွယ် ဘုရင် စန္ဒကုတ္တတားမင်းမှာ ဘယ်လိုမှ မကြံသာတော့ချေ။ ထို့ကြောင့် အိန္ဒိ မြစ်အရှေ့ဘက်သို့ ရန်သူ တိုးမလာအောင် ထိန်းထားသည့်အနေဖြင့် ဘီစီ ၃၀၃-ခုနှစ်တွင် မောရိယပြည်နှင့်

ဂရိပြည် ၂-ပြည်၏ ဘုရင့် ကိုယ်စားလှယ်များက မဟာမိတ် စာချုပ် ပြုလုပ်ပြီး မောရိယမင်းက ဂရိတို့ကို အချော့သတ်, သတ်ထားခဲ့ရသည်။

ထိုမဟာမိတ် စာချုပ်အရ ရွှေလမ်း ငွေလမ်း ဖေါက်ထားစဉ်အတွင်း၊ ဂရိ ယဉ်ကျေးမှုဖြစ်သော အယူဝါဒ အမျိုးမျိုး၊ နတ်ဘုရားနှင့်ယာဇ်ပူဇော်မှုအမျိုးမျိုး၊ ပန်းရံ ပန်းပု ရုပ်တုပညာမျိုးစုံ စက်မှုလက်မှု လုပ်ငန်းများ၊ ကဗျာစာပေများ စသည်မကျန် အိန္ဒိယပြည် မောရိယနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့သည်။

အိန္ဒိယပြည်တွင်းမှ နက္ခတ်ဗေဒင်၊ ယတြာ ကိန်းခမ်း၊ဂါထာမန္တန်အတတ်တွေလည်း ဂရိတို့ဘက်သို့ ရောက်သွား၏။ ဆေးဝါးအတတ်တွေလည်း ပါသွားသည်။

မောရိယဘုရင် စန္ဒကုတ္တတားသည်၊ ဤဂရိယဉ်ကျေးမှုများဝင်လာနေသည့်အတွက်၊ မောရိယလူမျိုးတို့၏ အယူဝါဒများနှင့် လူနေမှုစံနစ်များကိုပါ ထိခိုက်နေပြီဟု အယူရှိလေသည်။ သို့သော်လည်း ထိုဂရိတွေကို ပြန် တိုက် ရ အောင် က လည်း နိုင်ငံတွင်းရှိ တိုင်းရင်းသား ဘာသာဝင်အုပ်စု ၂-စုက မညီမညွတ် ဖြစ်နေရုံမက၊ သူ့ထက်ငါကောင်း ဝါဒချင်းကလည်း ပြိုင်နေကြသေးရာ၊ ဘယ်လိုမှ မစည်းလုံးသာအောင် အကြပ်ကျနေတော့၏။

နောက်ဆုံး စာနကျခေါ် ဟိန္ဒူဗြာဟ္မဏ ပညာရှိကြီး တဦး၏ အကြံပေးချက်အရ၊ဗြာဟ္မဏနှင့် ဗုဒ္ဓဝါဒများ ရောမွှေ ပစ်လိုက်ရသည်။ ဤသို့မွှေပြီးမှ "ငါတို့ မောရိယတိုင်းသား ပြည်သူတို့သည် ဘုရားတဆူ၊ တရားတမျိုးတည်းဖြစ်လျက်၊ အချင်းချင်း ကွဲပြားနေလျှင် တနေ့နေ့ အားလုံး ရန်သူအောက် ရောက်ခံရမည်။ထိုသို့

အရောက်ခံရလျှင် လက်ရှိဘုရားတရားများပါ ပျက်စီးလိမ့်မည်။ ထို့ကြောင့် အားလုံး စည်းလုံးကြ၊ ရန်သူကို တိုက်ကြလော့ ” ဟူသော လှုံ့ဆော်မှုကို ပြုလေသည်။

ထိုသို့ ဘာသာဝင်အုပ်စု ၂–ခု စည်းလုံးမိသောအခါ၊ အိန္ဒိယမြစ် အနောက်ဘက်ခြမ်း ဂရိတို့၏ မာဆီဒိုနီယံ စစ်တပ်များသည် တမဟုတ်ချင်း အတုံးအရုံး ကျဆုံးလေသည်။ မောရိယ တပ်မတော်ကြီးသည်၊ မာဆီဒိုနီယားနှင့် ပါရသီယံနယ်များ ( ယခု အီရန် အီရက် )ထိ ပေါက်ရောက်သိမ်းပိုက် နိုင်ခဲ့လေသည်။

ထိုစည်းလုံးမှုကား ဘီစီ ၃၂၁-ခုနှစ် စန္ဒကုတ္တမင်း လက်ထက်မှစ၍၊ သားတော် ဗိန္ဒုသာရမင်း၊ နောက် ၎င်းသားတော် အသောကမင်း လက်ထက် ဘီစီ ၁၇၁-ထိ ဖြစ်လေသည်။ အားလုံးနှစ်ပေါင်း ၁၄၀-ကျော်မျှ ကြာ၏။ ထိုမျှကြာသော ကာလအတွင်း အဘယ်မျှ သဝေ ထိုး ချင် တိုင်း ထိုး ကရောက် ကသောက် ဖေါက်ဖေါက်ပြန်ပြန် ဖြစ်မည်ကို မည်သူပြောနိုင်မည်နည်း။

ဘီစီ ၂၃၉-ခုနှစ်၌ အသောကမင်း တတိယသံဂါယနာတင်သောအခါ၊ ထိုဖြစ်ချင်တိုင်း ဖြစ်နေသည့်အတိုင်းပင် “နှစ်ဦးနှစ်ဘက် နားအေးပြီးရော ” ဟု ရှိသည့် အတိုင်း တင် လိုက် ဟန်တူသည်။

ထို့ကြောင့်ပင် ပါဠိတော် တအုပ်ထဲဖြစ်လျက်၊သုတ်အဓိပ္ပါယ်များ တခုနှင့်တခု စပ်မရအောင် ကွဲလွဲနေဟန်တူ၏။ဥပမာ မူလပဏ္ဏာသပါဠိတော် တခုထဲ၌ပင် သမ္မာဒိဋ္ဌိသုတ္တန်ပါ“ဘဝဟူသည် အဘယ်နည်း-ငါ့ရှင်တို့၊ ဘဝဟူသည် ကာမ- ရူပ-အရူပဘုံရောက်ရေးဖြစ်သည်။ ထိုထိုဘုံဘဝသို့ ရောက်ရေးကံနှင့် ဥပါဒါန်တို့ကို

စွဲလမ်း ပြုလုပ်ခြင်းတည်း။ အစွဲဥပါဒါန် ချုပ်ငြိမ်းလျှင် ဘဝချုပ်ငြိမ်း၏။ ချုပ်ငြိမ်းရေးအကျင့်ကား–မဂ္ဂင်ရှစ်ပါးသာတည်း”ဟုဆိုင်း။ အနုပါဒါန ပရိနိဗ္ဗာနသုတ်၌· ရဟန်းတို့၊ အကြောင်း အကျိုး ၂-မျိုး၌ မသိတွေ့ဝေခြင်း မောဟကို ပယ်စွန့်သော် အသိဉာဏ်ဖြစ်ပေါ်သည်။ အသိဉာဏ်ဖြစ်ပေါ်ခဲ့သော် အလိုကာမကို မစွဲတော့ချေ။ အကျင့်သီလဝတ် နိဗ္ဗာန်ကို မစွဲတော့ချေ။ ကိုယ်ကို ‘ငါ’ဟု မစွဲတော့ချေ။ မစွဲသော် မတပ်မက်တော့ချေ။မတပ်မက်သော် မျက်မှောက်၌ပင် ငြိမ်းလေသည်။ ထိုထိုဘုံဘဝတို့၌ ဖြစ်ပွားစေခြင်းကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးအပ်ပြီ၊ ပြုဘွယ်ကိစ္စကို ပြုလုပ်အပ်ပြီးပြီ၊ ဤသို့သော ဘုံဘဝ၌ ဖြစ်ရေးချုပ်ငြိမ်းရန် အခြားပြုဘွယ်မရှိဟု သိလေသည်” ဟုဆိုင်း၊ အဘယ်ဘုံ ဘဝကိုမျှ မတပ်မက်ရေး ဖွင့်ဆိုသော သုတ်ပေါင်းများစွာ ရှိနေသည်။

ဤအထဲမှာပင်“သာလေယျကသုတ်”၌ ငရဲဘုံ၊ နတ်ဘုံ ဗြဟ္မာဘုံတွေကိုဖွင့်၍ နတ်ဖြစ်ရေး၊ ဗြဟ္မာဖြစ်ရေးတွေ ပါလာပြန်၏။ “စူဠဓမ္မသမာ ဒါနသုတ်”တွင်လည်း၊ တမလွန်ချမ်းသာရေး၊နတ်ရွာသုဂတိတို့၏ ချမ်းသာရေးတွေကို ချီးမြှောက်ဖွင့်ဆို ထားပြန်ချေသည်။ “မဟာဓမ္မ သမာဒါနသုတ်” လည်း ထို့အတူ တမလွန်ဘုံဘဝချမ်းသာရေး အကြီးစားများ ဖြစ်နေပြန်သည်။

ဤသို့ဖြင့် တနေရာ၌ ဘုံဘဝကုန်ရေး၊ သံသရာပြတ်ရေးကို အရင်းခံသော ကိလေသာဥပါဒါန် ပြတ်ရေး တွေ ကို တွေ့ရသော်လည်း၊ တနေရာ၌ ၎င်းတို့နှင့် စပ်မရအောင် ကွဲလွဲနေသော တမလွန်ဘုံဘဝ သုခချမ်းသာတွေကို ရှေးရှုသော ကုသိုလ်–အကုသိုလ်ကံတရားတွေကို ဖွင့်ဆိုထားသည်ကို တွေ့ရပြန်သည်။ ဤလိုရှေ့

နောက်အစဉ် အံမကိုက် ဖြစ်နေသော သုတ်ပေါင်း ဒေသနာ ပေါင်း မနည်းလှပေ။

ထိုဟာတွေ အားလုံးထဲမှ "အနတ္တလက္ခဏာ၊ ဓမ္မစကြာ၊ ပဋိစ္စသမုပ္ပါဒ်" တို့နှင့် တိုက်ချစစ်ဆေး ထုတ်လိုက်လျှင်'သစ္စာဝင်' သောသုတ်ဟူ၍ နည်းနည်းသာ ကျန်ပေတော့မည်။

## ရုပ်သည်နာမ် နာမ်သည်ပင်ရုပ်။

ထို့ကြောင့် ရုပ်နာမ်ကိစ္စတွင် အယူအမြင်မှန်အောင် မည်ကဲ့ သို့ ရှုမှတ် ဆင်ခြင်ရမည်ဆိုသော ကိစ္စသည် အထူး အရေးကြီး သော ကိစ္စတရပ် ဖြစ်လာပေသည်။

ရုပ်ရောနာမ်ပါ တတွဲတည်းဖြစ်၊ တတွဲတည်းချုပ်သည်သာ သဘာဝကျသည်။ ရုပ်ချည်းခွဲချုပ်ပြီး။ နာမ်ချည်း အလွတ်ကျန် နေ၍ ဖြစ်လည်းမဖြစ်၊ သဘာဝလည်း မကျပေ။

အမှန်အားဖြင့် ရုပ်နာမ်သည် သဘောမျှဖြင့်သာ 'ရုပ်ဘဲ နာမ်ဘဲ' ဟု ယူနေရသော်လည်း၊ တခြားစီခွဲ၍ ရစကောင်းသော ကိစ္စမျိုးမဟုတ်။ ဤမဟာဘူတ ၄-ပါးတို့၏ ဒြပ်စင်အသေးဆုံး ဖြစ်၍ လူတို့၏ သာမန်မျက်စေ့ဖြင့် မမြင်စကောင်းသည့် ပရမာ နုမြူ၌ပင် ထိုဓာတ် ၄-ပါးကို ခွဲမရသောကြောင့်ဖြစ်သည်။

မြေဓာတ် ဦးစီးနေသော ပရမာ အနုမြူ၊ ရေဓာတ်ဦးစီးနေ သော ပရမာနုမြူ၊ လေဓာတ် အားကြီးနေသော ပရမာနုမြူ၊ အပူအစ စသည့် တေဇော အားကြီးနေသော ပရမာ နုမြူစသည် ဖြင့်သာ အနုမြူဒြပ်စင်တို့ ရှိနေကြ၏။

မည်သည့်ဘူတ ဓာတ်က ဦးစီး၍ များနေသည်ပင်ဖြစ်စေ၊ အခြား ဘူတဓာတ် ၃-ပါးနှင့် အနည်းအများ အစဉ်ခွဲမရအောင် တွဲနေသော ဒြပ်စင်တို့၏ သဘာဝမှ အသို့လျှင် ဝါယောနှင့် တေဇောကို လွတ်အောင်ခွဲ၍ ရမည်နည်း။

သေခြင်း ရှင်ခြင်းစသော ကိစ္စသည်လည်း သဘောမျှသာဖြစ်၏။ ဒြပ်စင် အစုအဝေး အကောင်အထည်မှ မည်သည့်ဘူတဓာတ်မျှ သီးခြား ကွဲပျက်သွား၍မဟုတ်ပေ၊ အချိုးအစား အနည်း အများ ပမာဏ အနေဖြင့် ပြောင်းလဲ သွားသောကြောင့်သာ သေသည်၊ ရှင်သည်၊ စသည်ဖြင့် ပြောနေကြရုံခြင်းဖြစ်၏။

ရုပ်သက်ရှိ ဘဝ၌ ဘူတဓာတ် ဒြပ်စင် အဖွဲ့အစည်းတို့၏ အချိုးအစားသည် အကယ်၍ ပ-၄, အာ-၃, ဝါ-၂, တေ-၁, ဟူ၍ ရှိသည်ဟု စကားပမာ ဆိုကြပါစို့၊ ထို ဘူတဓာတ် အချိုးအစား အတိုင်း ကိုက်ညီအောင် ဖွဲ့စည်းနေသမျှ ကာလပတ်လုံး သက်ရှိ ဘဝဟူ၍ ဖြစ်ရပေမည်။

ထို အချိုးအစားဖြစ်သော သက်ရှိဘဝ၌ပင် ပ-၃၊ အာ-၄၊ ဝါ-၂၊ တေ-၁၊ ဖြစ်လာသော်၊ပထဝီနည်းပြီး၊ အာပေါများလာသည်ကို တွေ့ရလျှင်၊အခြား ဝါနှင့်တေမှာ မူလမပျက် ဖွဲ့စည်းမြဲမှန်နေသေးလျှင်၊ ထိုလူသေတော့မသေ၊ ရေများသော ရောဂါ ကိုယ်ရောင်၊ ကိုယ်ဖေါ တခုခုရောဂါဖြစ်မည်။

အားလုံး စုဖြစ်သော ကိုယ်ထည် ဒြပ်သဏ္ဍာန်ကြီး၌ မည်သည့် အပြင်ကဓာတ်မှ တိုးလာခြင်း လျော့သွားခြင်း မဟုတ်သေးချေ၊ အတွင်းခန္ဓာ၌ ရှိနှင့်ပြီးသော ဘူတဓာတ် အချိုးအစား ပြောင်း

လဲသွားရုံနှင့်ပင် လူမမာ ဖြစ်သွားနိုင်သည်။ ဤအချိုးအစား၌ ပနှင့်အာက မပြောင်းမလဲ ရှိစေဦး၊ ဝါနှင့်တေ၌ သိသိသာသာ ပြောင်းလဲ ဖွဲ့စည်းသွားသောအခါ၊ သေသော်ရင်း သေသွားနိုင်သည်၊ မေ့သော်ရင်း မေ့သွားနိုင်သည်။

စကားပမာ နောက်ဆုံး ပ-၅၊ အာ-၂၊ ဝါ-၁၊ တေ-၂၊စသည်ဖြင့် အားလုံး အစု၌ အလေးချိန် မတိုးစေကာ တခုစီ ရှိသော ဓာတ်တို့၏ အချိုးအစား ပြောင်းသွားလိုက်လျှင် သေသည်ဟူ၍ ဖြစ်သွားနိုင်သည်။

စိတ် ဝိဉာဉ်ဝါဒသမားများ အလိုအရ ဤသို့သေသည်ဆိုလျှင် ထိုခဏ္ဍာမှ စိတ်ဝိဉာဉ်သည် တနေရာရာသို့ သန္ဓေသော်ရင်း သွားကပ်မည်။ တစ္ဆေ၊ နတ်ဆိုး၊ နတ်ကောင်း တခုခုသော်ရင်း သွားဖြစ်နေရပေလိမ့်မည်။ ကုသိုလ် အကုသိုလ် အားလျော်စွာ ကမ္မသဲ့ကတာ လမ်းစဉ် အရ ကံကုန်ပြီဖြစ်၍၊ ယခုဘဝမှ ပြုခဲ့သော ကုသိုလ် အကုသိုလ်တို့ကသာ ဝိဉာဉ်ကို ထိုက်တန်ရာနေရာ ဘုံအဆင့်သို့သော်ရင်း၊ ဇာတိ ပဋိသန္ဓေသို့သော်ရင်း၊ ပို့လိုက်ကြပေလိမ့်မည် ဟုဆို၏။

ထို စိတ်ဝိဉာဉ် အယူဝါဒ အလိုအရ ရုပ်ပျက်လျှင် နာမ်သည် ကုသိုလ်အကုသိုလ်တို့ ပို့ရာသို့သာ သွားရမည်ဟုဆိုသောကြောင့် ဖြစ်၏။ ၎င်းတို့ယူသော အနတ္တကား တမျိုးဖြစ်ပေသည်။ ကိုယ့်ကိုယ်ကိုတော့ ကိုယ်မပိုင်သည်မှာ မှန်သည်။ သို့သော် ကုသိုလ် အကုသိုလ်က ပိုင်နေတော့သည်ကို တွေ့နိုင်၏။ မည်သူမျှမပိုင်သော အနတ္တဝါဒတွင် ပိုင်ရှင်ပေါ်နေချေပြီ။

ဗုဒ္ဓအလိုဖြစ်သော ဝိဉာဏ်ကား ဤလောက် မြဲမနေပေ။ အတွင်းရုပ် မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယတို့နှင့် အပြင်ရုပ်ဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့၊ ဓမ္မတို့နှင့် အပြန်အလှန် အတိုက်အခံကိုစွဲ၍ တည်မှီရာအဖြစ် အာရုံပေါ်၍သာ ဝိဉာဏ်ဟူ၍ ပေါ်လာခြင်း ဖြစ်သည်ဟုသာဟော၏။ အာယတန ၁၂-ပါးသည် ဝိဉာဏ်၏တည်မှီ ပေါ်ပေါက်ရာ ဖြစ်သည်။

ထိုတည်မှီရာဖြစ်သော အတွင်းရုပ် အပြင်ရုပ် မတိုက်ဆုံလျှင် ဝိဉာဏ်မပေါ်နိုင်ပေ၊ ထို့ကြောင့် ဗုဒ္ဓအလိုကျ ဝိဉာဏ်သည် အအတိုက်ရုပ် အခံရုပ်တို့အလျှင် ကြိုပေါ်နေသော သီးခြားဝိဉာဏ် မဟုတ်ပေ။

ဝိညာဏစေတ် ပေါ်နေသည့်အခိုက်၌သာ အောက်ပါအတိုင်း နာမ်ဘာဝအလုပ်များ ဖြစ်လာသည်ဟု ဟော၏။

(၁) ဝေဒနာ—အာရုံအရသာကို ခံစားခြင်း။

(၂) သညာ— အဖြူ အနီ, အရေအတွက်, အကြီးအငယ် စသည် မှတ်သားခြင်း။

(၃) စေတနာ—စေ့ဆော်ခြင်း။

(၄) ဖဿ—အတွင်း-၆, အပြင် ၆-ပါးတို့၌ ထိတွေ့ခြင်း။

(၅) မနသိကာရ—ထိုထိုအာရုံအတိုင်း နှလုံးသွင်းခြင်း။

(သမ္မာဒိဋ္ဌိသုတ္တန်)

ဤအထက်ပါ ၅-မျိုးတို့ တပြိုင်နက်တည်း အလုပ်လုပ်နေသည့် အခိုက်ကိုသာ နာမ်၏ လုပ်ငန်းဟူ၍ ထင်ရှားနေပေသည်။ နာမ်အလုပ်သည် စိတ်ဖြစ်လာသည်။

ဤသို့ဖြစ်လာပြီး၊ အလုပ်လုပ်သောနာမ်သည် ဘာကိုအခြေခံပေါ်ပေါက် လာသနည်း ဟူလျှင်၊ မဟာဘူတ၏ အချိုးအစားကိုက်ညီစွာ သက်ရှိဘာဝအဖြစ် စပ်ထားသော ဘူတရုပ် ခန္ဓာကိုသာလျှင် အခြေခံနေသည်ကို တွေ့ရမည်။

ထိုခန္ဓာကိုယ်၌ ဖွဲ့စည်းထားသော မဟာဘူတရုပ်တို့ အချိုးအစားမှ ဝါယောနှင့် တေဇောဓါတ် အချိုးအစပ် ပြောင်းသွားသည်နှင့်တပြိုင်နက်၊ ထိုခန္ဓာကိုယ်၌ အသက် ပျောက် သွား မည်ဖြစ်သည်။ ထိုဘူတရုပ် ၂-မျိုးသည် အသက်ဖြစ်စေသော သတ္တိရုပ်များဖြစ်သည်။-

ထို့ကြောင့် ရုပ်သည် ဘာလဲ၊ ဤဘူတဓါတ်တို့၏ အစုအဝေးပင်ဖြစ်သည်။

နာမ်သည် ဘာလဲဆိုဦး—ဤဘူတဓါတ်တို့၏ သတ္တိရုပ်ပင်ဖြစ်နေပြန်သည်။

အကြောင်းမူကား လေနှင့်တေဇောတွေ့လျှင်'အား-အသက်' ဟူ၍ ဖြစ်သောသတ္တိသည် ရုပ်ဘာဝ၏ ပင်ကိုယ် လက္ခဏာကြောင့်ပင် ဖြစ်သည်။

ထိုဝါယောနှင့် တေဇောတို့သည် မည်သည့်ဒြပ်စင် ပရမာအနုမြူတွင်မျှ သီးခြားကင်းလွတ်စွာမရှိ။ ပ-အာ-ဝါ-တေ တို့မှာ အစဉ်တွဲစပ် နေသောကြောင့် ဖြစ်သည်။ သို့ဖြစ်လေရာ ဘူတဒြပ်

စင် မူလ ပရမာအနုမြူသဘာဝထိ အဆင့်ဆင့် အကဲခပ်လေ့လာသောအခါ၊ ဤဘူတရုပ်တို့ပင် ရုပ်ဟုရင်း၊ နာမ်ဟုရင်း စသည်ဖြင့် ဖြစ်နေသောကြောင့်၊အားလုံးရုပ်ဘာဝ အခြေခံချည့် ဖြစ်နေသည်ကို တွေ့ရပေသည်။

ဤသက်ရှိ ရုပ်ကိုယ်ထည် ကြီးကိုလည်း ခန္ဓာ ၅-ပါးနှင့်သာ ဖွဲ့စည်းထားသည်။ ထိုခန္ဓာ ၅-ပါး အစုအဝေးထက်ပို၍၊ အဘယ်ခန္ဓာမျှ တခြားမရှိဟု ဗုဒ္ဓရှင် ဟောတော်မူထားပြီးဖြစ်ရာ၊ အဘယ်နာမ်၊ ဝိညာဉ် လိပ်ပြာဟူ၍ သီးခြားရှိရဦးတော့မည်နည်း။

ဤရှိပြီးဖြစ်သော ၅-ခန္ဓာသည်ပင်လျှင် ရုပ်နာမ်ဟူ၍ အမည်သညာသဘောမျှ ဖွဲ့စည်းနေခြင်းသာ ဖြစ်ပေသည်။

ထို ၅-မျိုးသော ခန္ဓာသည်၊ဆီမီးစာ၌စွဲအပ်သော မီးတောက်ပမာ တဖြုတ်ဖြုတ် ချုပ်လိုက် ပေါ်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နှင့် ဒလစပ် မရပ်မနား သန္တတိဆက်နေခြင်းမျှဖြင့် ဘဝဟူ၍ အထင်အမှတ်အဖြစ်ကို ခံယူနေခြင်းသာ ဖြစ်တော့သည်။

အနည်းငယ် အနုစိတ်ကြည့်ကြဦးစို့။

ဤသို့မှ ထပ်မရှင်းလင်းပါက၊ ပြဿနာအချို့ပေါ်နိုင်သေးသည်။ နာမ်ဓာတ် အလွန် အမင်းဦးစီးရမှ ဗုဒ္ဓဘာသာ ပြီသတော့မယောင်ယောင် ဝါဒမျိုး ဖုံးလွှမ်းနေသောကြောင့် ဖြစ်ပါသည်။ အမှန်ကား ဗုဒ္ဓရှင်သည် ဘာကို အဓိကထားသလဲဆိုသည်ကို ပေါ်လွင်စေပါမည်။

ဒြပ်စင် တခု တခုဖြစ်သော ပရမာအနုမြူ တခု တခုတိုင်း၌၊ ဤအတိုင်း မနေသေးချေ။ ပထဝီ, အာပေါ, ဝါယော, တေ

ဇော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇ, စသည်ဖြင့် အဋ္ဌကလာပ်ရုပ် ၈- ခုစီ အစဉ်မကွဲ မကွာဘဲ စပ်လျက်ရှိပေသေးသည်။

ရှင်းရှင်းပြောရလျှင်၊ထိုဒြပ်စင် ပရမာအနုမြူတိုင်း၌ အောက်ပါအတိုင်း အမြဲအစဉ် ဖွဲ့စည်းလျက် ရှိနေပြန်သည်။

မြူ, ရေ, လေ, ဥတု, ( တေဇောကို ဥတုဟု ယူပါသည်။ ) အဆင်း, အနံ့, အရသာ, အဆီနှစ်ဟူသော ကလာပ်စည်း တစုသည် ပရမာ အနုမြူ တခုသာ ဖြစ်သေးသည်။အဋ္ဌကလာပ် ၈-ခု အစုအပေါင်း တခုသာဖြစ်သေးသည်။

ဤအဋ္ဌကလာပ် ၈-ခုအနက်မှ ကလာပ်စည်း တခုတခုတိုင်းတွင် ရုပ်ငွေ့ ရုပ်မှုံကလေးပေါင်း ၅၀—စီမျှ ရှိသေးသည်ဟု ဆိုသေးသည်။

ဤရှိသမျှ ကလာပ်စည်းတိုင်း ကလာပ်စည်းတိုင်းသည် သမုတိသစ္စာအဖြစ် ထင်ရှားရှိနေ၏။ မလွတ်ပေ။ ဤကလာပ်စည်း ပရမာအနုမြူတခုတခု၏ အကြား၌ အာကာသသည် ရှိသေး၏။ အာကာသသည်ကား လွတ်နေသော နေရာကလေးများ ဖြစ်၏။

ဤလွတ်နေသော နေရာကလေးများသည် မြူမှုံ မြူလုံးချင်း ပေါင်းစပ် သိပ်သည်းလာသောအခါ၊ ဒြပ်စင် ပရမာ အနုမြူများသည် ဒြပ်စင်အဖြစ်မှ ဒြပ်စု အဖွဲ့အစည်းသို့ ကူးပြောင်းလာသည်။ ဤသို့ ဒြပ်စင်မှ ဒြပ်စုသို့ ပူးပေါင်းဖွဲ့စည်းမိသည်နှင့် တပြိုင်နက်၊ ၎င်းဒြပ်စင် တခုတခုစီတို့၌ ပါရှိနေသော အဋ္ဌကလာပ်ရုပ်စုတို့၏ သတ္တိသည် ပေါ်လေတော့သည်။ ဒြပ်စု ဖြစ်လာသောအခါ၊ အတွင်းပိုင်း အပြင်ပိုင်း ရှိလာတော့၏။ အတွင်းပိုင်းကျနေသော တေဇော ကလာပ်စုသည် အပြင် တေဇော ကလာပ်စုနှင့်

စ၍ တိုက်လေတော့သည်။ ဤသို့ တိုက်အားကို ဝါယောကလာပ်စုက ကူညီသည်။ ဝါယောပါလာသောအခါ အခြား ကလာပ်များဖြစ်သော အာပေါနှင့် ပထဝီမြူတို့လည်း ရောစ၍ တတွဲတည်း လှုပ်ရှားလာရ လေတော့သည်။

ဤသည်ပင် "အား" ၏ အစဖြစ်၏။ ဤအားသည် သက်ရှိ ဣန္ဒြိယ ဗဒ္ဓရုပ် ဖြစ်လာသောအခါ၊ အသက်ဇီဝဟူ၍ ထင်ရှား လာလေတော့သည်။

အသက်ဇီဝအဖြစ် မဖွံ့စည်းသော အနိန္ဒြိယဗဒ္ဓရုပ် ( သက်မဲ့ ရုပ်) တို့၌လည်း ဤဒြပ်စုအတွင်း၌ ဒြပ်စင်တို့ချင်း မတိုက်ဘူးဟု မမှတ်ရာပေ။ အစဉ်တိုက်လျက်ရှိ၏။ ထိုသို့ တိုက်နေသောကြောင့် သာ ဖြစ်လိုက် ပျက်လိုက် ဖြစ်ပျက်အစဉ်ကြီးသည် ဤလောက၌ မြင်မြင်သမျှ ရှိရှိသမျှ ဒြပ်စုမှန်သမျှ သင်္ခါရ မမှုဖြစ်နေကြရလေ သည်။ ထို အတိုက်အခံ ဓာတ်ကြောင့်သာဖြစ်သည်။

ပရမာအနုမြူ၏ ဒြပ်စင် ရုပ်ကလာပ်စုသည် အမှိုအတွယ်လွတ် သီးခြားလွင့်လို၏။ သူ့၌ အစဉ်ပါနေသော ဝါယောနှင့် တေဇော တို့၏ သတ္တိရုပ်သဘာဝဖြစ်သည်။ အထူးပြုလုပ်သော လက်သည် ကတ္တားကို ရှာလျှင် ထိုဝါယောနှင့် တေဇောပင် ဖြစ်လေသည်။ "ငါ, ငါ, သူ, သူ, လူဘဲ၊ နတ်ဘဲ၊ သိကြားဘဲ" ဟူ၍ မဟုတ်ချေ။

ဤကား သတ္တိရုပ်ဖြစ်သော ထိုဘူတဓာတ် ၂-ခု၏ ဓမ္မတာ ပင်ကိုယ်မှုလဖြစ်သည်။ ဤဘူတဓာတ် ၂-ခုက ဤသို့လှုပ်ရှား တတ်သောအခါ၊ ၎င်းတို့နှင့် အစဉ် မကွဲမကွာ တွဲဖက်လျက်ရှိနေ သော ပထဝီနှင့် အာပေါသည်လည်း၊ အနည်းအများ အချိုးအ စား အားလျော်စွာ အစဉ်တွဲ၍ ပါနေရသည်။

ဤသို့ပါသောအခါ အာပေါဓာတ်၏ သဘာဝသည်လည်း ထိုဒြပ်စင် ပရမာ အနုမြူ၏ လှုပ်ရှားမှုကြောင့်၊ အင်အားအဖြစ်သို့ ရောက်ရပြန်သည်။ အာပေါ (ရေ)၏ သဘာဝသည် အပူ (တေဇော)နှင့်တွေ့လျှင်၊အရှိန် အား အဖြစ်သို့ ရောက်လာသည်။

ဤ တွန်းကန်မှုသည် ၎င်းတို့ အဋ္ဌကလာပ် ၈-ခုစလုံး ဖွဲ့စည်းနေသော ကလာပ်စည်း တခုလုံး အစဉ် လှုပ်ရှားရာသို့ အတွဲလိုက်ပါဝင်လျက် အစဉ်ရှိနေလေသည်။

သိပ္ပံဆိုင်ရာ အနုမြူ ပါရဂူတို့ကလည်း အနုမြူတိုင်း အနုမြူတိုင်းတွင် လျှပ်စစ်ဓာတ်အား (Electron) ရှိသည်။ ထို Electronများက Nuclus ခေါ် ပင်မ မြူကို ရစ်ပတ် သိုင်းဝိုင်း လှုပ်ရှားလျက် အစဉ် ရှိနေသည်ဟု ထုတ်ဖေါ်ခဲ့ကြသည်။

ဆိုလိုရင်းမှာ ရုပ်နှင့်နာမ်သည် ယခု သက်ရှိရုပ် ဖြစ်နေကြသော ထင်ရှား ဣန္ဒြိယ ဗဒ္ဓရုပ်ကြီးများ အဖြစ် စုပေါင်းဖွဲ့စည်းသောအခါမတိုင်မီ မူလပင်ရင်း ပရမာအနုမြူကစ၍ မကွဲမကွာ အစဉ်တွဲလျက်ရှိသည်ကို ဆိုလိုရင်းဖြစ်သည်။

ဖွဲ့စည်းပုံ ဘူတဓာတ်များ အချိုးအစား ကိုက်ညီသောအခါ သက်ရှိရုပ်ဟု ခေါ်ကြ၍၊ ဖွဲ့စည်းပုံအချိုး အစား မကိုက် မညီ ဖေါက်လွဲဖေါက်ပြန် ဖြစ်သောအခါ၊နာသည်၊ ဖျားသည်၊ သေသည် စသည်ဖြင့် ခေါ်ဝေါ်နေကြခြင်း၊ မှတ်ယူနေကြခြင်းသာ ဖြစ်လေသည်။

## ပေါ်ခြင်း ငုပ်ခြင်းမျှသာ

ကေန် ပရမတ်ဉာဏ်စစ်စစ်နှင့် ကြည့်သောအခါ၊ သေခြင်း ရှင်ခြင်းစသော ကိစ္စသည် သဘောမျှသာဖြစ်၍၊ ပင်မ ရုပ်ဘာဝ အနေ၌ ဖွဲ့စည်းမှု ပျက်ပြယ်ခြင်းမျှလောက်သာ ကွာခြားနေသည်ကို တွေ့ရ၏။

ယခု တလော၌ အနောက်တိုင်း ဆေးသိပ္ပံ ပါရဂူတို့သည် ၄၇- မိနစ်မျှ သေနေပြီဖြစ်သော လူကို ပြန်၍ ရှင်အောင် လုပ်နေကြလေပြီ။ ခွေးတွေ မျောက်တွေကိုလည်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းကစ အူ၊ အသည်း၊ အဆုတ် နှလုံးမကျန် အားလုံး ဟိုက ဟာ ဒီပို့၊ ဒီကဟာ ဟိုတပ်ဖြင့် စမ်းသပ်နေကြရာ၊ အောင်မြင်စ ပြုနေလေပြီ။ လူတွေကိုလည်း ပလပ်စတစ် နှလုံး၊ အဆုတ်တု စသည်ဖြင့်ပင် လဲလှယ် တပ်ဆင် အလုပ် လုပ်နေချေပြီ။

ရန်ကုန်မှာပင် ပလပ်စတစ်အသားနှင့် ဖြည့်တပ်ထားသောလူများ၊ ပလပ်စတစ်နှလုံးနှင့် လူများကို တွေ့နေရလေပြီ။

ဒြပ်စင်၏ မူလကလာပ်စည်းဖြစ်သော မူလဘူတရုပ် ပရမာအနုမြူကစ၍၊ ရုပ်ဘာဝ ပထဝီနှင့် အာပေါ။ နာမ်ဘာဝအခြေခံ ဝါယောနှင့် တေဇော ဘူတရုပ်များ အစဉ်ခွဲမရအောင် တွဲစပ်နေပေပြီဖြစ်လေရာ၊ လူဟူသော သက်ရှိရုပ်ကြီးကိုလည်း ထိုပရမာအနုမြူပေါင်း မရေမတွက်နိုင်အောင် ပေါင်းစပ်ဖွဲ့စည်းထားသော ခန္ဓာကိုယ် ဖြစ်နေသည့်အတိုင်း အချိုးအစပ် အဖွဲ့အစည်း မှန်နေလျှင်၊နာမ်ထင်ရှား သက်ရှိရုပ် ခေါ်သကဲ့သို့၊ အချိုးအစပ် မမှန်သောအခါ၊ သက်မဲ့ နာမ် ပျက် ရုပ်ဟူ၍ ခေါ်ကြခြင်းသာ ခြားနားလေသည်။

အချိုးအစပ်မှားသော သို့မဟုတ် ပျက်သောရုပ်ကို အချိုးအစပ်မှန်အောင် သူ့နေရာနှင့်သူ အံတိအံကျ ပြန်လုပ်တတ်က၊ သေရာမှ ပြန်ရှင်စရာ ရှိနေချေပြီ။ ထို့ကြောင့် သေခြင်း ရှင်ခြင်းဆိုသော စကားသည် နှောင်နှစ်ပေါင်း ၁၀၀-ခန့်တွင် အတည်ဟုတ်ချင်မှ ဟုတ်ပေတော့မည်။

ပင်မမူလ ဘူတဓါတ်ကြီး ၄-ပါး၌၊ နာမ်ဘာဝ လက္ခဏာသည် သူ့နေရာနှင့်သူ ကာလဒေသ ပယောဂ ကိုလိုက်၍၊ ပေါ်ချင်သည့်အခါပေါ်ပြီး၊ငုပ်ချင်သည့်အခါ ငုပ်တတ်သော သဘောရှိပြီးဖြစ်သည်။ မေ့ဆေးပေးထားသော ခန္ဓာ၌ နာမ်ငုပ်နေသည်ကို တွေ့နိုင်သည်။ သေပင်မသေရဘဲ နာမ်သည်ငုပ်အောင် လုပ်ထားလျှင်ဖြစ်သော သဘာဝ ရှိနေသည်။

ယခုလည်း ရှင်သော ခန္ဓာကိုယ်၌ နာမ်သည် "ဝေဒနာ, သညာ သင်္ခါရ, ဝိညာဏ" စသော နာမ်ခန္ဓာ ၄-ခုအဖြစ် ထင်ရှားနေရာမှ သေသည်ဆိုသောအခါ၊ ထိုနာမ်ခန္ဓာ ၄-ခု၏ တာဝန်ကို ရုပ်ဆိုင်းလျက်၊ ၎င်းတို့အစုအဝေးဖြစ်သော ရုပ်ကြွင်းကို ဖေါက်ပြန်ပျက်စီး ပုတ်သိုးရေးဘက်သို့ လှည့်ခါတွန်းကန်ပစ်လေသည်။

ဤသို့ လွန်လွန်မင်းမင်း ဖေါက်ပြန်မချို့ယွင်းခင် ပြင်တတ်သူများရှိက၊ ထိုနာမ်သည် ငုပ်သွားရာမှ အချိန်မရွေး ပြန်ပေါ်လာနိုင်စရာရှိသော လက္ခဏာရှိနေသည်။

ဆေးရုံ၌သေအံ့မူးမူး လူနာအား အိမ်ပြန်ယူဖြစ်ရုံမျှ အောက်စီဂျင် အင်ဂျက်ရှင်း ထိုးပေးလိုက်ရာ၊ ဆေးရုံတွင် မသေဘဲ အိမ်အထိ အသက်ပါလာရုံမက၊ စကားပင် အနည်းငယ် ပြောလိုက်သေးသော လူနာများ ရှိသေး၏။

ဘယ်ဝိဥာဉ် ဘယ်လိပ်ပြာမှ သီးခြားရှိနေ၍ ဤကိုယ်ခန္ဓာမှ ထွက်သွားခြင်းမဟုတ်။ ရုပ်အပေါင်းအစပ် မှားသွားသောအခါ နာမ်ငုပ်လျှိုးသွားခြင်း၊ ရုပ်အပေါင်း အစပ်မှန်သောအခါ၊ နာမ် ထင်ရှား ပြန်ပေါ် လာခြင်းများသည် ထင်ရှားသော သာဓက များ ဖြစ်နေပြီ။

နာမ်သည် ရုပ်, ရုပ်သည်ပင် နာမ်ဟု ပြန်ဖြစ်နေသော ဘူတ ဓါတ်၏ သဘောလက္ခဏာအရ၊ ဘူတ ရုပ် ကို လုံးဝ အမှီ ပြုနေ ကြောင်း ထင်ရှားနေသည်။

ပြင်ရန်ခက်အောင် အဖက်ဖက်က ဘာမျှမကျန် ဟောင်းနွမ်း ဆွေးမြေ့ နေသော ခန္ဓာမှအပ၊ ပကတိရုပ် အဖွဲ့အစည်း အလွန် မပျက် မယွင်းသေးက၊ထိုရုပ်မှနာမ်ကို ပြန်လည်ဖေါ် ထုတ်ရန် ယခု မလွယ်သေးစေကာ၊ တနေ့သောအခါ ခဲယဉ်းမည့်ကိစ္စ ဟုတ်ဟန် မတူပေ။

လက်ပတ်နာရီ၊ ရေဒီယို၊ မော်တော်ကားများ ပျက်သောအ ခါ၊ ပြင်တတ်သူများသည် ဒီဟာထည့်၊ ဟိုဟာလဲ၊ ဟိုကြိုးဆက် ပျောက်ပျက်နေသော ကရိယာအသစ်ရှာတပ်- စသည်ဖြင့်ပြုလုပ် ကြသောအခါ၊ ထိုပစ္စည်းများလည်း ရုပ်နာမ်ပြန်လည်တွဲစပ် အ ကောင်းပကတိ ပြန်ဖြစ်လာကြသည်။

သက်ရှိ ရုပ်နာမ်ခန္ဓာသည် ဤသဘောမျှလောက်ထက် ပိုစရာမ ရှိပေ။ သို့ရာတွင် အတွင်းသွေးသား လှုပ်ရှားမှုနှင့် အမာခံဒြပ် ကိုယ်ထည် ဖွဲ့စည်းထားသော အသွေးအသား ဒြပ်သဏ္ဍာန်ဖြစ်၍ ထိုအသွေးအသားများသည်၊ သတ္တုဒြပ်ထည် များလောက် အ ချိန်ကြာကြာ ထားမရခြင်းသာ ခြားနားဟန်တူသည်။

ထို့ကြောင့် ရုပ်နှင့် နာမ်သည် တခြားစီမဟုတ်၊ ဤရုပ်စုမှပင် တဖန်ပြန်၍ ဤနာမ် ဖြစ်နေခြင်းသာ ဖြစ်သည်။ ရုပ်ဘာဝကိုအကဲခတ်လျှင် နာမ်ဘာဝသည် ထိုရုပ်မှပင် ပေါ်ပေါက် နေသော အရာမျှသာဖြစ်ကြောင်း သဘောပေါက်နိုင်၏။

ဤရုပ် ဤနေရာတွင် ချုပ်လျှင် ဤနာမ်လည်း ဤနေရာတွင် ပင် ပျောက်လေသည်။

ဤလိုဆိုက ဘဝပြတ်ပြီး၊ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်ပါလားဟု စောဒက တက်စရာရှိ၏။ သို့ဖြစ်လျှင် နာမ်သီးခြား အရှိယူသူများ ဘဝဆက် နေသည်ဆိုက သဿတဒိဋ္ဌိဖြစ်မည် စိုးနေရပြန်သည်။

ရုပ်မပျက်သ၍ နာမ်ပြန်ပေါ် နိုင်သည်ကိုကား မေ့ဆေးများ က သက်သေထင်ရှား ပြနေပြီးဖြစ်၏။ နာမ်သည်သာ ပျက်ချင် သလောက်ပျက်၊ ငုပ်ချင်သလောက်ငုပ်၊ ပျောက်ချင်သလောက် ပျောက်၊ အရေးမကြီး။ ရုပ်သာမပျက်အောင် ထိန်းသိမ်းနိုင်လျှင် နာမ်အတွက် ဘာမျှပူစရာမရှိ။

သို့သော် ရုပ်အဖွဲ့အစည်း ပျက်လျှင် နာမ်ကိုဘယ်လိုမှ ကယ် လမ်းမရှိတော့ပေ။ လုံးဝ ကိစ္စချောပြီသာဖြစ်သည်။ အကြောင်း မူကား ရုပ်ပျက်လျှင်၊ နာမ်ပျက်ကြောင်းထင်ရှားနေသောကြောင့် ဖြစ်၏။

အကယ်၍ရုပ်သည်၊ အားလုံးအပျက်တော့မဟုတ်၊ ဦးနှောက် စ၊ သည်းခြေစ၊ နံ့ပါးပါး ချို့ယွင်းနေလျှင်မူ၊ နာမ်ကောင်း တော့ မရပေ။ ရူးတူးတူး၊ ပေါတောတော၊ ငိုလား-ရယ်လားနှင့် အစီအစဉ်မမှန်သော နာမ်မျိုးသာ ရနိုင်ပေမည်။

ဤသဘောလက္ခဏာကို အကဲခတ်က ရုပ်နာမ်ကိစ္စတွင်၊ ရုပ်မူလဖြစ်နေသည်မှာ ရှင်းနေလေပြီ။ အဇ္ဈတ္တရုပ် မမှန်လျှင် နာမ်မမှန်ဖြစ်သည်က သိသာနေသည်။

ထိုရုပ်သည်ပင် ဘဝသစ်ဟု တဖန်ပြန်ပေါ် စေသည်ဆိုက အတော်ဂွကျသောစာဟု ဆိုကောင်းဆိုကြ ပေလိမ့်မည်။ ဤရုပ်တုံးကြီးနှင့်ကား ဘာမျှတိုက်ရိုက် မသက်ဆိုင် တော့ပေ။ အလွန်နုသော သုခုမရုပ် ဓါတ်တမျိုးသာလျှင်ဖြစ်၍၊ နားရှင်းရန် မလွယ်ဖြစ်သည်။

လူ၌ အသက် ဇီဝဟူ၍ ဖြစ်နေသော အပူငွေ့သည် နှလုံးအိမ်၌ ရှိသော ဥသ္မာတေဇောဓာတ်ပင်ဖြစ်သည်။ ထိုဥသ္မာတေဇောဓာတ်သည် အပြင်ဗဟိဒ္ဓလေကို သွင်းလိုက် ထုတ်လိုက်ဖြင့် အသစ်အသစ်ဖြစ်သော အပြင်လေနှင့် အတူဝင်လာသော ပရမာအနုမြူ သုခုမရုပ်စုနှင့် အစဉ်ဆက်ခါ သွေးအားကို ပေးနေသော အပူငွေ့ ဥသ္မာ တေဇောဓာတ်ကလေးပင် ဖြစ်၏။

ဤရုပ်ခန္ဓာ နောက်ဆုံး ချုပ်ရသည်မှာလည်း ဤနှလုံးအိမ်မှ ဥသ္မာဓာတ်သည် အပြင်လေနှင့် အဆက်ပြတ်သွားသောကြောင့်သာ ဖြစ်၏။ အပြင်လေကို သွင်းချည်ထုတ်ချည်နှင့် အစဉ်မပြတ်အဆက်ရနေသမျှ ထိုဥသ္မာ တေဇောဓာတ်အား မပျက်ပေ။ ခန္ဓာရုပ်များ ပျက်သောအခါ အဆုတ်၏လုပ်ငန်းလည်း ရပ်နားသွားသည်။ အဆုတ်လုပ်ငန်း ရပ်နားသွားသည်နှင့် တပြိုင်နက်၊ ဥသ္မာတေဇောဓာတ်လည်း အပြင်လေနှင့် အဆက်ပြတ်သွားခါ၊ ဥသ္မာဓာတ်အဖြစ် ဖွဲ့နေသော ဝါယောနှင့် တေဇောဓာတ်လည်း အဖွဲ့

အစည်း ပျက်လေသည်။ နှလုံးအိမ်၌ သွေးသစ်ဖြစ်ရန် စုလာသော တကိုယ်လုံးမှ သွေးအားတို့လည်း ထိုနှလုံးအိမ်မှာပင် ဥသ္မာဓာတ် ပျက်သွားသဖြင့် သွေးသစ် မဖြစ်ရတော့ဘဲ ရပ်နားရတော့၏။

ဤသွေးဟောင်းတို့မှ သုခုမ ရုပ်များဖြစ်သော ပရမာအနုမြူ အခိုးအငွေ့များသည် တဖြေးဖြေး ချုပ်ငြိမ်းသွားသော ခန္ဓာကိုယ်ထဲမှ ဥသ္မာဓာတ်ပျက်များ အဖြစ် ထွက်လေသည်။ ထိုမြူသည်ပင် သတ္တဗီဇ ဖြစ်သော ဂန္ဓဗ္ဗဓာတ် ဖြစ်လေသည်။

ဤထွက်လာသော သုခုမရုပ်တို့သည် အပြင်ဗဟိဒ္ဓလေတွင်းရှိ ပရမာ အနုမြူများနှင့်အတူ ရောစပ် လွင့်ပါး ပျံ့နှံ့သွားတော့၏။

ထိုခန္ဓာပျက်၏ သုခုမရုပ် အနုမြူတို့ ပါသော လေကို မိဘလောင်းတို့ ရှူမိသောအခါ ၎င်းတို့၏ သက်ရှိ ဥသ္မာတေဇောနှင့် ရောစပ်၍ သွေးသားထဲသို့ ရောက်ကြရ၏။ မိဘလောင်းတဦးဦးသာ ဤဥသ္မာဓာတ်ပျက် ပရမာအနုမြူ သုခုမရုပ်များကို ရှူရှိုက်မိသည်မဟုတ်။ ရှူမိသမျှ မိဘလောင်းအားလုံး၏ နှလုံးအိမ်တွင်းသို့ ထိုဥသ္မာဓာတ်ပျက် သုခုမရုပ် အနုမြူများ ရောက်ကြသည်ချည်းဖြစ်သည်။ သွေးအား ကောင်းတုန်း, အရွယ် ကောင်းတုန်း, ဖို မ ဘာဝ နှီးနှော ဆက်ဆံခြင်းလည်းရှိသော မိဘလောင်းများနှင့် ကြုံကြိုက်လျှင်၊ သုတ်သွေးဖြစ်ခါ ဘဝသစ် တခု ဇာတိယူသည်။ ဓာတ်တူ သွေးတူလျှင် သန္ဓေဖြစ်၏။

ဘဝသစ်ယူရန် အင်္ဂါမစုံသောသူများ၏ နှလုံးအိမ်သို့ ရောက်သွားသော ဂန္ဓဗ္ဗဓာတ်မြူတို့ကား—သွေးထည်းသို့ ရောက်ရုံမှ တ

ပါး ဘဝမျှ မဖြစ်နိုင်သောအခါ၊ထိုဥသ္မာဓာတ်ပျက် သုခုမရုပ်တို့သည် ထို "မစွံ" သူတို့၏ ထွက်လေနှင့် အတူ အပြင် ဗဟိဒ္ဓလောကသို့ ပြန်ပါလာသည်။

ဤသို့ဖြင့် အခြားသက်ရှိ ဘဝခန္ဓာတို့ထဲသို့ ၎င်းတို့ ရှူလေနှင့်အတူ နှလုံးသွေးသို့ ရောက်ကြပြီး 'မစွံ' သူများဖြစ်မှု ပြန်ထွက်ကြခြင်းဖြင့် ဗဟိဒ္ဓမြူ လောကတွင်လွင့်ခါ၊ ဝင်ချည်ထွက်ချည် မျောနေပြန်သည်။

'စွံ' သူတို့နှင့် ကြုံကြိုက် သောအခါ၊ ဇာတိအသစ် စ,လေသည်။

ဤသို့ဖြင့် မူလ ရုပ်ဟောင်းဟူ၍လည်း မဟုတ်။ မူလရုပ်နှင့်လည်း အကြောင်းမကင်းသော ဂန္ဓဗ္ဗဓါတ်၊ သုခုမရုပ် ပရမာအနုမြူအဖြစ်သာလျှင် ဘဝသစ်ကို ဖြစ်စေလေသည်။ ၎င်းဂန္ဓဗ္ဗ ပရမာအနုမြူသည်ပင် ပဋိသန္ဓေ ဝိဉာဉ်ဖြစ်သည်။ သို့ရာတွင် ထင်ရှားကောန်ဖြစ်လာသော ရုပ်သားမြူသာ လျှင်ဖြစ်၏။

ဤကား မဟာဝေဒလ္လသုတ်ပါ အရှင်သာရိပုတ္တရာ မထေရ်မြတ်နှင့် အရှင်မဟာ ကောဋ္ဌိကတို့၏ ဆွေးနွေးချက် လူ့ဘဝ အဘိဓမ္မာကို အခြေခံ၍ နိယာမသဘာဝနှင့် ကိုက်ညီအောင် ဖေါ်ပြရခြင်း ဖြစ်ပေသည်။

သိပ္ပံအမြင်ဖြစ်သော **Neutron**, ၎င်းမှ **Radiation**, ထိုမှတဆင့် **Radioactive Isotopes** တို့အဖြစ်သို့ ရုပ်ကြမ်းအဖွဲ့အစည်းကြီးမှ အဆင့်ဆင့် ကွဲထွက်သော အနုမြူတို့ ကူးစက်ပုံကို Dr. D. S. Oliver Ph. D. Bsc. ရေး Elements, Atoms and

Isotopes ခေါ် ဆောင်းပါး။ Prof: H. D Kay CBE, ph D. D. S. C, F. R. S နှင့် Dr. R. F. Glascock Bsc. ph. D. တို့ ရေး Labelled Atom ခေါ် စာအုပ်နှင့် " Isotope Gas Analysis for Biochemists" ခေါ် စာအုပ်များမှ ကောက် နုတ်၍နောက်ပိုင်းတွင် စဉ်းစားစရာ အချက် အချို့ တင်ပြပါအံ့။

**အတုနှံ့ အလှည့်**

ထို့ကြောင့် ဤရုပ်နှင့်နာမ်သည် တခြားစီမဟုတ်၊ ဤရုပ်မှပင် နာမ်ဟူ၍ တဖန်ပြန်ဖွံ့နေကြောင်းကို သဘောပေါက်လောက်ပြီ။

ရုပ်အဖွဲ့အစည်း မပျက်သ၍ ရုပ်သည်နာမ်၏အကျိုးကို ပြု၏။ ထို့အတူ နာမ်ကလည်း ရုပ်၏အကျိုးကို တဖန်ပြန်၍ ပြုလျက်ရှိ နေကြပေသည်။

ရုပ်မပျက်ရှိနေသမျှ ရုပ်သည် နာမ်၏အကျိုးကျေးဇူးအတွက် လေကိုမှန်မှန် မရပ်မနား ရှူ၍နေခြင်း၊ သောက်သောရေမှ သန့် ရှင်းသောသွေးများ ဖြစ်စေခြင်း၊ ထိုသွေး အတွက် ကောင်းမွန် လတ်ဆတ်သော အစာတို့ကို အသွေး အသား အဖြစ် ပြုလုပ်ပေး ခြင်း၊ ထိုအသွေးအသားတို့ကို နာမ်ပိုင်းဆိုင်ရာ စိတ်ကူးခြင်း၊ ကြံ စည်ခြင်း၊ စဉ်းစားခြင်းများ ပြုလုပ်နိုင်ရန် သည်းခြေ၊ အသည်း စသည်တို့မှတဆင့် ဦးဏှောက်သို့ မှန်မှန်ရောက်စေခြင်း၊ အဆိပ်အ တောက်ဖြစ်မည့် အစာဟောင်း၊ ရေဟောင်းတို့ကို မှန်မှန်ထုတ် ပယ်ပစ်ခြင်း၊ ထိုရုပ်ခန္ဓာ၏ ခိုင်မာတောင့်တင်း ကျန်းမာရေးအ တွက်၊ ဣရိယာပုထ် လေးပါး ဖြစ်သော ထိုင် ခြင်း၊ ထ ခြင်း၊ လျှောက်ခြင်း၊ လဲလျောင်း(အိပ်ပေး)ခြင်း စသည်တို့ကို မှန်မှန် လုပ်ရပေလိမ့်မည်။

ဤသို့ရုပ်က မှန်မှန်ကူညီ ပေးနေသမျှ နာမ်ပိုင်းဆိုင်ရာ စိတ်အလုပ်များဖြစ်သော စဉ်းစားခြင်း၊ ကြံစည်ခြင်း၊ သိမှတ် ခြင်း၊ နှိုင်းယှဉ်ခြင်း၊ ဆုံးဖြတ်ခြင်း စသည်တို့ကိုလည်း မှန်မှန်ကန်ကန် လုပ်နိုင်ပေလိမ့်မည်။ နာမ် လုပ်ငန်း စုသည်လည်း ရုပ်အကျိုးပြု ရေးများသာ ဖြစ်နေသည်။

ဤသို့လျှင် ရုပ်ကလည်း နာမ်အတွက် အကျိုးပြု၊ နာမ်ကလည်း ရုပ်အတွက် အကျိုးပြုနေကြသည်ကိုပင် ပုံမှန်သက်ရှိဘာဝ ရုပ်နာမ်၏ အတွဲအဖက်အဖြစ်နှင့် ဘဝရပ်တည်နေပုံကို ရှုမှတ်နိုင်မည်။

ယင်းသို့ ပုံမှန် သက်ရှိဘာဝ ရုပ်နာမ်၏ အရင်း အမြစ်နှင့် အကြောင်းခံ သဘာဝများကို ဆင်ခြင်ရသည်။ ယခုလက်ရှိ ရုပ်ကြမ်းကြီးသည် အဆင့်ဆင့် ပေါင်းစပ်ပြောင်းလဲလာသော မူလပရမာအနုမြူနှင့်တကွ၊ အမိအဘတို့၏ သုတ်သွေးနှင့် ပေါင်းစပ်သော သုခုမရုပ်များအထိ မည်ကဲ့သို့စတင်၍ ဆင့်တိုးပွားများ လာသည်ကို ရှုမှတ် နားလည် ရ၏။ အမိဝမ်းတွင်း၌ အမိ၏ အစာ ရေ-လေ တို့ကို ချက်ကြိုးမှ ရခဲ့သော အကူအညီ၊ ဝမ်း ကျွတ်၍ အပြင် လောက ရောက်သောအခါ၊ အမိ၏ နို့၊ ထို့နောက် ထမင်း အဖျော် အစား အသောက် အစာ ရေ·လေတို့နှင့် မပြတ်အစဉ် စားသောက် ရှသွင်းလာရသည်ကို အာရုံပြုရသည်။

ထိုသို့စားသောက် ရှုထုတ်နေသော လက္ခဏာကို သဘော ပေါက်လာလျှင် ရုပ် နာမ်တို့၏ ဘဝအဖြစ် ရပ်တည် နေမှုသည်၊ အပြင် ဗဟိဒ္ဓရုပ်စုမှ အဟာရများ အစဉ် မပြတ် သွင်းဆက် ပေးနေသောကြောင့် ဖြစ်သည်ကို တဆင့်တိုး အကဲခပ်နိုင်သည်။

ယခုချက်ချင်း သွင်းလေမရှူဘဲ ရပ်ဆိုင်းကြည့်သည်နှင့် တပြိုင်နက်၊ အတွင်းရုပ်များ မည်သို့ဖြစ်လာသည်ကို သိနိုင်၏။ ခပ်ကြာကြာ လေမရှူလျှင် အသက်ပင် ပျောက်သွားနိုင်၏။

ထို့ကြောင့် လေကို ရှူသွင်းနေရသည်။ အရင်းစစ်သောအခါ၊ လေသည်ပင် အသက်သဘော ထင်ရှားသည်။ ထိုလေဖြင့် အသက်ဖြစ်သော အတွင်း ဥသွာ တေဇောသည်၊ အပြင်လေမှ အောက်စီဂျင်၊ နိုင်ထရိုဂျင်၊ ကာဘွန်နှစ်အင်္ဂဆစ်၊ ဗေးပါးခေါ် ရေငွေ့များနှင့် အစဉ်ဆက်စပ်နေမှသာ ထိုဥသွာတေဇောခေါ် အာယုဓါတ် မပြတ်ဆက်နေမည် ဖြစ်သည်။

ထိုအာယုအသက်ဓါတ် ဖြစ်နေသောကြောင့်သာ ရုပ်၊ ဝေဒနာ သညာ၊ သင်္ခါရ၊ ဝိညာဏစသော ခန္ဓာ ၅-ပါးသည် သူတို့လုပ်ငန်း အသီးသီး၌ အလုပ်ဝင်နေ နိုင်ကြခြင်းဖြစ်သည်။ ထိုခန္ဓာ ၅-ပါးသည်လည်း သူတို့ဟာသူတို့ချည်း ရှိနေက ဘာမျှမဖြစ်သေး၊ စက္ခုသောတ၊ ဃာန၊ ကာယ၊ မန-စသော အာရုံအကြည်ရုပ် ၆-မျိုးနှင့် ဆက်နေသောကြောင့်သာ ရုပ်အလုပ်၊ ခံစားမှုအလုပ်၊ မှတ်သားမှုအလုပ်၊ ပြုပြင်ပြောင်းလဲသောအလုပ်၊ သိတတ်သောအလုပ် စသော ခန္ဓာ ၅-ပါး၏ အလုပ်များ လုပ်နေနိုင်ကြခြင်းဖြစ်သည်။

အတွင်းအာရုံ ရုပ်အကြည် ၆-မျိုးသည်လည်း သူ့နေရာနှင့်သူ အလုပ်ကိုသာ သီးခြားစီ နယ်သတ်၍ တာဝန်ခံထားကြ၏။ မျက်စေ့၏မြင်တတ်သော အကြည်ဓါတ်၏ အလုပ်ကို နားက ဝင်မြင်၍မရပေ။ နားအလုပ်ကိုလည်း မျက်စေ့ကဝင်ပြီး ဘာမျှကြားအောင် မလုပ်တတ်ချေ။ မလုပ်နိုင်ပေ။

ထို့အတူ နှာခေါင်း၏ အလုပ်ကိုလည်း လျှာက ဝင်မလုပ်တတ် မလုပ်နိုင်။ လျှာအလုပ်ဖြစ်သော အချို့, အချဉ်, အစပ်, အခါး,အဖန်,အငန်,အဆိမ့် - စသည်တို့ကို ကာယက ဝင်မသိ။

## မနောဖြစ်ရာ ဟာဒယရုပ်

ဤသို့ဖြင့် ထိုအာရုံ ရုပ်အကြည်ဓါတ်တို့သည်၊ သူ့နေရာနှင့်သူသာ ကျလာခဲ့၍ အလုပ်လုပ်ကြသောကြောင့်၊ ၎င်းတို့နှင့်ဆိုင်ရာ အပြင်ရုပ် ၆-မျိုးသည်လည်း၊ သူ့ဆိုင်ရာ ဒွါရမှသာ သူသိမှုသဘော ပေါ်နိုင်ကြပေသည်။

ဤအတွင်း ရုပ် ၆-မျိုးကိုပင် သိမှုဝိညာဏက္ခန္ဓာ၏ တည်မှီရာ ၆-မျိုးပင် ဖြစ်လာသည်။ ဤ ၆-မျိုးစလုံး ချုပ်နေပျက်နေပါကလည်း၊ ဝိညာဏဓါတ် ပေါ်စရာ တည်မှီရာ မရှိနိုင်ချေ။

ထို့ကြောင့် သစ်ပင် သီးပင်တွေသည် အသေမဟုတ်၊အသက်ရှိပါလျက်၊ ဤတည်မှီရာ အကြည်ရုပ် ၆-မျိုး မပါသောကြောင့် သက်ရှိသတ္တဝါနှင့် ခြားနားနေရခြင်း ဖြစ်သည်။

ဤနေရာတွင် စိတ်ဟူ၍ဖြစ်သော မနောဝိညာဏ်သည်လည်း အတွင်း-၅၊ အပြင် ၅-တို့ မတိုက်မဆုံဘဲ မပေါ်နိုင်ပေ။ အပြင်ရှိ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ကို အတွင်း ရုပ်ကြည် မျက်စေ့, နား,နှာ, လျှာ, ကိုယ်တို့နှင့် မဆုံမတိုက်မိဘဲ ဟာဒယက မနောဝိညာဏ် မပေါ်နိုင်ဟုဆိုလို၏။ထို့ကြောင့် မနောဝိညာဏ်ကို အတွင်းအကြည်ရုပ် ၅ မျိုး၏ အသိဆုံရာ ပဉ္စဝိညာဏ်ဟုခေါ်ကြသေး၏။

ဤပဋ္ဌိဝိညာဏ်သည်၊ အတိတ်ကို ပြန်တွေးခြင်း၊ အနာဂတ်ကို မျှော်ခြင်းများ လုပ်သဖြင့်၊ အတိတ်နှင့်အနာဂတ်ကို ပေါင်းကူးတံတား ဆက်ပေး သော ပစ္စုပ္ပန်ကို ဦး စီး နေ သည်။ နေလေ့ရှိသည်။ နေလည်း နေသည်။

ဤပစ္စုပ္ပန်ကို ဦးစီးနေသော ပဋ္ဌိဝိညာဏ်သည် မနောသို့ရောက်လာသောအခါ၌၊ အတိတ်တွေးခြင်း၊ အနာဂတ် မျှော်ခြင်းများ မလုပ်အောင် ထိန်းတတ်မှ လောကုတ္တရာ ဖြစ်သည်။

အတိတ်တွေးခြင်း၊ အနာဂတ်မျှော်ခြင်းတွေ ဆက်နေပါက မည်သည့်ကုသိုလ်ပင် ဖြစ်ဖြစ်၊ အကုသိုလ်ပင်ဖြစ်ဖြစ်၊ လောကီနယ်သံသရာက ဘယ်တော့မျှမထွက်နိုင်။

ဤမနောဓါတ် တည်ရာမှီရာဖြစ်သော ဟဒယ ရုပ်ဝတ္ထုသည် အာရုံရုပ် ၅ - ခု၏ဆုံရာ၊ ၅ - ခုဆုံဖြစ်သည်။ ဤ ၅- ခုဆုံနေရာသည်၊ လောကီရေး၌လည်း သူပင်ချယ်လှယ်နေ၏။ လောကုတ္တရာရေးမှာလည်း သူပင်အရေးကြီးဆုံး ဖြစ်သည်။

အရက်ဝိုင်းကို ပါသည်လည်း သူ့နေရာက အားနားမှုပင်ဖြစ်သည်။ ဘိန်းဝိုင်းသို့ ရောက်သည်လည်း သူ့နေရာက လှုံ့ဆော်မှုပင်ဖြစ်သည်။

ထိုအရက်နှင့် ဘိန်းတွေကို စွဲသည်မှာလည်း သူပင်ဖြစ်သည်။ မသောက်ရ၊ မရှူရသောအခါ ကတုန်ကရင် ဖြစ်သည်မှာလည်း သူပင်ဖြစ်သည်။ သေွ ဆုံရာ၏ သဘာဝလက္ခဏာဖြစ်သည်။

သူ့နေရာက ကတုန်ကရင်ဖြစ်လျှင် ကိုယ်အင်္ဂါတခုလုံးရှိ ခြေလက်အင်္ဂါတွေသည်၊ ထိုသောက်ရေး ရှူရေး ကိစ္စအတွက် ပင်

ပန်းကြီးစွာ သွားရ လာရ၊ လုပ်ရ ကိုင်ရ၊ ရှာရ ဖွေရ၊ မေးရ မြန်းရတော့ ဖြစ်လာသည်။ မျက်စေ့က အတွင်ရှာ၊ နားက အတွင်စွင့်၊ နှာခေါင်းက အနံ့ခံ၊ လျှာရောပါးစပ်ပါ တဖွဖွ ဟိုမေးဒီမေး၊ ကိုယ်ထည်ကြီး တခုလုံး နှင့်တကွ ပဉ္စာရုံ အားလုံး တတောက်တောက်နှင့် ပင်ပန်းကြရလေသည်။

အရက်တွေတော့လည်း မျက်စေ့တွေ နားတွေက ဘာမျှ ထိုအရက်၏ အရသာကိုမသိ၊ ဘိန်းတွေတော့လည်း မျက်စေ့တွေ နားတွေက ရှူနိုင် စားနိုင်တာလည်းမဟုတ်၊ သက်သက် ဟဒယရုပ်ဝတ္ထုထဲက သွေးသားတွေ ကတုန်ကရင်ဖြစ်သည်ကို အချောင်တံဆာဝင်ခံရရုံသာရှိသည်။ သွေးထဲ၌ ထိုအရက်ဓါတ် ဘိန်းဓါတ်ဝင်စွဲနေလျှင် အကျင့်ဖြစ်လာသည်။

ဤသည်ပင် အကျိုးမရှိသော ရုပ်ပစ္စည်းတခုအတွက် အကျိုးရှိရာ၌ အသုံးချနိုင်သော အာရုံ အကြည်ရုပ်များကို ထိုဟဒယရုပ်ဝတ္ထုသည် အလွဲသုံးစား လုပ်တတ်ခြင်းဖြစ်သည်။

ဝိပလ္လာသ ၃ - မျိုးစလုံးကိုလည်း ဤဟဒယဝတ္ထုရှိ မနောဓါတ်ကပင် ကသောက်ကရောက် ကပြောင်းကပြန် ဖြစ်အောင်ကြိုးလွန်သည်။

လေဆေးနှင့် တင်ချာမှားသောက်သည်မှာလည်း သူပင် လက်သယ်ဖြစ်သည်။ ပန်းဂုံပြားထဲက ထမင်းနှင့် ဘူးသီး ခရမ်းသီး ငပိရေတွေကို အာခံတွင်းကထည့်ပြီး ရုပ်ခန္ဓာ အသွေးအသား အဖြစ် ခေတ္တဖွဲ့ထားသော ရုပ်ကိုပင် 'အပျို ချောချော ကလေး, အသားဖြူဖြူကလေး' မှတ်သည်လည်း သူပင်ဖြစ်သည်။

ထို ဘူးသီးခရမ်းသီး ဆန်ဆီဆေးဆားနှင့် ဖျော်ပြီး ပုံစံပေါ် နေသော ခန္ဓာကိုယ်သဏ္ဌာန် ခေတ္တယာယီမျှဖြစ်နေသော ကောင်ကလေးကိုလည်း၊ ထိုဘူးသီးခရမ်းသီးနှင့်ပင် ဖြစ်နေသော လူမပေါက်စသဏ္ဌာန်၌ 'အမယ် ဘီအေအောင်ပြီးသား၊ အခု ရုံးဝန်ထောက်တဲ့တော့' နှင့် လုပ်သည်မှာလည်း ထိုဘူးသီး ခရမ်းသီးနှင့်ပင် တည်ဆောက်ထားသော ဟဒယ ရုပ်ပင် ဖြစ်ပြန်သည်။

ထို ဟဒယဝတ္ထုရုပ်သည် အာရုံ အကြည့် ရုပ် ၅-မျိုးဖြစ်သော ခက်မ ၅-ဖြာနှင့်တကွ အဂ္ဂြာပေါင်း တထောင်၏ဆုံရာ ဂွဆုံဖြစ်သည့်အတိုင်း—

(၁) သညာ ဝိပ္ပလ္လာသ- အမှတ်မှားခြင်း။
(၂) ဒိဋ္ဌိ ဝိပလ္လာသ—အယူမှားခြင်း။
(၃) စိတ္တ ဝိပ္ပလ္လာသ-အတွေးမှားခြင်း စသော အမှား ၃-မျိုးဖြင့် အစဉ် ချော်တောငေါ့လေ့ရှိသည်။

ထို ဝိပ္ပလ္လာသ ၃-မျိုး ဖြစ်တတ်သော သဘော ရှိနေသည့် ဟဒယ ရုပ်ဝတ္ထုသည် ဝိပ္ပလ္လာသ တခုခုနောက်သို ရေလိုက်လွဲနေသမျှကာလပတ်လုံး—

(၁) တဏှာ— သူထင်ရာ သူစွတ်ပြီး တပ်မက်နေခြင်း။
(၂) မာန— တက်ကြွနေခြင်း။
(၃) ဒိဋ္ဌိ (သက္ကာယ ဒိဋ္ဌိ)-'ငါ ငါ'ဖြစ်နေခြင်းတို့ကို ဆင့်တိုးပွားများနေချေပြန်တော့သည်။

ဤကား—မျက်စေ့က မှားသည်မဟုတ်၊ မျက်စေ့သည် မြင်တတ်သော သဘာဝအတိုင်း အတွင်း အကြည်ရုပ်နှင့် အပြင်ရုပ်

တိုက်ဆိုမိသမျှ မြင်နိုင်သော အလင်းရောင် အခြေအနေရှိနေသမျှ မြင်သည်သာဖြစ်၏။ မှန်လို လူရှိရှိ မရှိရှိ သူ့ ရှေ့ကရှိလျှင် အရိပ်ထင်နေမည်သာဖြစ်သည်။ (တေဇောအကူ)

နားကလည်း ကြားတတ်သော အကြည်ရုပ် သဘာဝ အလျောက် လေလှိုင်းရိုက်ခတ်မှုရှိသမျှ ကြားမည်သာ ဖြစ်သည်။ မှန်ကာထားသော် သို့မဟုတ် လေလှိုင်း မပေါက်နိုင်အောင်အကာအကွယ် ရှိနေသော်မူကား မကြားပေ။ (ဝါယောအကူ)

နှာခေါင်းကလည်း ထိုလေထု ဆက်နေသမျှ နံ့စရာရှိနံ့မည်၊ မွှေးစရာရှိ မွှေးနေမည်သာဖြစ်၏။ ဤလည်း သူ့ သဘာဝ အလျောက် သူဖြစ်နေမည်သာဖြစ်၏။ (ဝါယောအကူ)

လျှာသည်လည်း သူ့ သဘာဝအလျောက် သူထိတွေ့သမျှ အရသာတို့ကို ထင်ဟပ်မည်သာ ဖြစ်သည်။ အထူးဂရုပြု၍ ငန်စေချိုစေချဉ်စေဟု လုပ်၍မရပေ။ (အာပေါအကူ)

ကိုယ် အတွေ့အထိ အပွတ်အတိုက် သည်လည်း ထိမိသည့်အတိုင်း ထင်ဟပ်ခြင်းသာဖြစ်သည်။ (ပထဝီအကူ)

အပြင်ဓါတ်ကြီး ၄-ပါးနှင့်ကင်း၍ ပဉ္စာရုံ မပေါ်နိုင်သည်ကို သတိပြု။

သို့ရာတွင် ဟဒယရှိသွေးဆုံရာ မနောဓါတ်သည်သာအကောင်း အဆိုး, အချိုအချဉ်တွေကို နှလုံးသွင်းနေခြင်းသာဖြစ်သည်။

ယင်းသို့ နှလုံးသွင်းမိလျှင် ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါန်၊ ဥပါဒါန ပစ္စယာ ဘဝ စသည်ဖြင့် သံသရာ ဆက်လာလေသည်။

ဖဿ ပစ္စယာ ဝေဒနာ-ထိတွေ့မှုမှ ကောင်းသည် ဆိုးသည် စသော ခံစားမှုကို ရောက်ရှိဖြစ်လျှင်ကား တော်သေး၏။ ကောင်းလျှင် ကောင်းသည်ဟု အမှတ်ပြုရုံတွင်ရပ်၊ ဆိုးလျှင် ဆိုးသည်ဟု အမှတ်ပြုရုံတွင်ရပ်။ဤသို့ ကောင်းဆိုး ၂-ခုကိုပင် ခြားနားမနေဘဲ တပြေးတည်းရောစပ်၊ ကောင်းဆိုးအာရုံကို ဥပေက္ခာဝေဒနာအဖြစ် ကြားချပြီး သိမ်းဆည်းလိုက်နိုင်ရန် အရေးကြီးသည်။

ဤဝေဒနာ (ခံစားမှု) နေရာတွင် မသိမ်းဆည်းဘဲ ရှေ့ဆက်ပြီး 'မကြိုက်ဘူး ကြိုက်တယ်၊ မကျေနပ်ဘူး ကျေနပ်တယ်' စသောသောမနဿ၊ဒေါမနဿကိစ္စ'မလိုချင်ဘူး လိုချင်တယ်' တွေဆက်လာပါက ကိစ္စတွေတသိကြီး များလာလေတော့သည်။ သံသရာလည်လာတော့သည်။

## ချုပ်တည်းရေးလည်း ဟဒယသာ

အတွင်း ပဥ္စာရုံနှင့် အပြင်အာရုံ ၅-ပါးသည် သူ့သဘာဝအလျောက်၊ သူ့သဘော သူ့ဓမ္မတာ သူမြင်ချင်တာမြင်၊ ကြားချင်တာကြား၊နံချင်တာနံ စသည်ဖြင့် ဥပေက္ခာလုပ်တတ်လျှင် ထိုကိစ္စများ မြင်ကာမတ္တ၊ကြားကာမတ္တ၊ နံကာမတ္တဖြင့် ကိစ္စပြီးသွားစရာရှိ၏။

ထိုတိုက်ဆုံမိသမျှ ပဥ္စာရုံတွေ ဟဒယ ရောက်မလာအောင် သိမ်းဆည်း ပစ်တတ်လျှင် အကောင်းဆုံးဖြစ်သည်။ ရဟန္တာနှင့် ပုထုဇဉ် ကွာခြားသည်ကား ဤအချက်တွင် ဖြစ်သည်။ ရဟန္တာများ၌လည်း မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်တွေနှင့်ပင် ဖြစ်၏။

သို့ရာတွင် ရဟန္တာတွေ၏ ပဋ္ဌာရုံမှာ ဟဒယသို့ ရောက်သည်နှင့် တပြိုင်နက် ရှေ့မဆက်အောင် သိမ်းဆည်းနိုင်စွမ်းရှိပေသည်။

လူ ပုထုဇဉ်တွေအဖို့ မလွဲသာလို့ ရောက်စေဦး၊ ဖဿ ပစ္စယာ အထိအတွေ့မှ ဝေဒနာ ခံစားမှုထက် မလွန်အောင် ထိန်းတတ်လျှင် ကလျာဏအဆင့်မှပင် ကျော်ထွက် လာနိုင်ပေသည်။ ဒုက္ခ အင်အား၊ လျော့ပါးသွားပေမည်။

ကလျာဏ ပုထုဇဉ်မှာ အဆိုးအကောင်းကို ခွဲခြား နားလည် သော အဆင့်ဖြစ်၏။

အတွင်း ၅၊ အပြင် ၅-တို့ တိုက်ဆုံသမျှ ထိမိခိုက်မိမှု မှန်သမျှ ဟဒယ မနောသို့ မရောက်လျှင်၊မရောက်သည်နှင့်တပြိုင်နက် သံဝိဂ္ဂ ကဂုဏ် ချက်ချင်းမြောက်၏။

ပဋ္ဌဝိဉာဏ်သည် မနောဖြစ်ပြီး ဝင်ပါလာက မဆုံးသံသရာ ဖြစ်သည်။ မနောအလုပ် ဝင်မရှုပ်လျှင် ချက်ချင်း လွတ်လာ သည်။

သို့ရာတွင် ပုထုဇဉ်သည် မနောအလုပ် မပါလျှင် မနေနိုင် အောင် အကျင့်ပါနေလေရာ၊ ဤ မနော သန္ဓေတည်ရာ ဟဒယ ရုပ်ဝတ္ထုကို ရုပ်ဘာဝအတိုင်း သူ့ဓမ္မတာ သဘာဝ အလျောက် သေးကြော အာရုံကြောဆုံရာ အဖြစ်သာလျှင် သတိထားတတ်ရန် အထူး အလေ့အကျင့်လိုသည်။

ဤ ဟဒယ ရုပ်နေရာကို လေးလေးနက်နက် အကဲခတ် ရှုမှတ် ဆင်ခြင်လျှင်၊ ရုပ်နာမ်၏ သဘာဝ ဤ ဟဒယရုပ်မှာပင် ထင်ရှား လာပေလိမ့်မည်။

ဤနေရာသည် တဏှာတို့ပေါ်ရာ၊ ဥပါဒါန်တို့ စွဲရာနေရာဖြစ်သည်။ အသက်ဇီဝဖြစ်ရာ ဥသ္မာ အပူဓါတ်လည်း ကိန်းအောင်းရာ ဖြစ်သည်။

သို့ရာတွင် ထိုဟဒယဝတ္ထု နှလုံးသားကို ခေတ်သစ်ဆေးသိပ္ပံက အတုများနှင့်သော်၎င်း၊ အခြားလူနှင့်ဆင်တူ သတ္တဝါများမှ သော်၎င်း၊ အဟောင်းအသစ် တပ်ဆင် လဲလှယ် နိုင်သည်ကို ထောက်က 'ငါ' ဟူသော အတ္တ ဒိဋ္ဌိ စွဲနေရန် ဘာမျှမရှိ။

လူဟူသော ကိုယ်ကာယသည် ၅-မျိုးသော ခန္ဓာပဉ္စကတို့ ဖြစ်ပေါ်အောင် စုပေါင်း တည်စပ်ထားသော မဟာဘူတဓါတ်၏ အစုအဝေး အထည်ဒြပ်မျှပါ တကားဟု သဘောပေါက် နိုင်ပေသည်။

ထိုရုပ်သားအစုအဝေး ဒြပ်သဏ္ဌာန်ထဲသို့ အရက်ဝင်လာသောအခါ၊ မူလရုပ်သွေးသားသည် သမုဟ လက္ခဏာ ပြောင်းလဲလာသည်၊ ဖေါက်ပြန်လာသည်။ ကိုယ့်ကိုယ်ကို ပိုင်သလို ဆိုင်သလို အထင်အမှတ် မှားနေသော 'ငါစွဲ' သက္ကာယသမားသည် တခဏချင်း ငါမပိုင်ဘဲ အရက်က ပိုင်သွားပြန်ကြောင်း ထင်ရှားလာသည်။

စိတ်သည် အဓိကဆိုသောသူပင် သူ့စိတ်နှင့်သူ မဟုတ်တော့ချေ။ အရက်ကလုပ်ပေးသော စိတ်သာဖြစ်လာလေသည်။ ခေါင်းကိုရိုက်လိုက်လျှင်လည်း ရုပ်တွင်းက သွေးအသွားအလာ အစီအစဉ် မှားသွားနိုင်သည်။ အိပ်ဆေးသောက်ခြင်းသည်လည်း ရုပ်ကို ရုပ်က အုပ်စီး သွားခြင်းတွေပင် ဖြစ်သည်။ အဆိပ် အတောက်လည်းထို့အတူ။

ထူးဆန်း ထိတ်လန့်ဘွယ်ရာကို မြင်၍ လန့်တက်သွားခြင်း၊ ထိတ်လန့်စရာကို ကြားလိုက်ခြင်း တို့သည်လည်း နှလုံးသွေး အားနည်းနေသော ဟဒယရုပ်၏ သွေးဆက်လုပ်ငန်း အစီအစဉ် လွဲသွားစေနိုင်ပေသည်။ အစီအစဉ်ဓမ္မတာ လွဲသွားသည်မှာလည်း မျက်စေ့မှပို့လိုက်သော အာရုံ၊ နားမှပို့လိုက်သော အာရုံတို့၏ လှိုင်းကရိုက်ခတ်လိုက်ခြင်း ကြောင့်သာ ဖြစ်ပေသည်။ နှလုံးသွေးအားကောင်းနေသူများသာ ထိုမျက်စေ့အာရုံ, နားအာရုံတို့၏ လှိုင်းဒဏ်ကို ခံနိုင်စွမ်းရှိကြ၏။

ထို့ကြောင့် နာမ်သည် ရုပ်ကိုအမှီပြု၍သာ ပေါ်ပေါက်နေသော အရာသာဖြစ်ကြောင်းကို သဘောပိုင်ပိုင် ပေါက်ကြပေလိမ့်မည်။ စိတ်သည်လည်း ထိုရုပ်နာမ် အဖွဲ့အစည်းရှိ အကြည်ရုပ် ၅-မျိုးကို အခြေခံပေါ်ပေါက်သော အရာဖြစ်ကြောင်း သဘောပေါက်ပေမည်။ ရူပံ ပဋိစ္စနာမံ ပဝတ္တိ- ရုပ်ကိုမှီ၍သာ နာမ်တရားပေါ်၏။ (ဝိသုဒ္ဓိ)

သဘောမှန်မှာ ဘူတရုပ်ကြီး ၄-မျိုးကို အခြေခံ၍ သာလျှင်ပေါ်ပေါက်နေသော ပညတ်ရုပ်, ဥပါဒါန်ရုပ်တို့ချည်းသာလျှင် ဖြစ်ကြကုန်၏။

ထိုဘူတရုပ်ကြီး ၄-မျိုးကို လောင်စာ ထင်းအဖြစ် စွဲဟပ်ပေါ်ပေါက်နေသောမီးတောက်နှင့် မီးခိုးကဲ့သို့သာလျှင်ဖြစ်သော သက်ရှိအထင် ရုပ်နာမ်တို့သာလျှင် ဖြစ်ကြပေသည်။

လောင်စာမရှိလျှင် မီးလည်းမရှိနိုင်၊ အခိုးလည်း မရှိနိုင်ပေ။ လောင်စာနှင့် မီးမတွေ့နိုင်အောင် ထားရန်သာ အဓိကဖြစ်သည်။

ပဋ္ဌာရုံကို ဟာဒယရှိ မနေဘဆီသို့ မရောက်အောင် 'ပြီးပြီးပျောက် ပျောက်' သဘောထားတတ်လျှင် ထွက်လမ်းဖြစ်သည်။

## လွတ်လွတ်ကင်းကင်း အသိ။

ဤနေရာတွင် ရုပ်နာမ်တို့ကို ရှုမှတ်ဆင်ခြင်ရာ၌၊ ပညတ်ရုပ် ပညတ်နာမ်ကို ပရမတ်ရုပ်၊ပရမတ်နာမ်နှင့် မခွဲခြားဘဲရှုမှတ်နေက လည်း အပိုသာဖြစ်ပေလိမ့်မည်။

လူသေသောအခါမှ 'ရုပ်ကြီးပါကလား၊ငှက်ပျောတုံး၊လက်ပံ တုံးပါကလား' နှင့် သိခြင်း၊သေသူ၌ အသိတရားမရှိပြီဖြစ်မှ နာမ် မရှိပါကလားဟု သိခြင်း၊ ရှုမှတ်ခြင်းမှာ ပညတ်ရုပ် ပညတ်နာမ် ၌ စွဲယူခြင်းသာဖြစ်သည်။

ထို့ပြင် ထိုရုပ်ကြွင်း အသုဘကောင်ကို ကြည့်မြင်ပြီးခါမှ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ ဓါတ် ၄-ပါး အစုအဝေး ပါကလားဟု သိစေကာမူလည်း၊ ထိုနည်း အသိမှာ၊ ပညတ် နယ်မှ ရုပ်ကြမ်းကြီးများကိုသာ ထင်ဟပ်ခြင်းဖြစ်၍ ဝိပဿနာ ရုပ်နာမ် သိမျိုးမဟုတ်ပေ။ ပရမတ် ရုပ်နာမ်ဖြစ်သော မသေခင် ကာလ တခဏတိုင်း တခဏတိုင်း၌ ဖြစ်လိုက်ပျက်လိုက်နှင့် ဥပ္ပါ ဒါဝယ သဘောကို ပရမတ်ဉာဏ် ထင်ထင်ဖြင့် ရုပ်နာမ်တို့၏ ဖြစ် ပျက်အစဉ်၊ သန္တတိ ဆက်နေသော အစဉ်အတိုင်းကိုသိမှ ပရမတ် ရုပ်၊ ပရမတ်နာမ်ကို သိခြင်းဖြစ်ပေသည်။

ပရမတ်ဉာဏ်ဆိုက်မှ ဝိပဿနာဉာဏ် အမှန်သို့ရောက်၏။

ပရမတ် ရုပ်နာမ်တို့ကို သိသောအသိမှာ ဉာဏ်သိ၊ပညာသိဖြစ် ၍ အလွန်စင်ကြယ် ကြည်လင်သော ပြတ်သားသည့် အသိဖြစ်

သည်။ ပြောသံကြား,ဟောသံကြား၊တဆင့်မှတ်နှင့် ကိုယ့်ကိုယ်ကို လှည့်စား ထင်မှတ်နေစေခြင်းမျိုးနှင့် မစပ်မယှက်၊လုံးဝကင်းလွတ်စွာ ပင်ကိုယ် သဘာဝဉာဏ်နှင့် ကေန်ထင်ရှားသိသော အသိမျိုး ဖြစ်သည်။ ထို အသိမျိုးသိမှ ပရမတ်သိဖြစ်၏။

ထို အသိအခံဓါတ် ရင့်ကျက်နေလျှင် ပညတ်လောကမှ လှည့်စားမှုအားလုံးကို အစဉ်ထိုးဖေါက် အမှန်ပေါက် မြင်သိနေခြင်း ဖြစ်၍ မယိမ်းမယိုင်,အလွန်ခိုင်မြဲသော အသိဖြစ်နေပေသည်။ ထို အသိ ( Concrete belief ) ကိုမည်သည့် ဥပါဒါန်မှလည်းမပူးမကပ် နိုင်ချေ။

ပရမတ်သိကိုရောက်လျှင် ရုပ်သည်လည်း ဘူတရုပ် အစုအဝေးသဘောအဖြစ်သာ မြင်၏။ နာမ်သည်လည်း ထိုရုပ်စုကို အမှီပြုပေါ်ပေါက်နေသော ပင်ကိုယ်မူလ ဘူတဓါတ်ရုပ်၏ အခိုးသတ္တိသက်သက်ဖြစ်ကြောင်း ထင်ရှားမြင်နေပေမည်။

ထိုရုပ် ထိုနာမ်သည် သဘော သီးခြားစီပင် မဟုတ်၊ တသားတည်း တသဘောတည်းဖြစ်၍ အတူဖြစ် အတူပျက်၊ဤသို့ ဖြစ်ပျက်အစဉ်ဖြင့် အတွင်းမှအပြင်ရောက်၊ အပြင်မှအတွင်းဝင် စသည်ဖြင့် ဤ ခန္ဓာ အစုအဝေးကို အရှိန်မပျက် ထွက်ချည်ဝင်ချည် လှည့်ပတ်ပုံစံ ဖေါ်နေကြခြင်းသာ ဖြစ်သည်။ ရုပ်ချည်း နာမ်ချည်းဟူ၍ သီးခြားစီဘယ်လိုမှ ခွဲမရပေ။ရုပ်သည်ပင် နာမ်ဖြစ်လိုက်၊နာမ်သည်ပင် ရုပ်ဖြစ်လိုက်ဖြင့် တရိပ်ရိပ် ဒြပ်သဏ္ဍာန် ထင်ရှားနေသည့် ခေတ္တအခိုက်အတန့်ကို ပရမတ်ဆတ်ဆတ်ကြီး ထင်ရှားသိအောင် ရှုမှတ်မှသာ ဝိပဿနာ ရုပ်နာမ်၏ ပရမတ် သဘာဝကို တွေ့မြင်နိုင်ကြမည်။

ရုပ်သတ်သက်ရှ၊နာမ်သတ်သတ်မှတ်နှင့် စာခြားစိမှတ်ပြီး လုပ်နေလျှင်ကား၊ ပညတ်လောကမှ ပညတ်သိကို စွဲမှတ်နေခြင်းသာ ဖြစ်ရှ၊ ပညတ်သားစစ်စစ်သာ ဖြစ်နေပေမည်။ ပညတ်သိမှာ ယိမ်းယိုင်တတ်သော သဘောရှိ၏။

ပဋိသန္ဓေကရုပ်ရောနာမ်ပါ ယခုမရှိပြီကိုကြည့်က၊ကလေးတုန်းက ရုပ်ရောနာမ်ပါ ဆိုစရာမကျန်အောင် ကွယ်ပျောက်ချုပ်ငြိမ်းခဲ့ပြီးဖြစ်သည်။ ကျောင်းနေတုန်း အရွယ်က ရုပ်နှင့် ထိုအရွယ်က ဂုဏ်တုဂုဏ်ပြိုင် ဝါသနာတွေလည်း ယခုလက်ရှိ ရုပ်နာမ်မှာပင် ရှာမတွေ့အောင် ဖြစ်နေသည်ကို ကိုယ့်ဟာကိုယ် သိနိုင်ကြမည် ဖြစ်သည်။

နောင်ခါ နာမကျန်းဖြစ်မည့်ရုပ်နာမ်သည်လည်း ရောက်လည်း မရောက်သေး၊ဖြစ်ကိုမျှ မဖြစ်ရသေးရှ၊ ယခုပစ္စုပ္ပန် ရုပ်နာမ်နှင့်အလွတ်ကြီးရှိသေးသည်။ နောင်ခါသေမည့် ရုပ်နာမ်လည်း ပညတ်အမြင်အထင်၌သာ ယခုရုပ်နာမ်ဟု ထင်သော်လည်း၊ သေခါနီးသောအခါ၊ သေမည့်ရုပ်နာမ်သာ ဖြစ်ပေလိမ့်မည်။ ယခုရုပ်နာမ်သည်၊ ထိုသေခါနီးအထိ ရှိဘို့မဆိုထားဘိ၊ နက်ဖန်ခါပင် ဤယနေ့ ရုပ်နာမ်မဟုတ်တော့ပေ။ မနက်က ရုပ်နာမ်သည် မနက်က စားသော အစာအဟာရနှင့် မနက်ကရှူသော လေနှင့်သာ ဆိုင်ခဲ့၏။ ယခုရုပ်နာမ်သည် ယခုစားသော အစာရေလေ၊ ယခု ရှူရှိုက်နေသော နေရာအရပ်က လေနှင့် ဖြစ်နေသော ယခု ရုပ်နာမ်သာ ဖြစ်သည်။ အားလုံး တလျှောက်လုံး တသိကြီး ဤအတိုင်း ဖြစ်ပျက်အစဉ်နှင့် ဆက်လာခဲ့ကြသည်။

ကမ် စိတ် ဥတု အဟာရသည်၊ ရုပ်နာမ်ကိုဖြစ်စေသော အရင်းအမြစ်များဖြစ်သည့်အတိုင်း၊မနေ့က ကမ် စိတ် ဥတု အဟာရသည် ယနေ့ရုပ်နာမ်တွင်း၌ ဘာမျှမကျန်တော့ပေ။ မနေ့ကပင်ချုပ်ငြိမ်းကွယ်ပျောက် ခဲ့ပြီးဖြစ်သည်။ ယခု ရုပ်နာမ်သည်၊ ယနေ့ ကမ် စိတ် ဥတု အဟာရနှင့်သာ ဆိုင်နေ ချေပြန်သည်။ (ကမ်ကို အလုပ်ဟု ယူသည်)

ရုပ်နာမ်သည် အချိန်မပြတ် ဒလစပ် ဖြစ်ပျက်အစဉ်နှင့် ပေါ်ပေါက်နေသော ဆီမီးတောက်၏ အခိုးအရောင် ပမာ သာ ဖြစ်သည်။ ထို့ကြောင့် ထိုရုပ်နာမ်ကိုအမှီပြု၍ စွဲထင်နေသော သက္ကာယ'ငါ' သည်လည်း၊ မနေ့က 'ငါ'သည် မနေ့က ရုပ်နာမ် နှင့် ပင်ကိစ္စချောခဲ့ပြီး ဖြစ်သည်။ ဘယ်မျှမနေ့က ငါမဟုတ်သနည်း ဆိုလျှင်၊ မနေ့ကစားသော မနက်ထမင်းဟင်း၏ အရသာကို ယနေ့ရုပ်နာမ်၏ ယနေ့'ငါ'က မမှတ်မိတော့ပေ။ သညာဟောင်းနှင့်အတူ မှိန်မှိန်ဝိုးတိုးဝါးတားမျှဖြင့် ကျန်ရစ်ခဲ့ချေပြီ။

မနေ့က'ငါ'၏အသေးစိတ်လုပ်ငန်းကိစ္စ ပြောဆိုခဲ့သမျှစကားများကို ယနေ့'ငါ'သည် တဝက်မျှပင်ပြန်၍ မသိတော့ပေ။

ဤမသိခြင်းသည်ပင် မနေ့ကငါနှင့် ယနေ့ငါသည် တခြားစီဖြစ်လာကြောင်း ထင်ရှားနေသည်။ နောက် ၄, ၅-ရက်ကြာလျှင် ရှာ၍ပင် ရတော့မည်မဟုတ်။

ဤမျှမမြဲသော ဒလစပ် ပြောင်းလဲဖြစ်ပျက်နေသော ရုပ်နာမ်ကိုအစွဲပြု၍ ထင်ဟပ်နေရသော သက္ကာယသည်လည်း ရုပ်နာမ်နှင့်အတူ အစဉ်ပြောင်းလဲ ဖြစ်လိုက် ပျက်လိုက်သာလျှင် ရှိနေသော အနိစ္စသဘာဝသာ ကောန်မှန်နေချေပြီ။

ဤပရမတ်ရုပ်, ပရမတ်နာမ် ဘာဝသည် အစဉ်သဖြင့် အတူဖြစ် အတူချုပ်ဖြင့်သာ ဤဘဝသံသရာကို ဆက်နေခြင်းဖြစ်သည်။ အတိတ်ရုပ်နာမ်တို့သည် အတိတ်၌သာ ချုပ်ပျောက်ခဲ့ကြကုန်ပြီ။ ပစ္စုပ္ပန် ယခုရုပ်နာမ်သည်၊အတိတ်ရုပ်နာမ်နှင့် အကြောင်းမကင်းခဲ့သည်မှတပါး၊ အားလုံးတခြားစီ ဖြစ်ခဲ့လေပြီဟု ထင်ရှားသိနိုင်ရပေသည်။

ဤသို့ ဝိပဿနာဉာဏ် ပရမတ်အသိမျိုး မကိန်းအောင်းဘဲ၊ အလွဲရုပ် အလွဲနာမ်ကို ဝိပဿနာမှတ်ပြီး ရှုမှတ်နေပါက၊ ဤလောက ကုန်သည်တိုင် မဂ်ဖိုလ်နှင့် ဘာမျှမဆိုင်ပေ။

## လွတ်လွတ်ကင်းကင်းမှတ်။

တိုက်ရိုက်ရှုမှတ်ရမည့် ပရမတ်ဘူတ ရုပ်များမှာ၊ပါးစပ်မှသွင်းသောဘူတရုပ်၊နှာခေါင်းမှ ဝင်ချည်ထွက်ချည်ဖြစ်နေသော ဘူတရုပ်တို့ကို ဤရုပ်ဤနာမ်နှင့် ဆက်စပ်ပေါ်ပေါက်နေသည့်အတိုင်း သဘော ထင် ထင် မြင်အောင် ရှုမှသာ ပရမတ်ဘူတ သခါရ၏ လက္ခဏာကို သိမြင်ကြပေလိမ့်မည်။

ရုပ်နာမ်ကို ရှုမှတ်ရာ၌ ပညတ်သိ, ပညတ်မြင် တချက်ဝင်လာလျှင်၊ပရမတ် ရုပ်နာမ်ဘာဝကိုသိရန် အလွန် မျက်စေ့လယ်သွားတတ်၏။နာမ်ကို'ငါ'မှတ်လာပြီး၊ ရုပ်ကိုသာ ကိုယ်ပိုင်ကိုယ်ဆိုင်မဟုတ်၊ အနတ္တဘဲ ဘာဘဲနှင့် ကိုးရိုးကားယား ဖြစ်လာလျှင် အားလုံးတလွဲတချော် ဖြစ်ပြီ။

ဤရုပ်ဤနာမ် အဖွဲ့အစည်းသည်၊ ဩကာသလောက တခုလုံးရှိ ပရမတ်ဘူတဓါတ်ကြီး ၄-မျိုးနှင့် တပြေးတည်း သဘာဝတခု

တည်း ရောစပ် သွားအောင် သဘောမှန်ကို ပေါက်မှ ဝိပဿနာ ဉာဏ်ပေါက်သည်။

တခုခုကလေးကို ကပ်သီးကပ်သတ် ပညတ်တပ်၍၊ ကျန်နေလျှင် ဝိပဿနာဉာဏ် မဟုတ်သေးပေ။

တခါတရံ လူသေတာကိုကြည့်ပြီး နာမ်ချုပ်သည်ကိုသာ သိလျက်၊ ရုပ်ချုပ်ထာကိုမူ ရုပ်ဟောင်း အသုဘကြီး ထင်ရှားမြင်နေသောအခါ၊ ရုပ်နှင့်နာမ် တပြိုင်တည်း ဖြစ်သလို တပြိုင်တည်း ချုပ်သည်ကိုမမြင် ဖြစ်နေတတ်သည်။

မြင်နေရသေးသော ရုပ်ကား၊မြေကြီးထဲရောက်၍ နှစ်ပေါင်းများစွာ ကြာသည့်တိုင် ဆံပင်နှင့် အရိုးစုများကို တွေ့နိုင်သေးသည်ဖြစ်ရာ၊ ရုပ်ချုပ်သည်ကို သဘောပေါက်ရန် မလွယ်ပေ။

ထို့ကြောင့် သက်ရှိသက်မဲ့တို့၌ ဖြစ်ပျက်နေသော ပညတ်ရုပ်နှင့် ပရမတ်ရုပ်များကို ရှင်းရှင်းလင်းလင်း သိထားရန်အရေးကြီး၏။ ပရမတ်ဓါတ်ရုပ်ကို သိစေကာမူလည်း၊ တချိန်နှင့်တချိန် အစဉ်ပြောင်းလဲဖြစ်ပျက်နေသော ရုပ်နှင့်နာမ် အဘူဖြစ် အတူပျက်နေသည်ကို မသိလျှင် ဝိပဿနာဉာဏ် အမြင်မှန် အသိမှန် မဟုတ်သေးချေ။

ရုပ်နာမ် ၂-ခုမှာ တခုနှင့်တခု မကွဲပေ။ပရမတ် ပထဝီ၊ ပရမတ် အပေါ၊ ပရမတ် ဝါယော၊ ပရမတ် တေဇောတို့မှာ အမြဲအတူ တပြေး တညီတည်း ရုပ်လည်း နာမ်၊နာမ်သည်ပင် ရုပ်အဖြစ် ဒွန်တွဲခါ အစဉ်အတူ ဖြစ်ပျက်နေသည်ကို တွေ့မြင်မှသာ ချက်ချင်း ဖြစ်သည်ကို ဖြစ်မှန်းသိသည်။ ချက်ချင်းပင် ပြန် ပျက် သွားပုံကို လည်း ပျက်မှန်းသိသည်။

ဘူတရုပ်ကလာပ် အကြမ်းကြီးများကိုသိခါမျှနှင့် ထိုဖြစ်ပျက်မှုကို၌ထင်နိုင်ခဲလှ၏။ ထို့ကြောင့် သက္ကာယမက္ခာ နိုင်ကြခြင်းဖြစ်နေသည်။

ဘူတရုပ်ကြီး ၄-မျိုးတို့ကား-၎င်းတို့မှတာ သဘာဝအရသာလျှင် ၎င်းတို့သတ္တိအတိုင်း ပြုပြင်ပြောင်းလဲနေကြခြင်းသာဖြစ်၏။

ထိုပြုပြင် ပြောင်းလဲ နေမှုကြောင့် ခေတ္တ, ခဏမျှ၊ ပေါင်းစပ်ဖွဲ့စည်းမှုကလေး ကြုံရသခိုက်၊ ရုပ်နာမ်ဟူ၍ ဖြစ်လာရခြင်းသာဖြစ်သည်။ ဤသို့ ရုပ်နာမ်စပ်လာသော ခေတ္တခဏ အပေါင်းအစပ် အခိုက်အတန့်ကလေးကို 'ငါ'ဟုဘမ်း၍ ပညတ်တပ်ခါ ဥပါဒါန်စွဲနေသော သက္ကာယဒိဋ္ဌိကိုသာလျှင် မြင်အောင် မိအောင်၊ သိရန်သည် ဝိပဿနာပင်ဖြစ်သည်။

သိသည်ဟူသော ကိစ္စ၌ပင် 'ငါသိ'ဟူသော ကတ္တားတခုအနေနှင့် သိရန်မဟုတ်။ ပရမတ်ဉာဏ် သက်သက်မျှက သိရန်သာဖြစ်၏။ ဤသိခြင်းဖြစ်သော ပရမတ်ဉာဏ်သည်ပင် ဤဘူတရုပ်တို့၏အပေါင်းအဖွဲ့ အဖြစ်မှ ပေါ်လာသော ဉာဏ်သက်သက်ဟု သဘောပေါက်မှ မှန်သည်။ ဘူတရုပ်နှင့် ကင်းလွတ်သော သီးခြားကတ္တား တခုအနေနှင့် သိခြင်းဖြစ်သည်ဟု ထင်ပါက၊ လမ်းလွဲ၍သွားပေလိမ့်မည်။ ဤအချက် အလွန်အရေးကြီး၏။

ရုပ်နာမ်၏ လက္ခဏာသဘာဝကို သိစေကာမူလည်း၊ ကတ္တားတစုံတရာက သိနေလျှင် သမုတိသစ္စာသိ သာဖြစ်မည်။ သမုတိသစ္စာနယ်ကို ရောက်ရုံမျှကား ပညတ်နယ်မှ မလွတ်သေး၍၊ အကြောင်း ထူးဦးမည် မဟုတ်။ အန္တပုထုဇဉ်ထက် တထစ်သာမြင့်

လာသော ကလျာဏအဆင့်လောက်သာ ရှိပေဦးမည်။ သံသရာ၏ ထွက်လမ်းဖြစ်သော မဂ်ဖိုလ်စခန်းနှင့် အဝေးကြီး တခြားစီရှိ သေး၏။

'ငါမရှိ'ကတ္တားမပေါ်၊ ပရမတ်ဉာဏ်သက်သက်က သိသော အသိမျိုးဖြစ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရှေ့ရှုလာသော အသိဖြစ် သည်။ ဤအသိမျိုးမှ ခိုင်မာသော အသိမှန်ဖြစ်သည်။

ကိုယ်ကာယ အဆောက်အအုံ ဖြစ်သော ဤ ရုပ် ဘာဝသည်၊ ဣရိယာပထ တည်းဟူသော သွားခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်း တို့ကိုလည်း ပြုလျက်ရှိမည်။ မှန်ကန်သော စား သောက် ရှုထုတ်မှုများကိုလည်း ပြုနေမည်ဆိုက ရုပ်ကောင်းအဖြစ် ဒြပ်အထည်သဏ္ဌာန် ပေါ်ရပေမည်။

ထိုသို့ ကောင်းနေသောရုပ်၌ ကောင်းသော နာမ်သည်လည်း အလိုလိုပင် ရုပ်နှင့်တကွ ဖြစ်လာမည်ဖြစ်သည်။

ရုပ်ကောင်းလျှင် နှလုံးသွေးကောင်းလျက်ရှိသည်။ နှလုံးသွေး လှည့်ရာ ဤ ဟဒယ နှလုံးသည်သာ ရုပ်နာမ်တို့၏ အချက်အခြာ ဗဟို ပင်မဖြစ်သည်။

ကိုယ်အမူအရာ နှုတ်အမူအရာ ကောင်းနေလျှင်၊ နှလုံးသွေး ကောင်းနေသော လက္ခဏာပင်ဖြစ်၏။ အသက်ရှူတိုင်း ရှူတိုင်း ထုတ်တိုင်းထုတ်တိုင်း ကောင်းနေသော နှလုံးသွေး လည်ပတ်နေ သည်နှင့်အမျှ ရုပ်နာမ်ကောင်းသည် အစဉ်ဆက်ခါ၊ ဖြစ်လိုက် ချုပ်လိုက်နှင့် အတူတကွ ဖြစ်ပျက် သဘာဝဖြင့် အရှိန်မပျက် ရုပ်နာမ် ထင်ရှားနေသည်။

သွားလျှင် သွားသော ရုပ်နာမ်အဖြစ် ပေါ်မည်။ ထိုင်လျှင် ထိုင်သော ရုပ်နာမ်အဖြစ် ထင်ရှားမည်။ အိပ်လည်း အိပ်နေသော ရုပ်နာမ်အဖြစ်ရှိမည်။ ထလျှင်လည်း ထသော ရုပ်နာမ်အဖြစ် မှန်မှန် ကူးဆက် ရပ်တည်နေပေလိမ့်မည်။

ဤအထဲမှာ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်စသော ပဉ္စာရုံတို့က တိုက်ဆိုမိသမျှတို့ကို ဥပေက္ခာ ဝေဒနာမျှနှင့် ခံယူတတ်လျှင် ထိုပဉ္စာရုံတို့က နှလုံးသွေးအထိ လာ၍ နှောက်ယှက် နိုင်မည် မဟုတ်။

သို့ရာတွင် မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့၌ တိုက်ဆိုမိသမျှသည် ဝေဒနာမှကျော်ပြီး နှလုံးသွေးအထိ တွန်းကန်လာလျှင်၊ တည်ငြိမ်သော ဝိညာဏက္ခန္ဓာသည် ငြိမ်ရာမှ လှုပ်ရှားလာနိုင်၏။ ဝိညာဏဓါတ် လှုပ်ရှားလာသည်နှင့် တပြိုင်နက်၊ လောဘ, ဒေါသ, မောဟ စသော ကိလေသာတခုခု ဝင်လာသော်၊ ထိုကိလေသာနှင့်ယှဉ်သော ဝိညာဏသည် နှလုံးသွေး လည်ပတ်နေသော အစဉ်တွင် ဝင်၍နှောက်လေသည်။

ဤသို့ နှောက်သည်နှင့် တပြိုင်နက်၊ ထိုကိလေသာ သွေးသည် ရုပ်ကို လွှမ်းလာ၏။ လောဘသွေးဖြစ်လျှင်၊ လောဘရုပ် ဖြစ်လာသည်။ ဒေါသသွေးဖြစ်လျှင်၊ ဒေါသရုပ် ဆောင်လာသည်။ မောဟသွေးဖြစ်လျှင် မောဟရုပ် ပေါ်လာမည်။

ဤသို့ဖြင့် နဂိုရှိ ပကတိအရ ဘာမျှမဖြစ်သော ဝိညာဏက္ခန္ဓာသည် မျက်စေ့မှမြင်သော, နားမှကြားသော, နှာခေါင်းမှနံသော လျှာမှတွေ့သော အရသာ, ကိုယ်မှ ထိတွေ့ရသော ဖောဋ္ဌဗ္ဗ တစုံ

တရားတို့က ထိုးဆွသည့်အတိုင်း ထိခိုက်မှုသာလျှင်၊ ဆိုင့်ရာဆိုင်ရာ အာရုံစိတ်များ ဖြစ်ပွားပြီး ဤရုပ် ဤနာမ်ကို တပြိုင်နက် တက်၍ လွှမ်းမိုးနိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် ရုပ်နာမ်သည် အတွင်း ဟဒယ၌ ဝင်လာသော ဝိညာဏ လက္ခဏာ (အသိ) နှင့်ယှဉ်သော သွေးအား လှည့်လည်သည့်အတိုင်း ရုပ်နာမ်အစဉ်ပြောင်းလဲ ဖြစ်ပျက်နေခြင်းဖြစ်သည်။ ဤသွေး လှည့်ပုံကို သိရန်လို၏။

ပဉ္စာရုံမှ အတိုက်အဆိုတို့၏အားကို ဟဒယ ခေါ် သွေးဆိုရာ မနော ဝိညာဏ်သို့ မရောက်အောင် တားဆီးနိုင်သော သတိသည် ဝိပဿနာအလုပ်၌ အရေးအကြီးဆုံး ဖြစ်ပေသည်။

## လွှတ်လွှတ်ကင်းကင်းရှု။

မီးလောင်၍ လန့်ပြီး တက်သွားခြင်း မျိုးသည် မီးလောင်ကြောင်း မျက်စေ့ ကလည်း မြင်မည်။ သို့မဟုတ် နားကလည်း ကြားသည်ဆိုက မြင်သည် ကြားသည်နှင့် တပြိုင်နက်၊ ထိုမြင်မှု ကြားမှုအာရုံက တွန်းကန်လိုက်သော အရှိန်သည် နှလုံးသွေးကို ဝင်ဆောင့်လိုက်သောကြောင့် ဖြစ်၏။ အခြား လန့်စရာ ထိတ်စရာ တို့ကိုလည်း ဤအတိုင်းပင်ဖြစ်သည်။

ဤအရှိန်သည် သက္ကာယ အားကြီးလျှင်၊ကြီးသလောက်ထိခိုက်၏။သက္ကာယ 'ငါစွဲ' နည်းလျှင် နည်းသလောက်သက်သာသည်။

လက်တွေ့အကဲခပ်ရန် ဥပမာတွေ့ အများကြီးရှိသည်။ဘယ်က ဘယ်သူမှန်း မသိသူတယောက် ကားတိုက်လို့ဖြစ်ဖြစ်၊ဇွဲကြိုးချ၍

ဖြစ်ဖြစ်၊ရောဂါကြောင့်ဖြစ်ဖြစ်၊ဒမြတိုက်ခံရလို့ဘဲဖြစ်ဖြစ်၊ပြန်ပေးဆွဲလို့ဘဲဖြစ်ဖြစ်, သေချင်သည့် နည်းနှင့် သေသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်စေဦး၊ ကိုယ်နှင့်မဆိုင် (ကိုယ့်သက္ကာယနယ်ထဲကမဟုတ်) လျှင် ဘာမျှမထိခိုက်လှချေ။

လူ့ယဉ်ကျေးမှုအရ ကရုဏာရှိလျှင် ရှိသလောက် လူနှင့်လူချင်းစောင့်ရှောက်ရမည့်ဝတ္တရားအတိုင်း ကူညီယိုင်းပင်းတန်သမျှ ကူညီရုံသာရှိ၏။ ထိုထက်ပို၍ သောကပရိဒေဝ နယ်အထိမရောက်သေး။

အချို့ကား ကူညီဘို့မဆိုထားဘိ၊ ပြောင်ပြောင်ပင် ရှောင်၍များသွားနိုင်သည်အထိ၊ ကင်းလိုက်ရှင်းလိုက် လွှတ်လပ်လိုက်ကြသေး၏။(မဆိုင်သေးဘဲကိုး)

သို့ရာတွင် ကိုယ့်သားလေး၊ ကိုယ့်နှမလေး၊ ကိုယ့်အမိအဘစသည်ဖြင့် ဖြစ်လာသောအခါ၊ခြေမကိုင်မိ လက်မကိုင်မိ ယောက်ယက်ခတ်ပြာလောင် ပူဆွေး သောက ဒုက္ခ ပရိဒေဝတွေ ဖြစ်လာတော့သည်။

မိတ်ဆွေတယောက်သည် လဘက်ရည်ဆိုင်ထဲတွင် အတူ ပျော်ပျော်ပါးပါး စကားပြောနေ၏။ ထိုအခိုက် ကားတိုက်သည်ဟု လူအချို့က ပြောသဖြင့် သိသော်လည်း ဘာမျှမဖြစ်သေး။ ထိုမိတ်ဆွေသည် နိုင်ငံရေးအခြေအနေတွေကို ဝေဖန်ပြောဆိုနေတုန်းရှိသေး၏။

မရှေးမနှောင်းပင် လူငယ်တယောက် ပြေးဝင်လာပြီး မိတ်ဆွေအား အတင်းအော်၍ 'ဖေဖေ-အမလေး ကားတိုက်လို့ လုပ်ပါအုံး-သွေးတွေနဲ့ လဲနေပြီ'

မိတ်ဆွေသည် ' အမယ်လေး' ဟု အော်ခါ ထိုသူငယ်နှင့်အတူ အော်ဟစ် ထ ပြေးလေသည်။ ကျန်ရစ်သူများပါမနေသော ကိုယ့် အသိုင်းအဝိုင်းထဲက ကလေးဖြစ်နေပြီဟူသော အသိသည် တမ ဟုတ်ချင်း ဝင်လာသည့်အလျောက်၊ နောက်ကထက်ချပ် ပြေး လိုက် ကြရလေသည်။ သက္ကာယသည် တန္ဒယ်ငင် တစင်ပါချေ သေးသည်။

မကြာခဏ မီးလန့်နေသော တနေ့ချိန်တွင် 'မီးတဲ့' ဟု အသံ ကြားလျှင်၊ ကဗျာကရာ ထ ကြည့်ကြသည့်။ ကိုယ့်အရပ်နှင့် အ ဝေးကြီးဆိုတာ သိရသောအခါ၊ ပြန်ထိုင် သူက ထိုင်ကြသည်။ နီးသည်ဆိုသူများက ပြေးကြလေသည်။

ဤကား သက္ကာယ အစွဲပင်ဖြစ်၏။ ရုပ်နာမ်၏သဘာဝကို ထင် ရှားခိုင်ခိုင် သဘောပေါက်ထားသောအခါ၊ ထိုသက္ကာယ၏အင် အားသည်၊ ပူးကပ်ချင်သလောက် ပူးကပ်နိုင်စွမ်း မရှိတော့ပေ။ လုံးလုံး ပြုတ်ထွက်သွားလျှင်ကား တဏှာပါအမြစ်ပြုတ်ပြီး အ ထက်မဂ်တွေသည် တချက်တည်းပွင့်ကာ ရဟန္တာ ဖြစ်သွားပေ မည်။ ဤလောက တခုလုံးကိုလည်း တပြေးတညီ တည်းသော မြူအမျိုးမျိုးတို့၏ အပြင်ကြီးအဖြစ်သာ မြင်လေတော့မည်။

ထိုမြူများသည် အစိုင်အခဲ ဖွဲ့သည့်အခါဖွဲ့လိုက်၊ ပျက်သည့် အခါ ပျက်လိုက်ဖြင့် ဖြစ်ချည်ပျက်ချည်နှင့် ပုံသဏ္ဌာန် အမျိုးမျိုး ပေါ်ခါ၊ဤလောက၌ သက်ရှိဟုရင်း၊သက်မဲ့ဟုရင်း ခေါ်ချင်သ လိုခေါ်ဆို ပညတ်တပ်နေကြခြင်းသာ ဖြစ်တော့၏။

ဤမြူတို့၏ အဖွဲ့အစည်း ချည်းသာလျှင်ဖြစ်သော အသွင်သဏ္ဍာန်နှင့် ၎င်းတို့၏ဖွဲ့စည်းသော တခဏ၏ အချိုးအစားအရ သဘောသတ္တိ အမျိုးမျိုး အဖုံဖုံ ကွဲပြားဖြစ်ပေါ်နေသော အခိုက်အတန့်ကိုပင် ပညတ်တတ်စွဲနေကြခြင်းကြောင့်သာ 'ငါ–သူ တပါး, ယောကျ်ား မိန်းမ, တောတောင်, သမုဒ္ဒရာ, မြေပြင် ရေပြင်'ဟု ခေါ်တွင်နေကြခြင်းသာ ဖြစ်ချေသည်။

အကြွင် နှင်းဆီပွင့် ကလေးသည် မနေ့က မရှိသေး ယနေ့ပွင့်ကား၍ လှနေသည်။ နောက် ဘယ်နှစ်ရက် ဤသို့ လှနေဦးမည်နည်း။ အလွန်ကြာလှလျှင် ၂-ရက်ထက်မပိုပေ။ အပင်သည်ပင် နေလှမှ ၁၀-နှစ် ၁၅-နှစ်ရှိမည်။

အကြွင် မိန်းကလေးသည် ချော၏ လှ၏ဟု ဆိုကြ၏။ သူသည် သူ့မိဘ၏ သုတ်သွေးဖြင့် ဇာတိ ဖြစ်လာသည်။ အစာ ရေ လေတို့ကို နေ့ရက်မပြတ် ရှူရှိုက် သွင်းယူ စားသောက်ခြင်းဖြင့် ဤရုပ်ခန္ဓာနှင့် ဤ နာမ်ဘာဝ အသိကလေးကို အဆက်မပြတ် ထူထောင်၍ ဤ အရွယ်အထိ ရောက်လာသည်။ သူ အဘယ်မျှ ဤအရွယ် ဤရုပ်အတိုင်း တည်နိုင်မည်နည်း။ ၄၀-ကျော်လျှင် ရှုံ့တွလာမည်။ အလွန်ကြာလှမှ အနှစ် ၇၀-၈၀ မျှသာ သူ၏ရုပ်နာမ် ဆက်ပေမည်။ ထိုထက်လွန်သော် သူမရှိနိုင်တော့ပေ။

သူ၏ ယခုလှပ တင့်တယ်နေ့သေးသော အသွင်သဏ္ဍာန်သည်ကား၊ သူ၏မျိုးဆက် ပြန့်ပွားရေးအတွက်၊ မျိုးစပ် အခြားရုပ်နာမ်တခုကိုညို့ယူရန်သာဖြစ်သည်။ သူ၏ရုပ်နာမ်က စားသောက် ရှူထုတ် မပြတ်လုပ်နိုင်သရွေ့၊ နှစ်ပေါင်း ၉၀-၁၀၀, အထိ ဆက်

နိုင်ရှိနိုင် သေးသည်ထားဦး၊သူ၏ရုပ်ကာယအလှသည်၊ မျိုးဆက်ပွားလာပြီးနောက်၊ တရွေ့ရွေ့ ကျဆင်းရွေ့လျော ရချေတော့မည်။အသက် ၄၅ -၅၀-ကျော်လျှင်ပင် ဤရုပ် ဤနာမ်မျိုး မဟုတ်တော့။ ယခုမြင်နေရသော သူအိုများကဲ့သို့သော အိုခြင်း၊နာခြင်းဆီသို့ ရွေ့လျောပျက်စီး ပေတော့မည်။ တဏှာမ,ဥပါဒါန်မ တဦး၏ တဘဝရုပ်နာမ် ဇာတ်သိမ်းခန်းသာ ဖြစ်သည်။

အကြင် ယောကျ်ားကလေးသည် ချော၏၊ယောကျ်ားပီသ၏၊ ပညာဂုဏ်နှင့် ပြည့်စုံ၏။ ထိုချောခြင်း, ယောကျ်ား ပီသခြင်း, ပညာဂုဏ်ရှိခြင်း တို့သည်လည်း သူ၏မျိုးစပ် ပြန့်ပွားဘက် တဦးနှင့် ထိုမျိုးစပ်ဖြင့် ပေါက်ပွားလာလတံ့သော သူ့အညွန့်အတက် လူသား အစုအဝေး တရပ်ကို ထိန်းသိမ်း စောင့်ရှောက်ရန်သာ ခေတ္တမျှ ဖြစ်ပေါ်နေသော(အစာ ရေ လေတို့နှင့် ထင်ရှားဖြစ်နေရသည့်) ရုပ်နာမ် အစုအဝေး ကလေးမျှသာ ဖြစ်သည်။

သူလည်း နောက်နှစ် ၅၀-၆၀- ကျော်လျှင် ဇရာဒုဗ္ဗလအရွယ်သို့ရောက်၍၊ ဤရုပ်ဤနာမ်မှ ထိုရုပ်ထိုနာမ်သို့ ဆက်လက်ပြောင်းလဲသွားပေဦးတော့မည်။ဤသို့ အဆင့်ဆင့် အဟောင်းချုပ်ပျက်၊ အသစ်ပြန်ဖြစ်၊ အစဉ်အရ ထိုရုပ်နာမ်သည်ပင် နောင်နှစ်ပေါင်း ၉၀-၁၀၀-တွင် ထိုသူလည်း ဤလောကမှ ချုပ်ကွယ်ပျောက်ပျက်သွားပေဦးတော့မည်။ ကိလေသာကောင် တဦး၏ ရုပ်နာမ်ဘဝ နိဂုံးချုပ်ခြင်းသာ ဖြစ်ပေဦးမည်။

အကြင်ကလေး ငယ်ကလေးသည် ယခုမွေးလာ၏။ သူ့မိဘ၏ သုတ်သွေးမှ အခြေခံ သန္ဓေတည်ခါ၊ ၁၀-လခန့်တွင် ဤလူ့လော

ကဘောင်ထဲသို့ ရောက်လာသည်။ ယခုကား နုနယ်သေး သော ခန္ဓာကိုယ်ကလေးကြောင့် အစာကြမ်းကို မသွင်းယူသေး။အမိ၏ နို့ဖြင့်သာ ခန္ဓာကိုယ်ကလေး တည်ဆောက်နေရဆဲ ရုပ်နာမ်အစုကလေးမျှသာ ရှိသေးသည်။ သူ၏ ဝိညာဏ်အသိသည်၊ သူ့ခန္ဓာကိုယ် လက်ရှိအခြေအနေနှင့် ကိုက်ညီသောအသိထက် မပိုသေး။ ပို၍လည်း မဖြစ်သေး။ သူ့ပဋိသန္ဓေရုံ အကြည်ဓါတ်တို့သည်၊ သူ့နုလုံးအိမ်သို့ အစဉ်ရောက်သည် မှန်သော်လည်း၊သူ့ဝိညာဏက္ခန္ဓာ လှုပ်ရှားရန် သူ့နုလုံးအိမ်သွေးသားက မှီအောင်မလိုက်နိုင်သေး။ သူ၏ ဦးနှောက် ကြောမျှားလည်း နုသေးသည်။ အလွန် ဒီဃရှိများသော ဝိညာဏက္ခန္ဓာ၏ အတွန်းအကန်သည်၊ ထိုအကြောငယ်များ တွင်းသို့ ကောင်းစွာမရောက်နိုင်သေး။ ထို့ကြောင့် သူ့နုလုံးသွေးအား အလွန်နုနယ်နေသေးသည့်အခိုက်၌၊သူ၏ လောဘ ဒေါသ, မောဟ, ကိလေသာများသည်၊ နုနယ်သော နုလုံးသား နှင့် အချိုးအစား ကိုက်ညီရုံသာ ရှိသေးသည်။

သို့သော် သူအဘယ်မျှ၌အတိုင်း နေမည်နည်း၊နောက် ၂-နှစ် ၃-နှစ်၊ ၄-နှစ်စသည်ဖြင့် သူ၏ရုပ်ရော နာမ်ပါ၊ အတူတကွ ဖြစ်ပျက်ပြောင်းလဲ လာချေတော့မည်။ သူလည်း သူ့မိဘမှ ဆင်းသက်လာသော ပဋိသန္ဓေပါ မြူဓါတ်၏ သတ္တိအလိုက်၊ ဓလေ့စရိုက် အမျိုးမျိုးနှင့် ပတ်ဝန်းကျင် အတွေ့အကြုံတို့မှ သူ့ပဋိသန္ဓေရုံက ပို့သမျှ ဝိညာဏဓါတ်များ ပေါ်ပေါက်ခါ၊ သူ့ဘိုးဘွားဘီဘင်တို့၏ အစဉ်အလာအတိုင်း နေ့ခင်နှစ်ပေါင်း ၉၀-၁၀၀ ထက်ပို၍ တည်ရှိနိုင်မည်မဟုတ်။ ဤလောက ရုပ်နာမ်အစုအဝေးမှ ပျက်စီးပျောက်လွင့်သွားမည်သာ ဖြစ်သည်။

ဤသစ်ပင်ကြီးသည် လွန်ခဲ့သော အနှစ် ၁၀၀-က၊ မျိုးစေ့မှ အညှောင့်ပေါက်စ ဆံချည်မျှင်သာသာမျှ ရှိပေဦးမည်။ သူလည်း မြေ ရေ လေ အပူငွေ့တို့နှင့် ဤအချိန်ဤအခါအထိ၊ ဤအရွယ် အရောက် ကြီးထွားလာရခြင်း ဖြစ်သည်။နှစ်စဉ် ရွက်ဟောင်းတွေ ကြွေ၍ ရွက်သစ်တွေလဲခဲ့ပြီ။ သူ့အပွင့်အသီးတို့မှလည်း မျိုးဆက် များ ပြန့်ပွားခဲ့ပြီ။ သူနှင့်အတူ ပေါက် ခဲ့သော အပင်များသည် ယခု စားပွဲ, ထိုင်ခုံ, ဘီရို, အိမ် အဆောက် အဦတွေ အဖြစ်သို့ပင် ပြောင်းလဲကုန်ကြပြီ။သို့အကိုင်းအခက်တို့လည်း ထင်းမီး လောင် စာတွေဖြစ်ခါ ပျက်ပြုန်းပျောက်ပျက် ခဲ့ပြီ။

ဤသစ်ပင်ကြီး အောက်၌ ကစားခဲ့သော လူသားငယ်များ၊ ၎င်း၏အရွက်ကို စားသောက် သွားကြသော တိရစ္ဆာန် များပင် ယခုမရှိကြတော့။

ဤအပင်ကြီးလည်း ယခုပင်အတွင်း၌ ပိုးစားသောအခေါင်း မှ အသားများ ဆွေးမြေ့စ ပြုနေပြီ။ နောင်အနှစ် ၁၀၀-၂၀၀- တက်ပို၍၊ ဤအပင်ကြီး ဤအတိုင်း ရှိနေနိုင်တော့မည် မဟုတ်။ ထိုနှစ်ကလွန်သော် ထင်းမီး အဖြစ်သော်၎င်း၊ ထိုင်ခုံ, စားပွဲ, အိမ် အဆောက်အဦးအဖြစ်သော်၎င်း ပြောင်း လဲ ပြီး, ကြာ သော်၊ တ ရွေ့ရွေ့ မြူအဖြစ်သို့ ပြန်လည်ပျောက်ပျက် သွားမည်သာဖြစ် ချေသည်။

ဤတောဤတောင် ကြီး တွေ သည် လည်း၊ လွန် ခဲ့ သော နှစ် ပေါင်းတသောင်းက၊ ဤအသွင်အပြင်အတိုင်း ဟုတ်ချင်မှဟုတ် ပေမည်။ နောင်နှစ်ပေါင်း နှစ်သောင်းသုံးသောင်း ကြာသော အခါ၊ ယခုထက်ကြီးသော တောတောင်ပင် ဖြစ်မည်လော၊ မိုး

ရေတိုက်စား မြစ်ချောင်းများဖြစ်၍ပင် တိမ်ကော ပျောက်ပျက် သွားလေမည်လော။ ဤအတိုင်းတော့ကား ကေန်မတည်မြဲ။ တစုံ တရာသော လျောင်ပင် ဖြစ်ပေါ်လာမည်လား။ သို့ပင်၏လက်ချက် ဖြင့်ပင် ဖို့ခွဲဖျက်ဆီး၍ မြို့သစ်ရွာသစ် လယ်ယာ ကိုင်းကျွန်းတွေ ပေါ်ပေါက် လာလေမည် လား။ တချိန်ချိန်တွင် ပုံစံသဏ္ဍာန် ပြောင်းလဲသွားမည်ကား အမှန်ပင်ဖြစ်သည်။

နောင်နှစ်ပေါင်း ၅-သိန်းမျှရှိသောအခါ၊ ဤကမ္ဘာသည်ပင် ဤလောကမှ အဘယ်မည်သော လောက အဖြစ်သို့ ပြောင်းလဲ လေဦးမည့်နည်း။

မဟာဘူတသည်၊ အမြဲတစေ လှုပ်ရှား ပြောင်း လဲ နေ တတ် သော ဓမ္မ တာ သ ဘာဝ အ တိုင်း၊ ဤမဟာဘူတ၏ အစုအဝေး ပုံသဏ္ဍာန် ရုပ်နာမ်ဓမ္မသင်္ခါရ တို့သာလျှင်ဖြစ်သော ဤလောက သည်၊ နောက်နောက်က ရှိခဲ့သည်တို့ကိုလည်း ပျောက်ပျက်တိမ် ကောစေခဲ့ပြီ။ အသစ်အသစ် ဖြစ်သော ပုံစံအသွင် သဏ္ဍာန်များ ကိုသာလျှင် အစဉ်ပြောင်းလဲ ပေါ်ပေါက်စေခဲ့ပြီ။

မဟာဘူတ၏ ရုပ်ဓါတ်အချင်းချင်း ရောယှက် ပေါင်းစပ်နေ သော သဘာဝဓမ္မ အရသာလျှင် အခိုက်အတန့် ပစ္စက္ခတခဏ၌ "ငါဘဲ သူဘဲ၊ ယောကျ်ား-မိန်းမ၊ တောတောင်သမုဒ္ဒရာ၊ ရေပြင် မြေပြင်"ဟု အထင်အမှတ် ပညတ်သားအမျိုးမျိုး ဖြစ်ပျက်နေရ ခြင်းမှတပါး၊ ကေန့်အမှန် အားဖြင့် ဘာမျှ အတည်မဟုတ်၊ တ ဖြုတ်ဖြုတ် အစဉ်ပြောင်းလဲနေသော ဤလောက သာလျှင် ဖြစ် နေလေပြီ။

## သိလျှင် သက်သာသည်။

ဤသဘာဝဓမ္မ မဟာဘူတ၏ ချယ်လှယ်နေခြင်း အတွင်း၌ သာလျှင် သင်္ခါရနှင့် သင်္ခတလက္ခဏာ အဖြစ်သာ ခံယူနေတော့ မည်လော့။ သို့မဟုတ် ဤမဟာဘူတ၏ ချယ်လှယ်လွှမ်းမိုးအုပ်စိုး နေရာမှ လွတ်ရာကင်းရာ ငြိမ်းရာဖြစ်သော အသင်္ခတ သဘာဝနယ် ကို ဝင်ရောက် ရပ်နားမည်လော။ မည်သည့်အရာက မည်သူ့ဖြစ်၍ ရပ်နားရမည်နည်း။ ။

ဤသင်္ခါရ၏ နယ်တွင်း၌ကား အစဉ်မပြတ် ဒလစပ်ဆက်နေ သော ဇာတိ-အဖြစ်၊ ဇရာ-ရင့်ရော်၊ ဗျာဓိ-နာခြင်း၊ မရဏပျက်ခြင်း တို့နှင့် မရပ်မနား လည်ပတ်အစဉ် ရုပ်နာမ်ဖြစ်ပျက် သံသရာသာ လျှင် ရှိနေပေပြီ။

ဤသံသရာနယ်တွင်း၌ ၃၁-ဘုံပင် ဖြစ်ဖြစ်၊ ဘုံ ၃၁၀-ပင်ရှိရှိ၊ ဝိပဿနာသည် သံသရာတွင်းရှိ မည်သည့်ဘုံနှင့်မျှ ဆက်ဆံရန်မ ဟုတ်၊ ရောက်ရန်မဟုတ်၊ ထိုထိုဤဤ ဘုံဘဝတို့မှ လွတ်မြောက်ရေး ကို ရှေ့ရှုသော လုပ်ငန်းသာလျှင် ဝိပဿနာ၏ အလုပ်ဖြစ်သည်။

ဘုံဘဝ ကျင်လည်မှု၏ လက်သည်ကား တဏှာသာဖြစ်သည်။ ဝိတိက္ကမခေါ်ခေါ်၊ ပရိယုဋ္ဌာန ခေါ်ခေါ်၊ အနုသယခေါ်ခေါ် ခေါ်လိုရာပညတ်နှင့် မည်သို့ပင် ပိုင်းခြား၍ ခေါ်ခေါ် တဏှာ သည် တဏှာသာဖြစ်၏။

ထိုတဏှာကို သတ်ရန်သာ အဓိကဖြစ်သည်။ တဏှာမကုန်သ ၍၊ သံသရာအစဉ်သည် အဆုံးမရှိ ဆက်နေမည်သာဖြစ်၏။ သံသ ရာဆက်နေရန်ကား ဗုဒ္ဓရှင် ပွင့်တော်မူလာရန်ပင် မလိုပေ။ ဗုဒ္ဓ

မတိုင်မီ ရှေးဟောင်းဗြဟ္မဏ ဝေဒ အကျင့်တို့နှင့်ပင် သံသရာဘဝ ကောင်းကောင်းကို ကြိုက်သလိုရွေး၍လည်ရန် တရားအမျိုးစုံရှိနှင့်ပြီးဖြစ်၏။ ဟုတ်ထာမဟုတ်ထာ အပထား၊ သံသရာလည်ရေး ၃၁-ဘုံ ဒေသနာတို့ကား ပိဋကတ်မှာပင် တပုံကြီး ဒုနှင့်ဒေး ရောထွေးပါပြီးသား ရှိနေပြီဖြစ်သည်။ ဗုဒ္ဓအရေတော်ခြုံပြီး၊ ဗြဟ္မဏအယူ ယူရန် အလွယ်ကလေးဖြစ်သည်။

ဓမ္မစကြာတွင် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာစသော ကာမဂုဏ်၌ တပ်မက်ခြင်း၊ ဘဝထိုထို၌ တပ်မက်ခြင်း၊ ထိုထိုဘဝတို့၏ စည်းစိမ် တပ်မက်ခြင်းတို့ကို စွန့်လွှတ်မှသာလျှင် လွတ်မြောက်ငြိမ်းမည်ဟု ဗုဒ္ဓရှင်က ဟောခဲ့၏။

ဤကြားထဲကပင် ၃၁-ဘုံ ဒေသနာ တွေကို အမှန်းတင်ခြီး ကျူးခဏ်း ဖွင့်ထားသော ဒါနကိစ္စ, သီလအကျိုး, ဘာဝနာအာနိသင်များကို ၃၁-ဘုံနှင့် လှည့်ဆဲထားသော တရားများပါရှိနေလေရာ၊ ရှောင်မလွှတ်အောင် အကာအဆီး အမျိုးမျိုးအဖြစ်တွေ့နေရသေးသည်။

ဝိပဿနာကား ဗုဒ္ဓရှင်၏ဝါဒအစစ်၊အဆုံးအမအမှန်၊အတွင်း၌သာ ကျင့်ကြံ အားထုတ်ရသော ကိစ္စဖြစ်၍၊ ထိုထို ၃၁-ဘုံ ဒေသနာတွေနှင့် ရောယှက်စပ်ဖက်၍ရသော ကိစ္စမဟုတ်ပေ။

တဏှာကား အလွန်ကြမ်းတမ်းခက်ထန် ခိုင်မြဲသော တရားဖြစ်လေရာ၊ တဏှာကို တိုက်ရိုက်ဒဲ့ ဒိုးသတ်၍မလွယ်ပေ။ ရလည်းမရပေ။ ထို့ကြောင့် ဤတဏှာ၏ ရှေ့သောက်မြစ်ဖြစ်သော သက္ကာယဒိဋ္ဌိကစ၍ ဖြတ်ရပေမည်။

သက္ကာယကိုဖြတ်ရန်ကား၊ ရုပ်နာမ်ကို ပညတ်အသိမှ ပရမတ်အသိသို့ ရောက်ရန်လိုသည်။

ထို့ကြောင့် ရုပ်နာမ်ကို အရင်ဆုံးဖို၍၊ ၎င်း၏ ဇာတိပေါ်အောင် တူးဖေါ် ကလော်ထုတ်ရခြင်း ဖြစ်သည်။ ဤသည်ပင် ဝိပဿနာ အလုပ်ဖြစ်သည်။

ရုပ်နာမ်ကို ပရမတ်ဆတ်ဆတ် တကယ်သိသောအခါ၊ အနတ္တလက္ခဏာသည် အလွယ်နှင့်ထင်၏။ ရုပ်နာမ်ကို အမှီပြု၍ဖြစ်နေသော ခန္ဓာ ၅-ပါးသည်လည်း ရုပ်နာမ်၏ သဘာဝကိုမြင်သည်နှင့် တပြိုင်နက် အထူး အားထုတ်နေရန်ပင် မလို၊ အလိုလိုကိစ္စပြီးဖြစ်သည်။ ခန္ဓာ ၅-ပါး ပြိုဆင်းသွားလျှင်၊ထို ခန္ဓာ ၅-ပါး အပေါ်၌ ချုံနွယ်လို ရစ်သိုင်း မှီတွဲနေသော သက္ကာယသည် အလွယ်နှင့် ကွာကျသွားမည်ဖြစ်၏။

သက္ကာယ ကွာကျမှသာ တဏှာ၏ တည်ရာ,မှီရာ,စွဲရာ,အခြေခံများ တဖြေးဖြေး ခမ်းခြောက် သွားမည် ဖြစ်သည်။ တဏှာသည်ကား အလွယ်နှင့် ဆွဲခွါချ၍ရသော တရားမဟုတ်။ ၎င်း၏ အမြစ်အတွယ်များမှစ၍ တစတစ မပြတ်မလပ် ဖြတ်တောက်ပစ်မှသာ တဖြေးဖြေး ခမ်းခြောက်သွားသော တရားဖြစ်သည်။

တဏှာသည် ကြောင့်ကြမှု တောင့်တမှုတို့၏ ပင်ရင်းလက်သယ်ဖြစ်သည်။ အတိတ်ကိုပြန်၍တွေးခြင်း၊ အနာဂတ်ကိုမျှော်ခြင်းတို့သည်လည်း၊ ထိုကြောင့်ကြမှု တောင့်တမှုတို့နှင့် တမိပေါက်ထဲမှ သက္ကာယ အသိုင်းအဝိုင်းများသာ ဖြစ်သည်။

သားသမီး၊ ပစ္စည်း၊ အိုးအိမ်၊ လယ်ယာ အသိုင်းအဝိုင်း အားလုံးသို့ တွယ်တာသော သံယောဇဉ် အားလုံးသည် ကြောင့်ကြမှုနယ်ထဲက ပစ္စည်းတွေချည်း ဖြစ်သည်။ ထိုသံယောဇဉ် နယ်ထဲက သားသမီး၊ ပစ္စည်း၊ အိုးအိမ်၊ လယ်ယာတို့၏ ကြီးပွား တိုးတက်လာရေးနှင့် ဤဘဝတွင်မက ထိုဘဝ ဟိုဘဝတွေဖြစ်သော တမလွန်ထိ လှမ်းမျှော်ခြင်းတွေသည် တောင့်တမှုထဲက ဥပါဒါန် အစုံတွေချည်းဖြစ်သည်။ အတ္တ-အတ္တနိယ တရားအစစ်ကို လက်ခံခြင်းပင် ဖြစ်သည်။

ဤသို့ သံယောဇဉ်နယ် ကျယ်လေလေ၊ သမုဒယနယ်ဖြစ်သော ကြောင့်ကြမှု တောင့်တမှုတွေကပါ ကျယ်လာလေလေ ဖြစ်ခါ၊ သံသရာသည် ကြာလေ ကျယ်လေနှင့် အဆုံးမရှိ အနန္တ ဖြစ်လာသည်။

ဤမျှ ကျယ်ပြောလှသော သံသရာနယ် အဏ္ဏဝါပြင်ကျယ်၌ မရပ်တန်း မနားတန်း တလစပ် အစဉ် လက်ပစ်ကူးနေရသူ တဦး အဖို့ ပင်လယ်ကူး သင်္ဘောကြီးပေါ် မရောက်စေကာမူ၊ အနည်းဆုံး ခြေထောက်မိသော သောင်ခုံကလေးတခုကို စမ်းမိလျှင်ပင်၊ အမျှားကြီး အပန်းဖြေ နားနေနိုင်ပေတော့သည်။

ကျွန်းကလေး တခုပေါ် ရောက်ရလျှင်ကား၊ သင်္ဘောဆိပ် မြို့ကြီး ပြကြီးဆီကို မရောက်သေး ရှိစေဦး၊ ထိုကျွန်းကလေးပေါ် တွင်ပင် စိတ်ချမ်းသာ လက်ချမ်းသာ သစ်သီးဝလံ ရှာဖွေ စားသောက် ခရီးတထောက် နားနေနိုင်ချေတော့ပြီ။

ဤသည်ပင် သောတာပန်အဆင့် ဖြစ်၏။

ကျွန်းကလေးဖြစ်၍ သင်္ဘောကြီးတွေ မကပ်နိုင်ထားဦး၊ အနည်းဆုံး တံငါလှေကလေးများ လောက်ကို လက်ရပ် အောင်ဟစ်ခေါ်နိုင်ရန် မခက်တော့ပေ။

ပင်လယ်တွင်း ရေပြင်ကျယ်မှာ မရပ်မနား အမြဲတန်းကူးနေရခြင်းထက် အများကြီး သက်သာပေသေးသည်။ ပင်လယ်ပြင်ဆိုသည်ကား ဘေးအန္တရာယ် အလွန်များ လှ၏။ လှိုင်းကြီးသည့်အခါ ကြီးသည်။ ငါးမန်း ငါးဆင် ပေါသည့်အခါ ပေါသည်။ အလိုလိုမှ မောရ ပန်းရသည့်အထဲ ဘေးအမျိုးမျိုးကလည်း ကြုံစရာများလွန်းလှသည်။

## အနတ္တမြင်လျှင် အတ္တဒိဋ္ဌိ ကွာသည်။

ထို့ကြောင့် သက္ကာယ ဒိဋ္ဌိက စ၍ သတ်ချရန် အနတ္တ တရားကို အရင်ကြည့်ရပေလိမ့်မည်။

အနိစ္စနှင့် ဒုက္ခ တရား ၂-ပါးကား ဘုရားမပွင့်မီ ရှေးမဆွကပင် ရှေးခေတ် ကလျာဏ သူတော်စင် အချို့တို့က စ၍ တွေ့သိခဲ့ပြီး တရားများဖြစ်၏။

ထိုအနိစ္စ၏ မမြဲခြင်းနှင့် ဒုက္ခ၏ ဖြစ်ပျက်အစဉ် မရပ်မနားကို သည်းမခံနိုင်သော အသိဉာဏ် သက်ဝင်သူတို့က စ၍ အာဋ္ဌာရနှင့် ဥဒက ရသေ့များသို့တိုင်၊ ထိုအနိစ္စတရားနှင့် ဒုက္ခတရားများမှ ကင်းငြိမ်းရာကို သမထနည်း, ဈာန်နည်းများနှင့် ရှာဖွေခဲ့ကြကုန်၏။

ထို ခေတ်ဟောင်း ကျင့်စဉ်များဖြစ်သော သမထနည်း, စျာန်နည်းများကား၊ သူ့အလျောက် အလျောက် အကျိုးအာနိသံသ ရတန်သမျှ ရကြကုန်၏။ သို့ရာတွင် လောကုတ္တရာ ငြိမ်းချမ်းရေး ဖြစ်သော မဂ်ချမ်းသာ ဖိုလ်ချမ်းသာမျိုးကား မဟုတ်၊ လောကီ ငြိမ်းချမ်းရေး တရားများသာလျှင် ဖြစ်ကြသည့်အတိုင်း၊သံသရာ မှ မပြတ်ကြပေ။

ဗုဒ္ဓရှင် ပွင့်တော်မူလာသော အခါမှသာ သံသရာမှပြတ်သော မဂ်ဖိုလ်၏ သန္တိသုခ နိဗ္ဗာန်ချမ်းသာကို တွေ့သိ လက်ညှိုးညွှန် တော်မူနိုင်ခဲ့၏။

ထို အနတ္တ လက္ခဏာကိုပင် မိဂဒါဝုန်တော၌ ပဉ္စမ ဝါကပ် တော်မူရင်း ကောဏ္ဍည၊ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမ်၊ အဿဇိတို့ကို တဝါတွင်းလုံး ဟောတော်မူသည်။ ဤသို့ အနတ္တကို ထင်အောင် ပဉ္စဝဂ္ဂီ ၅-ဦးအား ဟောတော်မူသည်မှာလည်း၊ထိုထို ငါးဦးအစု၌ စွဲထင်နေသော သက္ကာယကို အဆုံးသတ် ပယ်ချရန်ဖြစ်ပေသည်။ သက္ကာယ ကွာမှ အတ္တပျောက်မည်၊ အတ္တပျောက်မှ အနတ္တပေါက် မည်။ အနတ္တပေါက်မှ မဂ္ဂင်၏ အစဖြစ်သော သမ္မာဒိဋ္ဌိကို ထင်ထင် လင်းလင်း သဘောပေါက်မည်ဖြစ်သည်။

သမ္မာဒိဋ္ဌိ အယူမှန် အမြင်ပေါက်က အဝိဇ္ဇာ တရားလည်း ပျောက်၍ သစ္စာဉာဏ်ကိုကူးရန် မခဲယဉ်းတော့ပေ။ကျန်မဂ်အစဉ် များကိုလည်း တချက်ထည်း သဘောပေါက်ခါ အသိရောက်ပြီး ဖြစ်နိုင်သည်။ သိလျှင် ကျင့်ရန်သာ လိုတော့၏။ အမှန်မြင် အမှန် သိထားလျှင် ကျင့်နိုင်သောအချိန် ကျင့်နိုင်ပြီ။ မကျင့်နိုင်သေး

သည့်တိုင် ဘဝ အဖြစ်အပျက် မှန်သမျှ လောကဓံကို မကြောက်မရွံ့၊ ရဲရဲရင်ဆိုင်နိုင်စွမ်း ရှိလာပေသည်။ တုန်လှုပ်မှုနည်းလာသည်။

အမှန်မသိ အမှန်မမြင်ဘဲ ရမ်းကျင့် နေလျှင်သာ အသွားတခြား, ထွက်လမ်းတခြား ကျောခိုင်းပြီး မှားနေမှာစိုးရ၏။

'အနတ္တနှင့် မဂ္ဂင်သစ္စာ' တရားတို့ကား ဗုဒ္ဓရှင်၏ မူပိုင်တရားများဖြစ်လေသည်။ အနိစ္စ, ဒုက္ခ တရားတို့မှာ ဘုရားမပွင့်မီက ရှိနိုင်သော တရားများဖြစ်၏။ သို့ရာတွင်-မဂ္ဂင်၏ အထောက်အကူအဖြစ် အကျုံးဝင်သောကြောင့်၊ အနိစ္စ, ဒုက္ခကို အရင်ရှိသော တရားဖြစ်သည့်အတိုင်း အရင်ထားပြီး အနတ္တကို နောက်ကဆက်ခါ၊ လက္ခဏာရေး ၃-ပါးအဖြစ် ယူကြခြင်းဖြစ်၏။

အမှန် ဖြစ်သင့်သည်ကား၊ အနတ္တ အရင်ထင်ရှားပြီးမှ အနိစ္စဒုက္ခတို့ကို အလွယ်နှင့် ပေါက်နိုင်ကြပေမည်။ အနတ္တနှင့် အတ္တကို ပယ်ပြီးမှသာ အနိစ္စက နိစ္စ မဟုတ်ကြောင်း ထင်နိုင်၏။ ဒုက္ခကို မြင်လျှင် သုခ မဟုတ်ကြောင်း ထင်ရှားနိုင်သည်။ သန္တိ သုခကို ရှာရန်ပင်ဖြစ်သည်။

ပဌမဆုံး သိရန်ဖြစ်သော အနတ္တကို ထင်လျှင် အတ္တ ပျောက်ပြီးဖြစ်၍၊ သက္ကာယ ဒိဋ္ဌိမှာ အလိုလို ကွာကျသွားပြီး ဖြစ်သည်။ သက္ကာယ မရှိလျှင် တဏှာကိုသတ်ရန် မခက်တော့ပေ။

လက္ခဏာရေး ၃ ပါး တပြိုင်ထည်း တချက်ထည်း ထင်နိုင်ကြလျှင်ကား၊ အထက်မဂ်တွေကို တပြိုင်နက်ဝင်နိုင်ပြီး၊ အရိယာအရှင့် ရဟန္တာကြီး ကေန်ဖြစ်ပေမည်။

လက္ခဏာရေး ၃-ပါးကို တပြိုင်နက် တချက်ထည်းမထင်နိုင်၊ မသိမမြင်နိုင်ကြသောကြောင့်သာ တဆင့်ပြီးတဆင့် ကူးနေကြရခြင်းဖြစ်၏။

ထို့ကြောင့် ဤရုပ်နာမ်တွင် သမုတိသစ္စာ အနေနှင့် အထင်အရှား ဖြစ်ပေါ်နေသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ စသော ခန္ဓာ ၅-ခုကို ရှုမှတ်ဆင်ခြင်ရခြင်း ဖြစ်၏။ ဤသို့ဆင်ခြင်သောအခါ ပညတ် သိမ့်ပင် စသည်။

ရုပ်သည် အမိအဖတို့၏ သုတ်သွေးဗီဇကို အရင်းခံ၍ အစာရေစာ လေတို့ဖြင့် သွင်းယူ စားသောက် ကြီးထွားလာပုံကိုထင်အောင်ကြည့်ရ၏။ ယခုထိပင် ထိုအပြင်မှ အစာ ရေ လေတို့ဖြင့် အစဉ်မပြတ် သွင်းယူ ဆက်သွယ်နေသည်ကို သတိထင်ထင် ဉာဏ်မြင်မြင်နှင့် ရှုမှတ်ရ၏။ အပြင်အဟာရနှင့် ရုပ်တည်နေသော ထိုရုပ် ကိုယ်ကောင်ကြီးအား ရာသီအလျောက် ပူမှု မှုကအစ ကာကွယ်ပေး စောင့်ရှောက် ပေးနေရသည်ကို သိရ၏။

ဤ ရုပ်အား မည်သူက မည်သို့စောင့်ရှောက်နေသနည်း ဆိုသည်မှာ၊မျက်စေ့မလယ်ရန် အရေးကြီး၏။ နာမ်ခန္ဓာ ၄-ခု ဖြစ်သော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ တို့သည်ပင်၊ဤ ကိုယ်ကောင်၏တည်တန့်ရေး၊ အပူအအေ ကင်းရေးနှင့် အစာ ရေ လေ ရွေးချယ်ရေးကို ဆုံးဖြတ် ချမှတ်ပေးနေခြင်းပင် ဖြစ်သည်။

ထို နာမ်ခန္ဓာ ၄-မျိုး စလုံးကို 'ငါ' ဟုထင်ရန် 'ငါ့စိုး ငါပိုင်ဘာတခုမျှ သတ်မှတ်၍ မရသည်ကို တဖန်ရှုမှတ်ရပြန်သည်။ အစဉ်သာလျှင် ထို ခန္ဓာတို့သည် ၎င်းတို့ သဘောသတ္တိအရသာ ၎င်းတို့ ဆောင်နေကြသည်။

'ငါးစိုး ငါပိုင်' အခွင့်အရေးကို ဘယ်နေရာတွင်မျှ ဝင်ရှာ၍ မရပေ။ ဝေဒနာသည် အစဉ်ခံစားမှုကိုသာ ခံယူ၏။ မနာမကျင် မပူမအေးရန် မတတ်စွမ်းနိုင်ပေ။ သညာသည်လည်း ၎င်းသဘော သတ္တိအလျောက်သာ မှတ်ချင်သလို မှတ်နေ၏။ မည်သို့ မမေ့အောင်မှတ်ပါ။ မည်သည့် ခုနှစ် သက္ကရာဇ်က အကြိုနိုနိုကလေးကို ဘယ်နေ့က ဝယ်သည်ကို မှတ်မိစမ်းပါ။ ကျောင်းတုန်းက တမင် ကျက်မှတ်လာသော စာတွေကို မမေ့စမ်းပါနှင့် ဟူ၍ သဘောကျ အတိုင်း မှတ်သားစိမ့်သောငှါလည်း မတတ်စွမ်းနိုင်ချေ။မှတ်တုန်း ကမှတ်ပြီး မေ့ချင်သလိုမေ့၏။ လွဲချင်တိုင်းလည်း လွဲမှားစွာ မှတ်နေ၏။

သင်္ခါရသည်ကား အဆိုးဆုံး မနိုင်စွမ်းဆုံး တရားဖြစ်၏။ ၁၇-နှစ်၊ ၁၈-နှစ် အရွယ်အတိုင်းဆိုလျှင် တော်ပြီ။ ထိုအရွယ် အတိုင်းထက် မပိုအောင်ထားစမ်းပါ၊ဖြစ်နေစမ်းပါစေဆို၍လည်း မရ၊အလုပ်များ၍ မအိပ်ချင်စမ်းပါနှင့်ဟုလည်း တားမရ ဆီးမရ၊ မဆာစမ်းပါနှင့် စားရတာ ဒုက္ခများလှသည်ဟု တားမြစ်၍လည်း မဖြစ်၊ ဆံပင်ညှပ်ရတာ ကိစ္စများလှန်း၍ မရှည်ပါနှင့်တော့ဟု လည်း မတတ်နိုင်ချေ။

ဝိညာဏကလည်း မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့က ဆက်လိုက်သည့် အတိုင်းသာသိသည်။ ထိုပဉ္စာရုံထဲက မျက်စေ့နှင့် နား လုပ်လွှတ်သမျှကို ဝိညာဏက လက်ခံ အလုပ်ရဆုံး ဖြစ်နေ၏။ မျက်စေ့ကမြင်၍ ပို့သောအာရုံ အကြည်ဓါတ်မှာ မြင်သည့် အတိုင်း ရုပ်ဘာဝ အရှိအဖြစ်အတိုင်း ပို့သောကြောင့် တော်သေး ၏။ ဤသည်ပင် တခါတခါ အပျိုမှန်း, အအိုမှန်း, သားသယ်

အမေမှန်းမသိ၊ အသိ လွဲချင်သေးသည်။ မူလရုပ်က မဲညစ်ညစ် ပိန်ကပ်ကပ်ကိုပင် အချယ်အသတွေ အမောက်တွေ အဖေါင်း အဖုတွေနှင့် ခုလွတ်လျှင် လွတ်သည့်အတိုင်း မျက်စေ့ကမြင်ပြီး ဝိညာဏဆီကိုရောက်သည်။ကိုရွှေ ဝိညာဏက အသိမှားလိုက်လျှင် ကိုရွှေ သညာက္ခန္ဓာကပါ တလွဲရောက်သွားအောင် အမှတ်မှားပစ် လိုက်ချင်သည်။ဤအခါ သင်္ခါရက္ခန္ဓာကပါ ကသောက်ကရောက် ရှောက်မှားကုန်တော့၏။သို့ရာတွင် မျက်စေ့ကား အမြင်အတိုင်း မှုမပျက် မြင်ခြင်းသာဖြစ်၏။ ဝိညာဏကသာ သိချင်သလိုသိခြင်း ဖြစ်သည်။ သင်္ခါရက ဖြစ်ချင်သလိုဖြစ်သည်။

မျက်စေ့ထက်ဆိုးသည်ကား နားမှ အကြားဖြစ်သည်။ နား သည် သူ့တာဝန်အရ ကြားတတ်သော ကြားနိုင်သော အသံမှန် သမျှကို ကြားမည်သာဖြစ်၏။သို့ရာတွင် ဝိညာဏက္ခန္ဓာသည် ကြား သည့်အတိုင်းတွင်မနေ၊ သိချင်သလိုသိ၏။ သူတချက် အသိမှား လိုက်လျှင် ငွေ-ထောင်ကိုးရာမက အလိမ်ခံရ၏။ မိန်းခလေးတွေ လူကလေးတွေ အတော်များများ ဒုက္ခရောက်သည်မှာလည်း ထို နားကပို့သော စကားလုံးတွေကို ဝိညာဏက သိချင်သလို သိပစ် လိုက်သောကြောင့်ဖြစ်၏။သူ့အသိမှားလျှင် သညာကပါ ဝင်၍ အမြဲမှားလာသည်။ ဓမ္မကထိက အသံကောင်းကောင်းတွေ 'စား' နေတာလည်း ထိုနားကြား ဝိညာဏ အသိလွဲသော ကိစ္စကြောင့် ဖြစ်၏။ ရေဒီယိုတွေ ရောင်းနေရခြင်း၊ အသံလွှင့်ရုံတွေ အလုပ်များ နေရခြင်းမှာလည်း ထိုနားရွက်နှင့် ဝိညာဏ ပေါင်းစပ်ပြီး 'ရမ်း' နေကြခြင်းကြောင့်ဖြစ်၏။ ဤတွင်မကသေး၊ ပါလီမံ ဒီမိုကရေစီ ၏ အရိပ်တွင် တိုင်းပြည်နှင့် လူမျိုးတမျိုးလုံးကို ချယ်လှယ်သည် မှာလည်း ဤနားရွက်ကို အသံကောင်းပို့သမျှ ဝိညာဏက အသိ

များ၊ သညာက အမှတ်များတတ်သော ဓမ္မတာကြောင့်၊ အချောင်နိုက်သော အခွင့်အရေးတွေနှင့် လူ့လောကကိုပါ ချယ်လှယ်ချင်သလို ချယ်လှယ်သွားနိုင်ကြခြင်း ဖြစ်ပေသည်။

အဆိုးဆုံးကား အဝိဇ္ဇာ မာနစွဲခေါ် မရှိမဟုတ်ထာတွေကို အရှိအဟုတ်ထင်အောင် ပြောကြ ဟောကြသော ဘာသာရေးဆရာတို့၏ အသံပင် ဖြစ်လေသည်။ စတုမဟာရာဇ်ကစပြီး ဝေဟတ်ဖိုလ် အသညသတ်အထိ ပြောချင်ရာပြော၊ ဘယ်သူ ဘယ်အကုသိုလ်နှင့်သေ၍ ဘယ်ငရဲမှာ အဘယ်သို့ ခံနေရသည်ဆိုသော စကားတွေ နားက ကြားသည်။ ကြားသမျှ ဝိညာဏ ဆီသို့ရောက်လျှင် အကုန်သိချင်သလို သိပစ်လိုက်သည်။ သညာကလည်း ထုံးစံအတိုင်း တရားသေ စွဲပစ်လိုက်တော့၏။ နားကကြားသည်မှာ ကြားတတ်သော သဘောကြောင့် ကြားသည်ပင်ထားပါဦး၊ ယုတ္တိယုတ္တာ ရှိမရှိကို မျက်စေ့နှင့်ကြည့်ပြီး ညှိနှိုင်းဘို့တော့ ကောင်းသေး၏။ မသကာ မြင်ဘူးတွေ့ဘူးသူ ရှိမရှိကိုပင်ကိုရှေ့ ဝိညာဏသည် စဉ်းစားရကောင်းမှန်းပင် မသိပေ။

အကယ်၍သာ ထိုဝိညာဏက္ခန္ဓာသည်၊ ကိုယ်စီးကိုယ်ပိုင်ဖြစ်ပါက ကိုယ်ထိမည့် ကိစ္စကိုတော့ စဉ်းစဉ်းစားစား ကြည့်ပြီးမှ သိဘို့ကောင်း၏။ သိချင်သလိုသိ၍ ပစ်လိုက်သောကြောင့်၊ ဤလူသားလောကတရပ်လုံး ချာလည်လိုက်အောင် အဝိဇ္ဇာ မှောင်ထဲတွင် ခလုပ်တိုက်, မြေပွေးကိုက်, ကျားဆွဲ ခံနေကြရချေသည်။

မျက်စေ့နှင့်နားသည်၊ လူ့ခန္ဓာကိုယ်၌ အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်သော ဦးခေါင်းတွင် ဦးနှောက်နှင့်ကပ်ခါ တည်ရှိနေသလောက်၊ ဤခန္ဓာကိုယ်ကို ကိုးရိုး ကားယား ဖြစ်အောင်

ဝိညာဏနှင့်ပေါင်းပြီး မြင်ချင်သလိုမြင်၊ကြားချင်သလိုကြားဖြင့် ဤခန္ဓာကိုယ်ရှိ အခြားအင်္ဂါ အစိတ်အပိုင်းတွေကိုပါ ဦးစီးချယ် လှယ်နေကြချေသည်။ မျက်စေ့နှင့် နားသည်၊ အခြားအာရုံတွေ ထက်ပို၍ ဝိညာဏကိုတွန်းခါ အသုံးအဖြုံး အားကြီးလွန်း၏။

မျက်စေ့က ကြည့်ချင်သောပွဲကို ခန္ဓာကိုယ်ရှိ ခြေထောက်က အရောက်ပို့နေရ၏။ မျက်စေ့က ကြိုက်သော အဆင်အသွေးကို လက်ကယူပြီး သယ်ပိုးပေးနေရ၏။ နားကကြားချင်သော ရေဒီ ယိုအတွက် အိမ်မှာ ပိုက်ဆံလည်းကုန် မိတာလည်း အကုန်ခံနေရ ၏။ အဆိုတော်တွေ ဘယ်မှာဆိုလို့ဟု ကြားလျှင် ခြေထောက်က သွားရပြီ။ မှုံ့မှုံ့မှောင်မှောင်မရှောင် အရောက်နှင်ပေးရသည်။ မြွေကိုက်တော့ နားကအလွတ်ကြီး၊ ခြေထောက်သာ ဖူးယောင် နာကျင်နေတော့၏။

လက်စသတ်တော့ ကိုရွှေဝိညာဏ ချယ်လှယ်သမျှ ကိုယ်ကာ ယတခုလုံးရှိ ပဥ္စင်္ဂါးပါးအကုန် ကိစ္စများနေရခြင်းသာ ဖြစ်တော့ သည်။

ထို့ကြောင့် ထိုဝိညာဏကိုလည်း ပိုင်စိုးဘို့ဝေးစွ၊သူနှင့်အတူ ပဉ္စာရုံများ ပေါင်းစပ် မပြတိုက်နေ သမျှကိုသာ ဤရုပ်ခန္ဓာကြီး ခံနေရတော့၏။

အဘယ်နေရာတွင်မျှ ငါစိုးငါပိုင်ဟူ၍ ရှာမတွေ့သော ဤခန္ဓာ ၅-ပါးသည်သာလျှင်၊ ဤရုပ်ဤနာမ်၏ အဖွဲ့အစည်း ဖြစ်နေသည် ကို တွေ့ရပေပြီ။ ဤခန္ဓာ ၅-ခုမှတပါး အခြားဘာမျှ မရှိသော ဤရုပ်နာမ် အစုအဝေးတွင်'ငါ'တည်းဟူသော အတ္တသည်၊သညာ ဝိပ္ပလ္လာသ သက်သက်သာလျှင် ဖြစ်နေပေသည်။

တကယ်ကား ‘ငါ’ဟူသော အတ္တ- အတ္တနိယဟူ၍ အဘယ်နေရာတွင်မျှ မရှိဟု ထင်ရှားသိနိုင်ပြီ။

ဤသို့မရှိသော ‘ငါ’ကို စွဲမှတ်ခြင်းငှာမထိုက်၊ ရှိသောအရာကား နာမ်ခန္ဓာအစု ၄-ခုနှင့် ရုပ်ခန္ဓာ ၁-ခု=ပေါင်း ၅-ခုသော ခန္ဓာ၏ အရင်းအမြစ် ဖြစ်သော ရုပ်နာမ် ၂-ပါးသာ ကေန်အရှိဖြစ်သည်ဟုသိလျှင် သက္ကာယ ကွာ၏။

## သက္ကာယနှင့် လောကီလောကုတ်

ယင်းသို့ သက္ကာယကွာနေသော ရုပ်နာမ်၏ အစုအဝေးမှ ဖြစ်ပေါ်လာသော ဝိညာဏသည်သာလျှင် ဝိဇ္ဇာမာနနှင့် အဝိဇ္ဇာမာနတရားကို ခွဲခြားသိမည်ဖြစ်၏။

အဝိဇ္ဇာမာန တရားဟူသည်ကား၊မျက်စေ့, နား, နှာ, လျှာကိုယ်တို့ဖြင့် ဘယ်လိုမျှ မမြင်မသိ မတွေ့နိုင်သော အရာများကို ပြောသံကြား,ဆိုသံကြား,စာစကားသက်သက်ဖြင့် စွဲမှတ်နေခြင်းကို ခေါ်၏။ဝိဇ္ဇာမာန ဆိုသည်ကား၊ ထိုအာရုံ ၅-ပါးတွင် တခုခုသော အာရုံ၌ ထင်ရှားလျက် မျက်တွေ့လက်တွေ့ အထောက်အထားတွေ့ ခိုင်လုံသော အရာများကို စွဲယူခြင်းဖြစ်သည်။

မယားရှိ၍ မယားစွဲခြင်း၊ သားသမီးရှိ၍ သားသမီး စွဲခြင်း၊ ပစ္စည်းအိုးအိမ်ရှိ၍ ပစ္စည်းအိုးအိမ်စွဲခြင်း၊ ပဉ္စာရုံဖြင့် ကေန်ထိတွေ့တိုက်ဆိုင်နိုင်သော ကေန်ရှိ ကေန်ဖြစ်နေသော အရာဝတ္ထု သက်ရှိသက်မဲ့တို့၌ စွဲခြင်းသည်၊ ဝိဇ္ဇာမာန အရှိအဖြစ်တို့၌ စွဲခြင်းဖြစ်၍၊

ပုထုဇဉ် ကလျာဏ အဆင့်ရှိ ပုဂ္ဂိုလ်များ စွဲလိုက စွဲနိုင် သေး၏။ အောက်ဆုံးမဂ် သောတာပန်သည်ပင် ဤအစွဲတွေ တန်းလန်းကျန် ပေသေးသည်။ သိရုံမျှ သိသေးသည်။

သို့သော် သက္ကာယ ကွာလာသောအခါ၊ ထိုအရှိ ကေန်အဖြစ် ထင်ရှား အားလုံးကိုပါ အတွယ်အစွဲ လျော့ပါးလာလေသည်။

ကလေး သေသော်လည်း သိပ်မဆွေးလှချေ။ မယား လင် ငယ် နေသွားလည်း အရေးမကြီးတော့ချေ။ အိမ်မီးလောင်လည်း "လောင်လောင်–ကုန်ကုန်၊တနေ့ကုန်မှာ ပျက်စီးမှာတွေချည်း" ဟုသိလာ၍၊ ဆင်ခြင်နိုင်သည်၊ခံနိုင်သည်။ဤသို့ဖြင့် တဖြေးဖြေး လောကဓံ၏ အတွေ့အကြုံကို အရေထူထူ အမြင် ကျယ်ကျယ် ရင်ဆိုင်နိုင်လာသည်။

သက္ကာယ ကွာစပြုလာလျှင်ပင် လူသည် အလွန်ပေါ့ပါးလွတ် လပ်လာ၏။ ရောက်ရာအိပ်၊တွေ့ရာစား၊ ဆားပေါ့ ဆားငန်ဟု အ မှတ်မထား၊ ဝလျှင်ပြီးရော၊ လေမိုးလုံရာ အဆောက်အဦဆိုလျှင် ပြီးရော၊အရှက် အကြောက် လုံလျှင် အဆင်အသွေး မရွေးတော့ ပေ။အလွန်အမင်း မတင့်တယ် မဖွယ်ရာလွန်းသော စားဝတ်နေမှု များမှအပ၊ တွေ့သမျှ ကြုံသမျှနှင့် မျှတကြေနပ် နှစ်ချိုက်၍လာ သည်။ ဂျီးမများတော့ချေ။

လူသားအားလုံး အပေါ်တွင်လည်း အဘိဇ္ဈာ, ဣဿာ, မစ္ဆ ရိယ၊မရှုစိမ့်, သဝန်တို, ရှုံမုန်းခြင်းဟူ၍ အထူးမရှိတော့ချေ။ အ ရေးကြုံ၍ တတ်နိုင်လျှင် ကိုယ်သာအနစ်နာခံသော ဘက်ကနေပြီး အခြားသူတို့၏ အကျိုးကျေးဇူးကိုသာ ရှေ့ရှုလာ၏။

မိမိ၏အပြုအမူကြောင့် ဘေးလူများ၏ စိတ်မချမ်းသာမှုကို ရှောင်ကြဉ်လာသည်။ ကိုယ်ရေးကိုယ်တာ ကိုယ့်တွက်တာ ဆိုလျှင် မရှိမဖြစ်သော ကိစ္စများမှ တပါး၊ အပိုအဆာ ပကာသန တွေကို မမက်မောတော့ချေ။ အများအကျိုးကိုသာ ရှေ့ရှုလာလေသည်။

ဤသို့ဖြင့် ကိုယ်ရေးကိုယ်တာ၊ ကိုယ်ကျိုးကိုယ်စီးပွားစသော သက္ကာယနိမိတ်ကို ဖျက်ဆီး၍ ကျော်နင်းခုန်ထွက်လာသည်။

ဤအဆင့်မှာ အထူးအရေးကြီးသော ကိစ္စရှိ၏။ တပါးသူတို့အား ခွင့်လွှတ်သော ဥပေက္ခာလက္ခဏာ ပါသည်မပါသည်ကို အထူးအကဲ ခတ်ရပေသည်။ မိမိက ကိုယ်ရေးကိုယ်တာ သက္ကာယကို စွန့်လွှတ်သည် ထင်သော်လည်း၊ အခြားသူများက ကိုယ်ရေးကိုယ်တာကို ကပ်သီးကပ်သတ် တွယ်ကပ်မက်မော နေသည်ကို တွေ့မြင်သောအခါ၊ စက်ဆုတ်ရွံရှာ မရှုစိမ့်ခြင်း ရှိမရှိ အကဲခတ်ရန် အရေးကြီး၏။

မိမိစွန့်သလို သူများက မစွန့်သည့်အတွက် ထိုသူတို့အား ရှုံ့ချအပြစ် မြင်လာလျှင် ဒေါသဝင်လာခြင်းပင် ဖြစ်သည်။ ဒေါသသည် လောကီနယ်၌သာ ကျင်လည်စေသည်။

ထိုဒေါသကိုနိုင်အောင် ထုတ်ပယ်ချိုးနှိမ် မပစ်တတ်က ဝိပဿနာနှင့် မတော်သေးပေ။ နိုင်ငံရေး သမား ထွက် လုပ် လျှင် အကောင်းဆုံး ဆိုရှယ်လစ်ဝါဒီ တဦးဖြစ်နိုင်ဘို့ရှိ၏။

လောကုတ္တရာ လမ်းစဉ်အဖို့မှာ သက္ကာယကို ကွာရုံဖြင့် မပြီးသေး။ တဏှာကိုသတ်ရန် ဒေါသကိုပါ ခွါချလိုက်ရန် ရှိသေးသည်။ ယင်းသို့ခွါချ၍ ဒေါသကုန်ဆုံး လျှင်လည်း၊ငါငါ သူသူ

ဆိုသည်မှာ အမှတ်သညာမှတပါး တကယ်မစွဲတော့ချေ။ စွဲစရာလည်း မမြင်တော့ပေ။ မမြင်လျှင် "ငါကတော့ဘယ်လို၊ သူတို့ကတော့ ဘယ့်နှယ်" စသည်ဖြင့် လည်း ထင်စရာမှတ်စရာ မရှိတော့ပေ။

ဤသို့မှန်ကန်သော သက္ကာယ ကွာခြင်းဖြစ်လာလျှင်၊ ဥပေက္ခာတရားကို တမင်တကူးတကန့် အားထုတ်ဆင်ခြင်ရန်ပင်မလိုတော့ပြီ။ အလိုလို သူ့အဆင့်ရောက်ရာအတိုင်း 'ဘပြေးတညီတည်း ခွင့်လွှတ်ပြီးသား' ဖြစ်သွားသည်။

သက်ရှိ မူလရုပ်နာမ် ၂-ပါးကို အခြေခံသော ခန္ဓာ ၅-ပါးလောက်မျှ မသိလျှင်ကား အလွန်ဆိုးသော အတ္တမျိုးသာ ဖြစ်သည်။အန္ဓ အမိုက်တုံး ပုထုဇဉ့်အနိမ့်ဆုံးလူစားသာဖြစ်၏။လောကုတ္တရာအနေနှင့်သာ ၎င်းတို့ကို အနိမ့်ဆုံးစာရင်း၌ ထည့်သော်လည်း၊ လောကီရေးနယ် တခွင်တွင်ကား သူတို့ပင် ဓနရှင် အရှင်းရှင်စသည်ဖြင့် တွင်ကျယ် နေကြပေသည်။ 'ငါချမ်းသာ ဘို့သာအဓိက၊ဘယ်သူသေသေ ငတေမာပြီးရော'ဆိုသော လူစား၊သက္ကာယ အတ္တ ပဌမတန်းစားတွေဖြစ်၍လည်း ရက်ရက်စက်စက် ကိုယ်ကျိုးသက်သက် ရှာနိုင်ကြခြင်း ဖြစ်လေသည်။ ကိုယ်ကလွဲလျှင် ဘယ်သူ့မှ မငဲ့ပေ။

ရုပ်နာမ်ဘာဝ ခန္ဓာ ၅-ပါးလောက်ကို အတော်အတန် သဘောပေါက်လာသူများမှာ ထိုမျှထိ ကိုယ်ကျိုးကြည့်ဘက်သား အတ္တသမားကြီးမျိုး မဖြစ်နိုင်တော့ပေ။ အနည်းဆုံးအားဖြင့် သူ့ဘို့ကိုယ့်ဘို့ ဘို့ကလေး ၂-ခုလောက်တော့ မျှမျှတတ ရှိလာပေသည်။

ဗုဒ္ဓဘာသာ ဗမာလူမျိုးများ ဘုန်းခေါင် ဘုန်းဖျား မချမ်းသာ မကြွယ်ဝကြသည်မှာလည်း၊ ဤအသိမျိုးကလေးမေါတ်ခံ အတော်အတန် ရှိနေကြခြင်း ကြောင့်သာ ဖြစ်ပေမည်။ သဘောကောင်း၍ တရားမျှတချင်သူတိုင်း ဒုက္ကိုးဒယ်ကြိုးအထိ မည်သူမျှ မချမ်းသာ နိုင်ကြပေ။ ဤကား မျက်မြင်ဖြစ်သည်။

စီးပွားရေးကိစ္စ ရှေ့ရှုကြတာချင်း အတူတူပင် ဖြစ်စေကာမူ ဗမာတွေမှာ ကိုယ်ချင်းစာစိတ် ကရုဏာစိတ်ကလေးမျိုးက ရှိကြသေး၏။ လူမျိုးခြား စီးပွားရေးသမား၏ ရက်စက်ပုံမျိုးမှာ အံ့လောက်ပေသည်။ ၎င်းတို့ကိုယ်ရေး ကိုယ် တာ အတွက်၊ တနေ့ ၅၀- ၁၀၀ မျှကုန်အောင် သုံးသော်လည်း၊ အိမ်စေ တယောက်ကို တနေ့ ၁-ကိုပင် ငြိုငြင်အပြစ် ရှာချင်သည်။ ဤကြားထဲက သံပူချောင်းနှင့် တို့ကြသေး၏။

အရင်းစစ်သောအခါ၊ ရုပ်နာမ် ခန္ဓာ ၅-ပါးဆိုသော စကားမျိုးသည်၊ ထိုလူမျိုးခြား လောက၌၊ ဝေလာဝေးနေသောကြောင့်သာဖြစ်သည်။ ကျိုက်ထီးရိုး ဘုရား သုံးခေါက် ပြည့်အောင်သွားကြသည်ဆိုခြင်းမှာ နိဗ္ဗာန်မဂ်ဖိုလ်အတွက် နည်းနည်းမျှ မဟုတ်၊ သူဌေးဖြစ်သည် ဆိုခြင်းကြောင့်သာ သွားကြခြင်းဖြစ်သည်။ သူဌေး မည်သူဖြစ်ဘို့နည်း၊ 'ငါ'ဖြစ်ဘို့....

ထို'ငါ' အတုံးလိုက် အတစ်လိုက် အကျိုးရှိမည်ဆိုလျှင် ယခုဘဝသာမက၊ တမလွန်ပေါင်း အသင်္ချေအနန္တအထိ မတွန့်တိုပေ။ ထို့ကြောင့် လူမျိုးခြားနံမည်ကဗျည်းတပ် သတ်မှတ်ရေးဆွဲထား

သော ဘာသာရေး အဆောက်အဦမှန်သမျှ နိဗ္ဗာန်အကျိုးနှင့် အဆက်အစပ် အရှားသားဖြစ်သည်။ ယခုလက်ငင်း မစ္ဆာကျွဘဝ အကျိုးရှိမည်ဆိုလျှင်ကား တထောင်မြင်လျှင် ၅၀၀-ထိ စွန့်ဝံ့ကြ၏။ ဓါတ်ရိုက်ဓါတ်ဆင် ကောင်းသော ဘုန်းကြီးများ ကြီးပွားသည်မှာ ဗမာ့ထံမှ စေတနာက နည်းနည်းသာ၊လူမျိုးခြားထံက ဟာနှင့်သာ တိုက်တည့် ကားစီး အထိ'ပွ'ကြခြင်းဖြစ်သည်။

ဗမာတွေမှာမူ'အို-သခင်ါခုတွေဘဲ တနေ့ အနိစ္စ,အဌေဝ သုဝေဝ• ဘယ်နေ့ ဘာဖြစ်မှန်း သိတာမှတ်လို့'ဖြင့်ပင် လောကီရေးမှာလည်း ရှော်တော်တော်၊လောကုတ္တရာ ရေးလည်း တကယ်မဟုတ်၊ တကယ်လည်းမသိနှင့် ကြားချောင်၍အူ ကြောင်ကြောင် တွေသာ ဖြစ်နေ်ကြရလေသည်။

ယခု တိုင်းပြည် ထူထောင်ရေး စံနစ်တမျိုး ပြောင်းလာပြီဖြစ်သည်။ ထိုပြောင်းလာသော ထူထောင်ရေးစံနစ်ကလည်း အတ္တ (ကိုယ်ကျိုးရှာ တဖက်သတ်) သမားတွေကို အရင်းကစ အမြစ်ပါ မကျန် နှုတ်စပြုနေပြီဖြစ်ရာ၊ ရုပ်နာမ် ခန္ဓာကလေးလောက် အထိ ပေါက်၍ သက္ကာယ ကွာကွာနှင့် တက်ညီလက်ညီ ကြဲလိုက်ကြလျှင် လောကီရော လောကုတ္တရာပါ ဆထက်တံပိုး အများကြီး အကျိုး ရှိလာနိုင်ပေလိမ့်မည်။

သက္ကာယ သည်ကား အတ္တ (ကိုယ်ကျိုးရှာ) တရား၏ အခြေခံ အချက်ဖြစ်သည်။ ထို့ကြောင့် ယင်း သက္ကာယသည် သမ္မာသမတ် ဖြစ်သော လောကီ ထူထောင်ရေး၌သာ အဆိပ်အတောက်မဟုတ်

သေး၊ လောကုတ္တရာ မဂ်လမ်း ဖိုလ်လမ်းတွင်လည်း ကြီးစွာသော အပိတ်အပင် အဟန့်အတားကြီးပင် ဖြစ်ပေသည်။

ဤကိုယ်ကျိုးရှာ အတ္တဘက်သား သက္ကာယကို လောကီပိုင်းမှ ယခုခေတ်မှသာ ကမ္ဘာ့လူသား၏ ဘုံရန်သူဟု မြင်လာကြသော်လည်း၊ ဗုဒ္ဓရှင်ကမူ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က စ၍ မဂ်ဖိုလ်နိဗ္ဗာန်၏ ရန်သူအဖြစ် သိမြင်တော်မူသည့်အတိုင်း၊ ယင်း သက္ကာယကို တိုက်ဖျက်တော်မူခဲ့ပေသတည်း။

## ဒုတိယပိုင်း၏ လိုရင်းအချုပ်ကား--

၁။ ရုပ်နှင့်နာမ် ဆိုသည်မှာ မဟာဘူတ အရင်းခံချည်း ဖြစ်သည်။

၂။ ရုပ်နာမ်သည် ပရမတ်တွင် မကွဲ၊ ပညတ်၌သာ ငုပ်ချည် ပေါ်ချည်ဖြစ်၏။

၃။ ရုပ်ပျက်လျှင် နာမ်ငုပ်သည်။

၄။ ရုပ်ကောင်းလျှင် နာမ်ပေါ်သည်။

၅။ ရုပ်နာမ်မှ ခန္ဓာ ၅-ပါး ဖြစ်သည်။

၆။ ပဉ္စဝိညာဏ် ဟဒယသို့ရောက်လျှင် အသိဖြစ်။

၇။ အသိမှ အတွေးသို့ပြောင်းလျှင် သံသရာ။

၈။ သွင်းလေသည် အသက်။

၉။ ခန္ဓာ ၅-ပါးသည် အပြင် မဟာဘုတ်နှင့် ကင်း၍မဖြစ်။

၁၀။ ခန္ဓာ ၅-ပါးကိုသိလျှင် သက္ကာယဒိဋ္ဌိသည်။
၁၁။ သက္ကာယဒိဋ္ဌိလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပါ ပြုတ်။
၁၂။ သက္ကာယဒိဋ္ဌိရန် နာမ်ဖြစ်ပုံကို သေသေချာချာရှု။
၁၃။ တဏှာပြုတ်ရန် ရုပ်ဖြစ်ပုံကို သေသေချာချာရှု။
၁၄။ ရုပ်လွှဲလျှင် နာမ်လည်းမှားသည်။
၁၅။ လောကီနှင့် မလွတ်လျှင် ပညတ်၊ လွတ်လျှင် ပရမတ်။
၁၆။ ပညတ်တွင် နိဗ္ဗာန်မရှိ၊ ပရမတ်တွင်သာရှိသည်။
၁၇။ ဘုံစဉ်စံ တရားသည် ပညတ်၊ နိဗ္ဗာန်နှင့်မဆိုင်။

# တတိယပိုင်း

## ပရိညာဉစခန်း ၃-ပါး။

ဤနေရာတွင် အစဉ်အလာ ရှိသော ဝိပဿနာ အယူအဆ အချို့မှ စဉ်းစားစရာ သိမှတ်ထားရန်အချက် အချို့ရှိ၏။ ဗုဒ္ဓ၏ ဗောဓိပင်ခြေရင်း၌ အသိဉာဏ် စတင်ဆိုက်ရောက်သော စခန်းနှင့်လည်း ကိုက်ညီရန် အရေးကြီးသည်။

ထိုကား သိ, ဖြတ်, ပယ်, ဟူသော ပဋ္ဌမ ပုံကြမ်း၏ သဘောဖြစ်သည်။ **သိ**မှာ-ရုပ်နာမ်ကိုသိသော ဉာတ ပရိညာဉစခန်းဖြစ်၏။ **ဖြတ်**-မှာ ထိုရုပ်နာမ်ဓမ္မ သင်္ခါရ တို့၏ ဖြစ်ပျက် အစဉ် သွားနေသော သဘောကို လက္ခဏာရေး ၃-ပါးနှင့်တင်၍ဖြတ်သော တီရဏ ပရိညာဉစခန်းဖြစ်သည်။ **ပယ်**-မှာ အကြောင်းအကျိုး အစဉ်မပြတ်ဆက်နေသော ပဋိစ္စသမုပ္ပါဒ်နှင့်တကွ ကုသလံ ကုသလံ ဇဟံ ကုသိုလ် အကုသိုလ်စသော အကြောင်းအားပေး၊ အကျိုးအားပေး တရားစုကိုပါ ပယ်ချ စွန့်လွှတ်တော်မူလိုက်ခြင်းပင်ဖြစ်သည်။ ပဟာန ပရိညာဉစခန်းဖြစ်၏။ နိရောဓဆိုက်သည်။

ကုသိုလ် အကုသိုလ် အကျိုးတရားဟူသည်ကား၊ အကြောင်းကြောင့် အကျိုးမပြတ် ဆက်သည်ဟု ကမ္မသကတ လမ်းစဉ်ဂိုဏ်းမှ ယုံကြည်သော တရားဖြစ်၏။ ထိုတရားသည် ဗြာဟ္မဏ ဝေဒ ဒေသနာမှ မြစ်ဖျားခံ စီးဆင်းလာသော တရား ဖြစ်လေရာ၊ သံသရာလယ် နေရေးကိုသာလျှင် အားပေးနေသော တရားဖြစ်သည်။ ဗုဒ္ဓဝါဒီ အနေနှင့်ယူသော ကုသိုလ်ကား ဒုစရိုက်ကို ရှောင်ရန်သာ ဖြစ်သည်။ ဒုစရိုက် ၁၀-ပါးစလုံးပင် ရှောင်ခြင်းဖြစ်သည်။

ဗုဒ္ဓသည် သံသရာ လယ်ရေးအတွက် ပွင့်တော် မူလာသော ဘုရားမဟုတ်၊ ဤ သံသရာပြတ်ရေး, သံသရာမှ လွတ်မြောက်ရေး အတွက်သာ ပွင့်ပေါ်လာသော ဘုရားဖြစ်သည်။ သို့မှသာ ဗုဒ္ဓတရားနှင့် အခြားတရားများ ခွဲခြားနိုင်မည်ဖြစ်သည်။ ကာမာဝစရ ကုသိုလ် အကုသိုလ်တရားမှာ ဗုဒ္ဓနှင့် မဆိုင်သည်ကို အထူးဂရုပြုရန်လို၏။

ဝိပဿနာ၏ အလုပ်စခန်းသည် သံသရာပြတ်ရေးကိုသာရှေ့ရှုရသော စခန်းဖြစ်သည်။ ဤအချက်ကို မျက်ခြေမပြတ်ဘို့ အထူးအရေးကြီး၏။

ဗုဒ္ဓ၏ အလိုအားဖြင့်ကား၊ ဤသံသရာတည်းဟူသော လောကနှင့်ပတ်သက်၍ 'လောက သမုဒယဉ္စ အတ္ထိ၊ လောက နိရောဓဉ္စ နတ္ထိ' လောကကို ရှိသည်ဟု စွဲယူလျှင် ရှိသည်။ မရှိဟု ပြတ်လျှင်လည်း မရှိဟု သံယုတ်ပါဠိတော် ကစ္စာယန ဂေါတ္တ မထေရ်ကို ဟောသော တရား၌ အတိအလင်း ဆိုထားချက်အရ ဥပါဒါန် အစွဲသာလျှင်ဖြစ်ကြောင်း ရှင်းနေသည်။

ဤ ပရိညာစခန်း ၃-ပါးကို ရေရေလယ်လယ် သဘောပေါက်၍ ထိုအတိုင်း ရှုမှတ် ကျင့်ကြံနိုင်သူများအဖို့ ဝိပဿနာ စခန်းမှန် လမ်းမှန်ပင်ဖြစ်သည်။

သို့သော် လူဟူသည် သင်္ခတ လောက အတွင်း၌သာ ဥာဏ်ကျက်စားနိုင်ရုံရှိလေရာ၊ ထို သင်္ခတ လောကနှင့်ဆန့်ကျင် ခြားနားသော အသင်္ခတနယ်ကို လှမ်း၍ သာမန်အသိဥာဏ်ချိုးသည် မထိုး မဖေါက် မရောက်နိုင် ဖြစ်နေချေသည်။,

သင်္ခတလောက ဆိုသည်ကား၊ သင်္ခါရ တရားစု၏နယ်ကိုဆိုလို၏။ သင်္ခါရ တရားစု ဆိုသည်မှာလည်း အတည်အမြဲမရှိ၊ အစဉ်ပြောင်းလဲ ဖေါက်ပြန် မတည်မငြိမ် ဖြစ်နေသော လောကကို ဆိုလိုသည်။ ထို့ကြောင့် သင်္ခတလောကသည် ဖြစ်ပျက်အစဉ်နှင့်မကင်းသော ပြောင်းလဲ တတ်သည့် ဓမ္မတာ သဘာဝရှိသော နယ်ဟူ၍ နိုင်၏။

ဗုဒ္ဓရှင်သည် ဘုရားကြည့် ကြည့်၍သာ ဘုရားသိ အသိဖြင့် ဤ သင်္ခတနယ်နှင့် အသင်္ခတနယ်ကို တွေ့မြင်တော်မူနိုင်ခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် သင်္ခတလောက ဖြစ်ကြောင်းကိုရှာသော တရားဖြစ်သည်။ ဗုဒ္ဓသည် ထိုတရားကို ဗောဓိပင်အောက်၌ စ၍ တွေ့တော်မူ၏။

ရှေးဟောင်း ဗြဟ္မဏတို့၏ ဥပနိသျှတ် ၁၀၈ - ကျမ်းစလုံး၌ ပဋ္ဌာန်းနှင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာမျိုးကိုမဘိုသွားဘိ၊ သင်တူရိုးများပင် မရှိပေ။ ထို့ကြောင့် ပဋ္ဌာန်းနှင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာ

သည်၊ ဗုဒ္ဓရှင်၏ မူရင်းတရားတော် အစစ်ကေန်များ ဖြစ်သည်ဟု တတစ်ချ ဆိုနိုင်၏။ ကေန်လည်း သဗ္ဗညုတဉာဏ်ရှင် ဘုရားမျိုး၌သာ တင်မြင်နိုင်စွမ်းရှိသော တရားများဖြစ်သည်။

## အဖြစ်တရား, အရှိတရား

ပညတ်တရားကိုသိလျှင် သင်္ခတတရားနှင့် သင်္ခါရလောကကို သိနိုင်သည်။ ပညတ်ဟူသည် အမည်သညာမျှသာရှိသော ဥပါဒါန်အထင်အစွဲ တရားစုတည်း။ ဖြစ်ဖြစ်ပြီး ပျက်ပျက် သွားလေ့ရှိသော အဖြစ်တရားများသည်၊ ပညတ်တရား, သင်္ခတတရား, သင်္ခါရနယ်သာ၊များဖြစ်သည်။

ပရမတ်ကိုသိလျှင် အသင်္ခတ တရားနှင့်တကွ နိဗ္ဗာန်ဓာတ်ကို မျက်မှောက်ပြုနိုင်ပြီ။ ပရမတ်ဟူသည် မဖောက်မပြန်သော အရင်းအမြစ် အစစ်အမှန်တို့၏ အထွတ်အထိပ် ပကတိ စင်ကြယ်လျက်ရှိသော တရားဖြစ်သည်။ ကေန်ထင်ရှား အရှိတရားလည်း ဖြစ်၏။

ထို့ကြောင့် ဖြစ်ဖြစ်ပြီး ပျက်ပျက် သွားနေသော တရားတို့စုဝေးရာနယ်ကို သင်္ခါရနယ်, ပညတ်နယ်, သင်္ခတနယ်ဟုဆို၏။ အဖြစ်တရားတို့၏ နယ်ဖြစ်သည်။ မည်သို့ခေါ်ခေါ် သဘောအတူတူဖြစ်သည်။

အဖြစ်အပျက်တို့မှကင်းလွတ်လျက် ပကတိအမှန် မူလသဘာဝအတိုင်း တည်ရှိနေသောနယ်ကို ပရမတ်နယ်, အသင်္ခတနယ်ဟုဆို၏။ ၎င်းကား အရှိအစစ် အနှစ်တရားတို့၏ နယ်ဖြစ်သည်။

အဖြစ်အပျက်တို့ အစဉ်ဆက်ခါ စက်လည်နေသော နယ်ကို လောကသံသရာဟုခေါ်၏။ သင်္ခါရ,သင်္ခတနယ်ဖြစ်သည်။ ပညတ်လောက။

နိဗ္ဗာန်ဟူသည် ဤအဖြစ်တရား အထင်အမှတ်တရားတို့ စုဝေးရာ လောကသံသရာ သင်္ခတ ပညတ် နယ်တွင်း၌ရှိသော တရားမဟုတ်။

နိဗ္ဗာန်သည် အဲကြောင်း အကျိုးဆက်မရှိ။ မဖေါက်မပြန် ပကတိ တည်ငြိမ်လျက်ရှိသော အသင်္ခတနယ်၌သာရှိသော တရားဖြစ်သည်။

ထို့ကြောင့် နိဗ္ဗာန်တည်းဟူသော နိစ္စထာဝရ သုခငြိမ်းရာကို ရယူပေါက်ရောက် လိုသူတို့သည်၊ သင်္ခတနယ်မှ အသင်္ခတနယ်သို့ ကူးပြောင်းရလေသည်။

ဤသို့ သင်္ခတနယ်မှ အသင်္ခတနယ်သို့ ကူးပြောင်းရေးအကျင့်တရားသည်၊ ဝိပဿနာ လုပ်ငန်းပင် ဖြစ်သည်။

ဗုဒ္ဓရှင်၏ အလိုအားဖြင့် မဂ္ဂင် ၈-ပါးသည်ပင် ဝိပဿနာစခန်း, ဝိပဿနာ လမ်းစဉ်ပင်ဖြစ်ပေသည်။

ထို့ကြောင့် ဝိပဿနာကို ဗုဒ္ဓအလိုကျဆိုပါက၊သစ္စာ ၄-ပါးနှင့်ပင်တင်၍ ရှုမှတ်ဆင်ခြင် ရပေလိမ့်မည်။

## သုခ ၄-မျိုး

သို့သော် လောကလူသားတို့သည်၊ ဘုရားမပွင့်ခင်က သုခတည်းဟူသော ချမ်းသာ ၂-မျိုးကို ရှာဖွေလိုက်စား ခဲ့ကြ၏။

(၁) ကာမသုခ=ကာမ ၅-မျိုးကို လိုက်စားခြင်းဖြင့် စည်းစိမ်သုခရှိသည်ဟု ယုံကြည်ပြုလုပ် ကြခြင်း။

(၂) ဈာနသုခ=ဈာန် ၄-မျိုး ၄-ဆင့်ကို အားထုတ်ခြင်းဖြင့် စည်းစိမ်သုခရှိသည်ဟု ယုံကြည်ပြုကျင့် ကြခြင်း။

ဤအထက်ပါ သုခ နှစ်မျိုးမှာ ဗုဒ္ဓ မပွင့်ပေါ်မီက ရှေးဝေဒခေတ် လူသားတို့ ရှာဖွေကျင့်ကြံ ကြသော လောကီသုခများသာ ဖြစ်ကြကုန်၏။

(၃) သန္တိသုခ=ရုပ်နာမ် ၂-ပါးစလုံး အသင်္ခတ ဓါတ်သားအဖြစ် ပြောင်းလဲသွားမှသာ အစစ်အမှန် ငြိမ်းသောသုခဟု ယုံကြည်အားထုတ်ခြင်း၊ လောကုတ္တရာ နိဗ္ဗာန်ချမ်းသာဖြစ်သည်။

ဤအမှတ် ၃-သန္တိသုခကား၊ ဗုဒ္ဓရှင်သာလျှင် ကိုယ်တော်တိုင်ရရှိ၍၊ ယင်းသို့ရရှိသည့်အတိုင်း လူသား အားလုံးတို့အားလည်း ထိုသုခကိုရရှိအောင် ကျင့်ကြံနိုင်ကြရန် နည်းလမ်းကို ညွှန်ပြဟောဖေါ်တော်မူခဲ့သည်။ ဤသည်ပင် ဗုဒ္ဓသာသနာ, ဗုဒ္ဓ၏အဆုံးအမဟောညွှန်ချက်ဟူ၍ သတ်မှတ်လိုက်နာ ကြရခြင်းဖြစ်ပေသည်။

ထို့ကြောင့် ဤယခု ဗုဒ္ဓဝိပဿနာတွင် ၃၁-ဘုံ ဝါဒဘက်မှသံသရာလည်ရေး၊ကမ္မာဝစရ, ကမ္မသကတာလမ်းစဉ်ပါ ကုသိုလ်အကုသိုလ်စသော ကောင်းကမ်-မကောင်းကမ်၊ ထိုထိုကောင်းကမ်၊ မကောင်းကမ်တို့၏ ကောင်းကျိုးဆိုးပြစ် တရားရှုကို တစုံတရာ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ၊ ဘေးဖယ်မှောက်ထေပယ်လိုက်

ပါသည်ဟု ရှင်းရှင်းဘဲ ဆိုလိုပါသည်။ လောကုတ္တရာ မဂ္ဂဖလ သမ္မာဒိဋ္ဌိ လမ်းစဉ်မှာ စတုသစ္စ သမ္မာဒိဋ္ဌိ အခြေခံဖြစ်၍၊ သစ္စာဝင်သော ကျင့်စဉ်ကိုသာ ပမါနထားသည်။

ဘာကြောင့်နည်း။ဗုဒ္ဓသည် မဂ်ဖိုလ်နိဗ္ဗာန်၏ အကျိုးကျေးဇူးနှင့် မဆိုင်သော တရားမှန်က မည်သည့်တရားကိုမျှ လက်ခံစဉ်းစား နှလုံးသွင်းရန် မလိုလားသောကြောင့် ဖြစ်သည်။ ဤအထောက် အထားများသည်၊ သဗ္ဗာသဝသံဝရသုတ်၊ မဟာသစ္စကသုတ်၊ ဘယဘေဝရသုတ်၊သမ္မာဒိဋ္ဌိသုတ်၊ မဟာသတိပဋ္ဌာနသုတ်၊ အနုပါဒါန ပရိနိဗ္ဗာနသုတ်၊စေတောခိလသုတ်၊ဝနပတ္တသုတ်၊မဓုပဏ္ဍိကသုတ်၊စသည်ဖြင့် မဇ္ဈိမနိကာယ်နှင့် သံယုတ်နိကာယ် ကြီးများတွင်လည်း သုတ်ပေါင်းများစွာ အထင်အရှား ပါရှိလေသည်။ သီလက္ခံပါဠိတော် မဟာသီဟနာဒသုတ်တွင် ကဿပအမေးကို ဗုဒ္ဓ ဖြေရာ၌ အရှင်းဆုံး ဖြစ်သည်။

ဝိတက္က သဏ္ဌာနသုတ်တွင်ကား၊အကုသိုလ်ဟူသည် အကယ်၍ပင် မိမိကျူးလွန်ခဲ့သည်ပင် ရှိစေဦး၊ တစုံတရာ ပြန်လည် သတိရစဉ်းစားခြင်းမပြုက ချုပ်ငြိမ်း ပျောက်ကွယ်စေရာ၏ဟု ထင်ရှားဟောထားလေသည်။ ဤသည်လည်း ဗုဒ္ဓ တရားတော် များ၏ အဆီ အနှစ် သက်သက် ချည်းသာလျှင် ဖြစ်သော ဗောဓိပက္ခိယ တရား ၃၇-ပါး၌ ပါဝင်လျက်ရှိသည့် သမ္မပဋ္ဌာန် ၄-ပါး အနက်မှ ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယမော ဖြစ်ပြီး အကုသိုလ်ကိုပယ်စွန့်၊ မစွဲနှင့်၊ မစဉ်းစားနှင့် ဟူသော တရားနှင့် အညီသာလျှင် ဖြစ်နေသည်။

စေတောခိလသုတ်တွင်မူ လွန်စွာ ထင်ရှားစွာ ဟောချက်တခု ပါသည်။ ၎င်းမှာ အကြင်ရဟန်းသည် ဤသီလ ဤအကျင့်မျှ လောက်ဖြင့် အားထုတ်ရသော် တစုံတရာ ထူးမြတ်သော လူအဖြစ် နတ်အဖြစ်၊ ဗြဟ္မာအဖြစ် စသည်တို့ကို ဖြစ်နိုင် လောက်ပေပြီဟု မြှော်မှန်း၍ ပြုလုပ်သည်ဖြစ်အံ့။ ထိုရဟန်းသည် အလိုကာမနှင့် ဘဝ စည်းစိမ်ကိုသာ တောင့်တ ပြုလုပ်ခြင်းဖြစ်၍ မဂ်ဖိုလ်၏ အနှောက်အယှက်သာ ဖြစ်ပေတော့သည်ဟု ဆိုထားလေသည်။

ထို့ထက် ထင်ရှား ပြတ်သားစွာ ဟောထားသော ဗုဒ္ဓ၏ ၃၁-ဘုံ ဆန့်ကျင်ရေး တရားသည်ကား၊ 'ဓမ္မစကြာ' ဒေသနာ တော်ကြီးပင် ဖြစ်လေသည်။ ထိုဓမ္မစကြာ တရားတော်၌ ဒုက္ခ သစ္စာ၏ အကြောင်းရင်းဖြစ်သော သမုဒယပိုင်းကို ဖွင့်ဆိုရာ၌ တဏှာသည်သာ အဓိက အကြောင်းရင်းအဖြစ် ညွှန်ပြတော်မူရာ တွင် 'ယာယံတဏှာ- အကြင် အလိုဆာမှုသည်၊ ပေါနောဗ္ဘဝိကာ- ဘဝသစ်ကို ဖြစ်စေတတ်သော၊ နန္ဒီရာဂ-နှစ်သက် စွဲကပ်မှုနှင့်၊ သဟ ဂတာ-အတူတကွဖြစ်သော၊ တတြတတြာ-ထိုထို၊ ဘိနန္ဒိနီ- ဘဝကို နှစ်သက်တတ်၏၊ သေယျထိဒံ-အဘယ်သို့နည်း၊ ကာမတဏှာ-ကာမ စည်းစိမ်၌ ဆာလောင် တပ်မက်ခြင်း၊ ဘဝတဏှာ- ထိုထိုဘဝ အဖြစ်၌ အလိုတပ်မက်ခြင်း၊ ဝိဘဝတဏှာ- ဘဝစည်းစိမ်ချမ်းသာ ၌ အလိုတပ်မက်ခြင်း တို့တည်း'ဟု ဆိုထားသည်။

သို့ဖြစ်လေရာ၊ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝနှင့်တကွ ထိုထို ဘဝတို့၌ ဇောတိက၊ ဇတိလ၊ ကာကဝဏ္ဏ၊ မဋ္ဌက၊ သူဌေးကြီး ၄-ဦးကဲ့သို့သော ဘဝများသည်၎င်း၊ ဝဿဝတီနတ်ပြည်၌ ပတ္တမြား

တရစ်၊နီလာတထပ်၊စိန်သားတလွှာ၊ဆင့်ခါဆင့်ခါ နတ်မင်းတို့၏ ပြဿဒ် ဘုံဗိမာန်ကြီးထက်ဝယ် တဖက် ၅၀၀ မျှသော နတ်မယ်လျ ကညာမဒီ အစီစီခြံရံလျက် စသော ဘဝသံည်ရင်း၊ ၇-ဂါဝုဒ်မျှ သော ရတနာ ၇-ပါး စီချယ်သသည့် ပြဟ္မာ့ တိမ်မီးခိုး မာလိကာ ဗယက်တန်ဆာ ဒွါဒယာကြီးကို ဆင်မြန်းလျက် ၁၀ ယူဇနာ အ လင်းကို ဆောင်သော ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် ရောမ ပြဟ္မာမင်း စည်းစိမ်ကြီးကို သော်ရင်း၊ လူ၌ဖြစ်သော စည်းစိမ် ချမ်းသာ၊ နတ်၌ဖြစ်သော စည်းစိမ် ချမ်းသာ၊ ထမင်း အဖျော် ယမကာ စသည့် ဘဝစည်းစိမ် ဟူသမျှသည်၊ ဟုတ်သည်, မဟုတ် သည် အပထား၊ ဗုဒ္ဓ ဘုရားရှင်နှင့်ကား လားလားမျှ သင့်မြတ် သည့် တရားများ မဟုတ်ကြောင်း ထင်ရှားပေသည်။

ဤသည့် အမွန်းတင် ဘဝမျှော် စိတ်ကူးယဉ် ဘုံစဉ်စံ တရားစု ကား လွန်စွာမသေချာ မရေမရာ၊ ဟိန္ဒူ ပြဟ္မဏ တို့၏ အစွဲ ဥပါဒါန် အားပေး, သံသရာလယ်ရေး အစွဲနယ်က တရားများသာ ဖြစ်ကြပေသည်။

ဤအယူအစွဲစု တရားကား ကာမသုခ၌သာ အကျုံးဝင်သည်။ အကျုံးဝင်ကြောင်းကို ဗုဒ္ဓရှင်ဟောသည့်၊ဓမ္မစကြာတွင် ကာမေ သု-ကာမ ၅-မျိုးတို့၌၊ကာမသုခလ္လိက နုယောဂေါ-ကာမဂုဏ်နှင့် ယှဉ်သော၊ဟိနော- ယုတ်သော၊ ဂမ္မော- ရွာသူဓလေ့ ဖြစ်သော၊ ပေါထုဇ္ဇနိကော လူသာမန် ချာတူးလန်တို့၏ အကျင့်ဖြစ်သော၊ အနရိယော— သူမြတ်တို့၏ အလုပ်မဟုတ်သော’ဟု အတော်ကြီး ပက်ပက်စက်စက် ဖေါ်ထုတ် ဖွင့်ဆို ရှင်းလင်း၍ ထားသည်ကို တွေ့ရချေမည်။

ဤသို့ ဖြစ်နေကြသည်။

သို့ရာတွင် ဤ ဗမာ ဗုဒ္ဓဘာသာ အမည်ခံ လောက၌ကား၊ဤသို့လျှင် ဗုဒ္ဓနှင့် ဆန့်ကျင်သော တရားတွေက လွှမ်းမိုး တွင်ကျယ်နေသည်။

ဝိပဿနာ ဟူသည်ကား၊ဤသို့ မသေမချာ မရေမရာ တရားစုနှင့် မဖြစ်၍ ဗုဒ္ဓရှင် ကိုယ်တော်တိုင်က မနှစ်မြို့ လက်မခံပေ။ဝိပဿနာသည် ဗုဒ္ဓ၏ တရားအစစ်ဖြစ်သည်။

ထို့ပြင် ဝိပဿနာစခန်းဖြစ်သော မဂ်ဖိုလ်လမ်းစဉ်တွင် အဆိုးဆုံး အပိတ်အပင် အတားအဆီးကြီးများဖြစ်သော နိဝရဏ ၅-ပါး ရှိနေသည်။ ကိလေသာ ၃-ပါး၏ ကိုင်းတက်ကြီးများ ဖြစ်သည်။

(၁) ကာမစ္ဆန္ဒ နိဝရဏ = ကာမ ၅-မျိုးတို့၌နှစ်သက်မှု။
(၂) ဗျာပါဒ နိဝရဏ = ရန်ညှိုး ဒေါသ ဖြစ်တတ်မှု။
(၃) ထိနမိဒ္ဓ နိဝရဏ = ထုံထိုင်း ပျင်းယိမှု။
(၄) ဥဒ္ဓစ္စ ကုက္ကုစ္စနိဝရဏ = ပြန့်လွင့်ခြင်း၊ တုန်လှုပ်ခြင်း၊ စက်ဆုတ်ခြင်း ၊ ပူပန်ခြင်းဖြစ်မှု။
(၅) ဝိစိကိစ္ဆာ နိဝရဏ = မဝေခွဲတတ်၊ ချီတုံချတုံ သို့လော သို့လောဖြစ်မှု။

ဤ နိဝရဏ ၅ ပါး၌ အမှတ် ၁၊ ကာမစ္ဆန္ဒ - ကာမ ၅-မျိုးတို့၌ နှစ်သက်မှု ဟူသော အချက်ကို အနည်းငယ် ရှင်းရန်သာရှိသည်။ ထို ကာမ ၅ မျိုးဟူသည်ကား အခြားမဟုတ်။မျက်စေ့အကြိုက်၊ နားအကြိုက်၊ နှာခေါင်းအကြိုက်၊ လျှာအကြိုက်၊ ကာယအကြိုက်

စသော ဤ ပဥ္စာရုံ အကြည်ပသာဒရုပ် ၅- မျိုးတို့၏ အလိုလိုက်၍ အကြိုက်ကို နှစ်သက် မက်မောခြင်းကို ဆိုလိုသည်။ ကျန် နိဝရဏ ၄-မျိုးမှာ အဓိပ္ပါယ်ပေါ်လွင်ပြီးဖြစ်၍ အထူးရှင်းစရာမလိုတော့ပေ။ ထို ကိုင်းတက်ကြီးများကို ခုတ်ချလိုက်နိုင်လျှင် ကိလေသာ ပင်မအား ပျက်သည်။

သီလက္ခန္ဓဝဂ်-ပေါဋ္ဌပါဒသုတ်တွင် အတော် ရှင်းလင်း ဟောဆိုချက်များပါ၏။

ဤ နိဝရဏတရား ၅-ပါးကား၊ သိမ်းဆည်းနှလုံးသွင်းရန်မဟုတ်၊ လက်ခံလိုက်နာရန်မဟုတ်။ အဆုံးတိုင် စွန့်ပစ်ပယ်ခွါရမည့် တရားများ ဖြစ်သည်။ မဂ်ဖိုလ်အလို့ငှါ ကြီးစွာသော အပိတ်အပင် အတားအဆီးကြီးများဖြစ်၏။

သို့သော် ဗုဒ္ဓဝါဒီ အမည်ခံ လောကတွင် သာမန်လူသား များကို မဆိုထားဘိ။ ရဟန်းဘွဲ့ခံပုဂ္ဂိုလ်ထဲ၌ပင် ထိုနိဝရဏတရား၅-ပါးကို (လုံးဝ မစွန့်နိုင်သေးသည်ထားဦး) မည်မျှသော အတိုင်းအတာ အထိ စွန့်လွှတ်ကြလေသနည်း။

ဤအထဲ၌ အရေးအကြီးဆုံးမှာ ဝိစိကိစ္ဆာဖြစ်၏။ ထိုဝိစိကိစ္ဆာ သို့လော သို့လော မဝေခွဲတတ် ချီတုံချတုံ မသေမချာ မရေမရာ တရားသည် ၅- ပါးသော နိဝရဏ တို့၏ ဦးစီးခေါင်းဆောင် ဖြစ်နေသည်။

အကယ်၍ ၃၁-ဘုံ စကားမျိုး၌ ယုံသည် ပြောသည် ဆိုအံ့။ ဒိဋ္ဌကေန် စိတ်ချလက်ချသိသောဘုံ ဘယ်နှစ်ဘုံရှိ၍ ဘယ်နှစ်ဘုံကို ကေန်ကေ ယုံကြည်မည်နည်း။

ပြောသံကြားနှင့် အားကျ ယုံကြည်နေလျှင်၊ တကယ်ပြတ်ပြတ်သားသား ထင်ရှား တိကျသော ယုံကြည်ချက်မျိုး မဟုတ်နိုင်။ မျက်ကန်းယုံ အရမ်းယုံမျိုးသာ ဖြစ်ချေမည်။ မျက်ကန်းယုံသည် ဒိဋ္ဌိ၏ ရေသောက်မြစ်သာဖြစ်သည်။ ဒိဋ္ဌိဟူသည် အဝိဇ္ဇာအတွင်း၌သာ ကျင်လည်သောတရား ဖြစ်၏။

ဤ ဒိဋ္ဌိတရားသည် ဝိစိကိစ္ဆာ-သို့လောသို့လော မတင်မကျဖြင့်သာ ရှိတတ်လေရာ၊ ဗုဒ္ဓသာသနာတွင်းသို့ ရောက်ရန် အောက်ဆုံးဖြစ်သော သောတာပန်ကပင် လက်မခံသော တရားစုဖြစ်သည်။

သောတာပန် ဖြစ်ရန်ကား သံယောဇဉ် ၁၀-ပါးအနက်၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ,သီလဗ္ဗတ ပရာမာသ ၃-ပါးကို ထင်ထင် မှတ်မှတ်ကြီး သဘောပေါက် ပယ်ခွါနိုင်စွမ်း ရှိရလေသည်။ ထိုကိလေသာ ၃-ပါးကိုပင် လုံးလုံးကြီး ပြတ်ပြတ်စဲစဲ ပြန်မစဉ်းစားတန်းပယ်ခွာနိုင်လျှင် သကဒါဂါမိ ပုဂ္ဂိုလ်အဆင့်သို့ပင် ရောက်နိုင်၏။ သကဒါဂါမိ ဟူသည် သောတာပန် အရင့်စားပင်ဖြစ်၏။ ၎င်းအဆင့်တွင် ပယ်စဉ် သံယောဇဉ် သီးခြားဟူ၍မရှိ။ သောတာပန် ပယ်သော ဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတ ပရာမာသ ၃-ပါးကိုပင် လွတ်လွတ်စင်စင်ကြီး ပယ်နိုင်သော အဆင့်သာဖြစ်သည်။

## ဗုဒ္ဓသည် အာဏာရှင်ဘုရား မဟုတ်။

ဗုဒ္ဓသည် ကိုယ်တော်တိုင်က စ၍ ဝိဘဇ္ဇဝါဒီဖြစ်သည်။ ဝိဘဇ္ဇဟူသည် ကိုယ်တော်တိုင်က သေချာစေ့ငုစွာ စုံစမ်း၍၊ ကိုယ်တော်တိုင် သိနားလည်မှသာ ကိုယ်တော်တိုင် ကျင့်သုံး၍၊ ထိုအတိုင်း

ကိုယ်ဖြင့်တွေ့ ကိုယ်ယုံ အစစ်တရားကိုသာ ဟောပြတော်မူသော ဘုရားဖြစ်သည်။

ထို့ကြောင့်လည်း ဗုဒ္ဓရှင်၏ အဆုံးအမကို လိုက်နာသူတိုင်းသည် မည်သို့သော ပြောသံကြား ဟောသံကြား ကိုပင် ဖြစ်စေ၊ ကိုယ်တိုင်သာလျှင် ဥာဏ်ထင်ထင် ရှေ့သွား၍ ဝိမံသ, ဝိစာရဏ, သေချာစုံစမ်းပြီးမှ ယုံကြည် ကျင့်ကြံကြရန် အခွင့်အရေး ရှိလေသည်။

ဤ အထောက်အထားသည် ကေသမုတ္တိသုတ်၌ ကာလမ ရွာသားတို့အား ဟောသော ဗုဒ္ဓ၏တရား၌ ထင်ရှားပါရှိပြီး ဖြစ်၏။ ထို့ကြောင့် "ဤကား ပိဋကတ်တော်ပါဖြစ်သည်။ ဘုရားဟော ဖြစ်သည်။ သံဃါယနာ တင်ပြီးဖြစ်၍ ယုံရမည်" ဟု မည်သူကမျှ ပညတ် ချုတ်ချယ် ပိုင်ခွင့် မရှိပေ။

ထို့ကြောင့်လည်း ဗုဒ္ဓရှင်သည် " တံ ကိံ မညထ ဘိက္ခဝေ-ရဟန်းတို့ ထိုသို့ ငါဆိုသောစကားကို အဘယ်သို့ ထင်မှတ်ကြကုန်သနည်း " ဟူသောပုဒ်ဖြင့် သုတ်ပေါင်း အတော်များများတွင် ရဟန်းတို့၏ ထင်မြင်ချက်ကို ပြန်လည် မေးမြန်းတော်မူလေ့ရှိသည်ကို တွေ့ရသည်။

ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်ကမှ "ငါဘုရား-ငါပြောလျှင် တရားဟုမှတ်၊ ထို့ကြောင့် သင်တို့ငြင်းချက်မရှိ၊ဆင်ခြေမတက်ရ၊ ငါပြောသမျှ အကုန် ယုံကြရမည်"ဟု မည်သည့် အခါမျှ တချက်လွှတ် အာဏာနှင့် ဘုရားလုပ်သော ဘုရားမျိုးမဟုတ်သည်ကို သတိ ထားထိုက်၏။

ဗုဒ္ဓရှင် ပွင့်တော်မူရသော အချိန်ကာလသည် မဇ္ဈိမဒေသ၌ အခြား ဘုရားကြီးပေါင်း ၆-ဆူကလည်း ခေတ်ပြိုင် ကြွတင်ပေါ် နှင့်သော အခါလည်းဖြစ်၏။ ထိုအထဲမှ နိဂဏ္ဌ နာဋပုတ္တ ခေါ် မဟာဝီရ "ဂျိန်း" ဘုရားကြီး၏ စတုယာမ သံဝရ တရားစုသည် ဗုဒ္ဓ၏ တရားနှင့် အချို့သော နေရာတွင် အတော်ပင် တူယောင်ရှိ မှား ဖြစ်နိုင်သော တရားများ ပါလျက်ရှိခဲ့၏။ ၎င်း ဂျိန်းဘုရား မဟာဝီရ၏ အန္တိမ ပန်းတိုင်မှာ သမာဓိ စခန်း၌သာ နိုဂုံးချုပ် ထားသည်။ ထို သမာဓိ စခန်းဆိုက်လျှင်ပင် ဂျိန်းဘာသာ အလို အားဖြင့် နိဗ္ဗာန်ပင် ဖြစ်တော့၏။ ထို ဘုရား၏ နိဗ္ဗာန်ကား-ဝိမုတ္တိ သုခပင် ဖြစ်သည်။ သမထ အခြေခံ သမာဓိ ကျင့်စဉ် တရားများ သာ ဖြစ်သည်။

မဟာဝီရ " ဂျိန်း " ဘုရားကြီးကား၊ ဗုဒ္ဓထက် အသက် ၂၀-မျှ ကြီး၍ ဘုရားဖြစ်လည်း စောသည်။ ပဉ္စမ သံဂါယနာ၌ ဝိနည်း ကို ပြန်ကြားသော ဥပါလိ မထေရ်ကား- နိဂဏ္ဌ နာဋပုတ္တ- မဟာ ဝီရ ဘုရား၏ မူလ တပည့်ပင် ဖြစ်သည်။ နောက်မှ ဗုဒ္ဓ၏ တပည့် အဖြစ်ယူ၏။

ဗုဒ္ဓရှင် ပရိနိဗ္ဗာန် ပြုပြီးနောက်၊ ဘီစီ ၄၇၃-မှ အေဒီ ၁၄၀ ကန္တစ်ရှိကမင်း ခေတ်အထိ၊ထိုမဟာဝီရ၏ စတုယာမသံဝရ တရား နှင့် ဗုဒ္ဓ၏ မဂ်တရား ဖိုလ်တရားများသည် အစပိုင်း၌ ခေတ်ပြိုင် စင် ပြိုင် ဖြစ်ရာမှ နောက်ပိုင်းတွင် တဖြေးဖြေး ရောထွေးသွားခဲ့သည်။

ဤမှစ၍ ဗုဒ္ဓ၏ တရားများတွင် မဟာဝီရ၏ သမာဓိလုပ်ငန်း များ ရောထွေးလာခဲ့ရာ ယခုတိုင် မကွဲမပြားဖြစ်ခါ၊ ဗုဒ္ဓဝါဒီ လောက အားလုံး၌ ဗုဒ္ဓဟော သမာဓိ ချည်း ဖြစ်လာရ၏။

သို့ဖြင့် ကမ္မ နိမိတ်၊ ဥဂ္ဂဟ နိမိတ် ၂–ပါးကို စူးစိုက်တည်တန့်သော်– ပရိကမ္မ သမာဓိ ဟုဆိုရင်း။

ပဋိဘာဂ နိမိတ်ကို စူးစိုက် တည်တန့်လျှင်၊ ဥပစာရ သမာဓိ ဟုဆိုရင်း။

ဈာန်အားလုံး ကုန်သည့်အခါ၊ ထိုကုန်သော အမြင့်ဆုံး အကိုဋ္ဌ ညာယတန ဈာန်နှင့်ယှဉ်၍ တည်တန့်သော်၊ အပနာသမာဓိ ဟုဆိုရင်း။

စသည်ဖြင့် သမာဓိ ၃-ပါးရောထွေးလာ၏။ ဤအတိုင်းလည်း အဋ္ဌကထာ, ဋီကာ ဆရာတို့က ဖွင့်ကြလေသည်။ သီလက္ခန္ဓ ပါဠိတော် မဟာလိသုတ်တွင် ထိုထို သမာဓိတို့ထက် သောတာပန်က အများကြီးသာကြောင်း ဗုဒ္ဓ ဟောထားသည်။

ဗုဒ္ဓ၏ မူရင်း မဂ္ဂင်တွင်ကား၊ သမ္မာ သမာဓိ တမျိုးသာ ဖြစ်၏။ ထို သမ္မာ သမာဓိကား မဂ္ဂင်ပါ တရားတော်သာဖြစ်သည်။

ဗုဒ္ဓသည် ထိုသို့ ရှုပ်ထွေးနေသော မဟာဝိရဂိုဏ်းမှ စတုယာမ သံဝရ ကျင့်စဉ်ကို ခွဲခြား သဘောပေါက်စေလို၍၊ မူလ ပဏ္ဏာသ တွင် အရှင်မဟာ စုန္ဒ မထေရ်၏ လျှောက်ထားချက်ကို အကြောင်း ပြု၍ သလ္လေခသုတ်ကို ဟောတော်မူခြင်း ဖြစ်၏။

ထိုသုတ်၏ အချုပ်သဘောကို အနည်းငယ်ပြောရသော်၊ ဗုဒ္ဓရှင် က 'အို စုန္ဒ-အကြင် ရဟန်းသည် ဈာန် ၄-ဆင့်ဖြစ်သော စတုတ္ထ ဈာန်သို့ရောက်၍ ချမ်းသာခြင်း ဆင်းရဲခြင်းကိုရင်း၊ ဝမ်းမြောက် ခြင်း ဝမ်းနည်းခြင်းကိုရင်း၊ ပယ်စွန့်လျက် လစ်လျူရှုခြင်းဖြင့် သတိထင်လျက်ရှိစွာ ဈာန်ချမ်းသာ၌ ဝင်စားနေသည်ဖြစ်၊ အိုစုန္ဒ-

ထိုထက် လွန်၍လည်း တစုံတဦးသော ရဟန်းသည် ရုပ် အမှတ်သညာကို လွန်မြောက်၍ အကိဉ္စညာယတနစျာန်ဖြင့် အထူးထူးသော အမှတ်သညာတို့ပါ နှလုံးမသွင်းတော့ဘဲ အဆုံးမရှိသော ကောင်းကင်ကိုပင် လွန်မြောက်၍ ၎င်းကို အာရုံပြုနေသော စိတ်ဝိညာဉ်သည်သာ အဆုံးမရှိဟု အဆုံးမဲ့ စိတ် ဝိညာဉ်သို့သာ ဆိုက်ရောက် နေထိုင်သည်။ အစွမ်းမဲ့သို့ပင် လွန်မြောက်လျက် အမှတ်၌မဲ့သော အာကာသ အာရုံ၌ ဆိုက်ရောက် ဝင်စား နေထိုင်သည်ပင် ဖြစ်ငြားအံ့။ ထိုရဟန်းအား လစ်လျူရှုသူ ချမ်းသာသူဟု အရိယာတို့က ခြီးကျူးနိုင်၏။ ထိုရဟန်းသည်လည်း 'ငါကား ကိလေသာ ခေါင်းပါးနေ၏'ဟု ထင်မှတ်ဖွယ်ရှိ၏။

အို-စုန္ဒ- သို့ရာတွင် ဤသည့်ရုပ်မှ ကင်းလွတ်နေသော နာမ်စျာန်တို့ကို အရိယာတို့၏ အကျင့်တရားတော်၌ ကိလေသာမှငြိမ်းနေသူဟု မဆိုထိုက်၊မဆိုအပ်သေးပေ။ လောကီ ငြိမ်းချမ်းရေးဟုသာ ဆိုအပ်၏။ အို-စုန္ဒ- ဤသာသနာတော်၌ ကိလေသာခေါင်းပါးရေးထက် ချုပ်ငြိမ်းရေးသာ ပြုကျင့်အပ်သည်'ဟု အကျယ်တဝင့် ပါရှိလေသည်။

ဗုဒ္ဓသည် လောကီအကျိုးငှါ ငြိမ်းချမ်းရေးဖြစ်သော အမြင့်ဆုံး အပနာ သမာဓိစခန်းသို့ ဆိုက်ရောက်ခါမျှနှင့် လောကုတ္တရာ ငြိမ်းမှုသို့ ဆိုက်ရောက်ပြီဟု မဆိုသေးပေ။

ဤသလ္လေခသုတ်ကို သေသေချာချာကြည့်က ဗုဒ္ဓသည် ရုပ်နှင့်ကင်း၍ နာမ်သက်သက်၌သာ ခံစားနေသော အစွမ်းမဲ့ နေဝသညာ နာသညာယတနကဲ့သို့ အကျင့်ကို နှလုံးသွင်းတော် မမူကြောင်း ထင်ရှားသည်။

ဤသုတ်တွင် ဗုဒ္ဓရှင်သည် မဂ္ဂင်ရှစ်ပါးကို ၅-ကြိမ်တိုင်တိုင်မျှ ထိ တသုတ်ထည်း၌ ရှင်းပြလျက်ရှိသည်ကို တွေ့ရ၏။

ထို့ပြင် အောက်ပါ စကားများသည် အထပ်ထပ် အခါခါ ၆-ကြိမ်မျှပါရှိ၏။

မှန်သော အကျင့်ရှိသူသည် မှန်သောဉာဏ် အမြင်ရှိမည်။ မှန်သော လွတ်လပ်သူဖြစ်မည်။ ပျင်းယိ ငိုက်မျည်းခြင်း ကင်းမည်။ မပျံ့မလွင့်ဖြစ်မည်။ ယုံမှားမရှိသူ လွန်မြောက်သူဖြစ်မည်။ အမျက်မထားသူဖြစ်မည်။ ရန်ငြိုးမဖွဲ့သူ ဖြစ်မည်။ ဂုဏ်ကျေးဇူး မချေဖျက်သူ ဖြစ်မည်။ အပြိုင်အတု မပြုသူဖြစ်မည်။ မငြူစူသူ ဖြစ်မည်။ ဝန်မတိုသူ ဖြစ်မည်။ မစဉ်းလဲသူ ဖြစ်မည်။ မခက်ထန်သူ ဖြစ်မည်။ မာန်မတက်သူ ဖြစ်မည်။ သူ့စည်းစိမ်ကို မတပ်မက်သူ မငြူစူသူ တို့ဖြစ်မည်။ သူတပါး ပျက်စီးကြောင်း မကြံစည်သူတို့ ဖြစ်မည်။ အိုစုန္ဒ- ကိုယ်တိုင်က အလိုကာမ၌ တပ်မက်လျက် လောကညွံ တွင်း၌ နစ်မွန်းနေသူ ဖြစ်ပါလျက်၊ အခြားသူတို့အား အလိုကာမ ၏ ညွံတွင်းမှ ထုတ်ဆောင် ကယ်တင်နိုင်မည် ဆိုခြင်းမှာ အကြောင်းမရှိချေ။

အိုစုန္ဒ- မိမိအယူဝါဒ၌ အစွဲသန်သူ၊ တယူသန် မြဲမြံစွာယူသူ စွန့်လွှတ်နိုင်ခဲ့သူ တို့သည် အစွဲမသန်ခြင်း၊ မြဲမြံစွာမယူခြင်း၊ စွန့်လွှတ်လွယ်ခြင်း စသော ငြိမ်းကြောင်း နည်းလမ်းကိုသာ အားထုတ်ထိုက်၏။

ဤသည်တို့မှာ သလ္လေခသုတ် တသုတ်ထည်း၌ ဗုဒ္ဓသည် စုန္ဒ မထေရ်အားအထပ်ထပ်အခါခါဟောသောတရားများဖြစ်သည်။ အာသဝ ကိလေသာတို့ပြတ်ရန်သာ ဗုဒ္ဓသာသနာတော်ဖြစ်သည်။

လက်ရှိ ဗုဒ္ဓဝါဒီ အမည်ခံတို့၏ ဖြစ်ပျက်နေပုံများကိုအကဲခတ်ရန် ကောင်းသော သုတ်များမှာ အများပင်ရှိသော်လည်း၊ ဤစာစောင်၏ ဆိုလိုရင်း မဟုတ်၍ ချန်လှပ်ခဲ့တော့မည်။

## ရောပျက်လာခြင်းများ။

အမှန်အားဖြင့် မဟာဝိရ၏ ဂျိန်းဂိုဏ်းဝင်တို့က ဗုဒ္ဓဝါဒသို့ ရောခြင်းကားမဟုတ်၊ ဗုဒ္ဓဝါဒီအမည်ခံ ဂိုဏ်းအချို့တို့သည်၊ဘီစီ ၃၀၀-ခန့်မှစ၍ ဂျိန်းတရားတချို့ကို ဗုဒ္ဓတရားတော်နှင့် မခွဲမခြားနိုင်ဘဲ ဖြစ်ခဲ့ကြသည်။

ဤမှစ၍ ဗြဟ္မဏ ဝေဒတို့၏ သမထလမ်းဆိုင်ရာ သမာဓိများနှင့် ဗုဒ္ဓ၏ သမ္မာ သမာဓိ တရားများ ရောထွေး ကျင့်သုံးခဲ့ကြသည်။

ထိုခေတ် ထိုအချိန်က စာပေဆိုင်ရာ အမှတ်အသားများပေါ်ထွန်းသော အချိန်လည်းမဟုတ်။အကယ်၍ ပေါ်ထွန်းနေစေကာမူ ရေးမှတ်ရန် ပစ္စည်းကရိယာမျိုးများသည် ယခုခေတ်လောက် ပေါများ လွယ်ကူခြင်းလည်း မရှိဖြစ်သည်။ နှုတ်တက်အာဂုံခေတ်သာဖြစ်၏။

ထို့ကြောင့် အဝတ်အဆင်လည်း ဗြဟ္မဏ သမဏ ရဟန်း, ဂျိန်းရဟန်း,ဗုဒ္ဓ ရဟန်းတော်များ စသည်ဖြင့် ဆင်တူရိုးမှားတွေဖြစ်ကြရာ၊ ရောစပ်မိရန်လည်း ခက်ခဲသည် မဟုတ်ပေ။ ဆင်တူရိုးမှားသဏ္ဍာန်နှင့် ရဟန်းတပါးက ရွတ်ဆိုလျှင်၊ အခြား ရဟန်း တပါးကလည်း ထိုတရားကို ရွတ်ဆိုနေသည်မှတ်ခါ သဘောကျ သင်ယူသည်များလည်း မနည်းပေ။

အခြားဂိုဏ်းဝင် ရဟန်းများနှင့် ဗုဒ္ဓရဟန်းများ သိသာခြားနားလာသည်မှာ၊ ဘီစီ ၂၅၀-နောက်ပိုင်း တတိယ သံဂါယနာတင်ခေတ်အပြီး ကာလတွင်မှ ဖြစ်လေသည်။ သို့သော် အသွင်သာ ခြားလာခြင်းဖြစ်၏။ တရားများမှာမူ ပိုမိုရောထွေးလာချေသည်။

နှစ်ပေါင်း ၅၀၀-နီးပါး အချိန်ကြာစွာ ရောစပ်မိ ထားသော တရားစုကို လွယ်လွယ်နှင့် ခွဲခြား သတ်မှတ်ရန် ခဲယဉ်းနေပေတော့ပြီ။ မဟာဝိရနှင့် ဗုဒ္ဓ တရားစုကား မူလ သက်တော် ထင်ရှား ရှိသော ခေတ်ကပင် ဆင်တူရိုးမှား ကျင့်စဉ်တွေ ပါနေသေးရာ၊ ပရိနိဗ္ဗာန် ပြုပြီးနောက် ကာလများတွင်ကား သူ့ဟာ ကိုယ့်ဟာ ခွဲမရအောင် ဖြစ်ရသည်မှာလည်း မဆန်းတော့ပေ။

ထိုအကြောင်းများနှင့် ပတ်သက်၍ အိန္ဒိယ မဇ္ဈိမ ဘုရားပွင့်ရာ ဒေသသို့ အေဒီ ၃၉၉-တွင် ရောက်ရှိလာသော ပဌမဆုံး တရုပ်ရဟန်းတော် အသျှင် ဖာဟီယန်၏ အိန္ဒိယပြည်တွင် ၁၅-နှစ်နေထိုင် မှတ်သားသွားသော ခရီးစဉ်မှတ်တမ်းများတွင် အတော်စုံလင်စွာ ပါရှိ၏။

ထို အသျှင်ဖာဟီယန်၏ မှတ်တမ်းများကို ပြင်သစ်လူမျိုးများ ဖြစ်သော Remusat, Klaproth, နှင့် Landresse တို့က ပြင်သစ်ဘာသာပြန်ဆို၍ ၁၈၃၆-ခုနှစ်တွင် ပဌမဆုံးပုံနှိပ်သည်။ ထို့နောက် အင်္ဂလိပ် ဘာသာသို့ တဖန် ၁၈၄၈-ခုနှစ်တွင် J.W.Laidley ဆိုသူ ပုဂ္ဂိုလ်တဦးက ပြန်ဆိုပုံနှိပ်သည်။ ထို့နောက် ၁၈၆၉-ခုနှစ်တွင် Samuel Beal ဆိုသူက Buddhist Pilgrims ဟူသောအမည်ဖြင့် ထပ်မံပုံနှိပ်သည်။ Beal မှာ တရုပ်ပြည်တွင် အနေကြာပြီး ဗုဒ္ဓ

ဝါဒီ ဖြစ်လာသူ ဖြစ်သည်။ တရုပ်ပိဋကတ်မှ ဓမ္မပဒကို ပဌမဆုံး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသူလည်း ဖြစ်၏။ Mux Muller ပြန်သော ဓမ္မပဒသည် ထေရဝါဒဂိုဏ်းသုံး ဖြစ်သည်။ ထို့နောက် ၁၈၇၇-ခုနှစ်တွင် Mr. Giles ဆိုသူက အသျှင် ဖာဟီယန် မှတ်တမ်းများကို Beal ၏ ပြန်ဆိုချက် မှားသည်ဟူ၍ မှတ်ချက်ချပြီး၊ တဖန် ၎င်းကိုယ်တိုင် ပြန်ဆိုထုတ်ဝေပြန်သည်။

နောက်ဆုံး တဖန် ၁၈၈၆ ခုနှစ်တွင် Dr. Legge ဆိုသူပဂ္ဂိုလ်ကြီးတဦးက ထပ်မံ ပြန်ဆို ထုတ်ဝေပြန်သည်။

ဤသို့ အထပ်ထပ် အကြိမ်ကြိမ် ပြန်ဆိုနေကြသော အချိန်တွင် ဗမာပြည်မှာ အင်္ဂလိပ် လက်အောက်သို့ပင် လုံးလုံး မကျရောက်သေးပေ။ ပြင်သစ်ဘာသာ ပြန်ဆိုသော အချိန်မှာ မင်းတုံးမင်းခေတ်ပင် ရှိသေး၏။ ၎င်းခေတ်အတွင်းမှာပင် အင်္ဂလိပ် ဘာသာပြန် ၃-အုပ်ထွက်သည်။ Dr. Legge ပြန်ဆို၍ အောက္ကစ်ဖို့ ယူနီဗာစီတီမှ နှိပ်သော နှစ်ပင် ဗမာပြည် အင်္ဂလိပ်လက်သို့ပါသောနှစ်မျှသာရှိပေသေးသည်။အနောက်တိုင်း သုတေသီတို့၏ လုလ္လဝိရိယကား ချီးကျူးလောက်ပေသည်။

ဗုဒ္ဓ သာသနာသို့ သီဝ, ဝိဿနိုး, မဟာဝိရ ဂျိန်း နှင့် ဟိန္ဒူ ဗြဟ္မဏ ရေးဟောင်း ဥပနိသျှတ်ကျမ်းများ မည်သို့ ရောစပ်လာသည်ကို လေ့လာလိုကြပါက V.A. Smith ရေး Early History of India တွင်၎င်း၊ J.G. Jennings ရေး The Vedantic Buddhistism of the Buddha တွင်၎င်း၊ E. J. Thomas ရေး History of Buddhist thought တွင်၎င်း၊ Charles Elliot

ရေး Hinduism and Buddhism တွင်၎င်း၊ အခြားသော Rhys Davids A B. Keith စသည်တို့တွင် ကြည့်ကြပါလေကုန်။

အသျှင်ဖာဟီယန်၏ မှတ်တမ်းများ၏ ကျေးဇူးဖြင့် ဗုဒ္ဓပွင့်တော်မူရာ၊ဒေသစာရီ ကြွချီ သီတင်းသုံးတော်မူခဲ့ရာ အရပ်ရပ်ကို နှောင်းခေတ် သုတေသီများအဖို့ အထောက်အကူများစွာ ရရှိခဲ့ကြရခြင်းဖြစ်သည်။

ထို့ထက် အရေးကြီးသော အချက်မှာ အေဒီ ၄၀၀-အချိန်၌ ဖြစ်ပျက်နေသော အိန္ဒိယပြည် ဗုဒ္ဓသာသနာ အခြေအနေကို အကဲခတ်နိုင်ခြင်းဖြစ်၏။

ထိုအကြောင်းများကို E.B. Havell ရေး The History of Aryan Rule in India စာအုပ်တွင်၎င်း၊ V.A. Smith ရေး၊ Early History of India စာအုပ်တွင်၎င်း၊ ကောင်းစွာ လေ့လာနိုင်ကြပေသည်။

ထိုစာအုပ်များ၌ ဗုဒ္ဓတရားနှင့် ဂျိန်းတရားများ ဆင်တူရိုးမှားဖြစ်၍ ဗုဒ္ဓသာသနာကို အားပေးသော ဟိန္ဒူအနွယ်ဝင် ဂုပ္ပတားမင်းဆက် သမုဒ္ဒရာဇ်မင်းပင် မခွဲခြားနိုင်ဘဲ အတူထား၍ အားပေးခဲ့ပုံများကို ကွက်ကွက်ကွင်းကွင်း ဖေါ်ပြပါရှိလေသည်။

ထို သမိုင်း အထောက်အထားများအရ A.D. ၁၀၀-စုနောက်ပိုင်းခေတ်တွင် ဗုဒ္ဓသာသနာမှာ အိန္ဒိယ၌ အထွတ်အထိပ်သို့ရောက်ခါ လိုက်နာ ကိုးကွယ်ကြသူ များလင့်ကစား၊ များစွာသော ဗုဒ္ဓဝါဒီတို့မှာ ရှေးနှစ်ပေါင်း ၃၀၀၀-ခန့်က အရိုးစွဲ ဖြစ်လာသော မိရိုးဖလာ မဟာဘာရတ အယူအဆများ ရာမာယန ဝါဒများကိုလည်း မစွန့်လွှတ်ကြပေ။

ထို့ကြောင့် အယူသည်း ဗြဟ္မဏ တို့က တဖက်မှ ဝင်ရောနှော သမျှတွေကိုပါ ဗုဒ္ဓတရားတော်များအဖြစ် လက်ခံယုံကြည်ကြလေသည်ဟု ပါရှိ၏။

အသျှင်ဖာဟီယန် ရောက်လာချိန်တွင် ပါတလိပုတ်ပြည်၌ အာသောကမင်း၏ နန်းတော်သည်ပင် များစွာ မပျက်စီးသေးဘဲ အကောင်းပကတိ အလွန်တင့်တယ် အံ့ဘနန်းမျှ တွေ့မြင်လိုက်ရသေးသည်ဟု ဆိုသည်။

သို့ရာတွင် ဗုဒ္ဓသာသနာမှာ တဖက်တွင် ဗြဟ္မဏ ဝေဒကျမ်းတို့၏ အရောအယှက် အတိုက်အခိုက် မျိုးစုံကြောင့် ဗုဒ္ဓ၏တရားများတွင် အကြားနှင့်အမှား စသော ဗြဟ္မဏ ဒဏ္ဍာရီ တရားများ ရောယှက်ခါ တဖြေးဖြေး ယိုယွင်း ပျက်စီးလျက် ရှိနေလေပြီ။

ဗုဒ္ဓရှင် ဘုရားမဖြစ်ခင် ဂယာသိသတွင် ဒုက္ကရစရိယာကျင့်စဉ်က အနီးအနားတွင် အလွန်ကြီးကျယ်သော ဂါယာမြို့ကြီးများမှာ ပျက်စီးခဲ့လေပြီ။ အသျှင်ဖာဟီယန် ရောက်ချိန်တွင် အိမ်ခြေ ၂၀၀ မျှပင်မပြည့်သော တောရွာကလေးသာ ဖြစ်နေပြီး၊ ထိုရွာကို အမှီပြု၍နေသော ဗုဒ္ဓသာသနာဝင် ရဟန်းတော် အနည်းငယ်မှာလည်း ဗြဟ္မဏ ဝေဒ တရားများ အရောရော ဖြစ်နေသော ကျင့်စဉ်များနှင့် ဖြစ်နေကြပြီဆို၏။

ဗုဒ္ဓဂါယာမှာ ရှေးက စည်ကားသလောက် တောကြီးအတိသာ ဖြစ်နေပြီး၊လူနေကျေးရွာဟူ၍ပင် မကျန်သလောက်ခြောက်သွေ့နေပြီဟု ဆို၏။

ထိုအချိန်ကာလကို သာသနာ သက္ကရာဇ်နှင့် တွက်ပါက နှစ်ပေါင်း ၉၀၀-မျှသာ ရှိလိမ့်ဦးမည်ဖြစ်ရာ၊ သီဟိုဠ်သို့ ဗုဒ္ဓဃောသ မထေရ်ပင် မကြွရောက်သေးသဖြင့် အဋ္ဌကထာ များပင် မပေါ်သေးသော အခါ ဖြစ်သည်။ သီဟိုဠ်သို့ ဗုဒ္ဓဃောသ မထေရ် ရောက်သောနှစ်ကား သာသနာ သက္ကရာဇ် ၉၅၆-ခုနှစ်တွင် ဖြစ်သည်။ ထိုအချိန်တွင် ဗမာပြည်၌ သီရိပစ္စယာမြို့တည် သီလကြောင်မင်း ခေတ်ဖြစ်၏။ ခရာဇ်နှစ်မှာ အေဒီ ၄၇၃-နှစ်ဖြစ်၏။

ထို့ကြောင့် ထိုအချိန်က ဗုဒ္ဓ သာသနာ သည်၊ ဗမာပြည်၌ ကောင်းစွာပင် မရောက်သေးချိန်ဟု ဆိုနိုင်သည်။ ဗုဒ္ဓသာသနာ စတင်သော အနော်ရထာမင်းခေတ်မှာ အေဒီ ၁၀၆၅-ဖြစ်သည်။

## ဗုဒ္ဓသာသနာနှင့် ဗမာပြည်

မျက်နှာဖြူ ရာဇဝင်ဆရာ မစ္စတာ ဟာဗေး၏ ဗမာ့သမိုင်း ကောက်နုတ်ချက်ကမူ- 'ဗမာပြည်သို့ ဗြာဟ္မဏအယူများက အေဒီ ၃၀၀-ခန့်တွင်၊ အိန္ဒိယတောင်ပိုင်း မာလ်ဘာ တဝိုက်မှ ဗမာပြည်သို့ ရောက်လာကြသော ဗြာဟ္မဏ ဟိန္ဒူလူမျိုးတို့နှင့် ပါလာဟန်တူသည်။ ၎င်းဗြာဟ္မဏ ဟိန္ဒူတို့မှတဆင့် ပြူလူမျိုးများသို့ ပြန့်ပွားခြင်းလက္ခဏာရှိသည်။ ပြူမြို့ဟောင်းများမှ တွေ့ရသော ကျောက်ချပ်စာပေ အရေးအသားတို့မှာ Kadamba. ခေါ် အိန္ဒိယပြည် ဘုံဘေ ပင်လယ်ကမ်းရိုးတန်းရှိ ဂိုအာနယ်မှ စာပေမျိုးဖြစ်သည်။ ဟိန္ဒူဗြာဟ္မဏတို့မှာ စစ်မက်အနေနှင့် မည်သည့်နိုင်ငံကိုမျှတိုက်ခိုက်ဝင်ခြင်းကားမဟုတ်၊ တဖွဲ့ချင်း တသင်းချင်း အရောင်းအဝယ် ဆက်သွယ်သွားရောက်ရင်း စုမိ၍ များလာသောအခါ၊ ရေကြည်

ရာ့မြက်နုရာတို့၌ ထိုထိုနိုင်ငံ လူမျိုးတို့နှင့် ကြေနပ်အောင် ဆက်ဆံခါ၊ မြို့ပြတည်ထောင် နေတတ်ကြသည်။ ဤအတိုင်းပင် အိန္ဒိယ ဟိန္ဒူတို့သည်၊ မလာယု၊ စူမတ္တရား၊ ကမ္ဘောဒီးယား၊ ဘိုနယို၊ တိုကင်စသည်တို့ထိ ပြန့်ထွက်ရောက်ရှိကြသည်။

ဗမာလူမျိုးများသည် မွန်ဂိုလ်အနွယ်များ ဖြစ်သည်ကား မှန်၏။ သို့သော် တရုပ်ပြည်နှင့် စပ်ဆက်သော ဗမာမှု ရေးရာဟူ၍ ဘာမျှခိုင်ခိုင်လုံလုံ အထောက် အထားမရှိခဲ့။ အိန္ဒိယပြည်နှင့်သာ လူမှုရေးရာ အဖြာဖြာများ ဆက်စပ်လျက်ရှိသည်ကို တွေ့ရသည်။

ထိုအချက်ကို ထောက်က၊ ရှေးခေတ်ပေါင်း အတန်ကြာကာလကပင်၊ ဟိန္ဒူဗြဟ္မဏတို့သည် ဗမာပြည်တွင်းသို့ ရောက်ရှိပြီး ဘာသာရေး၊ လူမှုရေး၊ ပညာရေးများကို သယ်ပို့ခဲ့ကြကြောင်း ထင်ရှားသည်။

သို့သော် ဗမာ၏ခေတ်ဦးသမိုင်း အဆိုများသည်၊ ဗုဒ္ဓ၏အနွယ်အဆက် သာကီဝင်တို့မှ ဆင်းသက် ပေါက်ပွားခါ၊ အိန္ဒိယမြောက်ပိုင်းမှ ရောက်ရှိလာလေဟန်များ ဖေါ်ပြထားသည်ကို တွေ့ရသည်။'

ထိုခေတ်ဦး အချိန်ဗမာပြည်သို့ ရောက်လာ နေထိုင်ကြသော အိန္ဒိယ လူမျိုးတို့အနက်၊ အချို့တို့တွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဗြဟ္မဏ ဘာသာတို့ ရောယှက်နေသော ဘီစီ ၂၆၁-ခုနှစ်က အထိမ်းအမှတ်များ ပါလာခဲ့ကြဟန် တူသည်။ ၎င်းတို့ရောက်ရာ အခြေကျစခန်း မြို့ရွာများတွင် ဟိန္ဒူ ယဉ်ကျေးမှု ဆန်သော စေတီပုထိုးများ တည်ထားကြသည်။ ရွှေတိဂုံ၊ ရွှေမော်ဓော၊ သထုံရွှေ

စာရံ စေတီတို့၏ ပုံစံသည်၊ ထိုဟိန္ဒူ စေတီပုထိုးများမှ ကူးစပ်လာသော လက္ခဏာဖြစ်သည်။

ဘီစီ ၂၆၀-ကျော်တွင် အိန္ဒိယဘုရင် အာသောက မင်းသည် အိန္ဒိယတောင် ပိုင်းသို့ပါ ဗုဒ္ဓသာသနာ တရားတော်များ ဖြန့်ချိခဲ့ရာ၊ အိန္ဒိယတောင်ပိုင်း ကွန်ဂျီဗရမ် (Conjee Veram) ခေါ် မဒရပ် ပြည်နယ်ထိ ပြန့်ပွားသည်။

ဗမာပြည်သို့ မြောက်ဘက်မှ မဟာယာန ဗုဒ္ဓသာသနာဝင် ရောက်ခဲ့သည် မှန်သော်လည်း၊ တောင်ပိုင်းမှလာသော အိန္ဒိယလူမျိုးတို့နှင့် ပါလာသော ဗုဒ္ဓသာသနာသာလျှင် ယခုဗမာတပြည်လုံး၌ ပြန့်နေလျက်ရှိရာ၊ ကွန်ဂျီဗရမ် ဗုဒ္ဓဘာသာ လွှမ်းမိုးဟန်ရှိသည်" စသည်ဖြင့် ရာဇဝင်ဆရာ ဟာဗေးက ရေးသားထားလေသည်။

မစ္စတာ ဟာဗေးက ဗမာပြည်တွင် ကွန်ဂျီဗရမ် ဗုဒ္ဓဘာသာက လွှမ်းမိုးဟန်တူသည်ဆိုသော အချက်မှာ၊ ဗမာ ကျောင်းကန်, တန်ဆောင်းများ၌ ကြေးစည် ခေါင်းလောင်းများထိုး၍ ဘုရားဝတ်တက် ဝတ်ကပ် ပူကြပုံကိုကြည့်ခါ အကဲခတ်ဟန်တူသည်။

ကွန်ဂျီ ဗရမ်မှာယခုမဒရပ် ပြည်နယ်အတွင်းရှိ(Chingleput) ခေါ် ခရိုင်ဖြစ်သည်။ရှေးက ၎င်းကွန်ဂျီဗရမ်၏မြို့တော်မှာKanchi ဖြစ်သည်။ တမေးလ် ဟိန္ဒူများဖြစ်၍၊ ဗြဟ္မဏ ဂိုဏ်းတမျိုး ဖြစ်သည်။ အာသောကခေတ်က ၎င်းဒေသမှာ ဗုဒ္ဓသာသနာရောက်ရာ နယ်ဖြစ်သည့်အလျောက်၊ ဗြဟ္မဏပျက် ဗုဒ္ဓဘာသာတမျိုး ကိုးကွယ်သော နယ်ဖြစ်သည်။ ဗိဿနိုးဝါဒီများ ပေါ်များလေရာ

နောင်တွင် ဗုဒ္ဓဘာသာကို ၎င်းဗိဿနိုးတို့က လွှမ်းသွားပျောက်ကွယ်သွားတော့၏။ ၎င်းမဒရပ် တောင်ပိုင်းသားတို့ ဘုရားဝတ်ပြုလျှင် ဆည်းလည်း ခေါင်းလောင်းများ ကြွက်ကြွက်ညံအောင် အသံမပြတ်တီးခတ်ဝတ်ပြု ပူဇော်လေ့ရှိ၏။ယခုဗမာပြည်မှာရှိနေသော ချစ်တီးနှင့် တမေးလ် ဘုရားကျောင်းများကို အကဲခတ်နိုင်သည်။

မစ္စတာ ဟာဗေးသည်၊ ဗမာဘုန်းကြီး ကျောင်းများ၌ ညဦးချိန်, နံနက်စောစောချိန် တီးကြခတ်ကြသော ကြေးစည် ခေါင်းလောင်းသံတို့နှင့် အိန္ဒိယတောင်ပိုင်းသား ချစ်တီး တမေးလ်တို့ဝတ်ပြုသံများကို ဆက် စပ် တွေး ယူ ကောင်း တွေး ယူစရာ ရှိပေသည်။

ထို့ပြင် ယခုတောင် တွင်း ကြီး အနီး မှ ဗိဿနိုးမြို့ဟောင်း၊ ခေတ္တရာမြို့ဟောင်း၊ ရွှေဘိုနယ် ဟန်လင်းကြီးတို့၌ တူးဖော်တွေ့ရှိရသော ရှေးဟောင်းပြုခေတ် သမိုင်း အထောက် အထား အရလည်း၊ ဟိန္ဒူဗြဟ္မဏ ဝါဒများ ရှေးခေတ်က ဗမာ့ သမိုင်း တွင် ရောစပ်နေခဲ့ကြောင်း ထင်ရှားနေပြန်ရာ၊ မစ္စတာ ဟာဗေး၏အကောက်အယူကို ငြင်းရန် မလွယ်ပေ။

နောက် ဗမာဗုဒ္ဓဝါဒီများ ယုံကြည်သည့်အတိုင်း ရှိနေသော သမိုင်းစဉ်ပါအရ၊ အာသောက မင်းလက်ထက်က ၉-တိုင်း ၉-ဌာနသို့ သာသနာပြုများ လွှတ်သောအခါ၊ဗမာပြည် သထုံ သုဝဏ္ဏဘူမိသို့ အသျှင်သောနနှင့် အသျှင် ဥတ္တရတို့ရောက်ရှိ သာသနာပြုသည်ဆိုသော အချက်ကိုလည်း သမိုင်းဆရာ စမစ်က သံသယရှိသည်ဟု ဆိုထားပြန်သည်။

စမစ်ကမူ အာသောကမင်း၏ ၉-တိုင်း ၉-ဌာန သာသနာပြု လွှတ်ရာတွင်၊ ဗမာပြည် ပါသည်ဟု မဟာဝံသ ကျမ်းကဆိုထား သော်လည်း၊ အာသောက ကျောက်စာတွင် ဗမာပြည်သို့ သာသ ပြု လွှတ်သည်ဟု မတွေ့ရပေ။ အီဂျစ်, ဂရိစ်, ပါရှားစသော အ နောက်တိုင်းသို့ လွှတ်သည်မှာ ထင်ရှားသည်။ သို့ရာတွင် ထိုအ နောက်တိုင်းသို့ လွှတ်သော သာသနာပြုများ၏ လုပ်ငန်းစဉ်မှာ အကောင်အထည် မပေါ်ဘဲ တိမ်မြုပ်နေသည်။ ဤသို့တိမ်မြုပ် သော်လည်း ခရစ်ယာန်ဘာသာ၏ အစောပိုင်း ကျမ်းဦးတရားများ တွင် ဗုဒ္ဓဂေါတမ၏ တရားတော်များ၏ အငွေ့အသက် အများ ကြီးပါသည်ကိုမူ အကဲခတ်နိုင်သည်ဟု ဆိုထားလေသည်။

မဟာဝံသကျမ်းကား သာသနာနှစ် ၉၀၀ ခန့်တွင်မှ ရေးသော ကျမ်းဖြစ်၏။ မာလာလာစက္ကရ ရေး သိဟိုဠ်ကျွန်း ပါဠိစာပေ များခေါ် စာအုပ် တွင်ပါသည်။ ခရစ်တော်၏ စော စောပိုင်း ကျမ်းများမှာ ဗုဒ္ဓဂေါတမ၏ တရား အငွေ့ အသက် မကင်းဟု စမစ်က ဆိုရာ၌လည်း ယုတ္တိရှိသည်။ ခရစ်တော်သည် ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုပြီး နှစ်ပေါင်း ၄၇၇ ကျော်မှ ပေါ်သော ဘုရားဖြစ်၏။

ခရစ်ယာံ သမ္မာကျမ်းစာတို့၌ ဗုဒ္ဓခေတ် အထုပ္ပတ္တိ သာခကတင် ပြသော ဝတ္ထုဇာတ်လမ်းမျိုး အချို့ မကင်း ဖြစ်နေသည်လည်း အထင်အရှားဖြစ်သည်။

ဤကား ဗုဒ္ဓသာသနာ မည်သို့ ပြန့်ပွားပုံ၊ မည်သို့ ရောနှောပုံ၊ ယခု မည်သို့ ခံယူ ကျင့်သုံးကြပုံ စသည်တို့ကို ပေါ်လွင်စေလို၍ အနည်းငယ် နောက်ကြောင်း အထောက်အထားများကို တင်လိုက် ရခြင်းသာ ဖြစ်ပါသည်။

## သစ္စာဆိုက်မှ ဝိပဿနာ

ဆိုလိုရင်းမှာ ဗုဒ္ဓဝါဒီတို့၏ အရေးအကြီးဆုံး ပဓါနထား၍ ကျင့်ကြံ အားထုတ်ကြရမည့် ဝိပဿနာ စခန်းဆိုင်ရာ အယူအဆ များ သန့်ရှင်း မှန်ကန်စေလို၍သာ ဖြစ်၏။

မမှန်လို့လည်း မဖြစ်တော့ပေ၊ သစ္စာ ၄-ပါးကိုသာ မူတည်၍ ဖွင့်ရမည့် ဝိပဿနာ ဖြစ်နေလေသည်။

ထို့ကြောင့် ပဌမပိုင်းနှင့် ဒုတိယပိုင်းတို့၌ ရုပ်နာမ်၏ သဘာဝ နှင့် စိတ်တည်းဟူသော အတ္တ၏ လက္ခဏာ၊ သက္ကာယ အစွဲထင် ဟပ်ပုံများကို ဖေါ်ပြခဲ့ပါပြီ။

ဤလောကုတ္တရာ မဂ္ဂဖလ သမ္မာဒိဋ္ဌိ လမ်းစဉ်ကိုပင် ဂျာမန် ရဟန်းတော် အသျှင်ရာဟုလာ(Walpola Rahula)လည်းဖွင့်ဆို ထားသည် ဖြစ်လေရာ၊အချို့နေရာများ၌ အသျှင်ရာဟုလာ၏ အ ကောက်အယူ သဘောများကို မှီငြမ်းပြု ဆက်လက် တင်ပြပါ မည်။

ဝိပဿနာ အလုပ်စခန်းဟူသည် ခန္ဓာ ၅-ပါးမှကင်း၍ ရှုမှတ် ခြင်းမဟုတ်၊ ခန္ဓာ ၅-ပါးမှကင်းလျှင်လည်း ဝိပဿနာမဖြစ်ပေ။ သမထ လမ်းသာဖြစ်နိုင်၏။ သမထ လမ်းကား ဟိန္ဒူရှေးရိုးလမ်း ဖြစ်၍၊ အတ္တကြီး တန်းလန်းဖြင့် 'ငါတွေ့ပြီ၊ ငါသိပြီ၊ ငါခံစားပြီ' စသည်ဖြင့် ဖြစ်နေသော် 'အနတ္တ' ဆိုက်ရန်မလွယ်ပြီ။

ဤကား ရုပ်မှကင်းသော ရှုမှတ်ခြင်းဖြစ်၍ နာမ်ချည်း သက် သက် သမာဓိစခန်းတွင် ဆိုက်ခါ ဝိမုတ္တိ ဖြစ်နေခြင်းသာဖြစ်သည်။

ဤ အချက်ကို သလ္လေခ သုတ်တွင် ဗုဒ္ဓရှင်သည် စတုတ္ထစျာန် လွန်၍ အာကာသာနဉ္စာယတနသည် အမှတ်မဲ့ အာရုံကို ဆိုက်ရောက်ဝင်စားနေနိုင် သည်ပင် ဖြစ်စေဦး၊ ရုပ်မှကင်းသော နာမ်စျာန်တို့ကို အရိယာတို့ အကျင့်တရား၌ ကိလေသာမှ ငြိမ်းနေသူ မဆိုထိုက်ဟု ဟော တော်မူခဲ့သည်။ ပေါဋ္ဌပါဒသုတ်၌လည်း ဤအတိုင်းပင်ဖြစ်သည်။

**ဗုဒ္ဓ၏ ဝိပဿနာကား-**

(၁) ရုပ်ရော နာမ်ပါ ပေါင်းစပ် ဖွဲ့စည်း ဖြစ်ပေါ်၍နေသော ခန္ဓာရှိ မူလဘူတဓါတ်၏ သဘာဝလက္ခဏာကို ထင်ရှား ပြတ်သား လာအောင် ပဌမ ရှုမှတ်ဆင်ခြင်ရ၏။

(၂) ယင်းသို့ ဖွဲ့စည်း ဖြစ်ပေါ်နေသော ဘူတဓါတ် ၄-ပါး၏ ပရိယာယ်အရ၊ ဤ သင်္ခါရလောက ဥပါဒါန် ရုပ်နာမ် အဖြစ်ကို သဘောပေါက် လာသောအခါ၊ ထိုဘူတသဘာဝမှ ထင်ရှားဖြစ် ပေါ်နေသော 'သတိ' ကို ထိုးထိုး ထင်ထင်ရအောင် ဂရုပြုထိန်းရ လေသည်။ ဤကား ဒုတိယ စခန်းဖြစ်၏။

(၃) ဤသို့ ထိုးထိုးထင်ထင် ဖြစ်လာသော 'သတိ' ကိုပင် လက္ခဏာရေး ၃-ပါးနှင့် ထပ်မံ ဆင်ခြင်ခြင်းဖြင့် ဤ သင်္ခါရ သင်္ခတ ပညတ်လောကမှပြတ်ထွက်သွားပြီး၊အသင်္ခတ နိဗ္ဗာန်ဓါတ် သို့ ထင်ရှားသော တည်ငြိမ်သည့် သတိဖြင့် ဆိုက်ရောက်သွား အောင် အားထုတ်ရခြင်းဖြစ်သည်။ ဤကား နောက်ဆုံး တတိယ စခန်း နိဂုံးချုပ်ပင် ဖြစ်သည်။

သဘောအချုပ်မှာ ရုပ်နာမ် ၂-ခုပေါင်းစု ဖြစ်ပေါ်နေသော ဥပါဒါန် ရုပ်တရား နာမ်တရားတို့၌ ထင်ရှား ဦးစီးနေသော

'သတိ'သည်ပင် လှုပ်ရှား ပြောင်းလဲနေသော သင်္ခတ သဘောမှ မဖေါက်မပြန် ပကတိ ခိုင်မာ တည်မြဲ၍ သွားသော အသင်္ခတ သဘောသို့ ကူးမြောက် လွတ်လပ်သွားစေခြင်းသည်ပင် ဝိပဿနာ၏ အလုပ်ဖြစ်သည်။ ဤသည်ပင် နိဗ္ဗာန် ချမ်းသာကို ရရှိခြင်းဖြစ်သည်။ ရုပ်နာမ်၏ အဖြစ်သဘော၊ဖြစ်ကြောင်း သဘော၊ချုပ်ငြိမ်းသဘော၊ ချုပ်ငြိမ်းရေးလမ်းစဉ် အကျင့် စသည့် သစ္စာ ၄-ချက်ကို ပိုင်ပိုင်မိမိရအောင် ကျင့်ရာသည်ပင် သတိဦးစီးလျက် ရှုမှတ်ရလေသည်။

ထို့ကြောင့် သမထတွင် 'သမာဓိ' ဦးစီး၏။ ဝိပဿနာတွင် 'သတိ' ဦးစီးသည်ဟု ဖွင့်ဆိုကြခြင်းဖြစ်သည်။ သတိကြောင့် စိတ်အစဉ် အတွေးပေါ်ခြင်း ဖြစ်၏။ ထို့ကြောင့် စိတ်သည် သတိမဟုတ်။ကျင့်စဉ်တွင် ရှင်းလတံ့။

ဤနေရာတွင် သတိသည်အတ္တ မဖြစ်ပါလောဟု မေးစရာရှိ၏။ မဟုတ်ပေ၊ လွန်စွာခြားနား၏။ အတ္တဟူသည်ကား မိမိဟူသော အစွဲစိတ်အထင် အာရုံနယ် ကျယ်ပြန့်စွာ တောင့်တခြင်းလည်းဖြစ်သည်။ ကြောင့်ကြခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် တဏှာနယ်ကိုသာ ရှေ့ရှုသောကြောင့် ကိလေသာ သမားဖြစ်သည်။ ကိလေသာသမားပြီပြီ၊ သံသရာတွင်း၌သာ ကျင်လည်၏။

သတိသည်ကား အမှတ်သညာသာဖြစ်သည်။ တောင့်တရန် ကြောင့်ကြရန်ကို မဆိုထားဘိ၊မည်သည့်ကိလေသာ အာသဝ တစုံတရာ၏ အကပ်အငြိဟူ၍ မြူမျှ အသမ်းမခံဘဲ ကျင့်နိုင်လျှင် အကြောင်းရော အကျိုးဆက်တရားများပါ အားလုံးအိပ်သွန်ဖါ

မှောက် ကင်းပြတ် စင်ကြယ်သော 'ပကတိ သတိ' အဖြစ် ထီးထီး ထင်ထင် ခိုင်ခန့်စွဲမြဲ တည်ငြိမ်၍သွားပါက သန္တိသုခကို ဖြစ်ပေါ်စေသော သတ္တိရှိသည်။ အလွန်မာကျော ခိုင်ခန့်သော အမတေ ခဲသွားခြင်းကို ဆိုလိုသည်။

သတိသည် အတွေးလွတ်လွတ် ခိုင်ခန့်စွဲမြဲ တည်ငြိမ်သွားလျှင် ဝမ်းနည်း ဝမ်းသာခြင်းသည်၎င်း၊ စိုးရိမ် ပူဆွေးခြင်းသည်၎င်း၊ တောင့်တခြင်း ကြောင့်ကြခြင်းသည်၎င်း၊ ထိုထိုသို့သော အာရုံများ ဖြစ်ပေါ်ရာ စိတ်အစဉ်၏ အကြောင်းတရား အကျိုးတရားများသည်၎င်း၊ အားလုံးသော လောကဓံ တရားစုမှန်သမျှ လုံးဝ မကပ်မငြိနိုင်တော့ပေ။ ကျောက်မီးသွေးမှ စိန် ဖြစ်သွားသကဲ့သို့ တည်း။

ထို့ကြောင့် အတ္တနှင့် သတိမှာ တခြားစီ ခွဲခြား၍ရသော အရာများဖြစ်သည်။

သို့ရာတွင် ပုထုဇဉ် အန္ဓ ဘာဝတို့၌ အတ္တနှင့် သတိကို ခွဲခြားမရဘဲ ပူးတွဲနေသဖြင့်၊သတိသည် စိတ်ဖြစ်သာခါ အတ္တနှင့် ရောစပ်နေရသည်။

ဤအချက်ကို ထင်ရှားရန်သည် သုတ်ပေါင်း များစွာ ရှိသည့်အနက်၊သဘောပေါက်လွယ်ဆုံးမှာ၊ပေါဋ္ဌပါဒသုတ်၌၎င်း၊မဟာဝေဒလ္လသုတ်ပါ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနှင့် ရှင်မဟာကောဋ္ဌိက မထေရ်မြတ်တို့ ဆွေးနွေးတင်ပြသော တရားတော်များ၌၎င်း၊ သိသာလွယ်ပေသည်။ သို့သော် အကောက် အယူလွန်စွာ အရေးကြီး၏။

ပေါင္ဂပါဒသုတ်တွင် ဝိတက် ဝိစာရမှ ကင်းလွတ်လျှင် ပီတိ ဖြစ်သည်။ နှစ်ခြိုက်သည်ဟု ဆိုလို၏။ ထို ပီတိ၏ နှစ်ခြိုက် ကြေနပ်နေမှုသည် အတ္တ နှင့် သတိ မကွဲသေးချေ။ ထို့ကြောင့် ပီတိ၌ တပ်မက်မှု ဖြစ်နေသော အတ္တကို သတိနှင့် ဆင်ခြင်လိုက်က သတိသည် အတ္တမှ သီးခြား ခွဲထွက်လာသည်ကို တွေ့ရမည်ဟု ဟော၏။

ပီတိကို တပ်မက်မှုဖြင့် ပီတိနှင့် (သတိ) မကွဲဘဲ ဆက်လက် ငြိမ်ဝပ်အောင် ထိန်းသွားလျှင် ထို ပီတိဖြင့်ယှဉ်သော သတိသည်၊ အတ္တမစင်သဖြင့်....

(၁) ရူပသညာ—ရူပစျာန်၌ဖြစ်သော သညာ။

(၂) ပဋိဃသညာ—မျက်စေ့, နား, နှာ, လျှာ, ကာယစသော ပဉ္စဝိညာဏ်သညာ။

(၃) နာနတ္တသညာ — ပဋိဃသညာမှ တပါး၊ အခြားသော ကာမာဝစရ ကုသိုလ်, အကုသိုလ် စသည်တို့၌ စွဲသော သညာ။

ဟူ၍ စျာန်လမ်းစဉ်သို့ ရောက် သွား တတ် သည်။ ဤသို့သော စျာန်လမ်းစဉ်သို့ ရောက်သွားပါက၊ အမြင့်ဆုံးသော အကိဉ္စညာယတန စျာန်သို့ပေါက်၍ အာကာသနှင့် တသား တပြေးတည်း ရောနှော ခံစား နေနိုင်သည်ပင် ဖြစ်စေဦး။ ယင်းသညာသည် အတ္တနှင့်တကွ မချုပ်ငြိမ်းလျှင် ဗုဒ္ဓက ထိုသမာဓိစျာန်သည်၊ ကိလေသာ တကယ်ပြတ်သော လောကုတ္တရာ နိဗ္ဗာန်၏ ငြိမ်းချမ်းရေးဟု မဆိုနိုင်။ လောကီငြိမ်းချမ်းရေးသာဖြစ်သည်ဟု ဟောထားသည်။

ဗုဒ္ဓ၏ လမ်းစဉ်ကား အတ္တ 'ငါ့,မိမိ' ဟူ၍ စွဲယူနေသော ကတ္တား လက်သည် ကာယကံရှင် သီးခြားအမှတ်ဟူ၍ ဖြစ်ပေါ်နေမှုကို ၅-စိတ် ၅-ပိုင်း ပိုင်းခြားပြီး 'ငါ့,မိမိ' ဟူသော အထင်အမှတ်တရား သည်၊ မည်သည့်ခန္ဓာက ဖြစ်နေလေသည်ကို ရှာကြည့်ရသည်။

ဤသို့ ခန္ဓာ ၅-ပါးအဖြစ် ကွဲခြားလာသော ရုပ်, ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏ ခန္ဓာ ၅-ပါး၌ အဘယ်ခန္ဓာတွင်မျှ အတ္တ အဖြစ် 'ငါ့,မိမိ' ဟူ၍ ပိုင်ပိုင်နိုင်နိုင် မတွေ့ရတော့ချေ။

ဤတွင် ထို ၅-ခုသော ခန္ဓာပဉ္စကသည်၊ အဘယ်ကို အကြောင်းခံ၍ ပေါ်နေ လေသနည်း ဟူသော သမုဒယ သစ္စာကို လိုက်ပြန်သည်။

ဤသို့လိုက်သောအခါ၊ ဘူတဓါတ်ကြီး ၄-ပါး အရင်းခံသော အဋ္ဌကလာပ် ရုပ် ၈-ခုသည်ပင် ဤခန္ဓာတို့၏ အကြောင်းရင်းမူလ ဘူတ ဖြစ်နေပြီဟု တွေ့ရမည်။

(၁) အယံမေ ကာယော ရူပီ—ဤကိုယ်သည် ရုပ်ဖြင့်ပြီး၏။

(၂) ဓါတုမဟာ ဘူတိကော— ဓါတ်ကြီး ၄-ပါး၌ အခြေခံ၏။

(၃) မာတာပေတ္တိက သမ္ဘဝေါ—အမိအဘ ၂-ပါး၏ သုတ်သွေးကြောင့် ဖြစ်၏။

(၄) ဩဒနကုမ္မာ သူပစယော— ထမင်းအဖျော် ယမကာတို့ကြောင့် ကြီးထွားလာရ၏။

(၅) အနိစ္စုဌ္ဌာဒနဘောဒနဝိမ သန ခုမ္မော – မမြဲခြင်း၊ ဖုံးလွှမ်း၍ပေးရခြင်း၊ ကွဲပြားခြင်း၊ ပျက်စီးခြင်းသဘော ဖြစ်၏။

( ဥပရိပဏ္ဏာသပါဠိတော် )

ကောင်းပြီ။ ဤခန္ဓာ ကိုယ်ကာယကြီးသည်၊ မိဘသုတ်သွေးမှ အခြေခံ၍၊ထမင်း အဖျော်ယမကာတို့ဖြင့် ကြီးထွားလာရသည်လည်း ဟုတ်ပြီ။ ပျက်စီးမည့် ရုပ်တရားကြီးလည်း ထင်ရှားပြီ။

ဤသို့ သိပြီဖြစ်၍ ဘာမျှ စဉ်းစားစရာမလို။ သူ့ဟာသူ ပျက်ချိန်တန် ပျက်စီးသွားလျှင် ကိစ္စချောသည်။ ဘူတဓါတ်၏ အဖွဲ့အစည်းသည် ပျက်သောအခါ၊ ဘူတဓါတ်ဖြစ်၍ ဘူတဓါတ်နှင့်ပင် ပြန်လည်ရောနှော ပျောက်သွားမည်သာ ဖြစ်သည်။ အထူးပြုဘွယ်မရှိဟုဆိုလျှင် ကန့်လန့်ကြီး ခံနေ၍ မှားလိမ့်ဦးမည်။

ဤသို့ ငုံးတိတိကြီးဆိုပါက၊ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်နေပြီဟု ယုံမှတ်မှားခြင်း ဖြစ်ပေမည်။ထို့ထက် အကြောင်း အကျိုးကို အရဟတ္တမဂ်အနေနှင့် မပြုတ်ဘဲ၊ အောက်ခြေကဓါတ်ကြီး ၄-ပါး စခန်းတွင် ပြုတ်နေက၊ အဟေတု အပစ္စယ တိတ္ထိကြီးပင် ဖြစ်နေစရာ ရှိပေသည်။

အင်္ဂုတ္တရနိကယ် ဒုတိယ ပဏ္ဏာသကဝဂ် ပါ တိတ္ထိကြီး ၃-မျိုးမှာ လက်ရှိဗုဒ္ဓဝါဒီ အချို့၏ အယူသည်းမှုများကို စဉ်းစားရန် အတွက် အကြောင်းသင့်၍ ဖေါ်ပြလိုက်ပါသည်။

၁) ပုဗ္ဗေကတ ဟေတုတိတ္ထိ။

ငင်းကား နောက်နောက်ဘဝက ကမ္မာဝစရ ကုသိုလ် အကုသိုလ် အားလျော်စွာ ယခုဘဝ၌ ဆင်းရဲချမ်းသာ အမျိုးမျိုး တွေ့ကြုံခံစားနေရခြင်း ဖြစ်သည်ဟု ယုံကြည်နေခြင်း၊ ယခုပစ္စက္ခကို စဉ်းကို မစဉ်းစားခြင်း။

၂) ဣဿရနိမ္မာန ဟေတုတိတ္ထိ။

ငင်းကား– ဘာမဆိုဖြစ်သမျှ ပျက်သမျှ တစုံတခုသော ဖန်ဆင်းရှင်၏ တန်ခိုးတော်အရသာ ဖြစ်နေခြင်းဖြစ်သည်။ မိမိ၏ လုလ္လဉဿဟ၊ လူအား ဉာဏ်အားသည်ပင် ဖန်ဆင်းရှင်၏ သဘောအတိုင်းသာ လုပ်ရဖြစ်ရခြင်းဟု အားလုံး ဖန်ဆင်းရှင် တခုအရှိဟု စွဲယူလွဲအပ် ယုံကြည်နေခြင်း။

(၃) အဟေတုက အပစ္စယတိတ္ထိ။

ငင်းမှာ– ဘာအကြောင်း ကြောင့်မှုလည်းမဟုတ်။ ထို့ကြောင့် ဘာအကျိုးမျှမဆိုင်။ အားလုံး ဖြစ်ချင်သလို ဖြစ်၊ ပျက်ချင်သလို ပျက်နေကြခြင်းချည်းသာ ဖြစ်သည်ဟု အကြောင်းအကျိုး တခါတည်း အပြတ်ယုံကြည်နေခြင်း။

ဤတိတ္ထိကြီး ၃-မျိုးသည်၊ အသဒ္ဓမ္မချည်း ဖြစ်သည်ဟု ဘုရားဟော ထင်ရှားရှိ၏။

သို့ရာတွင် ဆဌသံဂါယနာ စာအုပ်များကမူ "အသဒ္ဓမ္မော ဝိနာသန္တု" မသူတော်တို့၏ တရားများ ပျက်စီးပါစေဟု ကျိန်ဆဲရေရွတ်ထားသည်ကို တွေ့ရသည်။ အဘယ်ကို ရည်ရွယ်သည်ဟု မပြောတတ်တော့ပေ။

ဤကား စဉ်းစားရန်မျှသာ ရေးလိုက်ရ၏။ရည်ရွယ်ချက်ကား မဟုတ်ပေ။ ဝိပဿနာစခန်းကို ဆက်ရသော်၊ ဗုဒ္ဓသည် ယခု လူအတော်များများက အသားလွတ် ယူဆထားကြသကဲ့သို့ စိတ်ပိုင်း ဝါဒ၊ နာမ်ပိုင်းသက်သက် အဓိကထား ဟောကြားသော ဘုရားမဟုတ်။ရုပ်ကို ပဌမ အဓိက မူရင်းထားသော ဘုရားဖြစ်ကြောင်းကို ဝိပဿနာ လမ်းစဉ်ကျမှ ရှင်းရှင်း ပေါ်လွင်လာပေသည်။

ဝိပဿနာသည် ရုပ်မှစကြောင်းကို အောက်ပါ အထောက်အထားဖြင့် ထင်ရှားသည်။

ဣမသ္မိံ ယေဝ ကဠေဝရေ ဗျာမ မတ္တေ သမနကေ သဝိညာ မကေ လောကဉ္စ ပညာပေသိ လောက သမုဒယဉ္စ လောက နိရောဓဉ္စ ဂါမိနိ ပဋိပဒဉ္စ။ (ဥပရိပဏ္ဏာသ ပါဠိတော်)

ဤ တလန်မျှလောက်သော ဝိညာဏ်နှင့် တကွသော ခန္ဓာကိုယ်၌၊ လောကကိုရင်း၊ လောကဖြစ်ကြောင်းကိုရင်း၊ လောက ချုပ်ကြောင်းကိုရင်း၊ လောကချုပ်ရေး အကျင့်ကိုရင်း၊ ငါဘုရား ဟော၏။

ဤသည်ပင် ဤကိုယ် ရုပ်အစုကို ပဓာနထားပြီး သစ္စာ ၄-ချက်နှင့် ဆင်ခြင်ရန် ဟောညွှန်တော် မူခဲ့ခြင်း ဖြစ်သည်။

ထိုထက် ထင်ရှား ပြတ်သားသော ရုပ်မူလ အဓိက ထား၍ ဝိပဿနာ စသည်ကို ညွှန်တော်မူထားသော တရားတော်ကား—

(၁) ရူပံ ပဇာနာတိ-ရုပ်ကိုသိရမည်။

(၂) ရူပ သမုဒယံ ပဇာနာတိ-ရုပ်ဖြစ်ကြောင်းကို သိရမည်။

(၃) ရူပ နိရောဓံ ပဇာနာတိ- ရုပ် ချုပ်ငြိမ်းခြင်းကို သိရမည်။
(၄) ရူပ နိရောဓ ဂါမိနိပဋိပဒံ ပဇာနာတိ–ရုပ် ချုပ်ငြိမ်း ရေး အကျင့်ကို သိရမည်။
(၅) ရူပ အဿာဒံ ပဇာနာတိ-ရုပ်၏ အပြစ်ကို သိရမည်။
(၆) ရူပ ဿာတိနံ ပဇာနာတိ - ရုပ်၏ အနှစ်ကို သိရမည်။
(၇) ရူပ နိဿရဏံ ပဇာနာတိ - ရုပ်၏ လွတ်မြောက်မှုကို သိရမည်။

တိဝိဓူ ပရိက္ခ ဟောတိ- ဤ ရုပ်တရားကို အောက်ပါ ၃-ပါး သော စစ်ဆေးခြင်းဖြင့် စစ်ဆေး၍သိရမည်။

(က) ပဋိစ္စ သမုပ္ပါနသော ဥပပရိက္ခတိ-ပဋိစ္စသမုပ္ပါဒ်တရား တော်နှင့် စစ်ဆေး၍ သိစေရခြင်း။
(ခ) အာယတနံသော ဥပပရိက္ခတိ-အာယတန ၁၂-ပါး နှင့် တိုက်ညှိ စစ်ဆေး၍ သိစေရခြင်း။
(ဂ) ဓါတုသော ဥပပရိက္ခတိ– ဓါတ်ကြီး ၄-ပါးနှင့် စစ် ဆေး သိစေခြင်း။

(သံယုတ်ပါဠိတော်၊ သတ္တဋ္ဌာနသုတ်)

ဤ သတ္တဋ္ဌာနသုတ်ကား၊ ရုပ်ကို အဓိကထား၍ ဝိပဿနာ စခန်းကို ဟောတော်မူခြင်း ဖြစ်သည်။ ထို့ပြင် ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းသည်လည်း၊ဤ ရုပ်တရားစုကိုပင် လက္ခဏာရေး ၃-ပါး နှင့်တင်၍ ရှုမှတ် ဆင်ခြင်ခြင်းပင် ဖြစ်သည်။ အချုပ်အားဖြင့် 'တရားရှာ ကိုယ်မှာ' ဟူသော စကားသည် အထိရောက်ဆုံးဖြစ် သည်။ ကိုယ်သည် ရုပ်သား စစ်စစ်ကြီးသာ ဖြစ်သည်။

ထို့ကြောင့် ဤ တလန်မျှ လောက်သော ဝိညာဏ်နှင့် တကွသော ခန္ဓာကိုယ်ကိုပင် သစ္စာပေါက်အောင် ရှုမှတ်ဆင်ခြင်ရပေလိမ့်မည်။ ဝိညာဏ်နှင့်တကွသော ခန္ဓာဟုဆိုသောကြောင့်၊သေခါမှဖြစ်ရမည်ဟု ယုံကြည်နေကြသည့် တမလွန်ကိစ္စနှင့် ဗုဒ္ဓဝိပဿနာသည် ဘာမျှမဆိုင်တော့ပေ။ ယခု ပစ္စက္ခ ဤရုပ်နာမ်၏ လက်ရှိဘဝကိုပင် တိုက်ရိုက် ညွှန်းဆိုတော်မူကြောင်း ထင်ရှားသည်။

အထက်ပါ သတ္တဋ္ဌာနသုတ်ပါ ရုပ်တရားစုကို ဆင်ခြင်လျှင် သတိပဋ္ဌာန်ပါ ပါလာလေတော့သည်။

ထို့ကြောင့် ဤ သတ္တ ဋ္ဌာနသုတ်ကိုပင် ထပ်မံ ရှင်းလင်းခြင်းဖြင့် ဝိပဿနာသည် ထင်ရှားလာပေလိမ့်မည်။

## (၁) ရူပံ ပဇာနာတိ—ရုပ်ကို သိရမည်။

ဤသို့ သိရမည် ဟူရာ၌၊ အကြမ်းအားဖြင့် ဤရုပ်သည် အမိအဖတို့၏ သုတ်သွေးမှ အခြေခံဖြစ်ခြင်း။ အစာ, ရေ, လေ တို့ကို စားသောက် ရှုထုတ်ခါ အပြင် ဗဟိဒ္ဓရုပ် ပစ္စည်းစုတို့နှင့် အစဉ်ထည့်သွင်း ဆက်သွယ်၍ ထားရခြင်း။ ရုပ်၌တွဲနေသော အကြည်ပသာဒရုပ် ၅-မျိုးဖြစ်သည့် မျက်စေ့, နား, နှာ, လျှာ, ကိုယ်စသော ကာမ ၅-မျိုးတို့၏အလိုသို့ အစဉ်လိုက်နေရခြင်း။ ဤသို့လိုက်၍ အလိုမဆုံးဖြစ်နေသမျှ သံသရာဖြစ်ခါ ရုပ်နှင့်တကွသော နာမ်သည်ပါ ကျင်လည်မဆုံး ဖြစ်နေရခြင်း။ မယားသားသမီးတို့ အိုးအိမ် ဆွေမျိုး စသည်တို့၏ သံယောဇဉ် အနှောင်အဖွဲ့ဖြင့် ရစ်ပတ်နေခြင်း။ ဤသို့ဖြင့် တဖြေးဖြေး ရင့်အိုခါ ဇရာမရဏဖြင့် ဘဝနိဂုံး ဆုံးရခြင်း စသည်တို့ဖြစ်သည်။

ဝိပဿနာအနေနှင့်ဆင်ခြင်သောအခါ၊ဤရုပ်သည် ဇာတိ,ဇရာ မရဏ စသော သဘာဝ ဒုက္ခတို့နှင့် မကင်းလွတ်ခြင်း။ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော တည်းဟူသော မဟာဘုတ် ၄-ပါး တို့ကို အရင်းခံ ဖြစ်ပေါ်နေသော ဥပါဒါန်ရုပ်များသာ ဖြစ်ခြင်း။ ငယ်ငယ်ကရုပ်သည် ပျက်ခဲ့သော အတိတ်၌သာ ကျန်ခဲ့ပြီဖြစ်၍ ယခု ရုပ်မဟုတ်တော့ခြင်း။ ယခုရုပ်သည်ပင် မနေ့ကရုပ် မဟုတ် တော့ခြင်း။ မနေ့ကရုပ်သည် မနေ့က စားသောက် ရှူထုတ်သော အစာ, ရေ, လေ တို့နှင့်ဖြစ်ခဲ့သော ရုပ်သာဖြစ်၍၊ ယနေ့ရုပ်သည် ယနေ့ စားသောက် ရှုုထုတ်သော အစာ, ရေ, လေတို့နှင့် ဖြစ်နေ သော ရုပ်သာဖြစ်ခြင်း။ ယခု တခဏအတွင်းမှာပင် အပေါ် စာ ကြောင်းကို ကြည့်စဉ်က အာရုံနှင့် ယခု စာကြောင်းကို ကြည့်၍ မြင်ခါ တမျိုးသော အာရုံအသစ်နှင့် ရုပ်သစ်သို့ ကူးလာခြင်း။ အခုတွင်က ရုပ်သည် အခုတွင်က ရှူလိုက်သော လေ၏အသက် ဖြင့် ဖြစ်သော ရုပ်ဖြစ်သော်လည်း၊ထိုရုပ်သည် ထွက်လေနှင့်အတူ တဖန် ပျက်၍၊ယခုရုပ်မှာ ယခုရှုုသောလေနှင့်သာ ဆိုင်နေသော ရုပ်ဖြစ်ခြင်း။ ယခုရုပ်သည်လည်း ယခုထုတ်သော လေနှင့် အတူ ပျက်သွားပြန်သည် စသည်တို့ကို သိနေရခြင်းသည် ရုပ်ကိုသိရန် ပင် ဖြစ်သည်။ ဤရုပ်ကား သံသရာ့ ဒုက္ခကောင်သာတည်း။

## (၂) ရူပ သမုဒယံ ပဇာနာတိ-ရုပ်ဖြစ်ကြောင်းကို သိရမည်။

အကြမ်းအားဖြင့် ရုပ်မှန်သမျှသည် ၊မဟာဘူတ ၄-ပါး၏အ ကြောင်းခံချည်းဖြစ်၏။ သို့အားလျော်စွာ အပြင်ဗဟိဒ္ဓ ဘူတရုပ် ဖြစ်သော အစာ ရေ လေတို့နှင့် အစဉ်မပြတ် သွင်းယူထုတ်စွန့်နေ ရသောကြောင့်၊ သက်ရှိရုပ်ဟူသမျှသည် ဖြစ်ပျက်အစဉ် ဥပါဒါ

ဝယသဘောဖြင့် သန္တတိဆက်နေခြင်းသာ ဖြစ်သည်။ မိဘတို့၏ ဇာတိမူလဓါတ် အခံအားလျော်စွာသာလျှင် ဇာတိမျိုးဆက် အခြေခံ၍၊ လူ့တိရစ္ဆာန် စသည်ဖြင့် ဆင့်တိုးပွား များနေကြခြင်းသာဖြစ်သည်။လူဟူ၍ ပေါ်ပေါက်ရန် လူသား မိဘလောင်းများ အဆက်မပြတ် ရှိနေသောကြောင့်လည်း၊လူသား မျိုးဆက်မပြတ် ဖြစ်နေ နိုင်ခြင်းဖြစ်သည်။ အခြားသော သက်ရှိ ဘာဝတို့လည်း ထိုနည်းရင်းပင် ဖြစ်သည်။သစ်ပင် ပေါက်ပင် သီးပင် ချုံနွယ်တို့လည်း ထိုအတိုင်းပင် မျိုးဆက်ရှိရာ ပင်မကိုအခြေခံ၍ ဆင့်တိုးပွားများ လာနိုင်ကြခြင်း ဖြစ်သည်။ အကယ်၍ တစုံတရာသော မျိုးဆက်ပြတ်သော် ထိုသက်ရှိအနွယ်ဝံသလည်း ပျောက်ကွယ်မည်သာဖြစ်၏။ မဟာဘူတသည်၊ ပျောက်ကွယ်သော သက်ရှိသက်မဲ့ရုပ်တို့၏နေရာတွင် အခြားတမျိုးသော သက်ရှိသက်မဲ့တို့ အသွင်သို့ တဖြေးဖြေး ပြန်လည် ဖွဲ့စည်းပြန်သည်။ ဤအတိုင်းပင် ဤစကြာဝဠာသည်၊ ရုပ်လောကတို့၏ သခ်ါရဓမ္မနယ်ကို ပေါ်ထွန်းလျက်ရှိနေသည်။

ဝိပဿနာအလိုအားဖြင့်ကား-ဤသက်ရှိရုပ်တို့၏ အကြောင်းခံသည် တဏှာသာဖြစ်လေသည်။ ဤတဏှာ ကိလေသာ သည် အဝိဇ္ဇာတည်းဟူသောမသိမှုကိုအရင်းခံ၍၊ပဋိစ္စသမုပ္ပါဒ်စက်လည်နေခြင်းဖြင့် ဤလူ တိရစ္ဆာန်တည်းဟူသော သတ္တလောကသည် ဆင့်တိုးပွားများ ဖြစ်ပေါ်နေရခြင်းသာ ဖြစ်သည်။

သို့ဖြစ်လျှင် တဏှာ၏လက်သည်ကား–အဝိဇ္ဇာသာဖြစ်သည်။ ထိုအဝိဇ္ဇာကြောင့် ပဋိစ္စသမုပ္ပါဒ် စက်လည်သည်။ ပဋိစ္စသမုပ္ပါဒ်

စက်လည်သောကြောင့် သခၤါရလောက သံသရာ ဆက်လက်ဖြစ် ထွန်းနေရသည်။ ဤသို့ဖြင့် ရုပ်ဖြစ်ကြောင်း အရင်းခံကို ရှုမှတ် ဆင်ခြင်ရသည်။ သမုဒယသစ္စာသိမျိုး သိရန် အရေးကြီး၏။

(၃) ရူပ နိရောဓ ပဇာနာတိ - ရုပ်ချုပ်ငြိမ်းခြင်း ကို သိရမည်။

ဤကား အတော်မလွယ်သော ကိစ္စဖြစ်သည်။ သေခါမှ ရုပ် ပျက်ပြီဟု သိသောအသိမျိုးကား၊ ကလေးငယ်ကအစ သိသော အသိဖြစ်၏။

ဤနေရာတွင် ပျက်ခြင်းနှင့် ချုပ်ငြိမ်းခြင်းကို ခွဲခြားသဘော ပေါက်ရန်လိုပေသည်။ ပျက်သည်ဆိုရာ၌ ဘူတရုပ်တို့၏ အဖွဲ့အ စည်းပျက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ယင်းသို့ အဖွဲ့အစည်းပျက် သော ဘူတဓါတ် ရုပ်စုတို့သည်၊ ဤအသွင်သဏ္ဍာန်ဖြင့်သာ ပျက် သော်လည်း၊အခြားသော အသွင်သဏ္ဍာန်အဖြစ်သို့တဖန် အခြေ အနေ အကြောင်း အားလျော်စွာ ပြန်လည် ပေါ်ပေါက် နိုင် ပေသည်။

ချုပ်ငြိမ်းခြင်းဟူသည်ကား တဖန်ပေါ်လမ်းမရှိ။ လက်စတုံး ကိစ္စပြီး အန္တိမ ချုပ်ငြိမ်းခြင်းသဘော ဖြစ်သည်။

ယခုတွေ့မြင် ခံယူဖြစ်ပျက်နေရသော ဥပါဒါန် ရုပ်တရားစု သည်၊ ကေန်အားဖြင့် အရှိတရားများမဟုတ်။ဥပါဒါန်အဖြစ်နှင့် သာ 'ငါ သူတပါး ယောက်ျား-မိန်းမ' ဟူ၍ ခေါ်ဝေါ်ပညတ် ထားသော အထင်အမှတ် တရားစုမျှသာ ဖြစ်သည်။ နဂိုရှိအရှိ တရားများ မဟုတ်၍၊ အစဉ်ထာဝရ ရှိကြမည့် တရားစုမျိုး မဟုတ်ပေ။

ဤသို့သော အစဉ်ထာဝရ မရှိနိုင်သော်လည်း၊ အဖန်တလဲလဲသော ဖွဲ့စည်းမှုတို့၏ အဖြစ်သဘော-ဇာတိ၊ ရင့်အိုရသော- ဇရာ၊ နာမကျန်းဖြစ်ရသော- ဗျာဓိ၊ သေပျက်ရသော-မရဏစသော သဘာဝ ဒုက္ခများနှင့် အစဉ် ကြုံတွေ့ရမည့် ဖြစ်သောကြောင့်၊ သခ်တလက္ခဏာ အစဉ်တွဲစပ် နေရလေသည်။မဆုံးသံသရာ ဖြစ်နေသည်။

ဤသခ်တနယ်၏ ဥပါဒါဝယ ဖြစ်လိုက်ပျက်လိုက် သဘောတို့မရှိရာ ကင်းလွတ်ရာသည် အသခ်တနယ်သာဖြစ်သည်။ အသခ်တနယ်ဟူသည်ကား၊အဖြစ်အပျက်တို့ကုန်ဆုံး၍၊နိစ္စထာဝရ သန္တိသုခ အဖြစ် ငြိမ်းသွားရာ စခန်းဖြစ်သည်။ဤသို့ချုပ်ငြိမ်း မြေကြည်လင်ရာသည် နိဗ္ဗာန်ဖြစ်သည်။

ဤသို့ နိဗ္ဗာန်ဖြစ်ရန် တဏှာကုန် ရပေမည်။ တဏှာကုန်ရန်ကား၊ ရုပ်တရားကြောင့် စားသောက်ရှုထုတ်မှု၊ဝတ်ရဖုံးအုပ်ရမှု၊ ထိုထိုစားသောက် ရှုထုတ်ရေး၊ ဝတ်ရဖုံးအုပ်ရေး ကိစ္စများဖြစ်ပေါ်စေသော ဤရုပ်တရားစု ချုပ်ငြိမ်းရန် အကျင့်မြတ်သည်သာ ပဓါနဖြစ်သည်။ ဤအကျင့်မြတ်ကို ကျင့်ကြံအားထုတ်ခြင်းသည် ဝိပဿနာဖြစ်သည်။ချုပ်ငြိမ်းမည်ဟု ကေန်သိသော နိရောဓသစ္စာကို ထင်ရှားစေရ၏။

## (၄) ရူပနိရောဓဂါမိနီ ပဋိပဒါ ပဇာနာတိ – ရုပ်ချုပ်ငြိမ်းရေး အကျင့်ကို သိရမည်။

ဤကား အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်အကျင့်ပင် ဖြစ်သည်။

ဤနေရာ၌ သာမန်ယေဘုယျ အယူအဆဖြစ်သော မဂ္ဂင်အယူအဆများကိုဖွင့်ရန် မဟုတ်ပေ။ဝိပဿနာဉာဏ်ဖြင့် ကေန်ပရမတ်

ခိုက်,ဓါတ်ခိုက် မဂ္ဂင်ကိုသာ သိရန်အရေးကြီးပေသည်။ မဂ္ဂင်ရှစ်ပါးစလုံးသည်၊ တခုပြီးမှတခု သိရသော တရားများမဟုတ်၊သမ္မာဒိဋ္ဌိ- အမြင်မှန် တချက်၌ ထင်ရှား ပြတ် သား သော အသိအဖြစ်ရောက်သည်နှင့် တပြိုင်နက်၊ကျန်မဂ္ဂင် ၇-ပါးစလုံး အကုန်လုံး တပြိုင်တည်း ပွင့်ထွက်ပေါက်ခါ အသိဉာဏ် ရောက် သော တရားဖြစ်သည်။

သို့ရာတွင် လေ့ကျင့် အားထုတ်သောအခါ၊ အသိဓါတ်ခံရထားရေးကို ရည်ရွယ်၍သာ တခုစီသောမဂ္ဂင်ကို အနည်းငယ်စီမျှရှင်းလင်းရန် ရှိပေသည်။

## (က) သမ္မာဒိဋ္ဌိ-မှန်သော အမြင်

ရုပ်နာမ် အဖွဲ့အစည်း သက်ရှိဘာဝသည် ခေတ္တ ယာယီမျှသာဖြစ်နေသော ဥပါဒါန်ရုပ် အဖွဲ့အစည်းသာဖြစ်သည်။ ပင်လယ်ရေမြှုပ်သည် ကြီးငယ်အရွယ်မျိုးစုံ မည်သို့ဖြစ်ပေါ်စေကာမူ၊ အတွင်းမှလေလုံး ရုန်းကန်၍ ဖေါက်ပြန်လာချိန်တွင် ပေါက်ကွဲသွားသောအခါ၊ ပင်လယ်ရေသို့ပင် ပြန်ဖြစ်သွားရသကဲ့သို့၊ ဤရုပ်တရားစုနှင့်တကွသော နာမ်၏အသိသည်လည်း မဟာဘူတမှ အရင်းခံ ဖြစ်နေသည့်အတိုင်း ပျက်စီး သော့အခါ မဟာဘူတပင် ပြန်လည် ဖြစ်သွားရပေမည်။

နာမ်ဟူသည် သီးခြားမဟုတ်၊မဟာဘူတ ဓါတ်ကြီး ၄-ပါး၏အပေါင်းအစပ် ဖွဲ့စည်းပုံအချိုးအစား အားလျော်စွာ ရှုထုတ်နေသော နှလုံးအိမ်၏ သွေးသားလှုပ်ရှားနေသော အရှိန်ဖြင့် ဤရုပ်ကာယသည် တကိုယ်လုံး လျှပ်စစ်ဓါတ်သဖွယ် ဓါတ်သက်

ဆက်ပါ၊ ပျက်ပေ့, နား, နှာ, လျှာ, ကာယစသော ပဉ္စဝိညာဏ်အသိတရားများ ဖြစ်နေရခြင်းသာ ဖြစ်သည်။ ဤအသိတရားသည် စက်ကောင်း၏ ဓါတ်လိုက်အား မှန်နေသော ဒိုင်နမိုကို အရင်းခံပေါ်နေသော မီးပွင့်ပမာကဲ့သို့သော အရာမျှသာဖြစ်သည်။ ဒိုင်နမိုပျက်လျှင် တမြို့လုံး တနယ်လုံး လျှပ်စစ်ဓါတ်အား ပျက်၍၊ မည်သည့်ရုပ်ရှင်ရုံမှလည်း မပြနိုင်။ မည်သည့် ရေဒီယိုမှ လည်း မမြည်နိုင်။ မည်သည့်မော်တာသုံး စက်ရုံ့အလုပ်ရုံမျှလည်း မလုပ်နိုင်။ လျှပ်စစ်ဓါတ်အားနှင့် ဆက်စပ်လုပ်ကိုင်ရာ လုပ်ငန်းကိစ္စအဝဝအားလုံး ဆိတ်သုဉ်းရပ်ဆိုင်း ရသကဲ့သို့သာ ဖြစ်သည်။ ဤအတူရုပ်ဖေါက်ပြန် ပျက်စီးလျှင် နာမ်ဟူသည် လည်း တပါတည်း ပျက်စီးရပ်ဆိုင်းသော အရာမျှပါတကားဟု သိရပေမည်။ ဒိုင်နမိုလယ်နေ၍လျှပ်စစ်ဓါတ်ဆက်အားမပျက်လျှင် မည်သည့်လိုင်းမှ ခလုပ်ကိုမဆို ပိတ်ထားသော်ရ၏။ဖွင့်ထားသော်ရ၏။ ခလုပ်ပြန်ဖွင့်လျှင် ပြန်ဆက်လျှင် ဓါတ်အားလာမြဲ လာမည် မုချတည်း။ ဤအတိုင်း ဤခန္ဓာကိုယ်သည်၊အိပ်ပျော်သည့်အခါ ပျော်နိုင်၏။ မေ့ဆေးပေး၍ ဝိညာဏ်ပိုင်းကို ဖြတ်ထားသော် ဖြစ်သည်။ပြီးလျှင် ပြန်ဆက်သော် ဓါတ်အားမပျက်။

အရေးကြီးသည်ကား နှလုံးအိမ်နှင့်ဆက်နေသော ဥဿာလေပူဓါတ်ကလေး မပျက်သမျှ အသက်ရှိဘာဝဟူ၍ ခေါ်ဆိုနိုင်ပေသည်။ ယခု နှလုံးအိမ်နှင့်တကွ အဆုတ်များကိုပါ လဲလှယ်တပ်ဆင် နိုင်နေပြီဖြစ်ရာ၊ ယင်းဥဿာ အသက်ဇီဝ ဓါတ်သည်ပင် ဘူတဓါတ် အချိုးအစားမပျက် ပြန်လည်တပ်ဆင်တတ်က၊ မူလဦးကျောက်သည်၊ ပုံမှန်လုပ်ငန်းကို ထုံးစံမပျက် ပြန်လည်အလုပ်

လုပ်နိုင်နေပေပြီ။ ထို့ကြောင့် ရုပ်အဖွဲ့မှန်နေလျှင် နာမ်ကောင်းသည်။ ရုပ်အဖွဲ့မပျက်က နာမ်မပျက်နိုင်ကြောင်း ထင်ရှားသည်။ ရုပ်သည်တခြား၊ နာမ်သည်တခြားဟူ၍ ရှုမှတ်လျှင်ကား၊ နာမ်တည်းဟူသော အတ္တသည် ရုပ်မှသီးခြား ရှိရမည်ကဲ့သို့ ဖြစ်လာက လွဲပြီ၊ဤခန္ဓာ ၅-ပါးမှတပါး အတ္တသည် သီးခြားရှိသကဲ့သို့ ယုံကြည်လျှင် အတ္တဒိဋ္ဌိသာဖြစ်ရန် ရှင်းနေချေပြီ။

ထို့ကြောင့် ဗုဒ္ဓရှင်သည်၊ ပေါဋ္ဌပါဒသုတ်၌ ထင်ရှားဟောခဲ့၏။ "ပေါဋ္ဌပါဒ သင်၏အလိုအားဖြင့် ရုပ်မှကင်းသော အတ္တရှိသည်ဆိုက၊ သင်သည် ရုပ်တခြား, သညာတခြား, အတ္တတခြားဟူ၍ ဖြစ်နေပြီ။ ငါဘုရားမှုကား ဤသို့မယူ"ဟု အတိအလင်း ပါရှိ၏။

ဤမျှဆိုက ဤရုပ်တရားစုတို့သည်၊ သက်ရှိစာ၁၀ ရုပ်အားလုံးတို့၌ ဤအတိုင်း ဖြစ်နေခြင်း, ပျက်နေကြခြင်းသာ ဖြစ်သည်ဟူ၍ သိသော် အမြင်မှန် အယူမှန်ဖြစ်ပြီ။

အယူမှန်ဖြစ်သော် အကုသိုလ်တို့၏ အကြောင်းရင်းကို သိရန်သော်၎င်း၊ကိလေသာတို့၏ ကြောင်းရင်းကို၎င်း၊ အဟာရစသော စားသောက် ရှုထုတ်မှုတို့၏ ကြောင်းရင်းကို၎င်း၊ တဏှာ မာန ဒိဋ္ဌိစသော ပပဉ္စတရားစု၏ ကြောင်းရင်းကို၎င်း၊ဆင်းရဲ ချမ်းသာ သုခ ဒုက္ခတို့၏ ကြောင်းရင်းကို သော်၎င်း၊ ဘုံဘဝတို့၌ ဖြစ်ပွားရခြင်း၏ ကြောင်းရင်းကို၎င်း၊ဇာတိ-အဖြစ်သဘော၊ ဇရာ-ရင့်အိုရခြင်း၏သဘော၊ဗျာဓိ နာရခြင်း၏သဘော၊ မရဏ- သေခြင်း၏သဘော လက္ခဏာတို့၏ ကြောင်းရင်းကို၎င်း၊ ခွဲခြားသိနားလည်နိုင်

ပြီ။ ဤသို့ သတ္တဝါဝေနေယျတို့၏ဖြစ်ပျက်အစဉ် သံသရာ၏ အကြောင်းရင်းကို တွင်းပြင် အားလုံးသိလျှင် အယူမှန် အမြင်မှန်ဖြစ်ပြီ။

ဤသို့စသည်ဖြင့် သမ္မာဒိဋ္ဌိသုတ်၌လည်း ဟော၏။ မဟာဝေဒလ္လသုတ်၌လည်း ဟော၏။

ဤသို့ ဖြစ်ပျက်နေသမျှ ရုပ်တရားစု၏ ကြောင်းရင်းနှင့်တကွ တောင့်တမှု၊ ကြောင့်ကြမှုတို့ကြောင့်၊ ထိုထိုဂမ္ဘာဝစရ ကုသိုလ် အကုသိုလ်တို့ကို အားထုတ်ကြိုးပမ်း နေကြသမှု အားလုံးတို့သည် မဂ်ဖိုလ်သို့ မဆိုက်ကြသမျှ အားလုံးဒုက္ခချည်းသာ ပါတကားဟု သိသော' အသိသည် စစ်မှန်သော သမ္မာဒိဋ္ဌိ အမြင်မှန်ဖြစ်သည်။

"အနိစ္စယေဝရူပံ အနိစ္စန္တိ ပဿတိသာယံဟောတိ သမ္မာဒိဋ္ဌိ" မမြဲသော ရုပ်တရားစုကို၊ထိုမမြဲသော ရုပ်တရားစုအဖြစ်၊မမြဲသည့် အတိုင်း၊မမြဲဟုသိသော် သမ္မာဒိဋ္ဌိဆိုက်ပြီ။

## (ခ) သမ္မာသင်္ကပ္ပ—မှန်သောတွေးတောမှု

ဤကား သုတေသနအလုပ်၊ ရှာဖွေ စူးစမ်းခြင်း အလုပ်ဖြစ်လာသည်။ တွေးတောသည် ဆိုမှုကစ၍ကြည့်လျှင် မည်သည့်အရာက မည်သို့သော သဘောဖြင့် မည်ကဲ့သို့တွေးတော သနည်းဆိုတာက စရချေတော့မည်။ တွေးသောအရာသည် 'သတိ'ကြောင့်ဖြစ်သည်။ သတိရှိသောကြောင့် အမှတ်သညာဖြစ်သည်။ အမှတ်သညာကြောင့်တွေးတောစဉ်းစား ကြံစည်ခြင်းစသော စိတ်၏အစဉ်များ ပေါ်လာခြင်းဖြစ်သည်။ သတိနှင့် စိတ် မတူပေ။

သတိမေ့နေသော်၊သို့မဟုတ် မြောနေသော်၊အိပ်မောကျနေသော်၊ဘာမျှစဉ်းစား တွေးတောကြံစည်မည့်'စိတ်'ဟူ၍ ပေါ်နိုင်စရာအကြောင်း မရှိတော့ပေ။ထို့ကြောင့် စိတ်သည် အလိုလိုအကြောင်းမဲ့ ပေါ်နိုင်စွမ်း ရှိသော အရာမဟုတ်၊ သတိကိုအကြောင်းခံ၍သာ ပေါ်သောတရားဖြစ်သည်။

အတွင်းအကြည်ပသာဒ ရုပ်စုဖြစ်သော မျက်စေ့,နား,နှာ, လျှာ,ကာယတို့ကို ခံယူခြင်းသည်လည်း သတိမရှိသောရုပ်၌ဘာမျှမဖြစ်ချေ။

အိပ်မောကျနေသူ, မေ့နေသူ,မေ့ဆေးပေးထားသူတို့တွင် ထိုအတိုင်းပင်၊ သတိပျောက်နေသောကြောင့် ကြားချင်တာကြား၊မြင်ချင်တာမြင် ဘာမျှမသိပေ။မေ့ဆေးပေးထားသူမှာမူ ခြေဖြတ်လက်ဖြတ် ဗိုက်ခွဲအူထုတ် အသည်းနှုတ် နေတာပင်မသိ။

နိုးကြားနေ၍ သည်ပင်ထားဦး၊သတိမထားလျှင် ဘာမျှမသိနိုင်ပြန်ပေ။ အချို့သည် ငုတ်တုတ်ကြီးထိုင်ခါ ငေးနေ၏။ ခါးပိုက်နှိုက်ခံရ၏။ ကားတိုးခံရ၏။ ဖြစ်ခါမှ ဖြစ်မှန်းသိတော့၏။

ထို့ကြောင့် သတိသည် အရေးအကြီးဆုံးဖြစ်သည်။ သတိမရှိခြင်းသည် သညာက္ခန္ဓာ အလုပ် မလုပ်သောကြောင့် ဖြစ်သည်။ သညာက္ခန္ဓာ အလုပ်မလုပ်လျှင် ဝိညာဏက္ခန္ဓာ မည်မျှပင်နိုးကြားနေစေကာမူ အပိုသာဖြစ်သည်။ဘာတခုမျှကြံစည်တွေးတောခြင်းစသော စိတ်၏အစဉ်သည် ပေါ်စရာမရှိပြီ။

သို့ဖြစ်လျှင် အရဟတ္တဖိုလ်ဆိုက်၍ နိဗ္ဗာန်ဝင်သမှာပတ်ဝင်စားနေသလားဟု ဆိုစရာရှိ၏။ ဤလိုလည်းမဟုတ်၊ သတိမရှိသော

ကြောင့် ထိနမိတ္တသာဖြစ်သည်။ နာမ် သေနေသည်နှင့် ဘာမျှ မထူးပေ။

သတိရှိ၍ နိုးကြားနေမှသာ အသိစိတ် ဝိညာဏဓါတ်ပေါ်နိုင်၏။ ဝိညာဏဓါတ်ပေါ်မှလည်း သတိဖြစ်သော သညက္ခန္ဓာသည် စိတ်အစဉ်ဖြစ်သော စဉ်းစားကြံစည် တွေးတောမှုစသော ကိစ္စများကို ဆင့်တိုး ပေါ်ပေါက်စေနိုင်သည်။

ထို့ကြောင့် စိတ်အလုပ် မှန်ရန်အတွက်၊ သတိ ဦးစီးမှုသည် အရေးအကြီးဆုံး ဖြစ်သည်။ ဘာသာဝင် အတော်များစွာသည် စိတ်ကို အဓိကထားကြ၏။ သတိမရှိဘဲ ဘာစိတ်မျှ မပေါ်နိုင်ကြောင်းကို သဘောပေါက်ကြဟန်မတူပေ။

ဗုဒ္ဓဝါဒီ အချို့တို့ပင် သတိနှင့် စိတ်ကို မကွဲဘဲ ရှုပ်ထွေးနေကြ၏။ သတိသည်ကား ရုပ်နာမ်မှပင်ဖြစ်သော တရားပင်ဖြစ်သော်လည်း၊ ထိုရုပ်နာမ်ကို သတိကပင် ထိန်းသွားလျက် ရှိပေသည်။

တရားအနေနှင့်ကား သညက္ခန္ဓာပင်ဖြစ်၏။အခြားမဟုတ်ပေ။ ရုပ်နာမ် ၂ ခုစလုံး၏ အခရာဖြစ်သော သတိသည် ကြည်လင်နိုးကြားလျက်ရှိသည်ဆိုအံ့။ ထိုအခါ ဘာဖြစ်သနည်း။

သံသရာကို ဆက်၍လည်မည်လော၊သံသရာမှ ထွက်မည်လော၊ ဤကား ပြဿနာ၏ ဂွဆုံဖြစ်သည်။ ထိုဂွဆုံကား ယခုမျက်မှောက် ပစ္စုပ္ပန် ဆတ်ဆတ်ဖြစ်သည်။

လောကသည် မြဲ၏ဟု ထင်မှတ်လျှင်ကား၊ သံသရာကို ပျော်ပျော် လယ်နိုင်၏။ ဘာ့ဘာသာမျှ ကိုးကွယ်ရန်ပင်မလို၊ ကျင့်ကြံ

အားထုတ်ရန်ပင်မလို။ အကုသိုလ်ကြီးများကို ရှောင်လျှင် ကိစ္စပြီးသည်။

သို့သော် ဤလောကသည် မြဲသလော။ အနိစ္စ၊ ဒုက္ခ၊ အနတ္တစသော လက္ခဏာရေး ၃-ပါး တရားကား အလွန်မြင့်မောက်သော တရားဖြစ်သည်။ နေ့စဉ်မပြတ် မိနစ်စက္ကန့်မခြား တွေ့ကြုံ နေပါလျက်၊ထိုတရားတို့ကို လက္ခဏာရေး ၃–ပါး ထင်နိုင်ခဲလှ၏။

ထို့ကြောင့် အရဟတ္တ မဂ်ဆိုက်သူများသာ သိလွယ်မြင်လွယ်သောတရားဖြစ်သည်။ အဝိဇ္ဇာဟူသည် သာမန် ယေဘူယျ အသိတရားမျိုးနှင့် ဖေါက်ထွင်းသိရန် အလွန်ခက်သော တရားဖြစ်၏။

ထို့ကြောင့် ဝိပဿနာဉာဏ် အလင်းရမှသာ ထို အဝိဇ္ဇာနယ်၏ အပြစ်ဒေါသကို သိနိုင်မြင်နိုင် ပေလိမ့်မည်။

ယခု ကြုံနေရသော သံသရာသည် မည်သို့သော တရားကိုအခြေခံသနည်း၊ ဤက စမှ ဖြစ်တော့မည်။

အတိုက် အာရုံရုပ် ၆-ပါး၊ အခံ အာရမ္မဏရုပ် ၆-ပါး၊အပေါ်နာမ်ဓါတ် ၆-ပါး၊ ပေါင်း ဓါတ် ၁၈-ပါးသည် ဤ သံသရာသို့ဝင်ပေါက်လည်းဖြစ်၏။ ထွက်ပေါက်လည်းဖြစ်သည်။

စာခေါ်အားဖြင့် မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကာယ၊ဟဒယစသော အခံရုပ် ၆-ပါးကို အဇ္ဈတ္တိ ကာယတနဟု ခေါ်၏။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ အသိ စသောအမြင်အတိုက်ရုပ် ၆- ပါးကို ဗာဟိရာယတနဟု ခေါ်သည်။ ဤ အတိုက်အခံ ၆+၆(၁၂) ကို အာယတန ၁၂-ပါးဟုခေါ်၏။

အပေါ်ဓါတ် ၆-ခုကား အတွင်းနှင့် အပြင်ရုပ် ၁၂-ပါးတိုက် ဆုံမိမှ ပေါ်လာသော အပေါ်နာမ်ဓါတ် အာရုံ ၆-ပါးဖြစ်သည်။

**အခံရုပ် အကြည်ဓါတ်။ အတိုက်ရုပ်။ အပေါ်ဓါတ်နာမ်။**

၁။ စက္ခု,မျက်စေ့-ရူပ,အဆင်း—စက္ခုဝိညာဏ်,မျက်စေ့အသိ။

၂။ သောတ, နား—သဒ္ဒ, အသံ—သောတ ဝိညာဏ်, နားအသိ။

၃။ ဃာန,နှာခေါင်း-ဂန္ဓ,အနံ့-ဃာနဝိညာဏ်,နှာခေါင်းအသိ။

၄။ ဇိဝှါ,လျှာ—ရသ, အရသာ—ဇိဝှါ ဝိညာဏ်, လျှာအသိ။

၅။ ကာယ,ကိုယ်-ဖောဋ္ဌဗ္ဗ,အထိ—ကာယဝိညာဏ်,ကာယ အသိ။

၆။ မန, နှလုံးသွေး-ဟာဒယ, အသိ—မနော ဝိညာဏ်,စိတ်အသိ။

အပေါ်ဓါတ် နာမ်အသိစိတ်တို့ကို ဥပါဒါန် အစွဲနှင့် လက်ခံလျှင် သံသရာဖြစ်သည်။ ထိုစိတ်၏ ဆွဲဆောင်ရာသို့ ရုပ်ရော နာမ်ပါလိုက်ပါရသော်၊မဆုံးသံသရာထဲသို့ တိုး၍တိုး၍ဝင်သည်။

ထို အသိစိတ်တို့ ပေါ်လာသမျှကို အနုပါဒါန် အပြတ်နှင့်ရှုက ဒုက္ခဟုမြင်သည်။ သံသရာ ထွက်လမ်းကို ရောက်သည်။

ဤနေရာ၌ ဂွဆုံတွင် ဦးစီးနေသော သတိသည် အရေးအကြီးဆုံးဖြစ်သည်။ သံသရာတွင်းသို့ ဝင်သွားသော အတွေးအတောအကြံအစည်များကိုလုပ်သော စိတ်၏အစဉ်ကို ဆင့်တိုးပွါးများမည်လော။

သံသရာမှ ထွက်ရေးဖြစ်သော ဒုက္ခသစ္စာကို အမှန်အတိုင်းခံယူနိုင်ရန် ထိုထို အပေါ်စိတ်တို့ကို ပယ်ခွာ စွန့်လွှတ်မည်လော။

စွန့်လွှတ်၍ သံသရာမှထွက်လိုလျှင် သတိဟူသော ဦးစီးနှင့် အတွေး လုပ်ငန်းများ လုပ်သောစိတ်ကို လွှတ်လွှတ် ကင်းကင်း ထားရန် လိုပေလိမ့်မည်။ သတိနှင့် စိတ်ကူး ပေါင်းစပ်မိလျှင် သံသရာဖြစ်ရန် သေချာသည်။ ဝိပဿနာဉာဏ် ပေါ်ရန်ကား ဤ အတွေးသမားစိတ်ကို သတိနှင့် မကပ်ငြိအောင် ကျင့်ကြံ အား ထုတ်ရသော အလုပ်ဖြစ်သည်။

ဝိပဿနာဉာဏ် ထင်ထင်နှင့် သံသရာမှ ထွက်လိုသူသည် မြင်ခဲ့ ဘူးသော၊ ကြားခဲ့ဘူးသော၊ နံ့ခဲ့ဘူးသော၊ လျှက်ခဲ့ဘူးသော၊ ထိခဲ့ဘူးသော၊ သိခဲ့ဘူးသော အတိတ် အာရုံဟောင်းနှင့် တကွ၊ တွေ့ဆဲ၊ သိဆဲ ပစ္စုပ္ပန် အာရုံသစ်များနှင့် တကွ၊ တွေ့လတံ့၊ သိလ တံ့ အနာဂါတ် အာရုံများ အားလုံးမှန်က မည်သည့်အာရုံနှင့်မျှ သတိနှင့် မထိမငြိအောင် ထိန်းနိုင် သိမ်းဆည်းနိုင်ရန် အရေးကြီး ပေသည်။

အားလုံးသော အာယတန ၁၂-ပါးတို့သည် ဘူတဓါတ်ကြီး ၄-ပါး၏ ခေတ္တ အဖွဲ့အစည်း, ယာယီ အဖွဲ့အစည်းမှ ပေါ်ပေါက် သော တရားများသာ ဖြစ်လေရာ၊ ထိုအတိုက်အခံတို့ဖြင့်ပေါ်လာ သော အပေါ်ဓါတ် နာမ်တရားတို့သည်လည်း ဘာတခုမျှ အစစ် အမှန် သဘာဝဓမ္မများ မဟုတ်ကြ။ အထင်အမှတ် ဥပါဒါန်သက် သက်ချည်းပါကလားဟု အမှန်ကို အမှန်အတိုင်းသိအောင် ရှာဖွေ ရှုမှတ်ခြင်းသည် 'သမ္မာ သင်္ကပ္ပ' မှန်သော တွေးတောမှုဟူ၍ ဖြစ် သည်။

ဤအာယတန ၁၂-ပါးနှင့် တိုက်ချလျှင် စိတ်သာမူလ'ဆိုသော လောကတခုလုံး တုန်ဆင်းသွားလေသည်။ အကြောင်းမူကား၊

၍ အတွင်းရုပ် အကြည် ၆-ခုနှင့် အပြင်ရုပ် ၆-ခု ရုပ်နှင့်ရုပ်ချင်း မတိုက်ဆုံမိသမျှ မည်သည့်နာမ်ဓါတ် စိတ်မျှ မပေါ်နိုင်သော ကြောင့် ဖြစ်ပေသည်။

အဓိက အာရုံကား ၅-ပါးဖြစ်သည်။ ၎င်းအာရုံ ၅-ပါးမှာ အောက်ဆုံး အမှတ် ၆-ဖြစ်သော မနောနှင့် ဟဒယတိုက်မိ၍၊ မနောဝိညာဏ် ဖြစ်သည်ဆိုသော အချက်သည်၊ အတွင်းချင်းတိုက်ဆုံသော ကိစ္စသာဖြစ်၍၊ ဓမ္မာရုံအဖြစ် ထားလိုက်ပါက အပေါ် အပြင် ၅-အာရုံသာ ကာမ ၅-မျိုးတို့ ဖြစ်လာသည်ကို တွေ့ရမည်။

အတွင်းမာနနှင့် ဟဒယသည်၊ အပြင်အာရုံ ၅-မျိုးနှင့် ကင်းလွတ်၍ မပေါ် နိုင်သောကြောင့်၊ အပြင်အာရုံ ၅ ပါးကိုသာ ပဓါနထားရသည်။

ထိုအပြင် အာရုံ ၅-မျိုးသည် ကာမ ၅-မျိုးကို ဖြစ်စေတတ်သော သဘောရှိသဖြင့်၊ ကာမဂုဏ် ၅-ပါးဟူ၍လည်း ထင်ရှား၏။ ၎င်းကာမအာရုံ ကာမဂုဏ် ၅-ပါးမှ သတိကို လွတ်အောင် ထိးထိးထင်ထင် ထိန်းသိမ်းနိုင်က အလုပ်စခန်း ဝင်နိုင်ပေပြီ။

ယခုပြီးခဲ့သော သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ မဂ္ဂင် ၂-ပါးသည် ပညာအရာ ဉာဏ်အရာများ သာ ဖြစ်၍ ပညာ မဂ္ဂင် ၂-ပါးဟု ဆို၏။

၎င်းပညာ မဂ္ဂင် ၂-ပါးကို ပိုင်ပိုင်ထင်ထင် ထိုးထွင်း၍ သဘောပေါက်ကြလျှင် ကျန်မဂ္ဂင်များကို၊ အသိပေါက်ရန် များစွာ မခဲယဉ်းတော့ပေ။

## (ဂ) သမ္မာဝါစာ–မှန်သောစကား။

စကားသည် အလွန်အရေးကြီး၏။ မျက်စေ့က တိုက်ရိုက်မြင်ရသော ရုပ်မဟုတ်။ ရုပ်ကိုအခြေခံ၍ ဖြစ်သောကြောင့် သဒ္ဒ အသံ ရုပ်ဟူ၍ နားဖြင့်သာ ခံယူရသော သဒ္ဒရုပ်ဖြစ်လေရာ၊မျက်စေ့၏ အကူအညီနှင့် ဖြေရှင်း၍ရသော အသံလည်းရှိ၏။ ဥပမာ သစ်ပင်လဲသံကြားသဖြင့်၊ထွက်ပြီး မျက်စေ့နှင့် ကြည့်သောအခါ အကယ်ပင် သစ်ပင်ကြီး လဲနေသည်ကို တွေ့မြင်ရသည်။ ထိုအခါ ကြားလိုက်သောအသံသည်၊ ဧကန် သစ်ပင်လဲသံဟု ပြတ်သားစွာ ဆုံးဖြတ်နိုင်၏။ ကားတိုက်သံ၊ သေနတ်ပစ်သံ၊ ရထားလာသံ စသည်တို့သည် နားကကြားလျှင်၊ မျက်စေ့က ထိုအသံဖြစ်ပေါ်ရာ အကြောင်းခံ အထောက်အထားများကို ထင်ရှားမြင်တွေ့သဖြင့်၊ ကိုယ်ကြုံကိုယ်ယုံ အကြွင်းမဲ့ ခံယူ ဆုံးဖြတ် နိုင်လေသည်။ ဘာဝမှန်နေသော အသံဖြစ်၍ မလှည့်စားပေ။

စကားပြောသံ ကြားသောအခါ၊ မျက်စေ့ဖြင့် အထောက်အထား ယူ၍ရသော အကြောင်းများလည်းရှိ၏။ မျက်စေ့ဖြင့် အထောက်အထားမရနိုင်သော စကားများလည်း ရှိသည်။ မုသားဟူသည် စကားမှုဖြစ်သော အရသာဖြစ်သည်။

စကားလုံးတိုင်း, အကြောင်း အရာတိုင်း, မျက်စေ့ဖြင့် အထောက်အထားယူ၍ အတည်မပြုနိုင်စေကာမူ၊အခြားသော စမ်းသပ်သိရှိနိုင်သည့် အထောက်အထားများ ရနိုင်သော စကားသံများကို ယုံကြည်ရသော်မူ၊ အရေးမကြီး။ ယုံသင့်ယုံထိုက်သော အကြောင်းခံများ ခိုင်လုံ၍ တော်သေး၏။

သို့ရာတွင် ငွေအလိမ်ခံရခြင်း၊ ရွှေအလိမ်ခံရခြင်း၊ အမျိုးသမီးငယ်များ လှည့်ဖြားခံရခြင်း စသည်တို့သည်လည်း ဤစကားလုံးအသံများကိုပင် ယုံရာမှ မှားကြခြင်းပင်ဖြစ်သည်။ ဤထက် ဆိုးသည်ကား နိုင်ငံနှင့်လူမျိုးကိုပင် စကားလုံးလှလှ အားကျချင်စရာ အဓိပ္ပါယ်များနှင့် ဖြားယောင်းခါ ရောင်းစားသော စကားသံများကား အလွန် စိုးရိမ်စရာ ကောင်းပေသည်။

အဆိုးဆုံးကား၊ ဘာသာ သာသနာရေးတွင် နားဝင်ပီယံ အလှည့်အပတ်တွေနှင့် မည်သို့မျှမျက်စေ့က အထောက်အထား မယူနိုင်အောင် ယုတ္တိယုတ္တာ စကားလုံးများနှင့် ဟောပြောခြင်း ဘယ်လိုမှ သက်သေမရနိုင်သော တမလွန်တွေနှင့် ရက်ချိန်းပေးဆွယ်ခြင်းတို့သည် အဆိုးဆုံးဖြစ်ပေသည်။

အထူးသဖြင့် ဝိပဿနာစကား တရား စသည်တို့နှင့် ပတ်သက်လျှင်၊တဖက်က ကြားနာရသူတွင် ယုန်ထင်ကြောင်ထင် ဇဝေဇဝါ ဝိစိကိစ္ဆာ ဖြစ်မည့်စကားများ၊အထောက်အထား ထင်ရှားမရနိုင်သည့် စကားများကိုပြောမည့်အစား၊သမ္မာဝါစာ-မှန်သောစကား ဖြစ်အောင် အထူးရှောင်ကြဉ်ရန် လိုပေသည်။ သန္ဒိဋ္ဌိကဓမ္မဖြစ်ရန် အရေးအကြီးဆုံး ဖြစ်၏။ သန္ဒိဋ္ဌိကဓမ္မ မဖြစ်လျှင် ဝိစိကိစ္ဆာ ဝင်နိုင်သည်။

ဗုဒ္ဓရှင်ကမူ မဂ္ဂင်ဝင်သော စကားမှတပါး၊ အခြား ဘာစကားမျှ လိုလားတော်မူဟန်မတူ။

'ဓမ္မိံ ကထာဝါ အရိယောဝါ တုဏှိဘာဝေါ' ဟု ဟောတော်မူခဲ့၏။ တရားနှင့်စပ်သော အမှန်စကားမှလွဲ၍ ဘာမျှမပြော၊ ဆိတ်ဆိတ်နေခြင်းက ကောင်း၏ဟု အဓိပ္ပါယ်ရပေသည်။

ထို့ကြောင့် သမ္မာ-မှန်သောစကား၊ ထေတော-ပြောသည့် အတိုင်း ဟုတ်သောစကား၊ ပစ္စယိကော-ယုံကြည် လောက်သော စကား၊ အဝိသံ ဝါဒကော-ငြင်းချက် မထွက်သော စကားမျိုး သည်သာ မဂ်ဖိုလ်နှင့် မဆန့်ကျင်သော စကားဖြစ်သည်။ ဤ အင်္ဂါ ၄-ချက်နှင့် ညီသော်- သမ္မာဝါစာ-မှန်သောစကားဖြစ်၏။

ထို့ကြောင့် ဤစာအုပ်တွင် ၃၁-ဘုံနှင့် ပတ်သက်သော ကာမာ ဝစရ ကုသိုလ် အကုသိုလ် အကျိုးပေး မည်သို့မည်ညာတွေကိုရှောင် ခြင်းဖြစ်သည်။

## (ဃ) သမ္မာ ကမ္မန္တ—မှန်သောအလုပ်။

ဤကား ဝိပဿနာဥာဏ် အတွက် အားထုတ် လုပ်ကိုင်သည်မှ တပါး၊ အခြားအလုပ်နှင့် လုံးဝမဆိုင်ပေ။

အနည်းငယ်သာ ရှင်းရန် ရှိပေလိမ့်မည်။ နေ့စဉ် လူမှုကိစ္စ အတွက်ဆိုမူ သမ္မာကမ္မန္တ ဟူသောပုဒ် တပ်နေရန်မလို၊ အကုသိုလ် မှကင်းသော ဒုစရိုက် ၁၀-ပါးမှ လွတ်သော အလုပ်ဆိုလျှင် ပြီး ပါ၏။

သို့ရာတွင် သမ္မာပုဒ်တပ်၍ သမ္မာ ကမ္မန္တ-ဟု မဂ္ဂင်စကားနှင့် ဆိုထားလေရာ၊ သေးနုတ်သောအဓိပ္ပါယ်မဟုတ်တော့ပေ။ နေ့စဉ် လူမှုကိစ္စ လုပ်ငန်းများမှ ကင်းလွတ်သည့် သီးခြား အဓိပ္ပါယ်ထွက် နေသော စကားဖြစ်နေလေသည်။

ထို့ကြောင့် သံသရာဆက်ရေး အကြောင်းတရားများသာဖြစ် သော ဥပါဒါန်အစွဲ အတွယ် မလွတ်သည့် ကာမာဝစရ ကုသိုလ်

အကုသိုလ် စသော ဒါန, သီလ, ဘာဝနာ, အားလုံးရှောင်ကြဉ်ရန် အရေးကြီးလေသည်။ အနုပါဒါန သံသရာပြတ်ရေး ဒါန, သီလ, ဘာဝနာ,တို့သာ လုပ်ရန်ဖြစ်၏။

သမ္မာ ကမ္မန္တ-အမှန် အလုပ်ကိုသာ လုပ်သမျှ ရှေ့ရှု နှလုံးသွင်း ရန်ဖြစ်လေသည်။ အကယ်၍ လုပ်ပါလျက် ဝိပဿနာဉာဏ် မထင် ဖြစ်နေလျှင်၊အမြန်ဆုံး လမ်းမှန်ကို ဆည်းပူး နာယူရန် လုပ်ထိုက် သည်။အတိတ် ပြန်တွေးသော ဝိတက်၊ အနာဂတ်ကိုမျှော်သော ဝိ စာရ·စသည်တို့မှကင်းလျက် ပစ္စုပ္ပန်ဆတ်ဆတ်သာလျှင်ဖြစ်သော ထွက်သက် ဝင်သက်၌ သတိအစဉ်ရှိခြင်း၊ လုပ်ဆဲ,ကိုင်ဆဲ, သွားဆဲ, ပြောဆဲ, တခဏ အပြုအမူအားလုံးတို့၌သာ သတိ အစဉ် ယှဉ်နေ အောင် ပြုလုပ်ရခြင်း၊ ဓါတ်၌ နှလုံးသွင်းခြင်း၊ ဝေဒနာတို့၌ ဆင်ခြင်ခြင်း၊ ခန္ဓာ ၅·ပါး ရုပ်နာမ် တရားတို့၌ ပစ္စုပ္ပန်ကျကျ သတိကို အစဉ်ထား၍ နှလုံးသွင်းခြင်း စသည်တို့ကို အခါမလပ် ရှုမှတ် ပြုလုပ်နေခြင်း စသော သတိပဋ္ဌာန် တရားတော်အတိုင်း ပြု လုပ်ရန်သည်သာ သမ္မာ ကမ္မန္တ·အမှန်အလုပ်ဖြစ်သည်။

အကျယ်မှာ သတိပဋ္ဌာန် တရားတော်များ၌ ရှိပြီးဖြစ်၍ အထူး မချဲ့တော့ပေ။ အချုပ်အားဖြင့် သတိပဋ္ဌာန် ကျင့်စဉ် အားလုံး သည် သမ္မာ ကမ္မန္တ လုပ်ငန်းများသာ ဖြစ်သည်။

## (င) သမ္မာအာဇီဝ- မှန်သောအသက်မွေးမှု။

မှန်သော အသက်မွေးမှုသည်လည်း ဝိပဿနာ သဘောသက် ရောက်သော အသက်မွေးခြင်းကိုသာ ဆိုလိုသည်။ လူတွင် စား, ဝတ်, နေရေး ၃-မျိုးနှင့်မကင်းသော သက်ရှိ ဘာဝဖြစ်လေရာ၊

စား ဝတ် နေရေး အားလုံးသည် အသက်မွေးရေးသာ ပဓါန ဖြစ်သော်လည်း၊ လောကီ နေ့စဉ် ကိစ္စများ၌ ဤစား ဝတ် နေရေး ကိစ္စသည် ပကာသန အပိုတွေနှင့် ဇီဇာကျယ်လျက် ရှိပေသည်။ နှာခေါင်း အကြိုက်၊ လျှာအကြိုက်တွေက ပါနေရာ တဏှာမလွတ်ပေ။

ဝိပဿနာအနေနှင့် သမ္မာအာဇီဝ ဖြစ်ရန်မှာ ဤကိုယ်သည် အစာ, ရေ, လေ,တို့နှင့် မကင်းသည်အလျောက်၊ ရနိုင်ရာရာ သန့်ရှင်း ဘေးကင်းသောအစာ၊တွေ့ရာ သန့်ရှင်းသောရေ၊ဘေးဥပါဒ်ကင်းသော လေဟူက ပြီးနိုင်သည်။ အထူး ပကာသန အရသာဆားပေါ့ ဆားငန်၊ ဘယ်ဟင်း ဘယ်ထမင်းမျိုးဟု မလို၊ တတ်နိုင်လျှင် ဆံပြုတ်ချည်း သက်သက်ပင် ဖြစ်စေ၊ အဟာရဖြစ်လျှင် ကိစ္စပြီးကြေးဟု နှလုံးသွင်း စားသောက်ရန်သာဖြစ်သည်။ အရသာသည် လျှာကဂျီးထူနေသော တဏှာသာဖြစ်သည်။ရုပ်တရားသာဖြစ်သော ဤခန္ဓာသည်ကား သန့်ရှင်း၍ ဘေးဥပါဒ်ကင်းသောအစာမှန်က မည်သည့် အစာအဟာရမဆို အစာအိမ်သို့ရောက်သည်နှင့် ကြေညက်၍ ဩရိယာပုထ်ဖြစ်နေနိုင်မည်သာဖြစ်သည်။ လျှာကိုလွန်၍ လည်ချောင်းမှ အစာအိမ်သို့ဆင်းရာလမ်းရောက်လျှင်၊မည်မျှ ကိစ္စများ ပြုလုပ်ထားသော အစာသည်ဖြင့်၊ တွေ့ရာနှင့် ကိစ္စပြီးသော အစာသည်ဖြင့်၊ ဘာမျှမခြားနားတော့ပေ။ အားလုံးအတူတူ အသက်ရှင်နိုင်သည်ချည်း ဖြစ်ကြပေသည်။

ဝတ်ဆင်ရာ၌လည်း အရှက်လုံ၍ အချမ်းအပူ ကာကွယ်လျှင် ကိစ္စပြီးသည်။ မည်သည့် ပိုးဖဲ-ကတ္တီပါမှ ဖြစ်သည်မဟုတ်။

နေရာထိုင်ရာ၌လည်း လေလုံမိုးလုံလျှင် ဘာမျှ အထူး တခမ်း တနားမလိုပေ။အိပ်ရာ ခေါင်းအုံးပင် ရရာနှင့် တင်းတိမ်သော် အကောင်းဆုံးဖြစ်၏။ သိရန်အဓိကအချက်မှာ ကာမအလို စားဝတ်နေခြင်းမျိုး မဟုတ်စေရ သဘာဝအလို၊ ပြည့်လျှင် လုံလောက်ချေပြီ။သဘာဝအလိုဆိုသည်ကား ဤအသက်ရှင်ရေးမှတပါး အခြား ဘာမျှ အပိုမထားလျှင်၊သမ္မာ အာဇီဝ မှန်သော အသက်မွေးမှုပင် ဖြစ်သည်။

ဤပြီးခဲ့သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင် ၃-ပါးသည် သီလမဂ္ဂင်မည်၏။ ဤမဂ္ဂင် ၃-ပါး၌ သမ္မာဆိုက်အောင် ဝိပဿနာအကျင့်နှင့် နေလျှင် သီလ အခြားစောင့်ထိန်းဘို့ မလိုတော့ပေ။ ဤမဂ္ဂင် ၃-ပါး လုံး တွင် အမြတ် ဆုံးသော ဝိပဿနာသီလပင် ဖြစ်ပေတော့ပြီ။

## (၈) သမ္မာဝါယာမ- မှန်သောအားထုတ်မှု။

ဤကား အပြင်အာရုံ ကာမဂုဏ် ၅-ပါးဖြစ်သော မျက်စေ့, နား, နှာ, လျှာ, ကာယတို့ဖြင့် တိုက်ဆုံလာသော မျက်စေ့အသိ နားအသိ, နှာခေါင်းအသိ, လျှာအသိ, ကာယအသိတို့အား ဉပါဒါန်မကပ် မငြိအောင် သတိမှ ကင်းကင်းလွတ်လွတ် ရှောင်ရှား နေရန် အားထုတ်ရခြင်းပင်ဖြစ်သည်။

အချုပ်အားဖြင့် ပဉ္စဝိညာဏ် မနေသို့ ရောက်စေကာမူ၊ ဟဒယ က ပယ်ဖျောက် ထိန်းသိမ်းပစ်ရန် အားထုတ်မှုသည် အရေး အကြီးဆုံးဖြစ်သည်။ ပြောတော့သာ လွယ်သည်၊ ဤကိစ္စသည်

တကဲ့ တောင်တက်ခရီး၊ ရေဆန်ကူး၊ ယောမ လုလ္လဖြင့် ကြိုး ပမ်းရသော၊ အာသဝတရားတို့ကို တော်လှန်အားထုတ်ရသည့်လုပ် ငန်းဖြစ်သည်။ တော်လှန်ရေး အစစ်ကြီးဖြစ်၏။

ရဟန္တာတို့၌လည်း မျက်စေ့, နား, နှာ, လျှာ, ကိုယ်စသော ပဉ္စအကြည် ပသာဒ ရုပ်များနှင့်ပင်ဖြစ်၏။ ၎င်းတို့လည်း သာမန် လူတို့ကဲ့သို့ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ အရသာပေါ်ခြင်း၊ ထိ ခြင်း စသည်တို့ ဖြစ်ကြသည်ချည်း ဖြစ်သည်။

သို့ရာတွင် အရိယာ ရဟန္တာတို့ကမူ ထိုထို ပဉ္စဝိညာဏ်တို့ကို ဟာဒယတွင်သာ ချုပ်ငြိမ်းနိုင်စွမ်း ရှိကြ၍၊ ဦးနှောက်သို့အထိ အ ရောက်မခံကြပေ။ ဦး နှောက် သို့ ရောက် လျှင်၊ ထိုပဉ္စာရုံ တို့နှင့် 'သတိ' ရောယှက် မိသွားမည်ဖြစ်သည်။ ရောယှက်မိလျှင် အတွေး အတောစသော စိတ်၏လုပ်ငန်းဆိုင်ရာ အကြံအစည်များ ဖြစ်ပွား လာချေမည် အမှန်ဖြစ်၏။ ဤသို့ 'သတိ' သည် စိတ်နှင့်ရောခါ အတွေး အတော အကြံ အစည်တွေ ဖြစ်လာပါက၊ သံသရာ ဖြစ် လာမည်။

ဝိပဿနာအလုပ်သည် သံသရာ ဖြစ်ရေးမှ အလွတ် ရုန်းထွက် ရန် အားထုတ်သော လုပ်ငန်းဖြစ်လေရာ၊ စိတ်၏ အစဉ်ဖြစ်သော မတည်မငြိမ် ဖေါက်ပြန်ပြေးလွှား ထင်ရာတွေး၊ထင်ရာကြံစသော သံသရာလည်ရေး အလုပ်များနှင့် ဆန့်ကျင် ပေသည်။

ထို့ကြောင့် စိတ်ဖြစ်စေတတ်သော ပဉ္စဝိညာဏ်များကို ဟာဒ ယတွင်သာ ချုပ်ငြိမ်းပျောက်ပျက် စေရပြီး သတိကိုမူ ထိုးထိုး

ထင်ထင် လှတ်လှတ် ကင်းကင်း ကြီး ဖြစ်အောင် အားထုတ်ကြိုး ပမ်းရသော အလုပ်သည်၊ သမ္မာဝါယာမ- မှန်သော အား ထုတ် မှု ဖြစ်သည်။

## (ဆ) သမ္မာသတိ—မှန်သောသတိ။

ဤကား ပြီးခဲ့သော သမ္မာဝါယာမ အခန်း၌ ပြောခဲ့သည့်အတိုင်း လောကီနယ်မှ ဖြစ်လာသော ပဥ္စဝိညာဏ် အသိစိတ်များကို သတိနှင့်မရော မစပ်စေဘဲ၊ ပကတိ သတိချည်း ထီးထီးထင်ထင် စင်ကြယ်သန့်ရှင်းစွာရအောင် ကျင့်ရခြင်းပင် ဖြစ်သည်။

သတိသည် ဉာဏ်ကိုဖြစ်စေသော သတ္တိရှိ၏။ သို့ရာတွင် ယခု လောကီ လူသား၏ သတိသည်၊ မွေးလာ၍ လူမှန်းသိသည်မှစပြီး ယခုအထိတိုင်အောင် ဤလောကီနယ်မှ ပဥ္စဝိညာဏ် စိတ်အသိများနှင့်သာ အစဉ်ပေါင်းစပ်ရောယှက် ယဉ်ပါးခါ လောကီနှင့်သာ ကျင့်သားရနေသော သတိ ဖြစ်နေသည်။

ထို့ကြောင့် ထို'သတိ'မှ ဖြစ်လာသမျှသောဉာဏ်သည်၊လောကီဉာဏ်၊ ကာမဂုဏ်အာရုံ ၅-ပါးဉာဏ်တွေသာ ဖြစ်နေနိုင်ပေတော့သည်။ ငယ်ရွယ် နုနယ်စဉ်ကစ၍ မြင်ဘူးသော, ကြားဘူးသော, နံဘူးသော, လျက်ဘူးသော, ထိတွေ့ဘူးသော တွေသည်၊ ဤသတိတွင် ဂျပ်ဂျတ်တက်အောင် အုံခဲကပ်ငြိနေသည်။ မြင်ဆဲ, ကြားဆဲ,တွေ့ဆဲ, ကြုံဆဲတွေကလည်း ဆင့်ခါဆင့်ခါ အသားတက် ထူထပ်သည်ထက် ထူထပ်လာနေပြန်သည်။

ဤသည်ပင် ဘူးသောများစွာသည်၊ဆွေးမြေ့ပျက်စီး၍ငင်း၊ ကောင်းစွာ မကပ်မငြိခဲ့၍ငင်း၊ မေ့လျော့ ပျောက်ပျက်သွားကြ

တာတွေလည်း အများကြီးရှိ၍ တော်ပေသေးတော့သည်။ ပဋ္ဌ ဝိညာဏ်အသိစိတ် ဖြစ်လာသမျှတွေသာ အားလုံးကပ်ငြိ စွဲထင်နေလျှင်ကား၊ ဤသတိကိုတော်တော်နှင့် ပွတ်တိုက်ချေးချွတ်ပစ်ရန်ပင် ရန်မလွယ်ပေ။

ဤနေရာတွင် ဇလ္လေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး စသော ဗောဓိပက္ခိယတရားများနှင့် အစွမ်းကုန်အားထုတ် ပွတ်တိုက် ဆေးကြောနိုင်ရန် အရေးကြီး၏။

အမိပ္ပါယ် ပေါ်လွင်အောင် ဥပမာ ဆောင်ရပေတော့မည်။ စကားပမာ-စဥ့်အိုးကြီးတလုံး ရာဝင်အိုးကြီး ရှိသည်ဆိုကြပါစို့။ ထိုရာဝင်အိုးကြီးသည်၊ မူလဝယ်လာစဥ်က ဘာမျှမရှိသေး။ အိုးကြီးသက်သက်အလွတ် အစင်အကြယ်ဖြစ်၏။ သို့ရာတွင် ချဥ်ပတ်တွေလုပ်ရန် မုံလာ၊ မုံညှင်း၊ ဟင်းဂလာ၊ ပဲရှောက်အစ ချဥ်ပတ်ထည့်၍ စိမ်လာရာ၊ အိုးကြီးနှင့်အပြည့် ဖြစ်နေသည်ဆိုလျှင်၊ ထိုချဥ်ပတ်တွေယူ၍ စားတန်စား၊ ရောင်းတန်ရောင်းနှင့် စီးပွားရေးလုပ်နေသည် ဆိုပါစို့၊ လျှော့လျှင် ထပ်ဖြည့်လိုက်၊ ချဥ်ပတ်ဖြစ်လာလျှင် ရောင်းလိုက်နှင့် အစဥ်မပြတ် အလုပ်လုပ်လာသော အိုးကြီးသည်၊ ချဥ်ပတ်အိုးကြီးသည် ဖြစ်လာတော့မည်။ ထိုချဥ်ပတ်အိုးထည်းသို့ ဘာထည့်ထည့် အလျဥ်ရနေပြီဖြစ်ရာ၊ ထည့်သမျှအားလုံး ချဥ်ပတ်ချည်းသာ ဖြစ်ရန်သေချာသည်။

ဤသို့ ချဥ်ပတ်တွေနှင့် အစဥ်ပြည့်နေသော အိုးကြီးထဲသို့ အခြားပစ္စည်းတမျိုး သန့်သန့်ရှင်းရှင်း ထည့်သိုချင်၍ မဖြစ်တော့ပေ။ အဖျင်းဆုံး ရေချည်းလောင်းထည့် ရစေဦး၊ ထိုရေသည် ချဥ်

ပတ်ရေချည်း ဖြစ်ယာဖြစ်သွားမည်။ အယဲကအခံ ရှိနေသော ကြောင့် အိုးတွင်းသို့ လောင်းသလောက် ဝင်တော့မည်လည်း မ ဟုတ်၊ လျှံကျကုန်ပေမည်။ ချဉ်ပတ်အိုးရှင်သည် ချဉ်းပတ်ရောင်း ဝယ်ရသည်ကို အနံ့ အသက်ကလည်း မကောင်း၊ ရောင်းပန်းက လည်း ညိုငြင်စရာ အနှောက်အယှက်များ ဖြစ်လာသောအခါ၊ ဤအိုးထဲသို့ ဆီထည့်လှောင်လိုသည်။

ဤအခါ မည်သို့ပြုရမည်နည်း၊ ချဉ်ပတ်တွေအားလုံး တစက်မှ မကျန်အောင် သွန်ပစ်ရပေတော့မည်။ သွန်ပစ်သည်တိုင် အိုးကြီး ကား ချဉ်ပတ်နံ့ ပျောက်ဦးမည်မဟုတ်၊ ဆီထည့်လျှင် ဆီပါပုတ် သွားပြီး အားလုံးမကောင်းမှာ စိုးရသေးသည်။ ထို့ကြောင့် ရေ အထပ်ထပ်ဆေး၊ ဆပ်ပြာနှင့်အကြိမ်ကြိမ် ပွတ်တိုက်ဆေးကြော ပြီးမှ အိုးကိုသန့်ရှင်း ခြောက်သွေ့အောင် ထားရပေဦးမည်။ ဆီ သည် ချဉ်ပတ်ရေ မဆိုထားဘိ၊ ရေရိုးရိုးနှင့်ပင် မတဲ့ပေ။

ဤသည်ပင် သတိကို သမ္မဝါယာမ မဂ္ဂင်နှင့် ပွတ် တိုက် ဆေး ကြောပြီးနောက်၊ ထိုသတိ ချည်း သန့်သန့်ရှင်းရှင်း စင်ကြယ် သွားအောင် ထားရခြင်းသည်၊ ဤသမ္မာသတိ အဆင့်ပင်ဖြစ် လေသည်။

သတိ၌ မွေးစလူမှန်း သိသည်ကစပြီး ဂျိုးကပ်စွဲထင်လာသော 'ဘူးသော' အနုသ္တ မှန်သမျှ၊ မြင်ခဲ့သမျှ၊ ကြားခဲ့သမျှ၊ သိခဲ့-တွေ့ခဲ့ ကြုံခဲ့သမျှ၊ ကြုံဆဲ တွေ့ဆဲ တွေ့ပါမကျန်။ ဆရာပြော ပိဋကတ် တွေပါ အားလုံး၊ အကုန်လုံး ဆေးကြောချ လိုက်ရပေတော့ မည်။ မည်သည့် အသိ ဟောင်း သိဆဲတရားမဆို၊ ကုသိုလ် အကု

သိုလ်ပ ါမကျန် ဤအဆင့်တွင် မြူမျှမကျန်အောင် ခါထုတ်၍ မူလပကတိ သတိချည်း သက်သက် ထီးထီးထင်ထင် ကြည်လင် သန့်ရှင်းစွာ ထိန်းသိမ်းရန်ဖြစ်၏။

ဤသို့ စင်ကြယ်သန့်ရှင်းနေသော ပကတိ သတိအဖြစ် ရရှိလာ လျှင်၊ ထို သတိမှ ဖြစ်သော ဉာဏ်သည် လောကုတ္တရာဉာဏ် အ ဖြစ် အသခ်တနယ် နိဗ္ဗာနဓါတ် ( တဏှာကုန်ရာ ) သို့ ရှေ့ရှုထိုး ဖေါက် အသိရောက် တွေ့မြင်ခံစား ရပေတော့မည်။

ကာမဂုဏ် လောကီနယ်က အသိနဲနဲကျန်လျှင်၊ နိဗ္ဗာနဓါတ် ထင်ဟပ်လာရန် မလွယ်ပေ။

## (၈) သမ္မာသမာဓိ–မှန်သောတည်ငြိမ်မှု။

လောကီပညာရှိ ကာမဂုဏ် ဥပါဒါန် အစွဲတို့မှ ကင်းလွတ်၍ သန့်ရှင်းစင်ကြယ် ကြည်လင်နေသော ပကတိသတိသည်၊ လှုပ်ရှား မှုမရှိ၊ ငြိမ်သည်ထက်ငြိမ်လာလျှင်ပင် နိဗ္ဗာနဓါတ်သည်၊ တရိပ်ရိပ် ဖြင့် မထင်တချက် ထင်တချက် တလှပ်လှပ် စတင်လာခါ၊ အ တည်ငြိမ်ဆုံး တည်ငြိမ်လာလျှင်၊ ထင်ရှားပြတ်သားစွာ ရှင်းရှင်း ကြီး တွေ့မြင်ရပေတော့မည်။ ပီတိတွေဖြာဖြာဝေလျက် လွန်စွာ နူးညံ့ညက်ညော မြေချမ်းသာသော လွတ်မြောက်မှု၏ သန္တိသုခ ကို ထင်ရှားဒိဋ္ဌဓမ္မ ကိုယ်တွေ့ကိုယ်ယုံ ခံစားနိုင်တော့ပြီဖြစ်သည်။

ဤနေရာတွင်လည်း သဘောပေါက်လွယ်သော ဥပမာတခု လိုပြန်သည်။ သာယာသော တောတောင်၏ ရှုခင်းသာမောသော နေရာတွင် ကျယ်ပြန့်သော ရေကန်ကြီးတကန် ရှိသည်ဆိုကြစို့၊

ထိုရေကန်ကြီးသည် လွန်စွာသာယာ ကြည်လင်သည်ဟု ပြောသံကြား၍ မရောက်ရောက်အောင် သွားကြရာ၊ ရောက်ကြပြီ ဆိုပါတော့။ ထိုရေကန်ကြီး၏ ရေပြင်သည်၊ လေထန်မိုးထန်ဖြစ်ခါ လှိုင်းလေထနေချိန်၊ထိုရေကန်၏ သာယာပုံ ကြည်လင်ပုံကို သိနိုင်မည် မဟုတ်ပေ။

လှိုင်းလေတဖွေးဖွေးနှင့် လှုပ်ရှားနေသော ရေမျက်နှာပြင်ကို သာကြည့်၍၊ ပျော်စရာကြီးဟု ထင်လိုက ထင်နိုင်၏။ (လောကီကာမဂုဏ်နယ်)

သို့သော် ရာသီသာယာ၍ လှိုင်းလေ ညိမ်သက်လာလျှင် ထိုကန်ကြီး၏ ရေမျက်နှာပြင်သည်၊ လှိုင်းဂယက်တို့၏ လှုပ်ရှားမှုကင်းလာပေလိမ့်မည်။ လှုပ်ရှားမှု ကင်းသည်နှင့်အမျှ ရေမျက်နှာပြင် ပျောက်သွားခါ၊ ပတ်ဝန်းကျင်မှ သာယာသော ရှုခင်းနှင့် မိုးကောင်းကင်မှ တိမ်သားတိမ်လိပ်တို့၏ အရိပ်သည်၊ထိုကန်ကြီး၏ ရေမျက်နှာပြင်ကိုဖေါက်၍ တောက်လျှောက်ကြီး ထင်ဟပ်လာပြီး ကြည်လင်ပေါ်လွင် ပြတ်သားစွာ တွေ့မြင်ရပေလိမ့်မည်။

ဤသည်ပင် အနီးစပ်ဆုံးသော ဥပမာသာဖြစ်၏။ ဤအတိုင်း အတိအကျဟု မယူကြစေလို။အနောက်တိုင်း ယောဂါဝစရပုဂ္ဂိုလ်များက Serenity ငြိမ်သက် ချမ်းခြင်းဟု ဤအဆင့်ကို ခေါ်ကြ၏။ ကေဂ္ဂတာ ကျသည်ပင်ဖြစ်၏။ ဝိမုတ္တိရသ၏အစပင်ဖြစ်သည်။ သို့သော် ဤအဆင့်ကို 'ငါသိပြီ၊ ငါတွေ့ပြီ၊ ငါခံစားပြီ'ဟု ရေးရေး ထင်မှတ်နေက Ultimate Reality, Absolute Truth ပရမတ္ထနိဗ္ဗာန်ဟု မယူနိုင်ပေ။အသ္မိမာန 'ငါ-မိမိ'ဟူသော အမှတ်

အထင်ကလေးပါ တခါးထည်း ပျောက်လွင့်သွားမှသာ တကဲ့ အစစ် ပရမတ်နိဗ္ဗာန်ကို လှမ်းခြုံ ခံယူနိုင်မည်ဖြစ်သည်။

အသ္မိမာန ဖြစ်သော 'ငါ-မိမိ'ဟူသော အမှတ် အစွဲကလေး စဉ်းငယ်မျှ ကျန်နေလျှင် နိဗ္ဗာန ဓါတ်ကို အပြင်မှ တွေ့သိသည်မှတပါး၊ တွင်းပြင်အားလုံး ထက်အောက်မကျန် ထွင်းဖေါက် သိရှိပြီဟူ၍ မယူနိုင်သေးပေ။ အနာဂါမ်အဆင့် ပုဂ္ဂိုလ်သာဖြစ်ပေသည်။ အရဟတ္တဖိုလ်ဆိုက် အရိယာပုဂ္ဂိုလ်များသာ နိဗ္ဗာန် ချမ်းသာကို အပြည့်အဝ ခံယူ ပေါက်ရောက်နိုင်ကြ၏။ အသ္မိမာန ကုန်ရန် လက္ခဏာရေး ၃-ပါးနှင့် တင်ရလေသည်။

ဤတွင်မှ အန နုဿု တေသု- မကြားဘူးကုန်သော၊ ဓမ္မေသု- တရားတို့၌၊စက္ခုံ ဥဒပါဒိ- မျက်စေ့ပွင့်လာ၏။ ဉာဏံ ဥဒပါဒိ- ဉာဏ်လင်းလာ၏။ပညာ ဥဒပါဒိ-နားလယ်လာ၏။ဝိဇ္ဇာ ဥဒပါဒိ- သိမှုပေါ်လာ၏။ အာလောကော ဥဒပါဒိ-အလင်းရောင် ပေါ် လာ၏။

ဒုက္ခ သံသရာမှ လွတ်ပြီဖြစ်လေရာ၊ဒဿနံ ဥဒပါဒိ - ကောင်းစွာ ထင်လင်းချေပြီ။ အကုပ္ပါ- အတားအဆီးလည်းမရှိပြီ။မေ-ငါ၏၊ ဝိမုတ္တိ လုံးဝဥဿုံ လွတ်ကင်းပြီ။ အယမန္တိမာ-ဤကား နောက်ဆုံး ဇာတိ အဖြစ်သဘောတည်း။နတ္ထိ ဒါနိ ပုနဗ္ဘ ဝေါတိ-ဘဝသစ်ဖြစ် ရေး ယခု မရှိတော့ပြီ။

သတိသည် တည်ငြိမ်လာရာမှ မာကြော ခိုင်မြဲလာခါ အမတော ခဲ့သွားခြင်းပင် နိဗ္ဗာန်ဓါတ် ဖြစ်သွားခြင်းပင်တည်း။

ဤသည်ပင် ရုပ်ချုပ်ငြိမ်းရေး အကျင့်ကို သိခြင်းဖြစ်၏။

**မဂ္ဂင် ၈–ပါး တရားသည်ကား–**

ဒုက္ခ နိရောဓ-ဒုက္ခ ချုပ်ငြိမ်း လက်စသိမ်းရေး၊ ဂါမိနီ ပဋိပဒါ-ရောက်ရာ လမ်းစဉ်ဖြစ်သော၊ အရိယသစ္စ- မြတ်သောအမှန် ဟူ၍၊ ဘာဝေ တဗ္ဗန္တိ- အားထုတ်ကြိုးပန်းလုပ်ရန်ဖြစ်သည်ဟု ဗုဒ္ဓရှင်သည် ဓမ္မစကြာတွင် ပြတ်သားစွာ ဟောတော်မူခဲ့သည်။

## (၅) ရူပ အာဒိနဝံ ပဇာနာတိ - ရုပ်၏ အပြစ်ကို သိရမည်။

ရုပ်၏ အပြစ်တွေကား အများကြီးရှိသည်၊ တရားမပါတန်း လူပြိန်းပြော ပြောရလျှင်ပင် ၇-ရက် ရေမချိုးက ရုပ်၏ ဆိုးယုတ်ပုံ ဇာတိကို အလွယ်နှင့် သိနိုင်၏။ ဒွါယ ၉–ပေါက်မှ ထွက်သမျှ တခုမျှ လိုလိုမယ်မယ် သိမ်းဆည်းထားလိုသည်ဟူ၍ မရှိကြ။ စွန့်မိသည်နှင့် ပြန်ကိုင်ချင်စရာပင် မရှိသလောက်ချည်း ဖြစ်သည်။

ဤမျှသာလော၊မဟုတ်သေး။ဤရုပ် ရှိနေသဖြင့်သာ အိုးအိမ် ထူထောင် သား သမီး ပြန့်ပွါး သံယောဇဉ်တွေ ဖြစ်နေရ၏။ ထို ထိုပြန့်ပွါးလာသမျှတွေကလည်း ရုပ်သားမှ ပေါက်ပွါးသော ရုပ်ပွါးများချည်းဖြစ်လေရာ၊ အဝတ်လည်းမလောက်၊ အထည်လည်း မလောက်၊ ထိုထို မျက်စေ့အကြိုက်၊ နားအကြိုက်၊ နှာခေါင်း အကြိုက်၊ လျှာအကြိုက်၊ ကိုယ်အကြိုက်၊ ရွေးလိုက် ရှာဖွေလိုက် ရတာတွေကလည်း မသက်သာကြပေ။

'လှတော့ လှလို့ မာန၊ ရုပ်ဆိုးတော့ ဆိုးလို့ ဒေါသ၊ နေထိုင် မကောင်း နာမကျန်းဖြစ်တော့လည်း ငွေကုန်စရာရှိက တော်သေး

၏။ ကုန်စရာမပြည့်စုံလျှင် မျက်နှာအငယ်သားနှင့် သောကတွေ ပင်လယ်ဝေရသည်။

ဤရုပ်၏ အကျိုးနှင့် အပြစ်ရှာလျှင် အကျိုးထက် အပြစ်က ဆယ်ဆမကပိုသည်။

အဆိုးဆုံးကား အကြည် ပသာဒရုပ် ၅-မျိုးဖြစ်၏။ (မျက်စေ့, နား, နှာ, လျှာ, ကာယ)သည် တိုက်ဆိုံသမျှ အပြင် အာရုံတို့နှင့် ကြုံတိုင်း၊ ထိုထို မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ အရသာတွေ့သမျှ၊ ထိတွေ့သမျှ၊ အာရုံတို့၏ အဆိုးအကောင်းမည်သို့ဖြစ်ဖြစ်၊ သွားရလာရ၊ ရှာရ၊ ယူရ၊ စောင့်ရှောက်ရနှင့် သံယောဇဉ်သာ ကျယ်သည်ထက် ကျယ်ရလေသည်။

ဤသို့ ကျယ်လာသော သံယောဇဉ်၏ ပမာဏနှင့်အမျှ သံသရာလည်း ကျယ်လာသည်။

ကျယ်လာလေလေ၊ ဒုက္ခ ကြီးလာလာလေလေနှင့် ဒုက္ခ၏ ဝန်သည် ပိသည်ထက် ပိလာပြီး၊ အဝိဇ္ဇာနယ်မှာပင် ဥပါဒါန် အစွဲတရားတွေ ဒုတက်ခါ မဆုံးသံသရာခရီးကို ဒရီးဒရိုင်နှင့် နှင်ရလေတော့သည်။ မရဏကိစ္စ သေလမ်းကျမှ တဘဝ ဆုံးရတော့၏။

ဤကား ရုပ်ရှိနေသဖြင့် ကျယ်လာသော ဒုက္ခ အပြစ်တွေ ဒုတက်ခံရခြင်းဖြစ်သည်။

## (၆) ရူပဿ အဿာဒံ ပဇာနာတိ-ရုပ်၏ အနှစ်ကို သိရမည်။

ရုပ်သည် ရုပ်ချည်း သက်သက်နေသော သက်မဲ့ပစ္စည်းဖြစ်က အထူး စဉ်းစားစရာ မလိုတော့ပေ။

သို့သော် ယခုရုပ်ကား သူငါ အားလုံး သက်ရှိ သတ္တလောက ရုပ်စုအတွက် ဝိပဿနာဖြစ်၍ သက်ရှိ ရုပ်၏ အနှစ်သာရကို ရှာရ ပေလိမ့်မည်။ 'ရူပံ ပဋိစ္စ နာမံ ပဝတ္တိ–ရုပ်ကိုမှီ၍သာ နာမ်ပေါ် ရ၏"

သက်ရှိရုပ် ဟူသည် နာမ်ပါမြဲဖြစ်သည်။ ရုပ်နာမ် တွဲမိထား လျှင်၊သတိဟူသောတရား ဖြစ်မြဲ ဓမ္မတာ ဖြစ်သည်။

ဤသတိသည် ကာမဂုဏ် ၅-ပါးနယ်အတွင်း၌သာ ကျင်လည် နေသော ဖြစ်ပျက် အစဉ်အတိုင်း ရေစုံမြောမည့် လောကီဉာဏ် ကိုသာ ဖြစ်စေမည်လော။

လောကီဉာဏ်သာဖြစ်လျှင် လောကီ သံသရာနယ်က လွတ်ရန် လမ်းမရှိ။

ဤ သတိသည် လောကုတ္တရာ ဉာဏ်ကို ထင်ဟပ် လာနိုင်က သံသရာက ထွက်လမ်း မဂ်ဖိုလ် မဂ်ဉာဏ် ရစရာရှိပေသည်။

သတိသည် အမှန်အားဖြင့် ဦးနှောက်၏ သတ္တိသာ ဖြစ်၍ ဦးနှောက် ကြည်လင် ကျန်းမာသလောက် သတိကောင်းမည်ဖြစ် သည်။

ထို ကောင်းသော သတိဖြစ်ရန် ရုပ်၏ ကျန်းမာရေးသည် မူလ ဖြစ်သည်။ ရုပ်ကောင်းလျှင် မျက်စေ့, နား, နှာ, လျှာ, ကာယ စသော ပဉ္စ ပသာဒရုပ်လည်း ကောင်းမည်။ ထိုကောင်းသော ပဉ္စ ပသာဒရုပ် ၅-မျိုးတို့နှင့် မဂ်ဉာဏ်၏ အလို့ငှါ အထောက် အကူဖြစ်သော ဓမ္မာ နု ဓမ္မပဋိပဒါကို ကောင်းစွာ ရှာဖွေ ဆည်းပူး

နိုင်မည်။ ထိုသို့ ရှာဖွေဆည်းပူးရသော တရားမှန် တရားစစ်ကို ကိုယ်တိုင်ကိုယ်ကျ ဖြစ်နေသော လက်ရှိ ရုပ်ခန္ဓာ ပဉ္စကကို အသုံးချပေးပါက၊ ဤလောက သံသရာ ဝဋ္ဋဒုက္ခ၌ ကျင်လည်နေရမှုသည် လွတ်မြောက်စရာ ရှိပေသည်။ သတိပဋ္ဌာန်တွင် ရုပ်ကို အသုံးပြုပုံတွေ အများပင်ရှိ၏။

ရုပ်၏အပြစ်တွေ အများကြီး ရှိသော်လည်း၊ လောကုတ္တရာ ဉာဏ်ရောက်ရေး၌ ဤသည့်ရုပ်ကိုပင် စံနစ်တကျ အသုံးချသွားပါက ရုပ်၏အနှစ်ဖြစ်သော 'သတိ' သည် ဤရုပ်၏ တဖန်ဖွဲ့စည်းမှုကို ရုပ်တန့်စေနိုင်သော နိရောဓ သစ္စာကို မျက်မှောက်ပြုနိုင်ပေလိမ့်မည်။

## (၇) ရူပ နိဿရဏံ ပဇာနာတိ-ရုပ်၏လွတ်မြောက်မှုကိုသိရမည်။

ပုထုဇ္ဇန်နှင့်တကွသော သေက္ခပုဂ္ဂိုလ် အောက်မဂ်အဆင့်ရှိ ရုပ်နာမ်အစုအဝေး သက်ရှိဘဝ အဖွဲ့အစည်း ရုပ်တရားစုသည်၊ သံသည် သံလိုက်၏ ဩဇာသက်ရောက်မှုမှ မလွတ်သေးသကဲ့သို့ ပဉ္စာရုံနှင့်တကွ ဖြစ်ပေါ်လာသော ဥပါဒါန် တရားစုတို့မှ လုံးဝဥဿုံအလုံးစုံ စင်ကြယ်လွန်မြောက်သည် မဟုတ်သေးပေ။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် မဆိုက်ကြသေးသမျှ အနည်းဆုံးအားဖြင့် 'မိမိ' ဟူသော အမှတ်သညာ အသ္မိမာနကလေး ကျန်နေကြပေသေးသည်။

သံလုံးသံခဲအား အထပ်ထပ်ဖိုမီးထိုး၍ သံ၏ပင်ကိုယ် အညစ်အကြေး အပြစ်ဒေါသ အားလုံးကို ကင်းစင်သွားမှသာလျှင်၊သံ

သေနိုင်သော အင်္ဂါယတ် ဥပမာကဲ့သို့၊ ဤရုပ်ခန္ဓာ၌ ရှိနေသော ကာမဂုဏ်အာရုံ ကိလေသာစသော အပြစ်ဒေါသများကို ဝိပဿနာ ကျင့်စဉ်ဖြင့် ဖိုထိုးသလို ပွတ်တိုက်ချရလေသည်။

ဤရုပ်သည် ရုပ်နာမ်တို့၏ အဖွဲ့အစည်း ခန္ဓာ ၅-ပါးသာဖြစ်နေခြင်း၊ အတ္တဟူ၍ စွဲယူရန် မဖြစ်နိုင်ခြင်း၊ မြဲသောတရားမဟုတ်ခြင်း၊ထိုမမြဲသော ရုပ်ဘာဝမှ မမြဲတာခြင်းအတူတူ ဖြစ်သော ရုပ်ဘာဝ ပဥ္စာရုံ ကာမဂုဏ်တို့သည်လည်း ခေတ္တယာယီ အထင်အမှတ်သာဖြစ်ခြင်း၊အာယတန ၁၂-ပါးတို့ တိုက်ဆုံရာလိုက်၍၊သံသရာ ဘဝခရီးတလျှောက် မနားတန်း ဖြစ်ပျက်အစဉ် ကြီးနှင့် ခရီးမဆုံး ကျင်လည်နေရခြင်း၊ ဤရုပ်နာမ်သည် ပထဝီ, အာပေါ, ဝါယော,တေဇောတည်းဟူသော ဓါတ်ကြီး ၄-ပါးကိုသာ အခြေခံ၍၊ ယာယီအဖွဲ့အစည်းအဖြစ် ရေမြှုပ်ပမာ ပင်လယ်ရေပြင်ပေါ်၌ ခေတ္တမျှ မျောပါးနေရခြင်း၊ ကာမဂုဏ် အာရုံစသော လေတိုက်ရာသို့ ယိမ်းယိုင် မျောပါနေရခြင်း၊ ဤသည်ပင် သံသရာဖြစ်လာရခြင်း စသည်တို့ဖြင့် ရုပ်၏ အဖြစ်သဘော၊ရုပ်၏ ဖြစ်ကြောင်းအခြေခံ၊ ရုပ်၏ချုပ်ငြိမ်းခြင်း၊ ရုပ်၏ချုပ်ငြိမ်းရေး အကျင့်လမ်းစဉ်ဟူသော သစ္စာနှင့်တင်၍၊ အထပ်ထပ် အလီလီ ရှုမှတ် သုံးသပ်ရလေသည်။

ဤသို့လျှင်ဖြစ်သော ခန္ဓာ,အာယတန,ဓါတ်,သစ္စာတို့ဖြင့် အထပ်ထပ် ပွတ်တိုက်ဆင်ခြင် ပါများသော်-ရုပ်တရားစုသည် ပြောင်လက်လာရာမှ တဖြေးဖြေး အရောင်ထွက် ကြည်လင် လာပေလိမ့်မည်။ ထပ်၍ တိုက်ပွတ်မြဲ တိုက်ပွတ်လျှင် ပကတိမှန်သားလို တဖိတ်ဖိတ် တောက်ပ ကြည်လင်လာ သောအခါ၊ ထို ရုပ် သားအ

ကြည်ဝါတ်သည်၊ သာမန်မြူ အစရှိသော မဟာဘူတ၏ အနုမြူ ရုပ်ကြမ်းဘာဝမှ နိဗ္ဗာန ဓါတ်သား အဖြစ်သို့ ကူးပြောင်း သွားပြီ ဖြစ်လေရာ၊ရုပ်သစ် အဖြစ် တဖန် ပြန်လည် ဖွဲ့စည်း ရန် မဖြစ်ပေ တော့ပြီ။

အကြောင်းမူကား၊ထိုမျှစင်ကြယ် သန့်ရှင်း ကြည်လင်၍လာ သော နိဗ္ဗာန ဓါတ်သားတွင် အဘယ်မည်သော ဥပါဒါန်အစွဲ အညစ်အကြေးမှ မကပ်ငြိနိုင်တော့ပြီ ဖြစ်သောကြောင့်တည်း။

ဤသည်ပင် ရုပ်၏လွတ်မြောက်မှုပင် ဖြစ်ပေသည်။

ရုပ်၏ လွတ်မြောက်ရေး သည်လည်း ထိုရုပ်ကိုပင် အမှီပြုဖြစ် လာသော သတိ၏ စင်ကြယ်တည်ငြိမ်သော သတ္တိကြောင့်ပင် ဖြစ်ပေသည်။

ဤရုပ်နာမ် ခန္ဓာ, အာယတန, ဓါတ်, သစ္စာတည်းဟူသော တ ရားစုကိုလည်း မဂ္ဂင်တွင် သမ္မာသမာဓိ စခန်း ဆိုက်သည်နှင့်တပြိုင် နက်၊ မည်သည့်တရားကိုမျှ စွဲယူသိမ်းပိုက် နှလုံးသွင်းရန်မလိုတော့ ပြီ။ အားလုံးသော တရားအစုစု ရှုမှတ်ဆင်ခြင် ခဲ့သမျှ ကျင့်ဝတ် သိက္ခာ မည်သည့်ဟာမျှမကျန် အားလုံးစွန့်လွှတ် လိုက်ရန်သာရှိ ပေတော့သည်။

ဤအတွက် ဗုဒ္ဓရှင်သည် ကုလ္လူပမသုတ်တွင် ပြတ်သားစွာ ဟောတော်မူခဲ့၏။

“ရဟန်းတို့၊မြစ်တခု၏ ဟိုမှာဘက်ကမ်းသို့ ကူးရန်ဖေါင်တခုကို သစ်ဝါး, သစ်ခက် စသည်တို့ဖြင့် စုပေါင်း ချည်နှောင် ပြုလုပ်ပြီး လျှင် ထိုမြစ်ကို ဖြတ်ကူးရသည်။ထိုမြစ်၏ ဟိုမှာဘက်ကမ်းသို့ ထို

ဖေါင်တွင် ထိုင်ခါ၊ ခြေလက်တို့၏ အားဖြင့် ကူးခတ်သဖြင့် ဘေးကင်းရာ ဟိုမှာဘက်ကမ်းသို့ကောင်းစွာတက်မိပြီ။ ထိုအခါ သင်တို့သည်၊ ထိုသစ်တုံး, ဝါး, သစ်ခက်တို့ဖြင့် နှောင်ဖွဲ့ထားသောဖေါင်ကို ကျေးဇူးတင် ဝမ်းမြောက်သော အားဖြင့် ခေါင်းဖြင့်ရွက်၍သော်၎င်း၊ ပခုံး၌ထမ်း၍သော်၎င်း ယူသွားရန် လိုသေးသလော။ ထိုဖေါင်ကို ထိုမြစ်မှာပင် ထားခဲ့ခြင်းဖြင့် ကုန်းတင်တင်, ရေမျောမျော စွန့်ခဲ့ရန်သာ မဟုတ်ပါလော”

“ထိုအတူ တရားတော်တို့သည်၊ လွတ်မြောက်ရေးအတွက်သာ ဖြစ်၏။ လွတ်မြောက် သွားလေပြီ ဖြစ်သူအတွက် ဤဖေါင်ပမာ အရ တရားတော်တို့ကို စွန့်ပယ်လိုက်ကြ ရမည်သာဖြစ်သည်။ မတရားကိုကား ပြောဘွယ်ပင်မရှိပြီ” ဟု ဟောတော်မူခဲ့လေသည်။

ဤကား—အဓွန်ရှင်း၏။ ပုထုဇ္ဇန်သည် ကိုယ်အစု ၅-ခုတို့၌ (ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ)ဤသည်ကား ငါဟု၎င်း၊ ဤသည်ကား ငါ့ဟာဟု၎င်း လွန်စွာစွဲယူလေ့ရှိ၏။ တရားတော်တို့၌လည်း ထိုအတိုင်းပင် မိမိအယူဝါဒဟူ၍ အလွန်စွဲယူလေ့ရှိ၏။ ဤသို့စွဲယူခြင်း၌ အယူသန်နေသော် အတ္တကို လက်ခံခြင်း၏ လက္ခဏာသာဖြစ်သည်။

အတ္တသည် စိတ်ကိုဖြစ်စေ၏။ စိတ်ဖြစ်လျှင်၊ စိတ်၏အလိုသည် ကာမအလို ဖြစ်လာသည်။ ကာမအလို ပါလာလျှင်၊ သံသရာထင်ရှား ကျင်လည်ရေးသည် မလွှဲမသွေ ပေါ်ရန်သေချာ၏။

ထို့ကြောင့် ဗုဒ္ဓ တရားတော်များသည် စိတ်ကိုအဓိကမထား၊ သတိကိုသာ အဓိကထားပေသည်။ ‘သတိ’ကို အဓိကထားသော

ကြောင့် စိတ်၏ အလိုကို မလိုက်တော့ပေ။ သတိတရားသည် တရားဓါတ်ခံ ရင့်ကျက်လျှင် ရင့်ကျက်သလောက် စိတ်၏ အဖြစ် စိတ်၏အလိုကို ထိန်းသိမ်း၏။ ချုပ်ငြိမ်းစေ၏။ ဤသည်ပင် ကာမဂုဏ်ကို ချုပ်ငြိမ်းစေသည်။ကာမဂုဏ် ချုပ်ငြိမ်းလျှင် တဏှာ ကိလေသာလည်း ချုပ်ငြိမ်းရတော့၏။ တဏှာကိလေသာ ချုပ်ငြိမ်းသော် သံသရာမှ လွတ်ခြင်း ငြိမ်းခြင်းပင် ဖြစ်သည်။ ငြိမ်းလျှင် နိဗ္ဗာန် ပင် ဖြစ်၏။

စိတ်ကို အဓိကမထားသော သုတ်ပေါင်း များ စွာ အနက်၊ ဝိတက္ကသဏ္ဌာန သုတ်သည် ထင်ရှား၏။

"ရဟန်းတို့၊ အကုသိုလ် အကြံအစည်တို့သည် မကြံစည်မစဉ်းစားခြင်းဖြင့် ပယ်ဖျောက်နိုင်၏။ ဤသို့ဖြင့် စိတ်ထားကို တည်တန့်စေနိုင်၏။ တဖန်တုံ ရဟန်းတို့၊ ထိုသို့အားဖြင့် အကြံအစည်ပြုပြင်ရေးကို နှလုံးသွင်းသော်လည်း၊ အကုသိုလ် အကြံအစည်တို့ တဖန်ပေါ်လာသေးအံ့။ ရဟန်းသည် သွားဖြင့်သွားကို ကိုက်၍ လျှာဖြင့် အာစောက်ကိုထောက်၍ ပြုသကဲ့သို့၊ စိတ်ကိုစိတ်ဖြင့် ဖိနှိပ်ဖျစ်ညှစ်အပ်၏။ ပျက်အောင် ဖျက်အပ်၏။ ထိုသို့ပြုလျှင် စိတ်သည် ကွယ်ပျောက်၍ သတိသည်သာ ထင်ရှားလာစေရာ၏။တည်ငြိမ်လေရာ၏။ အလိုဆန္ဒတို့ကို ပယ်နိုင်လေရာ၏။ သို့မှသာလျှင် ကျွမ်းကျင်လိမ္မာ လေ့လာသူဟု ဆိုအပ်၏။တပ်မက်ခြင်းပြတ်ပြီ။ ဖွဲ့ကြိုးပြေလေပြီ။ မာနကို မှန်ကန်စွာငြိမ်း၍ ဒုက္ခကုန်လေပြီ"ဟု ပါလေသည်။

တဖန်တုံ အလွန်ထင်ရှား လူသိများနေသော ဝိပဿနာကျင့်စဉ် မဟာသတိပဋ္ဌာန် သုတ်ကြီး တွင် လည်း စိတ္တာနုပဿနာတွင်

" မိမိသဏ္ဌာန်, သူတပါး သဏ္ဌာန်၌ စိတ်ကို စိတ်ဟု အဖန်ဖန်ရှုမှတ်ရ၏။ မတည်တန့်ခြင်းကို မတည်တန့်ခြင်းဟု သိရ၏။ ပျံ့လွင့်ခြင်းကို ပျံ့လွင့်ခြင်းဟုသိ၏။ တည်တန့်စိတ်ကို တည်တန့်စိတ်ဟု သိ၏။ စိတ်၏အပေါ်၌ ဖြစ်ခြင်း၊ ပျက်ခြင်း စသည်တို့ကို အဖန်ဖန်ရှုမှတ်၏။ စိတ်သည်ကား ဤသို့တည်းဟု အသိဉာဏ် ဖြစ်ခါမျှ စိတ်၌ အမှတ်ထားရ၏။ အမှီအစွဲမထား။ လောက၌ တစုံတရာကိုမျှလည်း အမှီအစွဲမထား"

ရဟန်းတို့၊ ဤသို့အားဖြင့် အပိတ်အပင်တရားကို အပိတ်အပင်တရားဟု အဖန်ဖန်ရှုမှတ်နေရ၏။

"ထိုမှတပါးတုံလည်း၊ စွဲလမ်းသော ကိုယ်အစု ၅ ခုကိုလည်း ကိုယ်အစုတရားဟု ရှုမှတ်၏။ ဤတရားကား ရုပ်အစုတည်း၊ ရုပ်ဖြစ်ကြောင်းကား ဤတရားတည်း၊ ရုပ်ချုပ်ငြိမ်းခြင်းကား ဤတရားတည်း စသည်ဖြင့် ဤတရားကား စိတ်အစုတည်း၊ ဤတရားကား စိတ်ဖြစ် ကြောင်း တည်း၊ ဤတရားကား စိတ် ချုပ် ငြိမ်းကြောင်းတည်းဟု ခွဲခြားသိရ၏။ ဤသို့ဖြင့် စိတ်ချုပ်ငြိမ်းရေးထင်ရှားသည်။ ထို့ပြင် တည်မှီရာ တရားတွင်လည်း" (သဠာယတန)

"ရဟန်းတို့၊ မျက်စေ့ကိုလည်း ခွဲခြားသိရ၏။ အဆင်းရုပ်ကိုလည်း ခွဲခြားသိရ၏။ ထိုနှစ်မျိုးကိုစွဲ၍ ဖြစ်ပေါ်သော ဖွဲ့ကြိုးစက္ခုဝိညာဏ် စိတ်ကိုလည်း ခွဲခြားသိရ၏။ ဖြစ်ပေါ်ပြီး ဖွဲ့ကြိုးကို ခွဲခြားသိရ၏။ စွန့်ပယ်သည်ကိုလည်း ခွဲခြားသိရ၏။ စွန့်ပယ်ပြီးဖွဲ့ကြိုး နောက်တဖန် မဖြစ်ပေါ်ခြင်းကိုလည်း ခွဲခြားသိရ၏။ ထို့အတူ နား, နှာ, လျှာ, ကာယတို့မှ စိတ်ပေါ်ပုံ၊ စိတ်ကူးကြံစည်ပုံ၊

စိတ်ကူးတရားတို့ကို ခွဲခြားသိရ၏။ ဖြစ်ခြင်းပျက်ခြင်းတို့ကို ခွဲခြား သိရ၏။"

မိမိသန္တာန်၊ သူတပါးသန္တာန်တို့၌လည်း၊ ဤအတိုင်း အဖန်ဖန် ရှုမှတ်ရ၏။ ဥာဏ်ဖြစ်ရုံမျှ တဖန်သတိရရုံမျှ 'သတိ'ကိုသာ ထင်စွာ ထားရ၏။ မည်သည့်စိတ်ကူးကိုမျှ အမှီအစွဲမထား၊ လောက၌တစုံ တရာကိုမျှလည်း အမှီအစွဲမထားရ။

မဂ်ဖိုလ်တရား ၇-ပါးတွင် (ဗောဇ္ဈင် ၇-ပါး)

"ထိုမှတပါးတု လည်း၊ ရဟန်းတို့၊ မိမိသန္တာန်၌ မဂ်ဖိုလ်ရ ကြောင်း 'သတိ' ရှိသည်ကို မဂ်ဖိုလ်ရကြောင်း 'သတိ' ရှိ၏ဟု ပိုင်းခြားသိရ၏။ မရှိသေးလျှင် မရှိသေးဟု ပိုင်းခြားသိရ၏။ မဖြစ် ပေါ်သေးသော မဂ်ဖိုလ်ရကြောင်း သတိ ဖြစ်ပေါ်ရန်ကိုလည်း ပိုင်းခြားသိရ၏။ ဖြစ်ပေါ်ပြီး မဂ်ဖိုလ်ရကြောင်း သတိ ပွားများ ပြည့်စုံသည်ကိုလည်း ပိုင်းခြားသိရ၏။"

ဤသို့စသည်ဖြင့် သတိဦးစီးလျက် ဗောဇ္ဈင် ၇-ပါးကို ဟော ထားသည်။

## ကျင့်စဉ်။

ဤမျှဆိုက 'စိတ်'နှင့် 'သတိ'မှာ မတူ။ တခြားစီဖြစ်သည်ကို ခွဲ ခြား သဘောပေါက်လောက်ပြီ။ ဗုဒ္ဓတရားတော်များကို စာတတ် ဖြစ်ခါမျှ 'ငါ'သို'ငါ'တတ် သဘောဖြစ်ခါမျှ စွဲယူခြင်းထက် ဆို လိုသော သဘော၏ အနှစ်သာရကို အထူးဂရုပြုရန် ဖြစ်သည်။

ဗုဒ္ဓ၏ တရားတော်များသည် သစ္စာ ၄-ပါးကိုသာ ဗဟိုပြု၊ မဏ္ဍိုင်ပြု၍ ဟောတော် မူထား သည် ဖြစ်ရာ၊ သစ္စာ ၄-ပါး၏

ဘောင်မှ လွတ်ထွက်သွားလျှင် မဖြစ်တော့ပေ။ လွတ်လျှင် အတ္တဝင်လာမည်ဖြစ်သည်။ အတ္တဝင်လျှင် တဏှာဖြစ်မည်။

ဤနေရာ၌ ဝိပဿနာကျင့်စဉ်နှင့် ပတ်သက်၍၊ အထူးစဉ်းစားရန်ရှိသည်ကို အနည်းငယ် ထောက်လိုသည်။

ဝိပဿနာအလုပ်တွင် များသောအားဖြင့် ရုပ်နှင့်နာမ်ကို စတင်ရှုမှတ်ကြရာ၌၊ အများအားဖြင့် နာမ်ပိုင်းမှချည်း အလေးတင်း ရှုမှတ်နေကြသည်။ အနောက်တိုင်းမှ အချို့သူများက— Spiritualism ဟု ရိုးစွပ်နေကြသည်။

နာမ်ဆိုသည်ကား 'စိတ်'ဖြစ်တတ်သော သဘောရှိသည်။စိတ်ဖြစ်လာသောနာမ်ကို ရှုမှတ်လျှင် ရှုမှတ်ဆဲမှာပင် မတည်မငြိမ်လွန်စွာ ဖေါက်လွဲ ဖေါက်ပြန် ဟိုရောက် ဒီရောက် ရောက်သွားလေ့ရှိသည်။အသက် ၆၀-အရွယ်ကလည်း၊ ၁၅-နှစ်သားလို တွေးလျှင် ၁၅-နှစ်ရွယ် အယူအဆစိတ်ကူးတွေ ဖြစ်လာနိုင်ပြန်သည်။ ရန်ကုန်တွင် ထိုင်နေရင်း မန္တလေးကိုလည်း ရောက်သည်ဟုထင်မှတ်တတ်သည်။ ထို့ကြောင့် အတည်တကျမရှိသော စိတ်ကို ရှုခြင်းမှာ စိတ်နောက်က လိုက်ရသည်နှင့်ပင် ဖတ်ဖတ်မောပြီး "လူသာအညောင်း အဖတ်တင်နိုင်သည်။

ရုပ်ကို စတင်ရှုမှတ်ခြင်းကား ရှင်း၏။ရုပ်သည် စိတ်လို ဖေါက်ဖေါက် ပြန်ပြန် လွန်လွန် မင်းမင်းမဟုတ်။ ပကတိ ရုပ်ဘာဝသည်ဖြစ်နေသော ရုပ်မှ ဘယ်သို့မျှ စိတ်ကူးသလို ထင်တိုင်း မဖြစ်ချေ။ ၅၀-အရွယ်သည်၊ ၅၀-အရွယ်၌သာ ထင်ရှားရှုမှတ်နိုင်၏။ ထို့ပြင် ရုပ်သည် သူ့သဘာဝကို သူဖြစ်ပျက် လမ်းကြောင်းအတိုင်း သွားနေသော သဘာဝသာဖြစ်သည်။

ရုပ်သည်စိတ်ကို အသိမပေးဘဲ သူ့တာဝန် သူ့အလုပ်ကို လုပ်နေသောအလုပ်များ များစွာရှိ၏။ဆံပင်ရှည်နေခြင်း၊ဖြူနေခြင်း၊ ဝမ်းထဲ၌ အစာသစ်များမှ ရုပ်သားအသစ် အဖွဲ့အစည်းများ ဖွဲ့ယူနေခြင်း၊ အစာဟောင်းများကို စွန့်ပစ်ရန် စုဆောင်းနေခြင်း၊စားသောက် ရှူသွင်းသမျှ အစာ ရေ လေတို့ကို အတွင်းရှိ အဆုတ်နှလုံး၊အသည်း၊အူသိမ်-အူမတို့က သူတို့ဝတ္တရား သူတို့လုပ်နေခြင်း၊ ဟောင်းနွမ်းယိုယွင်းလာခြင်း၊ အသစ်လဲလှယ် တပ်ဆင်ပေးခြင်း၊ ပင်ပန်းလျှင် အိပ်ခြင်း၊ အိပ်ပျော်သော်လည်း နှလုံးအိမ်နှင့် အဆုတ်သည် သွင်းလေ ထုတ်လေဖြင့် အသက်ဇီဝကို ဆက်ပေးနေခါ၊ စိတ်ကိုအသိမပေးဘဲ၊သူ့ဟာသူ လုပ်နေခြင်း စသည်တို့ များစွာ ရှိလေသည်။

အချုပ်ကိုဆိုရလျှင်၊ရုပ်သည် နာမ်တည်းဟူသော စိတ်ပိုင်းအားအသိမပေးဘဲ၊သူ့လမ်း သူ့ဓမ္မတာ သဘာဝအတိုင်း လုပ်နေခြင်းသာများသည်။ အလွန်အကြူး ရုပ်ဖောက်ပြန်လာမှသာ(ဥပမာ အနာရောဂါ) နာမ်ပိုင်းဆိုင်ရာ စိတ်က သိနိုင်တော့၏။ရုပ်၏ အလုပ် အပုံတထောင်ပုံလျှင် တပုံကိုသော်မျှ စိတ်သည်သိနိုင်စွမ်းမရှိခဲ့ပေ။နောင်တွင်လည်း ရုပ်၏မူလဘူတကို မဆင်ခြင်မရှုမှတ်သမျှ ဘယ်သောအခါမျှ သိမည်မဟုတ်ချေ။ရုပ် အလုပ် အပုံ တထောင်တွင် တပုံကိုမျှ သိရသော စိတ်ကသာ ဤရုပ်ကို'ငါ့ဟာ-ငါ့ရုပ်' ဟု အချောက်တိုက် စွဲလမ်းနေ၏။ အချောက်တိုက် ဥပါဒါန်စွဲနေ၏။ အသက် ၅၀-ရှယ်ရုပ်သည်၊ စိတ်က ဘယ်လိုပင် ဘယ်သို့ဘယ်ညာ တွေးတွေး၊ ထင်ထင်၊ မှတ်မှတ်၊ ၅၀-ရှယ်ရုပ်ကား ၅၀-ရှယ်ရုပ်သာ ဖြစ်ပေလိမ့်မည်။ ရုပ်သည်မလိမ်ပေ။ မလှည့်စားပေ။

ကြည့်တတ်, ရှုတတ်, ဆင်ခြင်သုံးသပ်တတ်လျှင်၊ ရုပ်ကို ရုပ်မူလအတိုင်း အမှန်ကို အမြဲမြင်နိုင် သိနိုင်၏။

ထို့ကြောင့် ဝိပဿနာတွင် ရုပ်ကစခြင်း၊ ရှုမှတ်ဆင်ခြင်ခြင်းသာ ထိရောက်လွယ်သည်။ ပေါက်ရောက်လွယ်သည်။ အမှန်ကို ဆိုက်လွယ်သည်။

အကြောင်းမူကား၊ ဝိပဿနာသည် လှည့်စားရန်မဟုတ်၊ အမှန်ကို အမှန်အတိုင်းသိအောင် ပထမအားထုတ်ရသော လုပ်ငန်းသာဖြစ်၍၊ ရုပ်ကိုသာ အဓိကထား၍ ရှုမှတ်ပါဟု တိုက်တွန်းလိုသည်။

ရုပ်ကို ပိုင်ပိုင်ထင်ထင် သဘော ပေါက်ပြီးမှ နာမ်ကို ရှုပါဟု အကြံပေးပါသည်။ ဤရုပ်နာမ် ၂-မျိုးလုံး ချုပ်မှုကိုသာ ရှေ့ရှုပါ၊ ကွက်မချန်ပါနှင့်။

ရုပ်နာမ်ကိုသိလျှင် ခန္ဓာ ၅-ပါးကိုခွဲ၍ အတ္တကိုရှာပါ။ အနတ္တ တချက်ထည်း မပေါက်သော်လည်း အရေးမကြီး၊ ခန္ဓာ ၅-ပါး၌ အမှန်ကို အမှန်တိုင်းသိလျှင်၊ အာယတန ၁၂-ပါးနှင့်တိုက်၍၊ ဤသံသရာ ဖြစ်နေပုံကို ရှုမှတ် ဆင်ခြင်ပါ။ ဥပါဒါန်ဖြစ်ပုံတွေ့ပါလိမ့်မည်။

တွေ့တစ အာယမ္ပိ ကောဝ ဓမ္မနိယာမော ယေဝ။

ဤအကြည် ၆-ခု အာရုံထင်လာမှုသည်၊ ဓမ္မနိယာမ တရားတခုပင်ဖြစ်သည်။ စက္ခုဉ္စ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ၊စက္ခုဝိညာဏံ—မျက်စေ့နှင့်ရုပ် တိုက်ဆိုမိ၍သာ မျက်စေ့အသိဟူသော သံယုတ်ပါဠိ

တော်မှာ လူသိများပြီဖြစ်၍ အထူးမဖွင့်တော့ပါ။ ပဋ္ဌာန်းမပိုင်း၌လည်း ရှင်းခဲ့ပြီးဖြစ်သည်။ အာယတန ၁၂-ပါးနှင့် ရှုမှတ်၍၊ဥပါဒါန်ဝင်ပုံကိုသိလျှင်၊ ဓါတ်ကြီး ၄-ပါးမှာ အလွယ်နှင့် ထင်နိုင်ပါသည်။

ဓါတ်ကြီး ၄-ပါးကိုထင်လျှင်၊ ထိုဓါတ်ကြီး ၄-ပါးနှင့်တကွသော ပထဝီ၊အာပေါ၊ဝါယော၊တေဇော၊ ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇ၊ အဆင်း၊အနံ့၊ အရသာ၊အဆီ စသည်ဖြင့် အဋ္ဌကလာပ် ရှစ်ပါး၏ အဖွဲ့အစည်း သဏ္ဍာန်ပညတ် ရုပ်အစုစုကို ရှုမှတ်၍၊ ငါ၊သူတပါး ယောကျ်ား-မိန်းမ ပျောက်အောင် လေ့ကျင့်ပါလေ။ သစ္စာ ၄-ချက်ကိုထင်ရန် အခြေခံ ပေါက်လာပါလိမ့်မည်။ သစ္စာအကူး၌ အခြေခံအသိဉာဏ် ပေါက်ရောက်မှု ခိုင်မာပြီးလျှင်၊သမ္မာဒိဋ္ဌိမဂ္ဂင်ကို စသည်နှင့်တပြိုင်နက်၊ အမှန်ကို အမှန်အတိုင်းအဖြစ် ဤလောကကို သိလိုက်ပါက၊ မဂ်ရှစ်ဆင့်မှာ တချက်တည်းပွင့်ပါသည်။

သို့သော် သမ္မာဝါယာမမှစ၍ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင် ၃-ဆင့် ကို ကူး လျှင်၊ သမထ နှင့် ဝိပဿနာ မရှုပ်ထွေးရန် လိုပါသည်။ ၂-ခုပေါင်း၍၊ ယုဂနဒ္ဓ နည်းကို ရှုမှတ်နိုင်လျှင်ကား အရေးမကြီး၊ဝိပဿနာမဖြစ်ဘဲ သမထချည်း ဖြစ်သွားပါက သမ္မာသမာဓိ မဆိုက်ဘဲ၊ ဈာန်သမာဓိကို ဆိုက်သွားတတ်သည်။ထိုဈာန်သမာဓိမှာ အတ္တမစင် ဖြစ်တတ်၍၊ သံသရာဆက်နေမည် စိုးရ၏။

အနောက်တိုင်းနှင့်တကွ အိန္ဒိယတွင်ပါ လွန် ထင် ရှား သော Krishnamurti ခရစ်ရှ်နာမူရ်တီး၏ ဩဝါဒများမှာ စကားလုံးတိုင်း၊ စကားလုံးတိုင်း၊ စာကြောင်းတိုင်း၊ စာကြောင်းတိုင်း အ

လွန်လေးနက်သော အဓိပ္ပါယ်များ အယူအဆများနှင့် အပြည့် ဖြစ်သည်။ ၎င်းခရစ်ရှိနာမူရိတီး၏ Vervatin Report များကို ဤ ဗမာပြည်မှာပင် ခေတ်ပညာတတ် အတော်များများပင် ဘတ်ဘူး ကြပေလိမ့်မည်။ ဤစာရေးသူသည် ထိုစာအုပ် ကလေး များ ကို ဘတ်ကြည့်ပြီး၊ ခရစ်ရှိနာမူရိတီးကို တော်တော်ပင် အထင်ကြီး ခဲ့ဘူး၏။ နောက် ဆရာတော် သျှင်ဥက္ကဋ္ဌကို လျှောက်ထားကြည့် သောအခါ၊ "မင့်.... ခရစ်ရှိနာမူရိတီးက ကောင်းတော့ အလွန် ကောင်းတဲ့ ပုဂ္ဂိုလ်ဘဲကွ၊ ဒါပေမဲ့ သူ့ နောက် ဆုံး သမာဓိက လက္ခဏာရေး ၃-ပါး မတင်တော့၊ ချွန်တွင် ဆုံးနေတယ်။ အဲဒါ သတိထား...." ဟု သတိပေးလိုက်ပေသည်။

ထို့ကြောင့် မဂ္ဂင် ၈-ဆင့်ကို တချိန်တည်း တက်နိုင်သော အ ရည်အချင်း ပြည့်ဝ ပြီ ထင်သော်လည်း၊ နောက်ဆုံး သမာဓိတွင် သမ္မာပုဒ်နှင့်ကိုက်အောင် ကတ္တားလွှတ် တကဲ့တည်ငြိမ်မှုကို ဆိုက် ရန် အထူးဂရု ပြုရပေသည်။

ဓမ္မစကြာ, အနတ္တ လက္ခဏာသုတ်, ပဋိစ္စသမုပ္ပါဒ် တရားများကို သေချာစွာ သဘောပေါက်လျှင်၊ ဗောဓိ ပက္ခိယတရား ၃၇-ပါး သည် ကျင့်စဉ်အဖြစ် ကောင်းစွာ နှလုံးသွင်းနိုင်ကြပေလိမ့်မည်။

ဓမ္မစကြာနှင့် အနတ္တမှာ သိကြပြီးဖြစ်၍ အထူးမချဲ့တော့ဘဲ၊ ဗောဓိပက္ခိယ တရား ၃၇-ပါးကိုသာ မိမိတို့ဉာဏ်ဖြင့် ဆင်ခြင်ကြ ရန် ထည့်သွင်းလိုက်ပါတော့သည်။

အခြားသော ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ်များဟူ၍ ကျင့်စဉ် များရှိသော်လည်း၊ ရှင်မဟာ ဗုဒ္ဓဃောသနှင့် ဗုဒ္ဓဂေါတမ ကွဲခြား

စေလို၍၊ ဤဗုဒ္ဓဝိပဿနာတွင် ဗုဒ္ဓ၏မဂ္ဂင်မှတပါး အခြားသော မဂ်ဖြိုင် ဉာဏ်ဖြိုင်များကို တစုံတရာဖေါ်ပြခြင်း မပြုတော့ပေ။

ခန္ဓာ အာယတနဓါတ် သစ္စာသည်သာ ဗုဒ္ဓ၏ဝိပဿနာ လမ်းစဉ်ဖြစ်သည်။ ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်သည်သာ ဗုဒ္ဓရှင်၏ ဉာဏ်များဖြစ်၏။

## ပဋိစ္စသမုပ္ပါဒ် ဒေသနာ (ဝေဒနာကိုရှုမှု)

၁။ အဝိဇ္ဇာပစ္စယာ - မသိခြင်းကြောင့်၊ သင်္ခါရာ - ပြုပြင်ခြင်းဖြစ်ရသည်။

၂။ သင်္ခါရပစ္စယာ- ပြုပြင်ခြင်းကြောင့်၊ ဝိညာဏံ- အသိပေါ်ရသည်။

၃။ ဝိညာဏ ပစ္စယာ- အသိကြောင့်၊ နာမရူပံ- နာမ်ရုပ်ဖြစ်ရသည်။

၄။ နာမရူပ ပစ္စယာ-နာမ်ရုပ်ကြောင့်၊ သဠာယတနံ-တည်မှီရာ ၆-မျိုးပေါ်ရသည်။

၅။ သဠာယတနပစ္စယာ-တည်မှီရာ ၆-မျိုးကြောင့်၊ ဖဿော-တွေ့ထိမှုဖြစ်ရသည်။

၆။ ဖဿပစ္စယာ-တွေ့ထိခြင်းကြောင့်၊ **ဝေဒနာ**-ခံစားမှုပေါ်ရသည်။

၇။ ဝေဒနာပစ္စယာ - ခံစားမှုကြောင့်၊ တဏှာ - တပ်မက်ခြင်းပေါ်ရသည်။

၈။ တဏှာပစ္စယာ- တပ်မက်ခြင်းကြောင့်၊ ဥပါဒါန်- စွဲလမ်းခြင်း ဖြစ်ရသည်။

၉။ ဥပါဒါနပစ္စယာ-စွဲလမ်းခြင်းကြောင့်၊ ဘဝေါ- ဘဝဖြစ်ရသည်။

၁၀။ ဘဝပစ္စယာ-ဘဝဖြစ်ရခြင်းကြောင့်၊ ဇာတိ-အဖြစ်သဘောဖြစ်ရသည်။

၁၁။ ဇာတိပစ္စယာ-အဖြစ်သဘောကြောင့်၊ဇရာ-ရင့်အိုရခြင်း။

၁၂။ မရဏ-သေခြင်း၊ သောက-စိုးရိမ်ရခြင်း၊ ပရိဒေဝ-တောက်လောင် ပူဆွေးရခြင်း၊ ဒုက္ခ- ခံနိုင်ခက်ခြင်း၊ဒေါမနဿုပါယာသာ သမ္ဘဝန္တိ- ပြင်းစွာငိုကြွေး ပင်ပန်းရခြင်းတို့ ဖြစ်ကြရသည်။

## မိစ္ဆာသင်္ကပ္ပ၊ ဝိတက် ၃-မျိုး

(၁) ကာမ ဝိတက်—ကာမအာရုံ၌သာ ကြံစည်နေခြင်း။

(၂) ဗျာပါဒ ဝိတက်—သူတပါး ပျက်စီးရေး၌သာ ကြံစည်နေခြင်း။

(၃) ဝိဟိံသ ဝိတက်—သတ်ပုတ် ညှဉ်းဆဲရန်ကိုသာ ကြံစည်နေခြင်း။

ဤအထက်ပါ ပဋိစ္စသမုပ္ပါဒ်ဒေသနာ ၁၂-ဆင့်တွင် ဝိတက် ၃-မျိုးမှ မလွတ်သူသည်....

စက္ခုံ စ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ စသည်ဖြင့် ၁၂-ဆင့်လုံး အကုန်ဆက်ခါ သံသရာဖြစ်ပြီး လည်လေသည်။

ဝိတက် ၃-မျိုးကို ပယ်စွန့်၍ နေက္ခမသက်ပ္ပ၊ ကာမ ၅-မျိုးမှ လွတ်အောင်ကြံစည်လိုသူသည်၊ ၆-ဆင့် ဖဿပစ္စယာ ဝေဒနာတွင် သာ ဆုံးရလေသည်။

ဤ ၆-ဆင့် ဖဿပစ္စယာ ဝေဒနာစခန်းသည်၊ ပုထုဇဉ်နှင့် အရိယာတို့ လမ်းခွဲသော ဆောင်ညိုပင် စခန်းပင်ဖြစ်သည်။

အရိယာသည် ဖဿပစ္စယာ ဝေဒနာကို သစ္စာတင်၍ ရှုမှတ် ပယ်ဖျက်ပစ်လိုက်၏။ ရှေ့မဆက်တော့ပေ။ ပုထုဇဉ်ကား ၁၂-ဆင့် အဆုံးအထိသွားသည်။ ၁၂-ဆင့်ဆုံးလျှင် အပေါ်ဆုံး အဝိဇ္ဇာပစ္စယာ သင်္ခါရာမှ တပတ်ဆက်ခါ ပြန်လည်နေပြန်သည်။

ထို့ကြောင့် ဖဿပစ္စယာ ဝေဒနာတွင် ဆုံးရန်အတွက် ဝေဒနာကို ရှုဟု ဆိုကြခြင်းဖြစ်၏။ အခြားအဓိပ္ပါယ်၊ အခြား အလုပ်နှင့် ဝေဒနာရှုခြင်းမဟုတ်၊ ဝေဒနာရှုနည်း စခန်းမှန်ရန်လိုသည်။ အမှန်ရှုရန်မှာ ဤသံသရာလည်နေသော ပဋိစ္စသမုပ္ပါဒ် ဝေဒနာကို ရှုမှတ်ဆင်ခြင်သော အကျင့်လမ်းစဉ်၌သာ သက်ဆိုင်ပေသည်။

**ဗောဓိပက္ခိယ တရား ၃၇-ပါး။**

**သတိပဋ္ဌာန် ၄-ပါး**

(၁) ကာယာနုပဿနာ—ရုပ်၌ ရှုမှတ်ခြင်း။

(၂) ဝေဒနာနုပဿနာ—ခံစားမှု၌ ရှုမှတ်ခြင်း။ ( နံ့ာမ်ပါ လာတတ်သည်။)

(၃) စိတ္တာ နုပဿနာ — ဝိညာဏ် အသိစိတ် ဖြစ်မှုပျက်မှု၌ ရှုမှတ်ခြင်း။
(၄) ဓမ္မာ နုပဿနာ—ရုပ်နာမ် ခန္ဓာ ၅-ခုတို့၌ သစ္စာတင်၍ ရှုမှတ်ခြင်း။

## သမ္မပဓာန် ၄-ပါး

၁။ အနုပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယမော— မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်အောင် ထိန်းသိမ်းရန် အားထုတ်။

၂။ ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယမော— ဖြစ်ပြီး အကုသိုလ်ကို ပယ်စွန့်။ မစဉ်းစားနဲ့။ မစွဲနဲ့။

၃။ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဝါယမော— မဖြစ်သေးသော ကုသိုလ်ကို ဖြစ်ပေါ်အောင် အားထုတ် (ဖြစ်ပြီးပြုပြီး ကုသိုလ်ကိုမဆိုလို)

၄။ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဘိယျောဘာဝါယ ဝါယမော- ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတံ့ ကုသိုလ်ကို ရှေ့ရှုပွားများစေခြင်း။

## ဣဒ္ဓိပါဒ် ၄-ပါး

၁။ ဆန္ဒိဒ္ဓိပါဒ်—အလို၌ပြီးခြင်း။ (အလိုပြတ်ဆုံးခြင်း)
၂။ စိတ္တိဒ္ဓိပါဒ်-စိတ်ပြဌာန်းမှု၌ ပြီးခြင်း(သန္နိဋ္ဌာန်ချမှတ်ခြင်း)
၃။ ဝီရိယိဒ္ဓိပါဒ်—အားထုတ်မှု၌ပြီးခြင်း။ (လုပ်ပြီးခြင်း)
၄။ ဝီမံသိဒ္ဓိပါဒ်-သိမှုအစိုက၌ပြီးခြင်း (အမှန်သိ သမ္မာဒိဋ္ဌိ၌ ပြီးခြင်း)

## ဣန္ဒြေ ၅-ပါး

၁။ သဒ္ဓိန္ဒြေ—ယုံကြည်မှု၌ အစိုးရခြင်း။
၂။ ဝီရိယိန္ဒြေ—အားထုတ်မှု၌ အစိုးရခြင်း။
၃။ သတိန္ဒြေ—အမှတ်သတိ၌ အစိုးရခြင်း။
၄။ သမာဓိန္ဒြေ—တည်ငြိမ်မှု၌ အစိုးရခြင်း။
၅။ ပညိန္ဒြေ—သိမှု၌ အစိုးရခြင်း။(မဂ်ဉာဏ်အသိကို ဆိုသည်။)

## ဗိုလ် ၅-ပါး(ဗလ)

၁။ သဒ္ဓါဗိုလ်—ယုံကြည်မှု အားကြီးခြင်း။
၂။ ဝီရိယဗိုလ်—ကြိုးစားအားထုတ်မှု အားကြီးခြင်း။
၃။ သတိဗိုလ်—အမှတ်သတိ အားကြီးခြင်း။
၄။ သမာဓိဗိုလ်—တည်ငြိမ်မှု အားကြီးခြင်း။
၅။ ပညာဗိုလ်—သိမှု အားကြီးခြင်း။

## ဗောဇ္ဈင် ၇ပါး

၁။ သတိသံဗောဇ္ဈင်—အမှတ်သတိရှိခြင်း။
၂။ ဓမ္မဝိစယ ။ —စိစစ်ဝေဖန်ခြင်း။
၃။ ဝီရိယ ။ —အားထုတ်ခြင်း။
၄။ ပီတိ ။ —နှစ်သိမ့်ခြင်း။
၅။ ပဿဒ္ဓိ ။ —ငြိမ်းခြင်း။
၆။ သမာဓိ ။ —တည်ငြိမ်ခြင်း။
၇။ ဥပေက္ခာ ။ —သုခဒုက္ခမှ လွတ်ခြင်း။

## မဂ္ဂင် ရှစ်ပါး

၁။ သမ္မာဒိဋ္ဌိမဂ္ဂင်— အမြင်မှန်(ဦးစီးမဂ္ဂင်)
၂။ သမ္မာသင်္ကပ္ပမဂ္ဂင်—အတွေးမှန် (အကြံအစည်မှန်)
၃။ သမ္မာဝါစာမဂ္ဂင်— စကားမှန်။
၄။ သမ္မာကမ္မန္တ မဂ္ဂင်—အလုပ်မှန်။
၅။ သမ္မာအာဇီဝ မဂ္ဂင်—အသက်မွေးမှန်။
၆။ သမ္မာဝါယာမ မဂ္ဂင်—အားထုတ်မှန်။
၇။ သမ္မာသတိ မဂ္ဂင်- သတိမှန်။
၈။ သမ္မာသမာဓိ မဂ္ဂင်—တည်ငြိမ်မှန်။

ဤသို့အားဖြင့် သတိပဋ္ဌာန် ၄-ပါး။ သမ္မပ္ပဓာန် ၄-ပါး။ ဣဒ္ဓိပါဒ် ၄-ပါး။ ဣန္ဒြေ ၅-ပါး။ ဗိုလ် ၅-ပါး။ ဗောဇ္ဈင် ၇-ပါး။ မဂ္ဂင် ၈-ပါး စသည်ဖြင့် ၃၇-ပါးသော ဗောဓိပက္ခိယတရားများသည်ဗုဒ္ဓရှင်၏ ပိဋကတ် အကုန်တရားတော်၏ အနှစ်တရားတော်ရင်းအစစ်များချည်း ဖြစ်သည်။ဤဗောဓိပက္ခိယတရား ၃၇-ပါး၌ သေချာကျန သဘောပေါက်လျှင် ဗုဒ္ဓဝါဒ၏ ဆိုလိုသော ပဓါနအချက်ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းနိုင်ချေပြီ။ အတိတ်အနာဂတ်မပါ၊ ပစ္စုပ္ပန်ဆပ်ဆပ်ချည်းဖြစ်သည်။

အထူး သတိချပ်ရန်မှာ ဤဗောဓိပက္ခိယ တရား ၃၇-ပါးအနက် စိတ်ကိုညွှန်းသော အချက်သည်၊ ၂—ချက်သာလျှင် ပါရှိလေသည်။သတိပဋ္ဌာန ၄-ပါး၌ စိတ္တာနုပဿနာ တချက်နှင့် ဣဒ္ဓိပါဒ် ၄-ပါး၌ စိတ္တဣဒ္ဓိပါဒ်တချက်၊ဤ ၂-ချက်သာ ညွှန်းပြီး ကျန် ၃၅-ပါးသော ဗောဓိပက္ခိယတရားများသည်၊ သတိတရား ဦးစီးလျက် ရှိသည်ကိုသာ တွေ့ရမည်။

ဤဗောဓိပက္ခိယတရား အားလုံးတွင် အပုဒ်တိုင်းသည်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ပို့ စေနိုင် သော တရားများ ချည်း ဖြစ်ပေသတည်း။

ဤလောက၌ လူ ၃-မျိုးသာ အကြမ်းအားဖြင့် ထင်ရှား၏။

(၁) အန္ဓပုထုဇ္ဇဉ် — အကောင်းအဆိုး အမှန်အမှားဟုမသိ၊ သူတပါးပြောရာ ရောယောင် အားကျ ရှောက်ပြီး မျက်ကန်း နောက်လိုက် လုပ်နေသူ။

(၂) ကလျာဏ ပုထုဇ္ဇဉ်—အကောင်းအဆိုးကို သိလာသည်၊ အမှားအမှန်ကိုမူ မသိသေး၊ ကောင်းနိုးရာရာကိုသာ စဉ်းစားသည်၊ အမှန်ကိုမတွေ့။

(၃) အရိယာ— အကောင်းအဆိုးကို သိသော်လည်း၊ အမှားအမှန် တရားကိုသာ ဦးစားပေးလာသည်။ မည်မျှကောင်းကောင်း၊ မမှန်လျှင် နှလုံးမသွင်းပေ။

## အရိယာအဆင့်သို့ ရောက်ရေးအတွက် အစဉ်လိုက်ပယ်ရမည့် သံယောဇဉ် ၁၀-ပါး။

၁ ဒိဋ္ဌိ = အယူ (မိစ္ဆာဒိဋ္ဌိကို ဆိုလိုသည်)။

၂ ဝိစိကိစ္ဆာ = မရေမရာ မတင်မကျ သို့လောသို့လော ယုံမှားခြင်း။

၃ သီလဗ္ဗတ ပရာမာသ = ဓလေ့ထုံးစံ အစဉ်အလာ အစွဲဖြစ်နေသော တရားများ (ဗေဒင်၊ ယတြာ၊ စုံးနတ်၊ တစ္ဆေ)

၄ ကာမရာဂ = ကာမ ၅-မျိုး၌ တပ်မက်တွယ်တာခြင်း။

၅ ပဋိဃ = ဒေါသ အမျက်ထွက်ခြင်း။
၆ ရူပရာဂ = ရုပ်၌ တပ်စွန်းခြင်း။
၇ အရူပရာဂ = ရုပ်မဟုတ်ရာ၌ တပ်စွန်းခြင်း။
၈ မာန = မြင့်မောက် တက်ကြွတတ်ခြင်း။
၉ ဥဒ္ဓစ္စ = ပျံ့လွင့်ခြင်း၊ မစူးစိုက်ခြင်း။
၁၀ အဝိဇ္ဇာ = မသိတွေဝေခြင်း။

## ဥပါဒါန် ၄-မျိုး။

(၁) ကာမုပ္ပါဒါန် = အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အထိတို့၌ နှစ်သက်စွဲလမ်းခြင်း။ (ကာမ ၅-မျိုး)
(၂) ဒိဋ္ဌုပ္ပါဒါန် = အလွဲအမှား မမှန်တရားတို့၌ အယူအမှတ် စွဲမှားနေခြင်း။
(၃) သီလဗ္ဗတုပ္ပါဒါန် = ဓလေ့ထုံးစံ အစဉ်အလာ မိရိုးဖလာတို့၌ စွဲမှားနေခြင်း။
(၄) အတ္တဝါဒုပ္ပါဒါန် = 'ငါ-ငါ့ဟာ- ငါအရှိ- ငါအပိုင်'ဟု သက္ကာယ အစွဲမှားနေခြင်းတို့ ဖြစ်သည်။

## မဂ်တက်စဉ်

### (က) သောတာပတ္တိမဂ်။

၁။ ဒိဋ္ဌိ— မိစ္ဆာဒိဋ္ဌိ အယူမှား။
၂။ ဝိစိကိစ္ဆာ— သို့လော သို့လော ယုံမှားသံသယ။
၃။ သီလဗ္ဗတ ပရာမာသ—မိရိုးဖလာအစဉ်အလာ အစွဲများ။

ဤသံယောဇဉ် ၃- ပါး ပြုတ်အောင် သဘောပေါက်လျှင် သောတာပန်။

ဒိဋ္ဌုပ္ပါဒါနှင့် သီလဗ္ဗတုပ္ပါဒါန်- ဥပါဒါန် ၂-မျိုးလည်း ဤသောတာပန် အဆင့်မှာပင် ပြုတ်သည်။ သို့သော် လုပ်ချင်ရာ လုပ်သည်။ နေချင်သလိုနေသည်။ နေ့ညမရှောင် သွားချင်ရာ သွားသည်။သွားမိလျှင် နောက်လှည့်ကြည့်ခဲ၏။သို့သော် ဒုစရိုက် ကိုမူ မပြုပေ။

## (ခ) သကဒါဂါမိ မဂ်။

ဤမဂ်မှာ ပယ်စဉ် သံယောဇဉ်ဟူ၍ သီးခြားမရှိ။ သောတာ ပန် အရင့်စားသာ ဖြစ်လာ၍ ကိလေသာ ကာမ၌ လုလ္လ နည်းလာ သူသာ ဖြစ်သည်။ ကာမုပ္ပါဒါန် အားလည်း လျော့သူ ဖြစ်လာ သည်။ ဋ္ဌာန်ရင့်ကျက်လာရုံသာ ရှိ၏။ သိက္ခာကို ထိန်းသည်။

## (ဂ) အနာဂါမိ မဂ်။

၄။ ကာမရာဂ - ကာမ ၅ -မျိုး၌ မက်မောတွယ်တာခြင်း။
၅။ ပဋိဃ — ဒေါသ အမျက်ထွက်ခြင်း။
၆။ ရူပရာဂ - ရုပ်၌တပ်စွန်းခြင်း။
၇။ အရူပရာဂ— ရုပ်မဟုတ်ရာ၌ တပ်စွန်းခြင်း။

စသော သံယောဇဉ် ၁၀-ပါးအနက်မှ ၇-ပါးအထိ အားလုံး ပြုတ်သည်။

ကာမုပ္ပါဒါန်လည်း အကြွင်းမဲ့ ပြုတ်သည်။ အိမ်ယာ လူ့ ဘောင်နှင့် နေစေကာမူ၊ အိမ်ယာကို ချီးအိမ်သာလိုသာ သဘော ထားတော့၏။ချီးအိမ်သာဆိုသည် ကြေနပ်၍ ပျော်ပျော်ပါးပါး တက်ထိုင်ခြင်း မဟုတ်။ မသွားလျှင် မထိုင်လျှင် မဖြစ်သော သ

ဘာဝ ကိစ္စကြောင့်သာ သုံးခြင်းဖြစ်သည်။ အနာဂါမ် ပုဂ္ဂိုလ်သည် လူနှင့် နေသော်လည်း တရားနှင့် စပ်သောစကားမှတပါး အခြားစကား မပြောတော့ပြီ။

မှန်သောစကားကိုသာ ပြောတတ်သောကြောင့်၊ စိုက်လိုက်မတ်တတ်ကြီး ဖြစ်လေရာ၊ လူတိုင်းက အထင်မှားတတ်သည်။ သို့သော် သူကမူ အလွန်သည်းခံ နိုင်စွမ်းရှိသည်။ လောဘ, ဒေါသ, မောဟ,ကိလေသာအား အလွန်နည်း၏။ မငွေ့ငွေ့သာ•ကျန်သူမျိုးဖြစ်သည်။

## (ဃ) အရဟတ္တမဂ်။

သံယောဇဉ် ၁၀-ပါး အကုန်ပြုတ်သည်။ ဥပါဒါန်အားလုံး ပြုတ်သည်။နိဗ္ဗာန်ကို တိုက်ရိုက်ခံစားနိုင်သည်။ ပဋိဝိညာဏ်မဖြစ်။ စိတ်အတွေး ချုပ်ငြိမ်းသည်။သတိသာ ထင်ထင်ရှိ၏။အပ္ပနာဇော အရိယာပုထ်ခိုင်မြဲ၏။ သမာပတ်၌သာ နေလေ့ရှိသည်။အိမ်ယာ၌မနေတော့ပေ။ အဆုံးစွန် စွန့်လွှတ်ပြီးသူ ဖြစ်သည်။ ဝေဒနာမှု အားလုံး ငြိမ်း၏။

ဒါန,သီလ, ဘာဝနာ,အပစာယန,ဝေယျာဝစ္စ, ပတ္တိဒါန,ပတ္တာနုမောဒနာ,ဓမ္မဿဝန,ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ- ဟူ၍ ပုညကိရိယာ ၁၀-မျိုးရှိသည်။ဤပုညကိရိယာကား ဗောဓိပက္ခိယတရား၌ မဝင်၍ ဗုဒ္ဓနှင့်မဆိုင်ပေ။ သို့သော် လုပ်တတ်လျှင် တော်၏။ မလုပ်တတ်လျှင် အတ္တထင်ရှားဖြစ်၍ သံသရာလည်သည်။

ဝိပဿနာ၌ အားထုတ်သူသည်၊ ထိုပုညကြိယာ ၁၀-ပါးစလုံး အကျိုးအားလုံး အလိုလိုပြီးမြောက်သူဖြစ်သည်။ အထူးလုပ်ရန်လိုသော ကိစ္စမဟုတ်၍ အကျယ်မလိုတော့ပြီ။

သို့သော် ဒါန၊ သီလအခြေခံတရားစုနှင့် ကိုယ့်ဘဝကိုယ်မျှော်ကို အားထားနေသူများက၊ ၎င်းတရားစုကို ဗုဒ္ဓတရားပမာ အကြီးအကျယ် အမွန်းတင်ချွထွင် အားပေးကြပေသည်။ ဆန့်ကျင်လျှင် ဓမ္မန္တရာယ်နှင့် ကိုင်ပေါက်တတ်၏။

မုတ္တစာဂီ လွှတ်လွှတ်ကြီး ပေးစွန့်ခြင်းသည်သာ ဒါနဖြစ်သည်။ ဒါနကို ကာမဖြစ်အောင်၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာနှင့် မလွှတ်ဖြစ်ပါက ထိုဒါနသည် ဒါနပင်မဟုတ်၊ ကာမဟုသာ ရဲရဲဆိုနိုင်သည်။

ထို့ကြောင့် ဝိပဿနာတရားကို လေ့လာလိုသူသည်၊ ဤပုညကြိယာ ၁၀-ပါး၏ အနှစ်သာရသည် အတ္တလား၊ အနတ္တလားဟု သေချာစေ့ငု ခွဲခြားသဘောပေါက်ရန် အရေးကြီးပေသည်။

ယခုပစ္စုပ္ပန်၌ ဗုဒ္ဓဝါဒီ အတော်များစွာက ဒုက္ခဟူသောစကားလုံးကို ဆင်းရဲခြင်းဟု အဓိပ္ပါယ်ပြန်ဆိုထားကြသည်။ အနောက်တိုင်း သုတေသီတို့ကလည်း ထိုပြန်ဆိုချက်အတိုင်း လိုက်၍ **Suffering, Pain,** စသည်ဖြင့် ပြန်ဆိုကြပြန်သည်။

ဤကိစ္စနှင့် ပတ်သက်၍ ယခုကမ္ဘာ့ဗုဒ္ဓဝါဒီ လောကမှ အတော်လူသိများ လေးစားခြင်းခံရသော ပြင်သစ်ပြည် ပါရီတက္ကသိုလ် အသျှင် ရာဟုလာက– "ဒုက္ခကို ဆင်းရဲခြင်းဟု ပြန်ဆိုကြခြင်းကြောင့် အဓိပ္ပါယ်များ အံချော်လွဲမှားပြီး အယူအဆများ

ပါ တိမ်းပါးစေလျက်ရှိရာ၊ လွန်စွာ မချမ်းမြေ့ဘွယ် ဖြစ်နေသည်”ဟု ဆိုထား၏။

“ဤသို့ ဆင်းရဲခြင်းဟု ပြန်ဆိုကြသဖြင့် ဗုဒ္ဓဝါဒသည် ဤလောကအား တဘက်သတ် အဆိုးဘက်၊ အပျက်ဘက်၊ မကောင်းဘက်မှချည်း ကဲ့သို့သော အယူအဆများ လွဲမှားသက်ရောက်စေလျက်ရှိနေသည်။ အမှန်အားဖြင့် ဗုဒ္ဓဝါဒသည်၊ ဤလောကအားအဆိုးအပျက်ဘက်ကို တဘက်သတ် ကြည့်သည်လည်းမဟုတ်၊အကောင်းဘက် - အဖြစ်ဘက်ကချည်းလည်း တယူသန် ယူထားခြင်းလည်းမဟုတ်။ ဤလောကအား ဖြစ်ပျက်အစဉ် သဘာဝဓမ္မအတိုင်း၊ အမှန်အတိုင်း၊ သူ့မူလအရ သာ ကြည့်ရှုဆင်ခြင်ခြင်းသာဖြစ်သည်။ယထာ ဘူတ ကျကျဖြင့် ရှုမှတ်ဆင်ခြင် ခြင်းလည်း ဖြစ်သည်”ဟု အသျှင်ရာဟုလာ မထေရ်က ဆိုထားသည်။

တဖန် ရာဟုလာ မထေရ်က—“ဗုဒ္ဓဝါဒသည် မည်သူ့ကိုမျှ သူရူးတို့အကြိုက် နတ်ဘုံနတ်ရွာသို့ မဟုတ်မဟတ် သွေးဆောင်ဖြားယောင်း နေသည်လည်းမဟုတ်။ မည်သူ့ကိုမျှလည်း ဒုစရိုက်အကျိုးပေး တည်းဟူသော ထိတ်လန့်တုန်လှုပ်စရာ အဇ္ဈတ္တအထင်အစွဲအလမ်းတွေ မျိုးစုံဖြင့် စိုးရိမ် သော က ရောက် နေ အောင် ချောက်လှန့်နေသည်လည်း မဟုတ်ပါ....”

“ဗုဒ္ဓဝါဒသည် ဤလောကကမ္ဘာ၌ မည်ကဲ့သို့ အမှန်တကယ်ဖြစ်ပျက်နေသော တရားများဖြစ်သည်ဟု အမှန်ကို အမှန်အတိုင်းထင်ရှား သိစေ၍၊ ထိုထိုလောကမှ လွတ်မြောက်ရေးဖြစ်သော အစစ်အမှန် လွတ်လပ်ရာ၊ ငြိမ်းချမ်းရာ၊ တည်ငြိမ်ရာ၊ ချမ်းမြေ့ရာကို

ညွှန်ပြခြင်းသာ ဖြစ်သည်”ဟု အသျှင်ရာဟုလာ မထေရ်က ပွင့်လင်းစွာ ရေးပြန်သည်။

ဒုက္ခနှင့် ပတ်သက်၍ ဆင်းရဲခြင်းဟု သာမန်အားဖြင့် မှတ်ယူနိုင်သည် မှန်သော်လည်း၊ ၎င်း၏ဆန့်ကျင်ဘက်‘ချမ်းသာခြင်း’ဟု ပြန်ဆိုလိုက်ပါက၊ ဓမ္မစကြာ၏ ဒုက္ခသစ္စာကို ဖွင့်ဆိုသောအခါ၊ ဤဆင်းရဲခြင်းရော ချမ်းသာခြင်းပါ ၂-မျိုးစလုံး ဒုက္ခမှမလွတ်ဖြစ်နေသည်ကို တွေ့နိုင်ပေသည်။ ထို့ကြောင့် ဒုက္ခကို သစ္စာတွင်၍ သေချာဂရုဆင်ခြင်သောအခါ၊ အလွန်လေးနက်သော“မစစ်မမှန်ခြင်း၊ မတည်မငြိမ်ခြင်း၊ အနှစ်သာရမရှိခြင်း၊ မခိုင်ခန့်ခြင်း” စသော အဓိပ္ပါယ်များ ဖြစ်လာသည်။

ထို့ကြောင့် ဒုက္ခကို အစားထိုးရန် ပြည့်စုံစွာ အဓိပ္ပါယ်ထွက်မည့်စကားလုံးများ မရှိလေသောကြောင့်၊ဒုက္ခကို ‘ဒုက္ခ’အတိုင်းပင် ခေါ်ပြော ရေးသားကြခြင်းသာ အကောင်းဆုံး ဖြစ်သည်ဟု အသျှင် ရာဟုလာမထေရ်က ဆိုထားလေသည်။

အမှန်အားဖြင့် ဗုဒ္ဓရှင်သည်၊ ဤလောကီသားတို့၏ ပျော်ရွှင်ချမ်းမြေ့ရေးကို လောကီအရပင် မကန့်ကွက်ခဲ့ပေ။ ဤလောကအား ဒုက္ခဘုံဟု မြင်နေတော်မူသော်လည်း၊လောကီ၏ ချမ်းမြေ့သာယာ ရေးများကိုလည်း ရဟန်းနှင့်လူ ရိုးရိုးများအတွက်ပါ၊ တဘက်မှ ဟောညွှန်တော် မူခဲ့ပေသေးသည်။

(၁) အဿာဒ ါ– အတွေ့အမြင်တို့၌ ကြည်နူးရွှင်မြူးခြင်း။

(၂) အာဒီနဝ– အပြစ်အနာအဆာ အန္တရာယ်များခြင်း။

(၃) နိဿရဏ –လွတ်မြောက်ခြင်း။

ဤသည်တို့ကား ဤဘဝသံသရာ၏ အတွေ့အကြုံ အဖြစ်အပျက် တရားများပင်ဖြစ်သည်။ ဒုက္ခသည် ဤသို့ဖြစ်ပျက်အစဉ်ရှိနေခြင်း၊ စိတ်မချရခြင်း၊ အခိုင်အမာ မရှိခြင်း၊ လောကဓံတရားစုနှင့် မကင်းခြင်းကိုပင် ဒုက္ခဟု ဆိုလိုပေသည်။

၁။ ဇာတိဇရာ ဗျာဓိမရဏာ–ကို သဘာဝဒုက္ခ၊ ထိုဒုက္ခကား မည်သူမှ မရှောင်နိုင်ပေ။
၂။ အပိယေဟိသမ္ပယောဂေါ၊ ပိယေဟိ ဝိပ္ပယောဂေါ–ကို ဝိပရိနာမဒုက္ခ၊ ထိုဒုက္ခမှာ ကိုယ်လုပ်မှ ကိုယ်ဖြစ်သော ဒုက္ခဖြစ်၍ ရှောင်နိုင်၏။
၃။ ပဥ္စုပါဒါနက္ခန္ဓာပိ- ဒုက္ခကို သင်္ခါရဒုက္ခ၊ ၎င်းကား အဘိဓမ္မာ ဒုက္ခ ဖြစ်သည်ဟူ၍၊ ဒုက္ခ ၃-မျိုးကို ခွဲခြားသဘောပေါက်လျှင် ဤသံသရာသည်၊ ဤအတိုင်း ပျော်စရာ ကောင်းပါမည်လောဟု စဉ်းစားစရာရှိလာသည်။

သေလျှင်မြေကြီး ရှင်လျှင်ရွှေထီးဟူသော စကားသည်ကား လူတိုင်းအဖို့ လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ၊ လေးလေးနက်နက် အဓိပ္ပါယ် ပြည့်ပြည့် သဘောပေါက် သိနားလည်ရန် လို၏။

မှန်သည်၊ သေလျှင် အားလုံး မြေကြီးတည်းဟူသော မဟာဘုတချည်း ဖြစ်ကုန်မည် ကေန်ဖြစ်၏။ ရှင်နေလျှင် ဤရုပ်နာမ်အစုနှင့်တကွ ရှိနေသေးသော ယခုပစ္စုက္ပန်ဘဝတွင်ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်ချမ်းသာကို မျက်ဝါးထင်ထင် ကိုယ်ကြုံကိုယ်တွေ့ ကေန်ခံစား နိုင်စရာ ရှိသေးသည်။

ထို့ကြောင့် ဇရာ,မရဏ,သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿ, ဥပါယာသ သမ္ဘာဝတ္တိ- တွေနှင့် သံယောဇဉ် တထွေးကြီးကို တစ္ဆဲ တလမ်းလမ်း တကြောင့်ကျကျ ရင်ဝယ်ပိုက်ခါ၊ မြေကြီးအဖြစ်ခံ မည်လား.... ?

သို့မဟုတ် ဥာနုဥပနမေ ဒဿနံဥဒပါဒိ အကုပ္ပါမေ ဝိမုတ္တိ ကို မရမနေ ကြိုးပမ်းအားထုတ်၍ ရွှေထီးကိုပင် ဆောင်းမည်လော စဉ်းစားကြပါလေကုန်။

နောက်ဆက်တွဲ ရှင်းလင်းချက်ကို မျက်နှာ ၂၄၁-တွင် ဆက်လက် ဘတ်ရှုပါ။

## တတိယပိုင်း အချုပ် နိဂုံး

၁။ ဝိပဿနာကို ရုပ်ကစ၍ ရှု။
၂။ နာမ်မှ စလျှင် ခရီးရှည်မည်။ မျက်စေ့လည်မည်။
၃။ အမှန် တကယ်သိဘို့သာ ပဌမ။ ဘယ်က စစ။
၄။ အမှန်ကို တကယ်သိလျှင် သမ္မာဒိဋ္ဌိ။
၅။ သမ္မာဒိဋ္ဌိ ဦးစီးမိလျှင် မဂ် ရှစ်ဆင့် တချက်တည်းပြီး။
၆။ လင်းလျှင် သိသည်။
၇။ သိလျှင် ဖြတ်သည်။
၈။ ဖြတ်လျှင် ပြတ်သည်။
၉။ ပြတ်လျှင် လွတ်သည်။
၁၀။ လွတ်လျှင် ကင်းသည်။
၁၁။ ကင်းလျှင် ငြိမ်းသည်။
၁၂။ ငြိမ်းသော် နိဗ္ဗာန်။
၁၃။ နိဗ္ဗာန်ဟူသည် တမလွန် မဟုတ်။
၁၄။ ရုပ် နာမ် ထင်ရှား ယခု ပစ္စက္ခ။
၁၅။ ဗုဒ္ဓဝါဒသည် ပစ္စက္ခသာ အဓိက။
၁၆။ ခန္ဓာ ၅ ပါးသည် လောင်စာ။
၁၇။ ကိလေသာ ၃ ပါးသည် မီးတောက်။
၁၈။ ပဉ္စဝိညာဏ်သည် မီးခိုး။
၁၉။ ဝိပဿနာသည် မီးသတ်။

နောက်ဆက်တွဲ

# ရှင်းလင်းချက်။

ဤဗုဒ္ဓဝိပဿနာစာအုပ် စာမျက်နှာ ၉၅-၉၆ တို့၌ ရည်ညွှန်းခဲ့သော ခေတ်သစ် သိပ္ပံဆိုင်ရာ အနုမြူပါရဂူတို့၏ အဆိုများမှ ရုပ်နာမ် သဘာဝဆိုင်ရာ ဒိဋ္ဌဓမ္မ အယူအဆများကို အနည်းငယ်စီ ကောက်နုတ် တင်ပြပါမည်။

ဤသို့ တင်ပြရာ၌ ဗုဒ္ဓကို သိပ္ပံနှင့် တိုင်းတာသည်ဟု မယူဆစေလိုပါ။ ဗုဒ္ဓသည်သာ ထိုထို သိပ္ပံတို့မပေါ်မီ ရှေးယခင် နှစ်ပေါင်း နှစ်ထောင် ငါးရာကျော် ခေတ်ဦးကာလမှစ၍ အမှန်သဘာဝကို မည်မျှ ထင်ရှား ပေါက်ရောက်တော်မူသော အတုမရှိ ဉာဏ်တော်ရှင် ဘုရားဖြစ်သည်ကို ထင်ရှားစိမ့်သောငှါ ရည်ရွယ်ရိုးရင်းဖြစ်ပါသည်။

ဗုဒ္ဓခေတ်၌ပင် စိတ်ဝိဥာဉ်သည်သာ ကုသိုလ် အကုသိုလ် အကျိုးတရားကို ခံစားသော ဘုံဘဝ အမျိုးမျိုးသို့ ပြေးသွားလျက် နေခြင်းဖြစ်သည်၊ အခြားမရှိစသော အယူများ၊ မင်္ဂလာ, အမင်္ဂလာ အတိတ် နိမိတ်တို့ကို စွဲယူနေသော ရဟန်းများနှင့်ပတ်သက်၍၊ ထို

အယူတို့၏ မမှန်ကန် မှားယွင်းကြောင်းကို ဗုဒ္ဓသည် မဟာတဏှာ သင်္ခယသုတ်တွင် ဟောတော်မူခဲ့သည်။ သန္ဓိဋ္ဌိက ဓမ္မဂုဏ်ဖြင့် ပစ္စုပ္ပန်ဆတ်ဆတ်၌ ရပ်တည်တော် မူခဲ့ကြောင်းကိုလည်း၊ထိုသုတ် ၌ လေးနက်စွာ ဟောတော်မူခဲ့သည်။ စိတ်ဝိဉာဉ်ဟူသည် အကြောင်းကိုသာမှီ၍ပေါ်သော တရားမျှဖြစ်ကြောင်း၊အကြောင်း ချုပ်သော် စိတ်ဝိဉာဉ်ဟူသည်လည်း ချုပ်သည်ဟူ၍၎င်း၊ ပြတ်သားစွာ ဟောတော်မူခဲ့သည်။

ထို့ပြင် မဟာဝေဒလ္လသုတ်၌ ဓမ္မ သေနာပတိ ဂုဏ်ထူးဆောင် မဟာသာဝကကြီး ဖြစ်တော်မူသော သျှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနှင့် အသျှင်မဟာကောဋ္ဌိက မထေရ်ကြီးများ၏ ဆွေးနွေးချက်တွင် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက "ဝိညာဏ်ဟူသည် အထူး သိတတ်သော သဘောသာဖြစ်၏။ ပညာနှင့် ဝိညာဏ်ကား အခေါ်သာ ကွဲသော်လည်း သဘောအားဖြင့် ရောနှော၏၊ သီးခြားစီမဟုတ်၊ထို့ကြောင့် ၎င်းတို့ကို ခွဲခြား၍မပညတ်သော်လည်း ဖြစ်၏။(ပညာနှင့်ဝိညာဏ် ၂-မျိုးပေါင်းသည် ဉာဏ်ဖြစ်၏။)ထို့ပြင် ဝေဒနာ, သညာ, ဝိညာဏ်တို့သည်လည်း သီးခြားစီသာခေါ်ဝေါ်သော်လည်း ရောနှောကုန်၏။ အထူး ပညတ်နေရန်မလိုဖြစ်သည်။ ဝိညာဏ်သည် အထူးထူးသော အပိုင်းအခြားမရှိ၊ အာရုံများ သိသကဲ့သို့ ပညာသည်လည်း သိ၏။ ခွဲခြား၍သိ၏။ ပိုင်းခြား၍သိ၏။ ပယ်စွန့်ခြင်း၏ အကျိုးကိုလည်း သိ၏။ ၎င်းတို့သည် တည်မှီရာကင်း၍ပေါ်သော တရားများလည်း မဟုတ်ကုန်။သမ္မာဒိဋ္ဌိ အယူမှန်ဖြစ်ရန်သည်လည်း ပညာဉာဏ်၏ အရာသာဖြစ်၏။ သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်း ၅-မျိုးဖြင့် ချီးပင့်အပ်၏။

(၁) စောင့်စည်းအပ်သော သီလဖြင့်ရင်း၊
(၂) မှန်သော အကြားအမြင်ဖြင့်ရင်း၊
(၃) ဆွေးနွေးခြင်းဖြင့်ရင်း၊
(၄) မျက်စေ့, နား, နှာ, လျှာ, ကိုယ် စသော ဣန္ဒြေ ၅-ပါး တို့မှ ကိလေသာ ကင်းလွတ်စွာ တည်ငြိမ် စေသော သမာဓိဖြင့်ရင်း၊
(၅) အထူးထူးတို့၌ ရှုမှတ်ဆင်ခြင်သော ဝိပဿနာဖြင့်ရင်း၊

ဤ ငါးမျိုးတို့တည်းဟု ဆိုထားရာ၊ ပဉ္စာရုံနှင့် တကွသော ရုပ်နာမ်၏ ဒွန်တွဲအလုပ် ဖြစ်နေသည်။ ပဉ္စာရုံသည် အကြည် ပသာဒရုပ်စု ၅-မျိုးကို အမှီပြုမှဖြစ်သောတရား ဖြစ်သည်။

တဖန် ထိုသုတ်၌ဆက်၍ 'မျက်စေ့, နား, နှာ, လျှာ, ကာယ တို့သည် ထွက်သက်ဝင်သက် အာယုစိတ်ကိုစွဲ၍ တည်နေကုန်၏။ ထွက်သက်ဝင်သက် အာယုဓါတ်သည်လည်း ဥသ္မာ အပူဓါတ် ဝမ်း မီးကို ဖြစ်စေသော ပါစက တေဇောကိုစွဲ၍ တည်မှီနေသည်။ ဥသ္မာ တေဇော အပူဓါတ်သည်လည်း အာယုဖြစ်သော ထွက် သက် ဝင်သက်ဓါတ်ကိုပင် စွဲ၍ တည်ရခြင်းပင် ဖြစ်သည်'ဟု ဆို သောအပိုင်းသို့ ရောက်သောအခါ၊ရုပ်ပင် နာမ်,နာမ်သည်ပင် ရုပ် ဟူ၍ တိုက်ရိုက်ဆိုသော သဘောပင် ဖြစ်လေတော့သည်။

နောက်ဆက် လာသော ထိုအရှင် ၂ ပါး၏ ဆွေးနွေးချက် ကား 'မီးတောက်ကြောင့် အလင်းရောင်ပေါ်သည်၊အလင်းရောင်

ကြောင့် မီးတောက်ကို တွေ့မြင်ရသည်’ ဟုရင်း၊ အပူဓါတ်ကိုစွဲ၍ ထွက်သက် ဝင်သက်ဖြစ်ရသည်၊ ထွက်သက် ဝင်သက်ကိုစွဲ၍ အပူဓါတ် ဉသ္မာ အာယုဖြစ်ရသည်။ ငါ့ရှင် ထွက်သက် ဝင်သက်ရပ်၍ အသက်ကုန်ဆုံးရ၏။အသက်ဖြစ်သော ဉသ္မာ ကုန်၍လည်း ထွက်သက် ဝင်သက် ရပ်ရသည်။ထို့ကြောင့် ကိုယ်ပြုပြင်ရေးချုပ်သည်။ ကိုယ်ပြုပြင်ရေးချုပ်၍ နှုတ်ပြုပြင်ရေးချုပ်သည်။ စိတ်ပြုပြင်ရေးလည်း ချုပ်ရသည်’ ဟု ဟောထားလေသည်။ စိတ်ဝိဉာဉ်သည် အဘယ်နည်းဟု အထူးစဉ်းစားစရာပင် မလိုတော့ပေ။

ဤတွင် ထွက်သက် ဝင်သက်သည်ပင် ရုပ်နာမ်ဖြစ်စေသော သဘာဝဓမ္မအဖြစ် ထင်ရှားလာပြီ။ ထွက်သက် ဝင်သက်ကား အခြားမဟုတ်၊မဟာဘူတ ရုပ်ကြီးများသာဖြစ်သော ဝါယောဓါတ်ပင် ဖြစ်နေပေတော့သည်။ ဝါယောသည်လည်း မည်သည့်အခါမျှ အခြားသော ဘူတဓါတ်ကြီး များနှင့်ကွဲ၍ သီးခြား သန့်သန့်တည်သော သဘာဝမရှိသည်ကိုထောက်က ဘူတ ဓါတ်ကြီးများသည် ပင်ကိုယ် မူလ သဘာဝ၌ပင် ရုပ်နာမ်၏ အရင်းခံ လက္ခဏာပါရှိပြီးဖြစ်ကြောင်း အထူး ရှင်းစရာမလိုတော့ပေ။

ယခု ဆက်လက်၍ ခေတ်သစ် သိပ္ပံပါရဂူတို့၏အလိုကိုကောက်နှုတ်ပါတော့မည်။

‘အသက်’သည် ဘာနည်းဟူသော ပြဿနာသည် ကြာလေပြီ။

ကမ္ဘာ့၌ များလှစွာသော စိတ်ဝါဒီ Psychologists တို့သည် စိတ်ဝိဉာဉ်ဘက်မှ ငြင်းနေကြရင်းက သင်းကွပ်ထားသော နွား

များ၊ ခွဲများကို တင်ပြသောအခါတွင်၎င်း၊ Cerebral Cortex ခေါ် အာရုံကြောဆုံရာ ဦးနှောက်ကိစ္စသို့ ရောက်သောအခါတွင်၎င်း။

Somatic Nerve အကြည် ပသာဒရုပ် ၅-ခုတို့နှင့် ကိုယ်တွင်းဝေဒနာကိုသာ သိသော Propriocepters နှလုံး ကြောနှင့် Exteroceptors ပဉ္စာရုံကြောတို့ဆိုင်ရာ ပြဿနာသို့ ရောက်သောအခါတွင်၎င်း၊ စိတ်ဝါဒီတို့သည် physiologist ဇီဝ ဝါဒီများအဖြစ်သို့ ပြောင်းလာပြီး Biologists သတ္တဗေဒ ဆရာများဖြစ်လာကြပြန်သည်။

ထိုသတ္တ ဗေဒဖြင့် အသက်၏ ပြဿနာကို ရှာကြပြန်သောအခါ၊ ကလ,လ ရေကြည် ဥကလေးသာ ဖြစ်သော Cell ခေါ် ကလာပ်စည်းကလေးတွင် သွားဆုံနေကြပြန်လေသည်။

ထိုကလပ်စည်း Cell ကလေးတွင်သာ နောင်ခါ ဖြစ်ပေါ်လာမည့် သတ္တဝါ၏ဆိုင်ရာ ရေးရာ ကိစ္စအားလုံး, ထိုကလပ်စည်း၌အားလုံးပါနေပြီး ဖြစ်သည်ဟူသော အယူ အဆ သည်လည်း နောက် ခေတ်ပေါ် သတ္တဗေဒဆိုင်ရာ သိပ္ပံ ပါရဂူတို့က အမှန်ဆုံးဟု မယူနိုင် သေးကြောင်းဖြင့်၊ သက်သေ အမျိုးမျိုး အထောက်အထား အမျိုးမျိုးပြ၍ လာကြပြန်သည်။

ဤသို့ဖြင့် သတ္တဗေဒ ဆရာတို့သည် တဖန် ရူပဗေဒ Physic ကိုလိုက်၍ Cell ဟူသောကလာပ်စည်း၏ အရင်းမူလကို လိုက်ကြပြီး၊အသက်၏ အခြေခံကို ရှာကြပြန်လေသည်။

ဤတွင်မှ ဓါတုဗေဒ Chemistry တွင် ထို Cell သည် မည်သည့် သတ္တိ၏ အဖွဲ့အစည်း ဖြစ်သည်ကို သဘောပေါက် လာကြတော့၏။

ဤလောကဒ္ဓရှိသော ရုပ်ပစ္စည်းအခြေခံ မူလရုပ်ဓါတ်သည်၊ ၄-ပါးသာရှိသည်ဟု ဗုဒ္ဓခေတ်က ဟောခဲ့၏။နောက် ဂရိတို့သည် အိန္ဒိယကို လာတိုက်ပြီးနောက်၊ ရရှိသွားသော အခြေခံမူလရုပ်တွင် Aether ခေါ် အာကာသဓါတ်တမျိုးထည့်၍၊ ၅-ပါးဟု ယူခဲ့ကြသည်။

မည်သို့ဆိုစေ၊နောက်ဆုံး စမ်းသပ်တွေ့ရသော အနုမြူ အမျိုးမျိုးတို့ကို အချုပ်အားဖြင့် အတန်းအစား ခွဲလိုက်သော အခါ ၄-မျိုးသာ တွေ့ရသည်ဖြစ်၍၊ ဗုဒ္ဓသည်သာ မှန်နေလေပြီ။

သို့ရာတွင် အဆင့်ဆင့် အပြန်ပြန်အလှန်လှန် ရောစပ်လာသော Evolution အရ၊ ယခုခေတ် အနုမြူ သိပ္ပံပါရဂူတို့ တွေ့ရသော ရုပ်ဝတ္ထုအမျိုးပေါင်းမှာ ဤကမ္ဘာ၌ ၉၂ မျိုးမျှရှိနေသည်ဆို၏။

အနုမြူ ဆရာတို့၏ အလိုအားဖြင့် အသက်သည်၊ အခြားမဟုတ်၊ အနုမြူတိုင်း၌ ပါရှိနေသော Nucleus ကို ရစ်ပတ်ပြေးလွှားနေသည့် Proton နှင့် Electronတို့၏ သတ္တိသာ ဖြစ်သည်ဟု ဆိုကြလေပြီ။

ဤ ၉၂-မျိုးသော ရုပ်ဓါတ်သားဓါတ်ငွေ့တို့သည်၊မြေထု၌ရှင်း၊ လေထု၌ရှင်း၊ ရေထု၌ရှင်း ၃-နယ်လုံး၌ အလျောက် အလျောက် ပြန့်လျက် ရှုတ်ထွေးနေကြ လေသည်။(လောက ၃-ပါးသည် ဤ ၃-နယ်လေလား မပြောတတ်ပေ)

ဤသို့ပြန့်လျက် နေရာ၌ မြူအဖြစ်နှင့် သီးပင်ပေါက်ပင်တို့၌ ၎င်း၊ ရေ့လေတို့၌၎င်း ရောနှောလျက်ရှိရာ၊ အချင်းချင်းတိုက်ဆို မိကြသောအခါ၊ တဲ့သောဓါတ်ချင်းက အစိုင်အခဲ ဒြပ်သဏ္ဍာန်ဖွဲ့ ကြ၍၊ မဟဲ့သော ဓါတ်တို့က အချင်းချင်း တွန်းကန်တုန့်ပြန်လျက် ရှိခြင်းမှ ဤလောက၏ သက်ရှိသက်မဲ့ဟူသော ရုပ်သဘာဝအသီး သီးသို့ ဖွံ့စည်းလာကြသည်။

မြူတို့သည်Nucleusခြင်းပေါင်းစပ်မိသောအခါ၊ Molecule ခေါ် ကလာပ်စည်းများ ဖြစ်လာသည်။ ဤ သို့ပေါင်း စပ် ရာ၌ လှုပ်ရှားအားသန်သော ဥပမာ Hydrogen Atom ဖြစ်ပါက၊ ၎င်း တို့ ပင်ကိုယ်၌ ပါလာသော Proton နှင့် Electron တို့သည်၊ Molecules အတွင်း၌၊ အချင်းချင်း တုန့်ပြန်ရုန်းကန် မှုများဖြစ် သည်။ ဤအခါ Molecular Motion ဟူ၍ ဖြစ်ပေါ်လာ၏။

ဤမှစ၍ Molecule သို့မဟုတ် Cell သည်၊ ဓါတ်အား Chemical Energy မှ အပူအားHeat Energyသို့ ပြောင်းလာသည်။ ထို့နောက် ထိုအပူအားမှ Electrical Energy သို့တဖန် ရောက် လာသည်။

ပတ်ဝန်းကျင် မြေ့ရေ့ လေ့ ဥတုတို့၏ အခြေအနေလိုက်၍၊ Protolasm ခေါ် ဇီဝအသက်၏ လက္ခဏာသည်၊ ဤကလာပ် စည်းတခုမှ စ လေ တော့ သည်။ ၎င်း၏ Electrical Motive Force လျှပ်စစ်အား အဆင့်ဆင့်သည်လည်း၊ ပတ်ဝန်းကျင်ကျရာ အခြေအနေအရ လျော့ပါး သွားသော်၎င်း၊ တိုးတက်လာသော် ၎င်း၊ ဖြစ်လာသည်။ လျော့ပါးသွားသော ကလာပ်စည်းသည်

သက်မဲ့ ရုပ် ဖြစ်သွား၍၊ တိုးတက်လာသော ကလာပ်စည်းသည် သက်ရှိ ဘာဝသို့ ရောက်ရှိလာသည်။

အပြင်လေထုမှ အောက်စီဂျင်သည် သက်ရှိဖြစ်ပေါ်ရေး၏ အရင်းခံ လက်သည် ဖြစ်သည်။ အဖျက် သမားကား နိုက်ထရိုဂျင်ဓါတ်ဖြစ်၏။ သို့သော် ထိုအောက်စီဂျင် ၁ ဆတွင် နိုက်ထရိုဂျင် တဆ ရောစပ်ထားပါက၊ ယခု ကမ္ဘာလေအဖြစ် ပေါ်နေရာ၊အဖျက်လည်းမလုပ်နိုင်၊အဖြစ်လည်း မလုပ်နိုင်သော'ကြား'သဘာဝလေ ဖြစ်နေသည်။သို့သော် ကလာပ်စည်းတို့၏အတွင်းဓါတ်သည် အောက်စီဂျင်ကိုသာ စုတ်ယူပြီး နိုက်ထရိုဂျင်နှင့် အတွင်းဓါတ်များ ရောမိသော အခါ၊ Carbon Dioxide အဖြစ် ပြန်ထုတ်လေသည်။

ဤသည်ပင် Respiration ခေါ် လေသွင်း လေထုတ် အလုပ်စတင်လာခြင်း ဖြစ်သည်။ ထိုကလာပ်စည်းသည် တဖြေးဖြေးအဆင့်မြင့် သတ္တဝါအဖြစ်သို့ ရောက်စပြုလျှင် အဆုတ် Lung လေ ရှူ ကရိယာများ Proton မှ Negative Charge ဖြစ်သော မဓါတ် Cathode များ နှင့် Electron ဖိုဓါတ် Amode များ ပေါင်းစပ်ပြီး Radioactivity အဖြစ် ဦးဏှောက် စသည်တို့ တဖြေးဖြေး ဖွံ့စည်းလာသည်။

ဤသို့ဖြင့် Mutation of matter into energy and energy into matter ရုပ်နာမ်သည် တခုနှင့်တခု အတုန့်အပြန် အကျိုးပြုခါ Evolution Theory အရ၊ ဤအဆင့်သို့ ရောက်ရှိလာသော သတ္တ လောကကို တွေ့ရလေတော့သည်။

ထို့ကြောင့် အသက်သည် အခြားမဟုတ်၊ အနုမြူ ပင်မ Muclus ၌ မူလပါပင်ကိုယ်သတ္တိဖြစ်သော Protonနှင့် Electron များ အချင်းချင်း ပေါင်းစပ်ရာမှ ရုန်းကန် တိုက်ခိုက် ပေါ်လာသော Radiation ပျံ့လွင့်အား၊ ထိုမှတဆင့် Radioactive ဖြစ်လာပြီး အနုမြူဒြပ်၏ အတွင်းမှ အနုစ်သာရအဖြစ် ပေါ်လာသော Radioactive Isotopes များသာလျှင် ဖြစ်သည်။

ရှင်းရှင်း ဆိုရသော် လူ၏ ခန္ဓာသည် ကမ္ဘာတွင် ရှိသမျှ Elements ရုပ်ဓါတ်ပစ္စည်းမျိုးစုံ၏ သတ္တိများ အနည်းနှင့်အများ ပေါင်းစပ်ထားသည့် ဒြပ်သဏ္ဍာန် မြူလုံး မြူခဲကြီးများသာ ဖြစ်သည်။

လူ-စားသောက် ရှူထုတ်နေသော အဟာရများမှ ဖြစ်နေသော ဓါတ်ပစ္စည်းတို့သည်လည်း လူ၏ ကိုယ်ခန္ဓာ၌ အမျိုးပေါင်း ၄၀-ထက်မနည်း ပါရှိနေ၏။

ကာဗွန်ဓါတ်၊ ဟိုက်ဒရိုဂျင်ဓါတ်၊ အောက်စီဂျင်ဓါတ်၊ နိုက်ထရိုဂျင်ဓါတ် များ လာ၍ Sulphur မီးတောက်ဓါတ် Phosphorus, သံ Iron Glycerin များ Amino Acid အက်စစ်များ စသည်တို့ ဖြစ်လေရာ၊ တကိုယ်လုံးသည် ဘက်ထရီအိုးကြီး တမျိုးသာ ဖြစ်နေပေတော့သည်။ ထို့ကြောင့်လည်း လူ့ခန္ဓာ၌ အကောင်းဆုံး အပြည့်စုံဆုံး တယ်လီဖုံး ကရိယာများ၊ အသံလွှင့် အသံဖမ်း၊ အသံပို့ ကရိယာများ၊ Glands အကျိတ်ခဲများမှ homones အကောင်းဆုံး Transformes များ၊စသည်စသည်ဖြင့် ယခု လူ့လောက သိပ္ပံက လိုက်၍မမှီသေးသော အလုပ်ရုံနှင့် ကုန်

ထုတ် ပစ္စည်းများကို ဤကိုယ်ခန္ဓာသည် "ပြည်တွင်း ဖူလုံရေး" ပြည့်စုံစွာ တည်ဆောက်ထားသည်ကို တွေ့ရလေသည်။

ဤလုပ်ငန်း အားလုံးအတွက် လူသည် တမိနစ်လျှင် ၇-ပိုင့်မျှသော အောက်စီဂျင်ကိုသုံး၍ လျှပ်စစ်ဓါတ်အား ၁၅-မှ ၅၀-မျှရှိသော ဗို့အားကို မနားတမ်း သုံးနေသော အလုပ်ရုံသာ ဖြစ်ပေသည်။

ထို့ကြောင့်လည်း ကြာသော် မကြာခဏ ရှော့ဖြစ်လာကာ ပျက်စီးရ၏။

ထိုရုပ်နှင့်နာမ်သည် မူလအစ မြူကစ၍ မကွဲမကွာ တတွဲတည်း ရှိနေသော သဘာဝဖြစ်သည်ကို အနုမြူ ပညာရှင်တို့က ရှင်းကြလေပြီ။

နာမ်သည် အခြားမဟုတ်၊ ဤရုပ်၏ အခိုးအငွေ့သာဖြစ်သည် ဆိုသော ဝါဒကို Epiphenomenalism အီပီဖီနိုမီနယ်လီဇင်းဟု အနောက်တိုင်း သိပ္ပံက ခေါ်ကြသည်။

ထို အီပီဖီနိုမီနယ်လီဇင်း အယူသည် T.H. Huxley တို့ခေတ်ကပင် ရှိနေသော်လည်း၊ ထိုခေတ်က တူတူတန်တန် မရှင်းနိုင်ကြ၍ ထိုအယူသည် ငုတ်တုတ်တုတ် ဖြစ်နေခဲ့ရ၏။ ယခု အနုမြူခေတ်တွင်မှ ထိုအမည် ပြန်ပေါ်လာခြင်း ဖြစ်သည်။

သို့ရာတွင် လူသည် ဘေးပတ်ဝန်းကျင်ကို ပဉ္စာရုံမှ ခံယူခြင်းဖြင့် အတွင်းနှလုံး၌ ပေါ်သော မနောလောက်သာလျှင်၊ သိရှိသာရှိသည်။ မိမိကိုယ်တွင်း ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့၏ လုပ်ငန်းနှင့် ဖြစ်ပျက်နေပုံကိုမူ ဘာမျှမသိချေ။ အလွန်အကျွံဖေါက်ပြန်လာမှသာ နာကျင်ခြင်းမျှလောက် သိခြင်းသာ ရှိသည်။

အဆုတ်က ဘယ်သို့ လုပ်နေသည်ကိုမသိ၊ နှလုံးသားက မနားတမ်း သွေးတွေ ချက်နေရသည်ကို နားမလည်၊ အခြား အသည်း သရက်ရွက်၊ ကျောက်ကပ်တို့၊ သည်းခြေ၊ အူသိမ်အူမ၊ ဆီးစခါတ် စသည်တို့ကိုကား သိဘို့မဆိုထားဘိ၊ စဉ်းပင် မစဉ်းစားတတ်ချေ။

အချို့ မိန်းမများသည် သန္ဓေသား ဖြစ်နေသည်ကို မသိတာ ထားဦး၊ သန္ဓေရှိလာသည်ကိုပင် နားမလည်ချေ။

လူသည် Somatic Nerve အာရုံကြောဆိုင်ရာ၌သာ 'င ါ'ဟု ၍ တပ်ခါစွဲနိုင်သော်လည်း၊ Autonomic System ခေါ် အတွင်း ဓမ္မတာ ကြောများ၏ သဘောကို ဘာမျှမသိ ဖြစ်နေရသည်။ Central Nervous System ခေါ် ကျောရိုး ပင်မ ကြောကြီး သည် အာရုံကြောဆိုင်ရာ၌သာ အသိ Cerebrum ဦးနှောက်နှင့် ဆက်ပြီး Autonomic သဘာဝကြောများဆိုင်ရာ Cerebellum ဦးနှောက်ပိုင်းနှင့်မူ၊ အသိနှင့် လုံးလုံးကြီး အဆက်ဖြတ်ထားသည် ကို တွေ့ရ၏။ ဤသည်ပင် ကိုယ့် ခန္ဓာမှကိုယ် အကုန်မသိရဘဲနှင့် 'င ါ' တပ်ခါ ဘယ်လိုစွဲကြသော်လည်း၊ လူ့ ခန္ဓာကိုယ်မှ သဘာဝ ဓမ္မသည် ထို 'င ါ' ကို ပြတ်ပြတ်သားသားကြီး ငြင်းကွယ်လျက် ရှိနေပေကြောင်း။ ။

တရားနှင့်ဆင်ခြင် ထိုးဖေါက်၍ အသိရောက်ကြပါစေသတည်း။

# အမှားပြင်ဆင်ချက်။

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၇ | ၆ | Poof: | Proof: |
| ၅၅ | ၁ | အသ္မိမာန | အသ္မိမာန |
| ၅၀ | ၁၇ | အလွန်ကြီးသော | အလွန် အရေးကြီးသော |
| ၆၁ | ၁၁ | သရက်ရွက် | ကျောက်ကပ် |
| ၇၁ | ၃ | ၅၃- ပါး | ၅၂- ပါး |
| ၇၅ | ၁၃ | သဘာဝ | ပညတ် |
| ၇၆ | ၁၄ | ဝိတဒူပ | ဝိဋမျူပ |
| ၈၉ | ၆ | လုပ်နေ | လုပ်ခဲ့ |
| ၁၀၂ | ၁၁ | ဝိပလ္လာသ | ဝိပ္ပလ္လာသ |
| ၁၂၆ | ၁၃ | ၃၁-ဘုံနှင့် | ၃၁-ဘုံဘက်သို့ |
| ၁၄၉ | ၁၉ | သုခ ၄-မျိုး | သုခ ၃-မျိုး |
| ၂၀၂ | ၁၁ | ၃-ပါးလုံးတွင် | ၃-ပါးလုံးသည် |
| ၂၃၂ | ၁၄ | အတ္တဝါတုါဒပ္ပါန် | အတ္တဝါတုပ္ပါဒါန် |
| ၂၃၄ | ၆ | လောသ | လောဘ |
| ၂၃၅ | ၅ | မျှော်ကို | မျှော်ကိုး |
| ၂၄၇ | ၅ | ရှိခြင်းမှ | လာရာမှ |
| ၂၄၇ | ၁၀ | Protolesm | Protoplasm |
| ၂၄၈ | ၁၅ | Amode | Anode |

## ဗုဒ္ဓ ၏
# မိဂဒါဝုန်တရား

**ပါဠိတကန့် — မြန်မာတကန့်**

ပုဒ်ရင်း တပုဒ်စီချင်း
ယှဉ်တွဲ၍ အဘိဓာန်သဘော ဖွင့်ဆိုထားသည်။
ပါဠိလို ရွတ်ဆို၍လည်း လွယ်သည်။
မြန်မာလိုသက်သက် ဘတ်ဆို၍လည်း လွယ်သည်။

**ရိုက်နေဆဲ**

---

# ရေနံချောင်း ( ဓမ္မ ) ဆွေးနွေးပွဲ

အနေ
**နှင့် ယနေ့ ဘာသာရေး** အ...
...ါးနှင့် သ...

ရေနံချောင်းရှိ ဓမ္မာစရိယ ဆရာတော်... ဗုဒ္ဓ... ...မ္မာဒိဋ္ဌိ သုတေသန အသင်းမှ အမှုဆောင် ကော်မတီတို... ...၏ တရားတော်တို့ကို မေးမြန်း ဖြေဆိုကြသည့် အတိုင်း အပြည့် အစုံ ရေးသား တင်ပြထားပါသည်။

**( ကျောက်ကွင်းအရေးတော်ပုံကဲ့သို့ )**

**ရိုက်နေဆဲ**

**ပြည်သူ့အလင်းစာပေမှ ထုတ်ဝေဖြန့်ချိမည်။**